www.burmeseclassic.com

သစ်တာပေ

# မောင်ညိုမြိုင်း (သန်းလျှင်)

# ပြိတ္တာရေဆန်



BURMESE CLASSIC .com

အ သစ် စက် စက် လုံး ချင်း ဝ

www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် - ၅၀၁၂၇၁၀၀၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၉၁၀၀၉

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၀၊ ဇန်နဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ Welfare
အတွင်းဖလင် ။ Quality

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
ဝမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၀၀၀ကျပ်

ဝ၉၅ ・ ၈၃
ညီမှိုင်း၊ မောင်၊ သန်လျင်
ပြိတ္တာရေဆာန် / မောင်ညီမှိုင်း(သန်လျင်)။- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၂၁၁-စာ ၊ ၁၂ဝင်တီ x ၁၈စင်တီ။
(၁) ပြိတ္တာရေဆာန်

# အခန်း (၁)

ပုံပျက်ပန်းပျက်ရသေးကြီး ရုတ်တရက် ပျံလွန်တော်မူသွားပြီ ဆိုသည့်သတင်းကို ကျွန်ုပ်တို့ ကြားလိုက်ရသောအခါ လွန်စွာလည်း စိတ်မကောင်းဖြစ်ရလေ၏။

"ဟုတ်ရဲ့လား ဦးဖမျဉ်းဆွဲရာ"

လာရောက် သတင်းစကားပြောကြားသည့် စဏ္ဍာလကြီး ဦးဖမျဉ်းဆွဲကို သေချာအောင် မေးရ၏။

စဏ္ဍာလကြီး ဦးဖမျဉ်းဆွဲလည်း မျက်နှာလုံးဝမကောင်း။ ထားလို့ထင့် မျက်လုံးနှစ်လုံး နီရဲသလိုရှိ၏။

"ဟော့လူကြီး ဟုတ်ရဲ့လား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ပါတယ် ဆရာမှိုင်းရယ်။ တကယ် သေသွားပါပြီဗျာ"

"ဖြစ်မှဖြစ်ရလေဗျာ။ မနေ့တုန်းက အကောင်းကြီး ဥစ္စာ။ ဘယ်လိုဖြစ်ပြီး ဒီနေ့မနက် ရုတ်တရက် ဆုံးရတာတုံး ဦးဖမျဉ်းဆွဲရာဟင်"

"ခါတိုင်း မနက်ကိုးနာရီထိုးရင် ဆွမ်းခံကြွနေကျ ဆရာမှိုင်းရဲ့။ ဒီနေ့ ဆွမ်းခံကြွတာလည်း မမြင်ရဘူး။ သချိုင်းခွေးငါးကောင်ကလည်း သူအိပ်နေတဲ့ ခေါင်းတလားကြီးကိုကြည့်ပြီး ကြေကြေကွဲကွဲ အူနေကြတယ်။ အူတယ်လို့ ကျုပ်မပြောချင်ပါဘူး ဆရာမှိုင်းရယ်။ ခေါင်းတင်ထားတဲ့ ကျောက်တလားနံဘေးမှာ ဆောင့်ကြောင့်ထိုင်ပြီး ငိုနေကြတာဗျ။ ခွေးငါးကောင်မျက်နှာဟာ မျက်ရည်စိုရွှဲနေပါဗျာ။

ဒါနဲ့ ခွေးအူသံကြောင့် မသင်္ကာဖြစ်ပြီး ကျောက်တလားနား သွားကြည့်တော့ ရသေ့ကြီးကို သူခါတိုင်းအိပ်နေကျအတိုင်း ကျောက်တလားပေါ်က သစ်သားခေါင်းထဲမှာ စန့်စန့်ကြီး ပက်လက်အိပ်နေတာကို မြင်ရတာပဲဗျ။ ဒါနဲ့ကျုပ်က ရသေ့ကြီးဆွမ်းခံကြွဖို့ အချိန်ရောက်နေပြီ ထပါတော့လို့ အော်ပြောလည်း ရသေ့ကြီးမနိုးဘူး။ ခေါင်းကို ပုတ်နှိုးတော့လည်း လုံးလုံးမလှုပ်ဘူး။ ဒီတင် သူ့လက်ကိုကိုင်ပြီး လှုပ်နှိုးလိုက်ရော ရသေ့ကြီးတစ်ကိုယ်လုံး ရေခဲရိုက်ထားသလို အေးစက်တောင့်စ ပြုနေပါရော။ ဘယ်လိုလှုပ်နှိုးနှိုး၊ အော်ခေါ်ခေါ် ခေါ်လို့မရတဲ့ အဆုံး ရသေ့ကြီးသေပြီဆိုတာကို ယုံကြည်ပြီး ဆရာမှိုင်းတို့၊ ကိုရှုပဗေဒတို့ကို လာအကြောင်းကြားရတာပဲဗျာ"

ဒီမှာ လူကန့်လန့်လူခွစာဟု အမည်ရထားသူ ကိုရှုပဗေဒက . . .





"တကယ်သေတာ ကျိန်းသေတယ်နော် ဦးဖမျဉ်းဆွဲ"

"ခက်ပဲဗျာ။ ကျုပ် လူသေကောင် အလောင်းပေါင်းလေးငါးရာလောက် မြှုပ်ခဲ့ကိုင်ခဲ့ပြီးပါပြီဗျာ။ လူသေတယ် မသေဘူး ကျုပ်ကြည့်ရုံနဲ့ သိတာပါဗျာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ကိုဓာတုကလည်း ဝင်၍မေးလိုက်သည်။

"ခင်ဗျားတို့ ဆရာတို့သိတဲ့အတိုင်း ဒီရသေ့ကြီးမှာ ဆွေမျိုးသားချင်းတစ်ယောက်မှမရှိဘူး။ လူရင်းရှိတာဆိုလို့ ဆရာတို့သုံးယောက်ရယ်၊ ကျုပ်ရယ် ဒါပဲလူရင်းရှိတာ ဥစ္စာ။ သူ့နာရေးကိစ္စကို ဘယ်လိုစီစဉ်သင့်တယ်ဆိုတာ ဆရာတို့ပဲ စဉ်းစားဆုံးဖြတ်ပေါ့ဗျာ . . . ဟူး"

စဏ္ဍာလကြီး ဦးဖမျဉ်းဆွဲ ပြောတာလည်း မှန်ပေသည်။

ရသေ့ကြီးမှာ ဆွေမျိုးရင်းချာ တစ်ယောက်မရှိ။

သူဘယ်အရပ်သားမှန်းလည်း ဘယ်သူမျှမသိ။

သူ့အသက် ဘယ်လောက်ရှိသည်ကိုလည်း မေးလို့မရ။

သူ့ရဲ့ လူအမည်၊ ရသေ့ဘွဲ့အမည်လည်း ဘယ်သူမျှမသိကြ။ မေးလည်း လုံးဝမပြော။

သူ ဒီနေရာ 'ညောင်ခြောက်ပင်'သချိုင်းကို ရောက်လာသည်မှာ တစ်နှစ်ခန့်ရှိပြီ။

အုတ်ဂူပေါ်မှာတရားထိုင်ပြီး သချိုင်းဇရပ်မှာပဲနေသည်။ သပိတ်တစ်လုံးနှင့် သစ်ခေါက်ဆိုးသင်္ကန်း အပိုတစ်စုံပဲပါသည်။

ပိုထူးဆန်းသည်ကား . . .

ရသေ့ကြီးသည် ပုံပျက်ပန်းပျက်ကြီး ဖြစ်၏။

နဖူးမှာ အချိုင့်ကြီးတစ်ခုပါ၏။ အချိုင့်နက်ပုံကား ကွမ်းသီး



www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်)သံပရာသီးတစ်လုံးမင် ထည့်လို့ရအောင်နက်၏။

မျက်လုံးနှစ်လုံးအနက် . . .

ဘယ်ဘက်မျက်လုံးက ကျောက်မျက်လုံးအတုထည့်ထားပြီး၊ ညာဘက်မျက်လုံးက ဖီးကွက်မျက်လုံးလို ပြူးပြူးကျယ်ကျယ် ဖြစ်၏။

လက်နှစ်ဖက်ပါသော်လည်း . . .

ဘယ်လက်က ထက်ဝက်တိုပြီး၊ ညာလက်က လူသာမန်တို့ လက်ထက် တစ်မိုက်ခန့် ပိုရှည်နေ၏။ မျောက်ဝံလက်ကဲ့သို့တည်း။

လက်ဝါးနှစ်ဖက်စလုံးမှာတော့ လက်ချောင်းငါးချောင်းစီပါ၍ တော်သေး၏။ သို့သော် . . .

ဘယ်လက်ဝါးပေါ်မှာ လက္ခဏာရေးကြောင်းလုံးဝမပါ။ လက္ခဏာ ပြောင်ကြီး။ ဒီလိုလက်ဝါးမှာ လူတစ်သိန်းမှာ တစ်ယောက် မရှိ။ အလွန် ဆန်းကြယ်၏။

ညာလက်ဝါးမှာမူ အလွန်ကို လက္ခဏာရေး အားကောင်းမှန်း ဗေဒင်ရှုပညာလိုက်စားနေသည့် ကျွန်ုပ်သိပါ၏။

သူ့ညာလက်ဝါးပေါ်မှာ ဂမ္ဘီရကြက်ခြေပါ၏။ ငါးကြင်းရုပ်များ ပါ၏။ စတား Star ခေါ် ကြယ်များပါ၏။ သန်လျက်လိုအရာလည်း ပါ၏။

နှလုံးလမ်းကြောင်းမှာ ကျွန်းကြီးခံနေသည်လည်း မြင်ရ၏။ ထိုနောက် ဝဲလမ်းကြောင်းကား ထူပြီးနက်၏။ သို့သော် တို၏။ သို့ဖြစ်၍ သူ့ကိုကြည့်လိုက်လျှင် မွဲတေပြီး အမြဲချွတ်ခြုံကျနေ၏။ တောက်တောက် ပပ မရှိ။

ဒါပေမဲ့ . . .

အသက်လမ်းကြောင်းနှင့် ဉာဏ်လမ်းကြောင်းရယ် . . .

စိတ်ကူးသစ်စာပေ



အသက်လမ်းကြောင်းက ဗိုက်ဗိုက်လေးနှင့်နက်ရှိုင်းပြီး အပေါ် ဉာဏ်လမ်းကြောင်းနှင့် ဆက်နေ၏။

အောက်ဘက်ဆို လက်ကောက်ဝတ်အထိ ရှည်ကျနေ၏။

၎င်းလမ်းကြောင်းမျိုးကို ဘိုးသက်ရှည် ဘွားသက်ရှည် လမ်းကြောင်းဟူ၍လည်းကောင်း၊ သေမင်းထိုင်စောင့်ပြီး ငုတ်တုတ်တောင့် သွားရသည့် အသက်ရှည်လမ်းကြောင်းဟု ခေါ်လေ၏။

၎င်းအကြောင်းကို ရှင်းပါမည်။

ဆိုပါစို့။ ပုံပျက်ပန်းပျက်ရသေ့ကြီးကို မရဏာရှင်သေမင်းက ခေါ်ချင်သည်ဆိုပါစို့။ သူသေသည့်နေ့ကို အိမ်ရှေ့မှ ထိုင်စောင့်ကြည့် နေပါသော်လည်း . . .

အချိန်နာရီ၊ ရက်လနှစ်များသာ ကြာညောင်းပြီ၊ ထိုင်စောင့်သူ ရှင်သေမင်း ကျောက်ရုပ်လို ငုတ်တုတ်တောင့်သွားလိမ့်မည်။

ရသေ့ကြီးသေချိန်ကို စောင့်လို့မရ။

ရသေ့ကြီး အသက်လမ်းကြောင်းက အဲဒီလို အားကောင်းလွန်း၏။

ပြီး . . . ခြေထောက်တစ်စုံ။

ခြေထောက်နှစ်ချောင်းကလည်း ပို၍ဆန်းကြယ်သေး၏။ ဘယ်ခြေရှည်ပြီး ညာခြေထောက်က နိမ့်၏။ ရသေ့ကြီး လမ်းလျှောက်သွားလျှင် ထော့ကလိန်ထော့ကလိန်နှင့် အလွန့်ကို အကြည့်ရဆိုးလွန်းကာ–

သိပ္ပံသမား၊ ခေတ်ပညာတတ် လူ့ကန့်လန့်များဖြစ်ကြသော ကိုရုပဗေဒနှင့် ကိုဓာတုတို့က အဲဒီရသေ့ကြီးကို သူ့အင်္ဂါရုပ်နှင့် လိုက်ဖက်ညီသည့် အမည်နာမတစ်ခု ပေးလိုက်ကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ပုံပျက်ပန်းပျက်ရသေ့ကြီး ဟူသတည်း။

ရသေ့ကြီးကလည်း သူရဲ့အင်္ဂါရုပ်နှင့် ၎င်းအမည်လွန်စွာ လိုက်ဖက်သည်ဟုယူဆပြီး ၎င်းအမည်ကို လိုလိုလားလား လက်ခံခဲ့လေ၏။

ရသေ့ကြီးသည် လူ့ပုံပန်းကသာ အကြည့်ရဆိုးလောက်အောင် ပုံပျက်ပန်းပျက် ဖြစ်နေသော်လည်း၊ ဂမ္ဘီရဆန်းကြယ်ပညာရပ်များမှာမူ ပညာရှင်တိုင်း လက်ဖျားခါရအောင် တော်လှပေ၏။

သိပ္ပံပညာရှင်၊ ခေတ်ပညာတတ်များဖြစ်ကြသော ကိုရှုပဗေဒတို့ ပညာရှင်အုပ်စုက ပုံပျက်ပန်းပန်းပျက်ရသေ့ကြီးသည် လူတွေကို မျက်လှည့် ပဉ္စလက်နှင့် လှည့်စားပြီး၊ ဂမ္ဘီရအမည်တပ်ကာ လှည့်စား လှည့်ဖြား လိမ်ညာနေသည်ဟုစွပ်စွဲ၍ အမျိုးမျိုးပညာပြိုင်၊ ပညာပြနှောင့်ယှက်ကာ အရှက်ကွဲအောင် အမျိုးမျိုး ကြံစည်လုပ်ဆောင်ကြ၏။

ဘယ်လိုပဲလုပ်လုပ် . . .

နောက်ဆုံး ကိုရှုပဗေဒတို့ ပညာရှင်အုပ်စုများ ကိုယ်ကျိုးနည်းအရှက်ကွဲပြီး ပုံပျက်ပန်းပျက်ရသေ့ကြီးကို လက်မြှောက်အရှုံးပေးကြရသည်ချည်း ဖြစ်လေသည်။

ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ကိုရှုပဗေဒတို့ သိပ္ပံပညာရှင်အုပ်စု ပညာပြိုင်ပညာဖလှယ် ဆွေးနွေးခန်းကို ကျွန်ုပ်အလျဉ်းသင့်သလို ပြန်လည်ဖော်ပြ ရေးသွားပါမည်။

ယခု အလွန်ဆန်းကြယ်လှသော ပညာရှင်ပုံပျက်ပန်းပျက် လူထူးလူဆန်းကြီး ရုတ်တရက် ကွယ်လွန်သွားပြီတဲ့။

ကျွန်ုပ် လွန်စွာ နှမြောလှပေ၏။





သူနှင့် ကျွန်ုပ်သည် ခင်မင်ရင်းနှီးသည်မှာ သိပ်မကြာသေး။ ကျွန်ုပ် ပုံပျက်ပန်းပျက်ရသေ့ကြီးကို ကြည်ညိုသည်။

သူ့ပညာရပ်များကို လေးစားသည်။ သူ့သမာဓိကို ယုံကြည်သည်။ သူသည် မြန်မာ့ဂမ္ဘီရစစ်စစ်သမား ဖြစ်၏။

မျက်လှည့်ဆရာမဟုတ်။

ပဉ္စလက်ဆရာမဟုတ်။

ဗုဒ္ဓကိုယုံကြည်ပြီး သမထဝိပဿနာကို လေးစားယုံကြည် ကျင့်ကြံသူဖြစ်၏။ ငွေကြေးလာဘ်လာဘ လုံးဝမမျှော်ကိုး။

သူ့ကျွမ်းကျင်သည့် မြန်မာ့ဂမ္ဘီရကို စော်ကားသလိုလို အထင်သေးသလိုလို လုပ်လာလျှင် ပညာနှင့်ချက်ချင်းတုံ့ပြန်၏။

အကြောင်းကြောင်းကြောင့် ဒုက္ခရောက်နေသူများနှင့် ကြုံလျှင် သူ့ရဲ့ဂမ္ဘီရပညာ စိတ်မနောစွမ်းအင်ပညာဖြင့် ချက်ချင်းလက်ငင်း ကုသပေး၏။

ပုံပျက်ပန်းပျက်ရသေ့ကြီးကို ဆင်းရဲသူဆင်းရဲသားများက ချစ်ခင်လေးစား၏။ အားကိုး၏။

ခု ရသေ့ကြီး အနိစ္စရောက်ပြီ။

"ဘယ်လိုလုပ်ကြမလဲ"

"လာကြပါဗျာ။ ညောင်ခြောက်ပင်သချိုင်းကို သွားပြီး ရသေ့ကြီး တကယ်သေ မသေ သွားကြည့်ကြစို့။ တကယ်သေတော့လည်း ဘယ်လိုသင်္ဂြိုဟ်ကြမလဲဆိုတာ ဝိုင်းစဉ်းစားကြတာပေါ့"

"ဒါဆို သွားကြစို့ဗျာ"

ကျွန်ုပ်တို့အားလုံးကို ရှုပဗေဒ၏ ချက်ပလက်ခေါင်းရှည်ကားလေးနှင့် ညောင်ခြောက်ပင်သချိုင်းသို့ အမြန်လိုက်ချလာခဲ့လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အူ ... ဝူ ... ဝူ ... ဝူ"

"အူ ... ဝူ ... ဝူ ... ဝူ"

"အိန်း ... အိန် ... ဂိန် ... ဂိန်"

"အိုင် ... အိုင် ... အိန် ... အိန်"

"အူ ... အူ"

ဟုတ်ပဗျာ ... ကြည့်စမ်း။ ရသေ့ကြီး နေ့စဉ် ဆွမ်းကျန် ဟင်းကျန်များ စွန့်ပြီးကျွေးခဲ့သည့် သချိုင်းခွေးငါးကောင်သည် ရသေ့ကြီး ဝင်ရောက်သေဆုံးနေသည့် ခေါင်းကျောက်တလားအနီးမှ သံရှည်ဆွဲပြီး အူနေ၏။

ခွေးငါးကောင်မျက်လုံးအိမ်မှာ မျက်ရည်များ စိုရွှဲနေသည်။ ကျွန်ုပ်တို့သုံးဦး ခေါင်းထဲရှိရသေ့ကြီးကို ငြိုင်တူ ငုံ့ကြည့်လိုက်ကြသည်။

ရသေ့ကြီး မျက်စိနှစ်လုံးမှိတ်လျက် ...

အသက်ရှူသံ လုံးဝမကြားရ။

ရင်ဘတ်ပေါ်မှာ လက်နှစ်ဖက်ယှက်တင်လျက်သား။ ဟိုစဉ်ကတည်းက သူ ဒီလူသေကောင်းထည့်သည့် ခေါင်းတလားထဲမှာ ဝင်အိပ်ရင်း မရဏာနုဿတိကမ္မဋ္ဌာန်းကို ကျင့်ကြံပွားများခဲ့သည်။

ခုတော့ ... မရဏာနုဿတိကမ္မဋ္ဌာန်းရှင်ကြီးကို မရဏာရှင်သေမင်းက ကျောက်ရုပ်ဖြစ်အောင် စောင့်စရာမလိုတော့ဘဲ ခပ်စောစောခေါ်သွားခဲ့ချေပြီ။

ခြေ၊ လက်များကို စမ်းကြည့်၏။

နဖူးကို စမ်းကြည့်ကြ၏။ ရင်ဘတ်ကို စမ်းကြည့်ကြ၏။ ဝမ်းဝ





နှင့် နှာဝမှာ တေ့ကြည့်ကြ၏။ မနွေးတော့။ ရှူရှိုက်ခြင်းမရှိတော့။

အေးစက်နေ၏။ တောင့်နေ၏။

သွားပေဦးတော့ ... ပုံပျက်ပန်းပျက်ရသေ့ကြီးရေ။

သွားပေဦးတော့ ... ရသေ့ကြီးပြောသလို အနိစ္စအမြဲမရှိပါလေ။ သို့နှင့် ... ကျွန်ုပ်၊ ကိုရှုပဗေဒ၊ ကိုဓာတုနှင့် ညောင်ခြောက်ပင်သချိုင်းစောင့် စဏ္ဍာလကြီး ဦးဖျေဉ်းဆွဲတို့ သချိုင်းဇရပ်ပေါ်မှာ ခေါင်းချင်းဆိုင်၍ အရေးပေါ် အသုဘမြေချရေးကိစ္စကို ဆွေးနွေးလိုက်ကြသည်။

"ဘယ်လိုလုပ်မလဲ ကိုရှုပ"

"စဏ္ဍာလကြီးကရော ဘယ်လိုစီစဉ်ချင်လို့တုံး"

"ရသေ့ကြီးက ဆွေမျိုးဉာတိလည်း မရှိဘူး။ လူရင်းဆိုလို့ ကျုပ်တို့၊ ဆရာတို့ပဲ ရှိတဲ့ဥစ္စာ။ ကျုပ်သဘောပြောရရင် သုံးရက်စောင့်မနေချင်ဘူး။ သေတဲ့လူလည်း ပြန်ရှင်လာမှာ မဟုတ်ဘူး။ ဒီညနေပဲ မီးသင်္ဂြိုဟ်လိုက်ချင်တယ်။ ဆရာတို့သဘောကရော ..."

"ကောင်းပါတယ်ဗျာ။ ဖဲဝိုင်းခံလို့လည်းရတာမှ မဟုတ်တာ။ သရဏဂုံတင်ပြီး မီးသင်္ဂြိုဟ်လိုက်တာ ကိစ္စအေးတယ်။ ကျုပ်တို့လည်း ကိုယ့်အလုပ်နဲ့ကိုယ် မအားကြဘူးဗျ"

ဒီမှာ ကျွန်ုပ်က ဝင်ပြောရ၏။

"မီးသင်္ဂြိုဟ်ဖို့ ထင်းရောရှိရဲ့လား"

"ခေါင်းအဟောင်းပုံကြီးရှိတယ် ဆရာမှိုင်း။ လောက်ပါတယ်"

"ဒါဆို ... အရိုးကောက်ထားဗျာ။ သူက သူတော်ကောင်းတစ်ဦးပါ။ လူအများရဲ့အသက်ကို ကယ်ခဲ့သူပါ။ မရဏာနုဿတိအကျင့်တရား ကိုယ်ကျင့်သိက္ခာနဲ့ ပြည့်စုံသူပါ။ သူ့အတွက် အရိုးအိုးဂူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တာဝန်ယူတယ်''

ကျွန်ုပ်က ဒီလိုပြောလိုက်တော့ ကိုရှုပနှင့် ကိုဓာတုတို့က လည်း . . .

''ရက်လည်ဆွမ်းသွတ်ကို ကျွန်တော်တို့ တာဝန်ယူမယ်ဗျ''

''ဘာကျွေးမှာလည်း ကိုရှုပ''

''ထမင်းချက်ဗျာ။ ဘုန်းကြီးဆွမ်းကပ်၊ ရေစက်ချမယ်။ ပြီးရင် ကျုပ်တို့လေးဦး . . . နေဦးဗျ . . . ကျုပ်ဆရာပါမောက္ခကြီးတွေလည်း ဖိတ်မှကောင်းမယ်။ ရေစက်ချပြီးရင် ဝမ်းနည်းကြေကွဲတဲ့ အထိမ်းအမှတ်နဲ့ အားရပါးရ စားကြသောက်ကြတာပေါ့''

ကောင်းလေစွ . . .။

ရသေ့ကြီးကုသိုလ် ထူးပေစွ . . .။

''ကိုညိုမှိုင်း . . . ခင်ဗျားအသိ စာရေးဆရာတွေ ဖိတ်ချင်သေးလား''

''ဖိတ်ချင်တယ်ဗျာ။ ထောင်မှူးကြီးသိန်းဝင်းရယ်၊ စာရေးဆရာ မှဆိုးကြီးလေးမောင်ရယ်၊ ထုတ်ဝေသူ ကိုတင်ထွန်းရယ်၊ ပန်းချီ မြတ်မင်းဟန်ရယ်၊ မင်းကြည်လှိုင်ရယ်ကို ဖိတ်ချင်တယ်''

''သူတို့က ပုံပျက်ပန်းပျက်ရသေ့ကြီး ပရိသတ်ပဲလား''

''မဟုတ်ပါဘူး။ သူတို့က ဆွေမရှိမျိုးမရှိမသာမှန်ရင် မသာအားမငယ်ရအောင် အမြဲတမ်းလိုက်စား အားပေးနေကြသူတွေမို့ပါ။ ထောင်မှူးကြီးသိန်းဝင်းနဲ့ ပန်းချီမြတ်မင်းဟန်က လိုအပ်ရင် ဝိုင်းကူ ငိုပေးလိမ့်ရှိတယ်။ ဘုန်းကြီးပျံ အေးယဉ်ကျူးမယ့်သူ မရှိရင်တောင် သူတို့က ဘုန်းကြီးပျံခေါင်းပုခက်ကိုလွှဲပြီး ရင်ထု အော်အော်ငိုပေး လေ့ရှိတယ်ဗျ''

---

စိတ်ကူးသစ်စာပေ



''တော်လှချည့်လားဗျ . . . ဟင်''

''တစ်ခုတော့ရှိတယ်။ အဲဒီလို ငိုလို့ဝရင် အရက်တိုက်ရ တယ်''

''ဘယ်နှစ်ပုလင်းလည်း ဆရာမှိုင်းရယ် . . . ဟင်''

''နှစ်ယောက်ကို လေးထောင့်သံပုံးတစ်လုံးပါ''

''ဟိုက်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

❑

သံဃာတော်ငါးပါးတို့က ပုံပျက်ပန်းပျက်ရသေ့ကြီးကို သရဏဂုံ တင်ပေးကြ၏။ ပြီး . . . ရေစက်ချ၍ ကိစ္စပြီး၏။ ပြန်ကြွသွားကြ၏။

ကျွန်ုပ်တို့က ပုံပျက်ပန်းပျက်ရသေ့ကြီး ခေါင်းတလားကို ဝိုင်းမ,ပြီး မီးသဂြိုဟ်မည့် အုတ်ခုံထင်းပုံအနီးသို့ မ,ယူလာကြ၏။

ရသေ့ကြီး၏ ခေါင်းတလားကား ပန်းချီမြတ်မင်းဟာန်၏ လျှပ် တစ်ပြက် စက္ကူကနုတ်လက်ရာများနှင့် လွန်စွာ သားနားနေ၏။

သူ၏ တပည့်သားများဖြစ်ကြသော ကျွန်ုပ်တို့၏စေတနာကို ပုံပျက်ပန်းပျက် ရသေ့ကြီး၏ဝိညာဉ်တော်က အားရကျေနပ်စွာမြင်ပြီး ရွှေဘောတော်ကျလိမ့်မည်ဟု ယုံကြည်ပေ၏။





သည့်နောက် ခေါင်းတလားကိုမ,၍ ခုနစ်ပတ်လှည့်လိုက်၏။ ပြီး . . . မီးသဂြိုဟ်မည့် အုတ်ခုံထင်းပုံပေါ်သို့ တင်လိုက်ကြ၏။

ဒီမှာ စဏ္ဍာလကြီး ဦးဖျဉ်းဆွဲက ရသေ့ကြီးမျက်နှာပေါ်သို့ အုန်းသီးစိမ်းအရည်များကို ဓားနှင့်ခွဲပြီး မျက်နှာသစ်ပေး၏။

အုန်းသီးတစ်ခြမ်းကို ပန်းချီမြတ်မင်းဟာန်က လှမ်းတောင်း၍ စဏ္ဍာလကြီးက ပေးလိုက်၏။ ကျန်တစ်ခြမ်းကို သူ့ခါးပိုက်ဆောင်သို့ ထည့်လိုက်၏။

ကျွန်ုပ်က ပန်းချီမြတ်မင်းဟာန်ကို မေးရ၏။

''ကိုမြတ်မင်းဟာန် ဘာလုပ်ဖို့လဲဗျ''

''ညနေ အရက်နဲ့မြည်းဖို့ပါဗျာ''

''ဖွီး . . . ကြဲကြီးစည်ရာဗျာ''

''အုန်းသီးစိမ်းအမြည်းနဲ့အရက် ဆရာမသောက်ဖူးလို့ပါ။ သောက်ဖူးရင် အုန်းပင်မြင်တိုင်း လက်ညှိုးထိုးနေမှာ။ ဆရာသိန်းဝင်း လည်း အရင်တုန်းက ဆရာ့လိုပဲ ကြဲကြီးစည်ရာလို့ ပြောတာပဲ။ တစ်ခါ လည်း မြည်းသောက်ပြီးရော ကောင်းလွန်းလို့ဆိုပြီး သူ့ခြံဝင်းထဲမှာ အုန်းပင်စိုက်ထားတာမှ မနည်းဘူးဆရာမှိုင်းရဲ့''

ကျွန်ုပ်က ထောင်မှူးကြီးသိန်းဝင်းကို ဟုတ်မဟုတ်မေးရန် လှည့်ကြည့်လိုက်သောအခါ စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းသည် ခေါင်းတလားထဲမှ ပုံပျက်ပန်းပျက် ရသေ့ကြီးမျက်နှာကို ကြည့်ပြီး ပါးပြင်ပေါ်သို့ မျက်ရည်များ စီးလိမ့်ကျနေ၏။

ကျွန်ုပ်တို့ ဆရာကြီးသိန်းဝင်းကား တာဝန်ကျေအောင် ငိုချေ ပြီ။

ဒီလိုငိုပြီးလျှင် ပါးစပ်မှ တတွတ်တွတ်ပြောပြီး အရက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပြီးတစ်လုံး သောက်လိမ့်မည်။

သူကား . . . ဘယ်သူသေသေ လာခေါ်လျှင် ယခုလို ဝမ်းနည်းပက်လက်နှင့် မျက်ရည်ကျပေးလေ့ရှိ၏။

ငိုပါစေလေ . . . ငိုပါစေ။

ဒါမှ သူသောက်လို့ ခံတွင်းမြိန်ပေလိမ့်မည်။

ဒီမှာ စဏ္ဍာလကြီး ဦးဇမျဉ်းဆွဲက သစ်သားခေါင်းထဲက ရသေ့ကြီးကို မီးသဂြိုဟ်မည့် ထင်းပုံပေါ်သို့ မှောက်လျက်တင်လိုက်ပြီး ထင်းပုံအား မီးစတင်၍ ရှို့လိုက်လေ၏။

အလို . . . မီး မစွဲပါကလား။

သို့နှင့် မီးတုတ်ကိုထပ်ညှိပြီး လောင်စာများကို သေသေချာချာ ရှို့လိုက်၏။

"ဟိုက်"

မီးငြိမ်း၍ သွားသည်။

"မီး မစွဲပါလားဟေ့"

"လေတိုက်နေလို့ပါဗျာ။ သေသေချာချာရှို့ပါ ဦးဇမျဉ်းဆွဲရ"

ဒီမှာ စဏ္ဍာလကြီးဦးဇမျဉ်းဆွဲက ဒီဇယ်များ ထပ်ဖျန်းပက်ပြီး မီးတုတ်နှင့် ထပ်ရှို့လိုက်ပြန်၏။

"ဟိုက်"

"ဟိုက်"

"ဘယ်လိုလဲဟ"

မီးတုတ်မီး ငြိမ်းသွားသည်။

"ခင်ဗျားဟာ . . . ဒီဇယ်လား၊ ရေလား ဦးဇမျဉ်းဆွဲရာ"

"ဒီဇယ် စစ်စစ်ပါကွာ။ ငါသုံးနေကျပါ"





"ပြစမ်းပါဦးဗျာ၊ မှားယွင်းများ နေရော့လား"

ကိုရှုပဗေဒက မသင်္ကာဖြစ်ပြီး ပါးစပ်မှမြည်တွန်တောက်တီးလုပ်လို့ စဏ္ဍာလကြီးလက်ထဲက ပုလင်းကိုယူ၍ နမ်းကြည့်လိုက်သည်။

"ဒီဇယ် စစ်စစ်ပဲဟ။ ကိုင်းဟာ . . . ကိုင်း . . . လောင်စမ်းဟ"

ကိုရှုပဗေဒက ဒီဇယ်များကို ပုလင်းလိုက် နေရာအနှံ့ လိုက်ဖျန်းလိုက်ပြီး ကိုယ်တိုင်မီးတုတ်ကိုယူ၍ ရှို့လိုက်ပါသော်လည်း . . .

ဘုရားရေ . . .

အံ့သြစရာ ကောင်းလှချည်ကလား။

မီးသည် ယောင်လို့တောင် မစွဲ။ ကျွန်ုပ်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အံ့သြနေကြသည်။

"မီး မစွဲဘူး"

"ဟုတ်ရဲ့လား ကိုမှိုင်းရ"

"အားလုံးအမြင်ပဲလေဗျာ"

"မီးများ ပြီးနေရော့လားဗျာ"

"ဘယ်လိုလုပ်မလဲ ဦးဇမျဉ်းဆွဲ"

ဒီမှာ စဏ္ဍာလကြီး ဦးဇမျဉ်းဆွဲက အတန်ကြာစဉ်းစားပြီးနောက် . . .

"ကျုပ်တို့ဆရာကြီးတွေ ပြောဖူးတာရှိတယ် ကိုရှုပ"

"ဘာလဲ ဦးဇမျဉ်းဆွဲ"

"မီးသဂြိုဟ်လို့ မီးမစွဲတဲ့မသာမှန်ရင် ရေလောင်းပြီးသဂြိုဟ်တဲ့ကွ"

"ဟုတ်ရဲ့လားဗျာ။ ကျုပ်တို့ တစ်ခါမျှမကြားဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဦးဖျော့ဆွဲ . . . ခင်ဗျား အဲဒီလိုရော ကြုံဖူးလို့လား''

''မကြုံဖူးပါဘူး။ ဒါရေးတုန်းက ဝါရင့်သမ္မာရင့် စက္ကူလှေတွေ လက်ဆင့်ကမ်းပြောခဲ့တဲ့စကားကို ပြန်ပြောရတာ''

''ကိုင်း . . . ဒါဆိုလည်း လုပ်ဗျာ။ ရေလောင်းပြီး မီးရှို့''

ကျွန်ုပ်တို့ ဝေဖန်ချက်ဆုံးသည်နှင့် စက္ကူလှေကြီးဦးဖျော့ဆွဲသည် တာလီပုံးနှစ်လုံးနှင့် ရေများ ပြေးခပ်လိုက်ပြီး ဦးစွာ ရေတစ်ပုံးဖြင့် မှောက်လျက်ဖြစ်နေသည့် ရသေ့ကြီးကျောပေါ်သို့ လောင်းချလိုက်သည်။

''ဗွမ်း''

''ဟ . . . ဟ''

''ဟဲ့ . . . ဘယ့်နှယ်လဲဟ''

''လှုပ်လာသလား . . . ဟင်''

''ထင်လို့ပါကွာ''

''လောင်းစမ်းဗျာ . . . ဦးဖျော့ဆွဲ . . . လောင်း . . . လောင်း''

''မြန်မြန်လောင်းပါဗျ။ ခင်ဗျားကလည်း တုံ့နှေးတုံ့နှေးနဲ့ဗျာ''

''အေးပါဟ . . . မသာလောင်းတွေရဲ့ ငယ်ငယ်ကလိုတော့ ဘယ်သွက်တော့မှာလည်းကွ။ အသက်က(၆၀)ကျော်နေပြီဟ။ ကိုင်း . . . လောင်းမယေ့''

''ဗွမ်း''

''ဟာ . . . ဟာ''

''ဟေ့ . . . ဟေ့ . . . ရသေ့ကြီး လှုပ်လာပြီဟ . . . လှုပ်လာပြီ''

''ရေထိလို့ သေကြော၊ တင်းကြော၊ တောင့်ကြော ရုန်းတာပါဟ''

''မဟုတ်ဘူးဗျ . . . စက္ကူလှေကြီးရဲ့။ အသက်ဝင်နေတာ''

''ဟေ့ကောင်တွေ . . . မကြောင်နဲ့။ ပေါက်ကရ မပြောနဲ့။ ဒါ သချိုင်းကုန်း။ အပဝင်မယ်။ တိတ်တိတ်နေကြ''

''ထလာပြီ . . . လှုပ်လာပြီ''

''ဟုတ်တယ်ဟေ့။ လှုပ်လာပြီဟ . . . ထူးသဟေ့''

''ဟာ''

''ဟင်''

ကျွန်ုပ်တို့ အံ့သြတုန်လှုပ်ကြီးစွာဖြင့် စိုက်ကြည့်နေစဉ်မှာပင် အသေကောင် ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ရေစိုရွှဲနှင့်ကုန်းကုန်းကြီး ထလာရကား . . .

ဦးစွာ လန့်ငိုသူကား မင်းကြည်လှိုင် ဖြစ်လေသည်။ သူသည် ဝမ်းနည်း၍ ငိုသည်မဟုတ်။ ဖုတ်ဝင်သည်၊ သရဲဝင်သည်ဆိုပြီး လန့်အော်ငိုရကား။ ကျွန်ုပ်တို့ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။

ဒီမှာပဲ ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ထင်းပုံပေါ်မှ ငုတ်တုတ်ထိုင်ပြီး ကြောက်လန့်အံ့သြနေသည့် ကျွန်ုပ်တို့မျက်နှာများကို စိုက်ကြည့်ပြီး ပြုံးပြလေ၏။

''အမယ်လေး . . . ဖုတ် ပြုံးပြတယ်ဗျ''

ကိုရှုပကာ လန့်၍ အော်ပြန်၏။

ရသေ့ကြီးက လက်တံရှည်ကြီးကိုဆန့်၍ စက္ကူလှေကြီးကို ခေါ်ပြန်၏။ သားတပည့် စက္ကူလှေကြီးဦးဖျော့ဆွဲသည် အုန်းသီးခွဲသည့် ဓားကြီးကို ကိုင်မြှောက်ချိန်ပြီး ရသေ့ကြီးကိုခုတ်ရန် အသင့်ပြင်ထား၏။





စိတ်ကူးသစ်စာပေ

www.burmeseclassic.com



''ဟော့ကောင်တွေ''

''ဟော့ . . . လူမိုက်တွေ''

ပုံပျက်ပန်းပျက် ရသေ့ကြီးက ထင်းပုံကြီးကိုကြည့်ပြီး အော်ဟစ်လိုက်သည်။

''မင်းတို့က ငါ့ကို မီးနဲ့ဖုတ်ပြီး စားကြမလို့ပေါ့ ဟုတ်လား''

''ရ . . . ရ . . . သေ့ . . . ကြီး''

''ငါ့ကို အရှင်လတ်လတ် မီးသဂြိုဟ်ကြတာပေါ့ ဟုတ်လား''

''ရ . . . ရသေ့ကြီး . . . ခင်ဗျား . . . မ . . . မသေဘူး . . . ဘူးလားဟင် . . . ဟင်''

''မင်းအမေကလွှားမို့လို့ ငါက သေရမှာလားကွ လူမိုက်တွေရ။ ဒါ . . . ဒါ ဘယ်ကောင့်စနက်လဲကွ . . . ဟင်။ ဟော့ကောင် . . . ရှုပ၊ လူကန့်လန့်။ ဒါ မင်းတို့ရဲ့လက်ချက် မဟုတ်လား''

''မ . . . မဟုတ်ပါဘူး ရသေ့ကြီး။ ဒီ . . . ဒီကိစ္စက ရသေ့ကြီးတပည့် စလ္လာလကြီးဦးဖျော့ဆွဲရဲ့ လက်ချက်ပါခင်ဗျ''

ကိုရှုပဗေဒသည် ရသေ့ကြီးအကြောင်းကို သိ၏။ ရသေ့ကြီးပညာနှင့်စီရင်ဒေါသဖြစ်လျှင် သူဘယ်ဘဝ ရောက်သွားမည်ကို ရိပ်မိ၍ အကျောက်အကန်ငြင်းပြီး စလ္လာလကြီးဘက်သို့ အားလုံးပုံချလိုက်၏။

''ဖျော့ဆွဲ''

''ဖ . . . ဖ . . . ရာ . . . ရ . . . ရ''

''လူမိုက် . . . ဒါ မင်းစနက်ဆို . . . ဟင်''

''ရ . . . ရ . . . သိ . . . အဲ . . . အဲ . . . ရ . . . သေး . . . ဟာ ဒီပါးစပ်နှယ် . . . ကဲဟာ . . .''





''ဖြန်း''

စလ္လာလ ဦးဖျော့ဆွဲသည် ကြောက်ကြောက်လန့်လန့်နှင့် စကားများများပြီး ထစ်နေ၍ ဒေါသဖြစ်ကာ သူ့ပါးသူ ပြန်တီးလိုက်၏။

''မင်းဘာကြောင့် ငါ့ကို ဟိုလူမိုက်တွေနဲ့ပေါင်းပြီး အရှင်လတ်လတ် မီးရှို့သတ်ရတာလဲ။ ဖျော့ဆွဲ . . . ပြော . . . မှန်မှန်ပြောနော်။ ညာပြောရင် ငါ့အကြောင်းသိသွားမယ် သိလား''

''ဟို . . . ဟို . . . ရသေ့ကြီး ဆွမ်းခံကြွချိန်အထိ မထလို့ အဲဒါနှိုးကြည့်တော့လည်း ရသေ့ကြီးလုံးဝမနိုးဘူး။ ခြေရောလက်ရော အေးစက်နေပြီ။ အဲဒါ သေပြီလို့ယူဆပြီး ကိုရှုပတို့၊ ကိုညိုမှိုင်းတို့ ခေါ်ပြောပြ လာကြည့်ကြတာပဲ၊ သူတို့ကလည်း သေပြီ တော်ပြီး အေးစက်နေပြီလို့ အတည်ပြုတာနဲ့ အားလုံးသဘောအရ ဆွေမရှိမျိုးမရှိကြီးကွာ နေ့ချင်း မီးသဂြိုဟ်ဆိုတာနဲ့ ခုလို မီးသဂြိုဟ်ရတာပါ ရသေ့ကြီးခင်ဗျာ။ ဘုရားပေးပေး၊ ကျမ်းပေးပေးပါ ရသေ့ကြီးခင်ဗျာ''

ဒီတော့မှ ရသေ့ကြီးသည် ဖြစ်စဉ်ကို ပြန်စဉ်းစားပြီး ထင်းပုံပေါ်မှာ ဦးပြည်းကိုပွတ်၍ ခေါင်းတညိတ်ညိတ် လုပ်လေ၏။

''တောက် . . . ကံကောင်းလို့ မသေတာပါလားကွာ''

''ရသေ့ကြီး''

''ဘာတုံးကွ''

''ရသေ့ကြီး လူအစစ်ပါနော် . . . နော်''

''လူမဟုတ်လို့ . . . မင်း . . . တယ်လေ . . . ငါပြောလိုက်ရ''

ဒီတော့မှ ကျွန်ုပ်တို့အားလုံး ပုံပျက်ရသေ့ကြီးအနီး တိုးကပ်လာကြပြီး ရသေ့ကြီးကို ထင်းပုံပေါ်မှ ဆွဲကိုင်ချပေးကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါအိပ်တဲ့ ခေါင်းကို ပြန်သယ်ခဲ့"

"ဟုတ်ကဲ့ ... ခင်ဗျ"

စဏ္ဍာလကြီးက ရသေ့ကြီးအိပ်သော ခေါင်းကြီးကိုထမ်း၍ ဇရပ်ထဲသို့ ပြန်ယူလာလိုက်၏။ ပျာပျာသလဲ နေရာထိုင်ခင်း ပေးကြ၏။

ရသေ့ကြီးသည် ရေစိုဝတ်သင်္ကန်းကိုလဲရင်းမှ ကျွန်ုပ်တို့ အားလုံးအား မြည်တွန်တောက်တီး၏။ အထူးသဖြင့် စဏ္ဍာလကြီး ဦးဖျင်းဆွဲကို ပို၍ဆူပူကြိမ်းမောင်းလေ၏။

"ငဖ"

"ဘုရား"

"မင်း လူသေကောင်မြှုပ်တဲ့ စဏ္ဍာလလုပ်ပြီး ငါတကယ် သေမသေကို မသိဘူးလား ငနွားရ ... ဟင်"

"လှုပ်နိုးတာတောင် နိုးမှမနိုးပဲဥစ္စာ။ ပြီး ...၊ ရသေ့ကြီးက ရေခဲရိုက်ထားတဲ့ ငါးလင်ပန်းလို တောင့်နေပြီဥစ္စာ"

ဒီမှာ ကိုရှုပဗေဒက ရသေ့ကြီးကို လက်အုပ်ချီပြီး မေးလေ၏။

"ရ ...၊ ရ ... သိ ... အဲလေ ... ရသေ့ကြီး ခံ ... ခံဗျာ"

"ဘာတုံး ... ဘာတုံး"

"ရသေ့ကြီး သေတာ၊ ပျံလွန်တာ မဟုတ်ရင် ဘယ်လိုဖြစ်သွားရတာပါလဲ ခင်ဗျာ"

ဒီမှာ ပုံပျက်ပန်းပျက် ရသေ့ကြီးက ကျွန်ုပ်တို့ အံ့ဩဝမ်းသာနေသူများကို ကြည့်လိုက်ပြီး ...

"အိမ်း ... ဒီလိုကွ။ မင်းတို့အပြစ်လည်း မဟုတ်ပေဘူးပေါ့။





ငါတစ်နေ့နဲ့တစ်ညလုံး ခေါင်းထဲမှာ မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများနေတာ။ အဲဒါ အာရုံရလွန်းလို့ ကမ္မဋ္ဌာန်းကို ဖြုတ်လို့မရဘူး။ ဒီလိုနဲ့ ကမ္မဋ္ဌာန်းအာရုံမှာ နစ်မျောလိုက်ပါသွားလိုက်တာ အချိန်တောင် မသိတော့ဘူး ငါ့လူတို့ရာ။

အင်း ... ဒါကြောင့် ဟိမဝန္တာက ငါတို့ဆရာသခင်များက ပြောကြတာကိုး။ အိန္ဒိယယောဂီကြီးတွေ၊ ဆာဓူးသူတော်စင်ကြီးများဟာ သမထကျင့်စျာန်မှာ စိတ်ဝင်စားပြီး ထွက်သက်ရော၊ ဝင်သက်ရော ငြိမ်သက်သွားလိုက်တာ အချို့ အချိန်အတန်ကြာ၊ ရက်အတန်ကြာ ကျောက်ရုပ်အတိုင်း ဖြစ်သွားတယ်တဲ့။ ငါလည်း ကျောက်ရုပ်လူသားတွေကို မြင်ခဲ့ရတယ် ငါ့လူတို့ရဲ့။ အချို့(၇)ရက်၊ (၁၀)ရက် ထမင်းမစား၊ ရေမသောက်ဘဲ သမထစျာန်မှာ နစ်မျောနေကြလေရဲ့။ ငါ့အဖြစ်ကလည်း ကမ္မဋ္ဌာန်းစျာန်မှာနစ်မျောပြီး သတိလစ်သွားခဲ့တာပဲ။ ငါ့စိတ်ဟာ ရုပ်ကနေခွာပြီး သူတော်စင်များရှိရာအရပ်ကို ရောက်နေတာ။ ငါအချိန်ကို မသိရဘူး။ ငါ့ရုပ်ကိုငါ အစွဲအလမ်း မရှိတော့ဘူး။ ငါ သူတော်စင်ကြီးတွေရဲ့ ဆုံးမစကားကို ကြားနာမှတ်သားပြီး သူတို့က ပြန်တော့၊ ဆက်ကျင့်တော့လို့ပြောလို့ ပြန်လာချိန်မှာ ငါ မင်းတို့ရေလောင်းခံရပြီး လန့်နိုးသတိရချိန်၊ တစ်နည်း ... မသေကောင်း၊ မပျောက်ကောင်း မီးသင်္ဂြိုဟ်မယ့်ထင်းပုံပေါ် မှောက်လျက်ဖြစ်နေချိန်ပေါ့ကွာ။ ဟူး ... ဘုရား ... ဘုရား စဉ်းစားရင် ကျောချမ်းရပါ့ကွာနော် ..."

ကျွန်ုပ်တို့အားလုံးကလည်း ရသေ့ကြီးပြောစကားကို နားထောင်ရင်း ... ကမ္မဋ္ဌာန်းစျာန်ရဲ့ အာရုံသဘောဆန်းကြယ်မှုကို သိလိုက်ရ၍ ကမ္မဋ္ဌာန်းသဘာဝကို လေးစားအံ့ဩရ၏။ ဘဝင်လည်း ကျသွား



www.burmeseclassic.com

www.burmeseclassic.com



၏။ လူသတ်မှုမှလည်း ကံကောင်း၍ ကင်းဝေးခဲ့ရ၏။

ဒီမှာ ကျွန်ုပ်သည် ဂမ္ဘီရစာရေးဆရာပီပီ မေးချင်စရာပေါ်လာ၍ မေးချလိုက်သည်။

''ရသေ့ကြီး ခင်ဗျာ''

''ဘာတုံး ... စာရေးဆရာ''

''မေးစရာရှိလို့ပါ ရသေ့ကြီး''

''မေးပါ ... မေးပါ ... ဖြေနိုင်တာ ဖြေပါ့မယ်''

''ဟို ... ဟို ... ကျွန်တော်တို့အားလုံး ရသေ့ကြီး တကယ်သေပြီမှတ်ပြီး မီးသဂြိုဟ်ဖို့ လုပ်ခဲ့ကြပါတယ်။ တကယ်လည်း ဒီဇယ်ဆီဖြန်းပြီး မီးရှို့ခဲ့ပါတယ်။ ဒီမှာ အဓိကသိချင်တာက ရသေ့ကြီးကိုယ်ကိုဒါမှမဟုတ် လောင်စာထင်းပုံကို ဘာကြောင့် မီးလုံးဝမစွဲရသလဲဆိုတာကို ကျွန်တော်တို့ သိချင်လို့ပါ ရသေ့ကြီး''

''ဟုတ်တယ် ... ရသေ့ကြီး။ ဒီလောက် မီးရှို့လျက်သားနဲ့ဘာကြောင့် ရသေ့ကြီးကို မီးမစွဲရတာလဲ''

ဒီမှာ စဏ္ဍာလကြီး ဦးဖမျဉ်းဆွဲကလည်း လက်အုပ်ကလေးချီ၍ သူ့ဆရာသခင်ကို မေးလျှောက်လေ၏။

''ဘရသေ့''

''ဘာတုံး''

''ကျွန် ... ကျွန်တော် ... အစိမ်းသေရော၊ ဘုန်းကြီးအလောင်း၊ မယ်သီလရှင်အလောင်းရော ဒီထင်းပုံပေါ်မှာ မီးသဂြိုဟ်ပေးခဲ့တာ မနည်းဘူး ဘရသေ့။ မီးမလောင်တာ ဒီတစ်ကြိမ်ပဲ မြင်ဖူးသေးတယ်။ အဲဒါ ဘာကြောင့်လဲ။ ရသေ့ကြီး မီးကွင်းနေလားဟင်''

ကျွန်ုပ်တို့အားလုံးရဲ့ မေးခွန်းများကို ရသေ့ကြီးသည် ချက်





ချင်းမဖြေ။ စိပ်ပုတီးကြီးကိုစိပ်ရင်းမှ မျက်လွှာချပြီး စဉ်းစားသလို လုပ်နေ၏။

ကျွန်ုပ်တို့ကလည်း သူ့အဖြေကို ငံ့လင့်နေကြသည်။

ဒီလို ဖြစ်ရပ်ဆန်းကြယ်သည် ဖြစ်ရခဲ၊ မြင်ရကြုံရခဲ။

ဒီမှာ ပုံပျက်ပန်းပျက် ရသေ့ကြီးက ပုတီးစိပ်ခြင်းကိုရပ်၍ တစ်လုံးချင်း စကားပြောလိုက်သည်။

''ဒကာကြီးတို့၊ ဒကာလေးတို့ ... ဒကာတို့ ပြောလို့သာ ကျုပ်မီးမလောင်မှန်း သိရတယ်။ ဒီလိုသိရလို့လည်း ကျုပ်ကိုကျုပ် အံ့သြနေလို့ ဘာပြန်ပြောရမှန်း မသိဘူး။ အင်း ... ကျုပ်ကိုယ်ခန္ဓာကို ဘာကြောင့် မီးမစွဲသလဲ ... မီးမစွဲသလဲ။ မဟုတ်မှလွဲရော ခန္ဓာကိုယ်ထဲမှာ အာပေါ(ရေ)ဓာတ် များနေလို့လား မသိဘူး။ အဟူး ... ဟူး။

အမှန်ကတော့ ဒီလိုနဲ့ တူပါရဲ့ ဒကာကြီးတို့ရယ်၊ ကျုပ် သမထအလုပ်၊ ကမ္မဋ္ဌာန်းအလုပ်ကို နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့တယ်။ အားထုတ်တိုင်း ရောက်ရာအရပ်ဒေသက ပုဂ္ဂိုလ်များကို စောင့်ရှောက်ဖို့၊ အမျှပေးဝေ ပြောဆိုလေ့ရှိတယ်၊ အဲဒီ သီလတန်ခိုးရှိန်တော်အာနုဘော်ကြောင့် သေချိန်မတန်ဘဲနဲ့ သေလို့မရအောင် ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်များက ကူညီမှိုင်းမကြလို့ သဂြိုဟ်မီးမလောင်တာလို့ပဲ ငါတော့ယူဆလိုက်တယ် ဒကာကြီးတို့''

ဒီမှာ နေရာတကာတိုင်း စကားအကောင်းပြောလျှင် ဆန့်ကျင်ကန့်လန့်တိုက်ချင် လုပ်ချင်သော ...

သိပ္ပံသမားကြီး ကိုရှုပဗေဒက ...

''ရသေ့ကြီး''

''ဘာတုံးကွ''



www.burmeseclassic.com

www.burmeseclassic.com



"ရသေ့ကြီး ပြောသလိုမျိုး ဟုတ်ပါ့မလားဗျ"

"စကားအကောင်းပြောရင် လူကန့်လန့်တွေ ဖောက်ချည် ဝင်ပြီကွ။ မင်းပြောတဲ့ အဓိပ္ပာယ်လိုရင်း ဘာလဲရှပ"

"သမထတန်ခိုး၊ ကမ္မဋ္ဌာန်းတန်ခိုးကြောင့် အပိုင်အဆိုင်၊ အစောင့်အရှောက်များက မီးမလောင်၊ မီးမစွဲအောင် ဟန့်ထားတာဆို တော့ ဖြစ်နိုင်ပါ့မလား ရသေ့ကြီးရ။ ထင်းတွေက အစိုတွေမို့လို့ မီးမစွဲ တာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပေါ့ဗျ ... လူ့ကန့်လန့်"

ဒီထောက်ခံချက်က လူကန့်လန့်သိပ္ပံသမား ကိုရှုပဗေဒရဲ့ သူငယ်ချင်း ကိုဓာတုရဲ့ ထောက်ခံချက်စကား ...

ဒီမှာ ပုံပျက်ပန်းပျက် ရသေ့ကြီးက စရျှာလကြီး ဦးဖမျိုးဆွဲ ဘက်သို့ လှည့်ကြည့်လိုက်ရင်း ...

"ငဖ"

"ခင်ဗျာ ... ဘရသေ့"

"မင်းထင်းတွေက အစိုလား။ အခြောက်လားကွ"

"ခေါင်းပျဉ်း အခြောက်များပါ ဘရသေ့ခင်ဗျာ"

"စောစောက ငါ့ကို ဧရာနဲ့လောင်းကြတော့ ခုနေဆိုထင်းတွေ ရေစိုရွှဲကုန်ပြီပေါ့နော်"

"မှန်ပါ ... ရေစိုကုန်ပါပြီ ဘုရား"

"ရေစိုကုန်ရင် မီးအမြန်ချက်ချင်းလောင်ဖို့ လွယ်မလား ကိုဖ"

"ချက်ချင်းလောင်ဖို့ မလွယ်ပါဘုရား။ ခြောက်သွေ့အောင် အတန်ကြာစောင့်ပြီးရှိမှ လောင်ပါလိမ့်မယ်ဘုရား"





"ကိုင်း ... ဒကာကြီးတို့ကို ကျုပ်မေးခွန်းတစ်ခု မေးမယ်။ မှန်မှန်ကန်ကန် ဖြေနိုင်ပါ့မလား"

"ဖြေပါ့မယ် ... ရသေ့ကြီး"

"ဟို ... လူကန့်လန့်တို့ကရော ..."

"မေးမှာသာမေးပါ ရသေ့ကြီး"

"ခေါက်တာဘွဲ့မေးခွန်းလောက် ခက်မှာမို့လားဗျ ... ရသေ့ ကြီးရ"

"မခက်ပါဘူး။ နွားကျောင်းသား၊ ကျွဲကျောင်းသား ဖြေနိုင်မည့် မေးခွန်းမျိုးပါ"

သိပ္ပံသမားဆိုသူနှစ်ဦးသည် ရသေ့ကြီးရဲ့ ပြောစကားကြောင့် အောင့်သက်သက်ဖြစ်သွားပြီး နှာတင်းသွားကြသည်။

"မေးဗျာ"

"အခု ... ထင်းပုံပေါ်ကို ဒီဖယောင်းပြီး မီးရှို့ရင် မီးအမြန် လောင်မှာလား။ ရေလောင်းပြီး မီးရှို့ရင် အမြန်မီးလောင်မလား"

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"အဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး"

"ဘာများလဲလို့ ရသေ့ကြီးရာ။ ဒါလေးများဗျာ ကျုပ်တို့ကို မမေးဘဲ မအေ့ရင်ခွင်ထဲက နို့စို့ကလေးကို သွားမေးရင်တောင် အဖြေ မှန်ရသဥစ္စာများဗျာ .... အဟက်"

လူကန့်လန့်၊ လူ့ခွစာ သိပ္ပံပညာသမားနှစ်ဦးက ရသေ့ကြီး ကိုကြည့်ပြီး ခွက်ထိုးခွက်လန် လှောင်ပြောင်သလို ရယ်ကြရကား ကျွန်ုပ် မှာ ရသေ့ကြီးကို လွန်စွာအားနာမိလေ၏။

ရသေ့ကြီးကား ကိုရှုပနှင့် ကိုဓာတုတို့နှစ်ဦးရဲ့ သရော်လှောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ရယ်ချက်များကို တစ်လုံးတည်းသောမျက်လုံးနှင့် စိုက်ကြည့်ခံယူပြီး ရယ်မောသံဆုံးအောင် သည်းညည်းခံနေလိုက်သည်၏။

"ရယ်လို့ ဝပလားကွ"

"ရယ်ချင်တာကတော့ နက်ဖြန် မွန်းတည့်အထိ အော်ပြီး ရယ်ချင်တာပေါ့ဗျာ . . . သေရွာပြန် ရသေ့ကြီးရာ . . . အဟတ် . . . အဟတ်"

"ကိုင်း . . . ရယ်လို့ မဝသေးရင်လည်း အတိုးရော၊ အရင်းရော နှစ်ထပ်တိုးရောပေါင်းပြီး ရယ်ကြကွာ။ ပြီးရင်သာ ဖြေကြ"

"ဖြေရမှာ အားနာလိုက်တာ ပုံပျက်ပန်းပျက် ရသေ့ကြီးရာ"

"အားမနာပါနဲ့ ငါ့လူရာ။ ပိုက်ဆံပေးရတာ မဟုတ်ပါဘူး။ ဖြေကွာ"

"ဒီမှာ ရသေ့ကြီးရ . . . အဲဒီထင်းပုံပေါ်ကို ဒီဖယ်မလောင်းဘဲ ရေလောင်းပြီးရှို့ရင် ချက်ချင်းလောင်တာပေါ့ဗျာ . . . ဟား . . . ဟား ဟား . . . ဟား"

"တကယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

"အဟတ် . . . အဟတ် . . . အဟတ်"

ကိုရှုပဗေ ခေါ် လူကန့်လန့်၊ လူ့ငွစာကြီးက တမင်ရွဲ၍ ဖြေလိုက်သည်ကို ရသေ့ကြီးက 'တကယ်လား' ဟု မေးလိုက်၏။

"မင်းတို့ တကယ်ပြောနေတာလား ရှုပ"

"နှစ်ကယ်၊ သုံးကယ်၊ လေးကယ်ပေါ့။ အလွန်တုံးလွန်းတဲ့ ပုံပျက်ပန်းပျက် ရသေ့ကြီးရာ . . . ဟား . . . ဟား . . . ဟား . . . ဟား"





ဒီမှာပဲ ပုံပျက်ပန်းပျက်ရသေ့ကြီးသည် ထိုင်နေရာမှာ ဝုန်းခနဲ ထ,လိုက်ပြီး . . .

"ဟေ့ . . . ငဇ"

"ဗျာ . . . ဘရသေ့"

"ရေတစ်ပုံး သွားခပ်စမ်းလကွာ"

"ဘာလုပ်မလို့လဲ ဘရသေ့ရ"

"ဒီလူကန့်လန့်နှစ်ကောင်က ထင်းပုံပေါ်ရေလောင်းပြီး မီးရှို့ရင် ချက်ချင်းလောင်တယ်လို့ ပြောလို့ ရှို့မလို့ကွာ . . . သွားခပ်စမ်း ဟေ့"

"ဟာ . . . ဘရသေ့ကလည်း ဒီလူလွှန်မသားနှစ်ယောက်က ဘရသေ့ကို တမင်ရွဲ့ပြောနေတာဗျ။ ဘယ်လိုလုပ်ပြီး လောင်မှာလဲဗျာ"

"လောင်မှာပါကွ"

"ဟုန်းဟုန်းတောက်အောင် လောင်မှာပါ ဦးဖမျှဉ်းခွဲရ . . . အဟတ်"

"ဟေ့ကောင် . . . ရှုပ။ ငါတို့ရသေ့ကြီးကို အူကြောင်ကြောင်ဖြစ်အောင် ဝိုင်းမချွန်ကြပါနဲ့ကွာ"

စဏ္ဍာလကြီး ဦးဖမျှဉ်းခွဲကား ဖွတ်တရွတ်နိုင်လှသော ရသေ့ကြီးနှင့် ကိုးလိုးကန့်လန့် အချွန်အတွန်းလုပ်လေ့ရှိသော ကိုရှုပတို့ကို ဟိုလှည့်ဟန့်၊ ဒီလှန့်တား လုပ်နေ၏။

ကျွန်ုပ်နှင့် ဦးသိန်းဝင်းတို့ကား ဘာတစ်ခွန်းမျှ ဝင်မပြောတော့ . . .

ဖာတ်လမ်းက စကတည်းက ခပ်ရှုပ်ရှုပ်၊ ခပ်ဆန်းဆန်းနှင့်စလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီမို့ ခပ်ဆန်းဆန်း၊ ခပ်သွက်သွက်ပဲ ဇာတ်သိမ်းလေမလား ...

ဒါမှမဟုတ် ...

အူကြောင်ကြောင်၊ အရုက်တကွဲနှင့်ပဲ သိမ်းမည်လားဆိုသည်ကို စောင့်ကြည့်အကဲခတ်ရုံမှတစ်ပါး ဘာမျှဝင်မပြောတော့။

"ဟော့ကောင် ... ငအ၊ ငါပြောနေတယ်။ မင်းဗာလီပုံးနဲ့ ရေတစ်ပုံး သွားခပ်ယူခဲ့လိုက်စမ်း"

ပုံပျက်ပန်းပျက် ရသေ့ကြီး သက်နီးကို အလျှင်စလို ပြင်ရုံရင်းမှ မျက်နှာထိ မျက်နှာထားနှင့် အော်ပြီး အမိန့်ပေးလိုက်သောအခါ စလ္လာလကြီး ဦးဖျော့ဆွဲသည် ဘာတစ်ခွန်းမျှ ထပ်တွန့်မတက်ရဲတော့ဘဲ စောစောက ဗာလီပုံးနှင့် ရေတစ်ပုံးကို အမြန်ပြေး၍ ခပ်ယူလာလိုက်သည်။

"ဟော့ ... ဟို လူကန့်လန့်နှစ်ကောင်"

"ဘာတုံးဗျ ... မသေခင်ကတည်းက ကျုပ်တို့ကို အချိန်ကုန်လူပင်ပန်းအောင် ဒုက္ခလိုက်ပေးတဲ့ သေရွာပြန် ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့"

"ကြည့်ကြစမ်းကွာ။ အဲဒီပုံးထဲကဟာ ရေအစစ်လား၊ ဒီဇယ်လား ..."

ကိုရှုပနှင့် ကိုဓာတုတို့က ရသေ့ကြီးကို လှောင်သလို၊ ရွဲ့သလိုကြည့်ရင်းက ရေပုံးကို ငုံ့ကြည့်လိုက်ကြသည်။

"ရေအစစ်ပဲဗျ"

"ဒီဇယ် မဟုတ်ဘူးလား"

"အူကြောင်ကြောင် မလုပ်ပါနဲ့ဗျ။ ရေမှရေ $H_2O$ Water"

"ကျိန်းသေတယ်နော်"





"Yes ... Yes"

"ကိုင်း ... မင်းတို့ လူကန့်လန့်နှစ်ကောင် သိပ္ပံသမားနှစ်ယောက်ပြောသလိုပဲပေါ့ကွာ။ ဘာတဲ့ ... ရေလောင်းပြီးမီးရှို့ရင် မီးဟုန်းဟုန်းတောက်လောင်သတဲ့။ ကိုင်း ... ငါယုံသကွ၊ လုပ်ပြီဟေ့"

ရသေ့ကြီးသည် ပါးစပ်မှ သို့ကလို အော်ဟစ်ပြောဆိုရင်းမှ ရေဗာလီပုံးကို လက်တံရှည်နှင့် ကောက်ယူလိုက်ကာ စောစောတုန်းကသူ့ကို မီးတင်ရှို့ရန် စီရင်ထားသည့် မီးသင်္ဂြိုဟ်အုတ်ခုံ ထင်းပုံရှိရာသို့ ထော့ကလိန် ထော့ကလိန့်နှင့် သွားနေလေ၏။

ကျွန်ုပ်တို့လည်း သူ့နောက်မှ လိုက်ကြရပြန်၏။

ဒီမှာ ကိုရှုပဗေဒက ...

"ဗျို့ ... ဦးဖျော့ဆွဲ"

"ဘာတုံးကွ"

"ခင်ဗျားဆရာ ရသေ့ကြီး 'ပေါက်' သွားပြီဗျ"

"မင်းတို့က မဟုတ်ကဟုတ်က ဝိုင်းချွန်ကြတာကိုးကွ။ 'ချီးမှုပဲ"

"ဒါမှလည်း ခင်ဗျားဆရာ ရသေ့ကြီးမှတ်သွားမှာ။ ဟား ... ဟား ... ဟား ... ဟား"

သို့ကလိုဝေဖန် ပြောင်လှောင်ရင်း လိုက်လာစဉ်မှာပင် ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ဗာလီပုံးထဲမှရေများဖြင့် မီးသင်္ဂြိုဟ်အုတ်ခုံအောက်က ထင်းပုံကြီးကို ဖျန်းလိုက်သည်။ ပြီး ... ပါးစပ်မှ တတွတ်တွတ် ပြောလိုက်သေး၏။

"ဖျော့ဆွဲ"

"ခင်ဗျာ ဘရသေ့"



www.burmeseclassic.com

www.burmeseclassic.com



"မီးခြစ်ပေးစမ်း"

"ဗျာ ... ဟာ ... ဟာ"

"မီးခြစ်ပေးစမ်း"

"ရော ... ရော ... ဒီမှာ ရသေ့ကြီး။ ဒါဂက်(စ်)မီးခြစ် ... အဟုတ်"

ကိုရှုပဝေဒက ပြောင်ချော်ချော်မျက်နှာပေးနှင့် ရသေ့ကြီးထံ ဂက်(စ်)မီးခြစ်ကို အလွန် ရှိသေလေးစားသောဟန်ပန်မျိုး တမင်လုပ်ပြီး ခါးကုန်း လက်နှစ်ဖက်ဆန့်၍ ပေးလိုက်၏။

ရသေ့ကြီးက ဆတ်ခနဲ လှမ်းယူလိုက်ပြီး မီးခြစ်ကို ထောင်ကိုင်၍ ထင်းပုံကြီးကို စိုက်ကြည့်ကာ စကားတစ်ခွန်း ပြောလိုက်သည်။

"ဟဲ့ ... ရေလောင်းခံထားရတဲ့ ... ထင်းပုံ။ ခုချက်ချင်း ငါ မီးတင်လို့ရှို့လိုက်မယ်။ နဂါးမီးတောက်သလို လောင်ရော့လဟယ်"

"ဝုန်း"

"ဟာ"

"ဟ ... ဟ"

"အမယ်လေး ... လောင်ပဟ ... လောင်ပဟ"

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ပါးစပ်မှ စကားသံဆုံးသည်နှင့် ထင်းပုံကို ဂက်(စ်)မီးခြစ်နှင့် လှမ်း၍ရှို့လိုက်ရာ အံ့ဖွယ်ကောင်းလေစွ။

ဝုန်းခနဲ မီးတောက်မီးလုံးပေါ်လာပြီးနောက် ခေါင်းပျဉ်ဟောင်း သစ်သားချောင်း၊ ပျဉ်ပြားစများကို မီးတောက်လေတော့၏။

တောင်လေကလည်း တိုက်ချိန်ဖြစ်ရကာ ...

မီးတောက်မီးလျှံများသည် သချိုင်းကုန်းထဲမှာ အလျှံညီးညီး





ဖြစ်နေ၏။ လေရှိန်နှင့် တဟူးဟူး တဟုန်းဟုန်း မြည်နေ၏။ ကျွန်ုပ် လွန်စွာအံ့ဩပြီး ရသေ့ကြီးကို ကြည့်နေမိ၏။

"ဟား ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး"

"လောင်စမ်းဟေ့ ... ပြာကျအောင် လောင်စမ်းလေကွာ။ အားရပါးရ လောင်စမ်း။ ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး"

သိပ္ပံသမား လူကန့်လန့်နှစ်ယောက်သည် အလွန်အမင်း အံ့ဩသောမျက်လုံးများဖြင့် မီးတောက်မီးလျှံများကို ကြည့်လိုက်၊ တဟားဟားအော်ဟစ်ရယ်မော သဘောကျနေသော ပုံပျက်ပန်းပျက် ရသေ့ကြီးကို ကြည့်လိုက်၊ သူတို့အချင်းချင်း တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက် လုပ်ကာ အဖြေစဉ်းစားမရဘဲ ပါးစပ်ဟောင်းလောင်း ပွင့်သွားကြလေသည်။

ကျွန်ုပ်တို့ကား ဂမ္ဘီရဆန်းကြယ် ပညာရပ်များဖြင့် ကျော်စော ထင်ရှားသော ...

ရသေ့ကြီး၏ စိတ်သမာဓိစွမ်းအင်ကိုလည်းကောင်း။

သီလဂုဏ်နှင့် ကျင့်စဉ်အစွမ်းကိုလည်းကောင်း။

ကြားဖူးနားဝ အဆင့်မှသည် မျက်မြင်ကိုယ်တွေ့ပါ ကြုံလိုက်ရပြီမို့ ရသေ့ကြီးကို လေးစားလို့မဆုံး။ ကြည်ညိုလို့ မဆုံး။ ကြည့်စမ်းပါ။ ရေနဲ့လောင်းပြီးမီးရှို့ရင် ဟုန်းဟုန်းတောက်လောင်တာပေါ့ဟု ...

ဟိုနှစ်ယောက် ရွဲ့ပြောသည့်စကားကို တကယ်ရေလောင်းပြီး မီးဟုန်းဟုန်းတောက်အောင် လုပ်ပြ၊ ပညာပြလိုက်သည့်ဖြစ်ရပ်ကား ...



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စလက် လက်လှည့်လား ...

ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့ မြန်မာ့လောကဂမ္ဘီရ ပညာကျင့်စဉ်လားဆိုသည်ကိုမူ ...

တစ်နေ့ ရသေ့ကြီးထံ ချဉ်းကပ်မေးမြန်းပြီး လေ့လာရေးသားရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

❖ ❖ ❖

## အခန်း (၃)

❑

ဟိုတစ်နေ့က ဖြစ်ရပ်ဆန်းကို ကိုရှပတို့ ကိုဓာတုတို့သည် ပြော၍မဆုံးနိုင်ကြ။ သူတို့က ရသေ့ကြီး ဘယ်လိုမျက်လှည့်ပြလိုက်သလဲမသိဘူးဟု ဆိုလိုက်သေး၏။

ရေနွှင့်ဒီဖယ်များ အလစ်မှာ လဲလိုက်သလား မသိဘူးဟု ဆိုကြ၏။

"ခင်ဗျား မျက်စိရှေ့မှာ လုပ်ပြတာ မဟုတ်ဘူးလားဗျ"

"ဟုတ်တော့ ဟုတ်တာပဲဗျ"

"စကားနောက် တရားပါဆိုတာ အဲဒါပြောတာပေါ့ ကိုရှပရ"

"ဆရာမှိုင်းရော ... ဘယ်လိုမြင်လို့တုံး"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပညာတော့ ပညာပဲ။ ဒါပေမဲ့ အလွန့်ကို လျှို့ဝှက်နက်နဲတဲ့ စိတ်စွမ်းအင်ပညာပိုင်း သဘောမျိုးလို့ အကြမ်းဖျင်းကောက်ချက်ချရတာပဲ''"

"ရှားတော့ ရှားတယ်နော်"

"ရှားမှန်းသိရင် ရသေ့ကြီးကို မခန့်လေးစား မလုပ်ကြနဲ့ပေါ့ဗျာ"

"အင်း ... အင်း ... အင်း"

ကျွန်ုပ်တို့သုံးဦးသည် ကိုယ့်အမြင်၊ ကိုယ့်ရှုထောင့်နှင့် ရသေ့ကြီးကို ဝေဖန်ဆန်းစစ်ကြ၏။ မှတ်ကျောက်တင်ကြ၏။

တစ်နေ့သောအခါ ...

ပို၍ ထူးဆန်းအံ့ဖွယ်ကောင်းသော ဖြစ်ရပ်ဆန်းကြယ်ဖြစ်စဉ်တစ်ခုကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရလေသည်။

ကျွန်ုပ်တို့သုံးဦး တနင်္ဂနွေနေ့မို့ ပျင်းပျင်းရှိသည်နှင့် ပုံပျက်ပန်းပျက်ရသေ့ကြီးရှိရာ ညောင်ခြောက်ပင်သချိုင်းသို့ အလည်လာခဲ့ကြ၏။

"ဗျို့ ... ပုံပျက်ပန်းပျက် ရသေ့ကြီး"

"ပုံပျက်ပန်းပျက် ရသေ့ကြီး"

"စားပြီးအိပ်နေ ရသေ့ရှည်၊ သေရင်ပက်လက် လောက်တွေတက်တဲ့ ရသေ့ကြီး။ ထပါဦးဗျ"

"ဟေ့လူ ... ကိုရှုပ။ အဲဒီလောက်ကြီး မပြောပါနဲ့ဗျာ။ အားနာစရာကြီးဗျာ"

"ခင်ဗျားမသိဘူး ကိုမှိုင်း။ ဒီပုံပျက်ပန်းပျက် ရသေ့ကြီးက အဲဒီလို ရက်ရက်စက်စက်၊ ပက်ပက်စက်စက် ပြောနိုင်မှ မခံချင်ကြေး





နဲ့ သူ့ပညာအစွမ်းတွေကို နမြောတသစွာထုတ်ပြတာ ဆရာရေ။ နို့မို့ရင်လား ... ရွှေပုံပေး၊ ငွေပုံပေးတာင် ဒင်း ရသေ့ကြီးက လေလည်မပြဘူးဗျ"

"ဗျို့ ... ပုံပျက်ပန်းပျက် ရသေ့ကြီး"

"ဗျို့ ... တိုရှည် ရသေ့ကြီး"

"ဟေ့လူ ... တော်ရုံပြောပါဗျာ"

ကိုရှုပဗေဒသည် အလွန်ကို အပြောကြမ်းသူဖြစ်၏။ သူ့တို့မည်ဇရွှေမည်မျှ ရင်းနှီးကျွမ်းဝင်သည့်ကို ဤစကားလုံးများနားထောင်ရင်း ခန့်မှန်းလို့ရနိုင်ပါသည်။

ခုလည်းကြည့် ... တိုရှည် ရသေ့ကြီးတဲ့ ...။

ခြေတို၊ လက်ရှည်အဖြစ်ကို ပြော၍ ရသေ့ကြီးကို လှုပ်နေစဉ် ...

"ဗိုး"

"ဖြောင်း ... ဖြုန်း"

"ဟား ... ဟ ... ဘာလဲဟ"

"ဒိ ... ဒိ"

"ဒိ ... ဒိ"

"ဟာ ... ဟ ... ဟ ... ပျားတွေက ငါတို့ကို လိုက်တုပ်ကုန်ပဟ။ လုပ်ကြပါဦးဟ။ ဗျို့ ... ဦးဇ ... ဇ ... အားမလေး"

"အား ... သေပါပြီဗျ"

"ပြေး ... ပြေး ... ပျားအုံကိုခဲမှန်ပြီး ပျားတွေပျံလာကြတာ"

"အား ... ကိုက်တယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ပျားများသည် ခေါင်းပေါ်မှာ တဝီဝီပျံဝဲပြီး ရန်သူဟုထင်သူ သူတို့နှစ်ဦးကို လိုက်တုပ်ကြလေ၏။

''ကိုညိုမှိုင်း . . . ပြေး . . . ပြေး''

''မပြေးပါဘူး''

''ဘာဖြစ်လို့လဲ . . . ပြေး . . . အမယ်လေး . . . တုပ်သဟ၊ သေပါပြီဗျ''

''ကျုပ်ကိုမှ မကိုက်ပဲဗျ''

''ဟ . . . ဟ . . . ဟ . . . တို့နောက်ကို ပျားတွေလိုက်လာပြီဟ ဓာတုရ။ ဝေးဝေးပြေးပါဟ။ ပျားစုတ်ပျားနာတွေကွာ . . . အား''

အံ့သြစရာတော့ ကောင်းလှ၏။ ပိန္နဲပင်ပေါ်ရှိ ပျားအုံကို မည်သူခဲနှင့် ပေါက်လိုက်သည်မသိ။

ရသေ့ကြီးပေါက်တာတော့ မဖြစ်နိုင်။

စဏ္ဍာလကြီး ဦးဖျော့ခွဲများ သူ့ဆရာရသေ့ကြီးကို စော်ကားမော်ကားပြောသံကြားလို့ မကျေနပ်၍ လုပ်ကြဖန်တီးရှောသလား။

လှည့်လည်ကြည့်လိုက်တော့ သစ်ချိုင်းကုန်း ဤပတ်ဝန်းကျင်မှာ မည်သူမျှမရှိ။ ပျားအုံကို ခဲမှန်တာတော့ ကျိန်းသေသည်။ ခဲမှန်၍ ပျားများဒေါသထွက်ပြီး မြင်ရာနီးရာလူများကို လိုက်တုပ်ကြသည်။

နည်းနည်းထူးဆန်းနေသည်ကား . . .

ပျားများသည် အော်ဟစ်လှောင်ပြောင်ကြသော ကိုရှုပဗေဒနှင့်ကိုဓာတုတို့ နှစ်ဦးကိုသာ သဲကြီးမဲကြီး လိုက်တုပ်ပြီး ကျွန်ုပ်ကိုမူ တစ်ကောင်တလေမျှတောင် မတုပ်ကြခြင်းကား အံ့ဖွယ်ထူးခြားချက်ဖြစ်၏။





ဘာကြောင့် ကျွန်ုပ်ကို မတုပ်ကြပါလိမ့်။

သချိုင်းနယ်မြေသည် ဂမ္ဘီရဆန်သော မြေဖြစ်လို့များလား။ ကိုရှုပနှင့်ကိုဓာတုတို့နှစ်ဦး မျက်နှာနှင့်နှုတ်ခမ်းများ ဖူးရောင်ပြီး ညည်းညူနေကြ၏။

ထိုစဉ် ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ကျောက်တလားပေါ်ရှိ သစ်သားခေါင်းအိုကြီးထဲမှ ငုတ်တုတ်ထထိုင်ပြီး ပျားအဆိပ်ဒဏ်ခံစားနေရသော ငနဲသားနှစ်ကောင်ကိုကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်နေလေ၏။ ဟိုနှစ်ယောက်ကား မျောက်မီးခဲနင်းမိသလို ခုန်ပေါက်ညည်းနေကြ၏။

''ဟို . . . လူမိုက်၊ လူအန္ဓနှစ်ကောင်ကို ခေါ်လိုက်ပါမောင်မှိုင်း''

''ဗျို့ . . . ကိုရှုပနဲ့ ကိုဓာတု။ ရသေ့ကြီး ခေါ်နေတယ်ဗျို့။ ဟော့လူတွေ လာခဲ့ကြလေ''

သူတို့နှစ်ဦးသည် တဝီဝီပျံဝဲနေသော ပျားများကိုကြည့်ပြီး ပုဆိုးခေါင်းမြီးခြုံ မျက်လုံးဖော်နှင့် ဒူးတုန်နေသည်။

''ကိုရှုပတို့ လာခဲ့ကြတဲ့ဗျ''

''ပျား . . . ပျားတွေ အများကြီးဗျ။ လာလို့ မရဘူး''

''ဟော့ . . . လူမိုက်နှစ်ကောင် . . . ခု လာခဲ့''

''ပျားတွေ . . . ပျားတွေလိုက် . . . လိုက် . . အမယ်လေးဗျ''

ဒီမှာ ပျားတစ်ကောင်က ခေါင်းမြီးခြုံ ဖင်ပြောင်ဖြစ်နေသော ကိုရှုပဗေဒရဲ့တင်ပါးကို တုပ်လိုက်ရကား . . . ကိုယ့်လူငယ်သံပါအောင်အော်ပြီး တင်ပါးကိုကုတ်၍ ဒွန့်ဒလန်ဒန်းအကကို က,နေ၏။

ရသေ့ကြီးသည် ကျွန်ုပ်နှင့် သူတို့ရှိရာသို့ ထော့ကလိန်ထော့ကလိန်နှင့် လှမ်းလာလိုက်ပြီး ကောင်းကင်မှာပျံညန်းနေသော ပျား



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကို မော့ကြည့်၍ . . .

"ဟဲ့ . . . ပျားကောင်တွေ . . . တော်ကြတော့။ ခုလောက် နှိပ်စက်လို့ဝရင် ကိုယ့်နေရာကိုယ် ပျံသွားကြ။ မတုပ်ကြ၊ မကိုက်ကြ၊ မလိုက်ကြနဲ့။ သွား . . . သွား . . . ကိုယ့်နေရာကိုယ် ပျံသွား"

ရသေ့ကြီးက သူ့ညာလက်ရှည်ကြီးကို ဝှေ့ယမ်း၍ အမိန့်ပေးလိုက်သည်နှင့် အုပ်ဖွဲ့ပြီး တဝီဝီပျံသန်းနေသော ပျားအုပ်သည် စောစောက ပိန္နဲပင်အကိုင်းကြားရှိ ပျားအုံရှိရာသို့ ပျံသွားကြလေသည်။

"နာလားကွ . . . လူလွန်မသားတွေရ"

"နာတာပေါ့ဗျာ . . . အား . . . အား"

"ပြစမ်း"

"ဟာ"

နှုတ်ခမ်းများ ရွဲရောင်နေ၏။ မျက်လုံးများ ပိတ်လုလုဖြစ်နေကြ၏။ နှစ်ဦးစလုံး ပျားဆိပ်နှင့် တဆတ်ဆတ် တုန်နေကြ၏။

"အဲဒါ ဘာကြောင့် ဖြစ်ရတာလဲ သိလား"

"ရသေ့ကြီးလူ စဏ္ဍာလကြီး ပျားအုံကို ခဲနဲ့ပေါက်လိုက်လို့နေမှာပေါ့ဗျာ"

"အံမယ် . . . ငါ့လူကိုများ စွပ်စွပ်စွဲစွဲ လုပ်လို့။ ဒီမှာ . . . ဟေ့ကောင် ငါတပည့် စဏ္ဍာလကြီး ဒီမှာမရှိဘူးကွ။ ရေနစ်သေတဲ့ အသုဘခေါင်းသွင်းဖို့ မနက်ကတည်းက ထွက်သွားတာ ခုထိ ပြန်မရောက်သေးဘူး"

"ဒါဆို ဘယ်သူလုပ် . . . လုပ်တာလဲ"

"တစ္ဆေသရဲတွေ လုပ်မှာပေါ့ကွ"

"ဗျာ . . . တစ္ဆေသရဲတွေ လုပ်တာ။ ဟုတ်ပါ့မလားဗျာ"





"ဟေ့ကောင် . . . ဒါသင်္ချိုင်းကုန်း။ အင်းလျားလိပ်ဟိုတယ် မဟုတ်ဘူး။ သမ္မတရုပ်ရှင်ရုံ မဟုတ်ဘူး။ သေသူတွေ မြှုပ်နှံရာအရပ်။ သင်္ချိုင်းစောင့် မဖဲဝါနဲ့အတူ နေစရာမရှိတဲ့ တစ္ဆေသရဲ၊ နာနာဘာဝ ဝိညာဉ်တွေ မှီတင်းနေထိုင်ရာအရပ်ကွ"

"သူတို့က ကျုပ်တို့ကို ဘာလို့ ဒီလိုလုပ်ရတာလဲဗျာ . . . ဖွီ"

"အမြဲလာနေကြဥစ္စာကို . . . အား . . . ကျွတ် . . . ကျွတ်"

"ဟ . . . မင်းတို့က ငါနေတဲ့ သင်္ချိုင်းလည်း လာသေးရဲ့။ ငါလည်း အသားလွတ် စကားလုံးတွေနဲ့ စော်ကားနေမှတော့ သူတို့က လက်ပိုက်ကြည့်နေမလားကွ။ သူတော်ကောင်းစော်ကားရင် မနေနိုင်တော့ ဝင်ကူကြတာနေမှာပေါ့။ ကျေးဇူးပဲဟေ့ . . . ငါ့ကောင်တို့ရေ။ အဟတ် . . . အဟတ်"

"ရသေ့ကြီး"

"ဘာတုံး"

"နှုတ်ခမ်းရော၊ နှာခေါင်းရော၊ မျက်လုံးရော ရောင်ကိုင်းနေပါပြီဗျာ။ အဆိပ်ဖြေလို့ရရင် ဖြေပေးပါဗျာ"

"နားလည်ပလား"

"ဘာကိုလဲဗျာ . . . အား . . . အား"

"ငါ့ကို စော်ကား၊ မော်ကား လုပ်ကြဦးမလား"

"ပြောလေကွာ"

"မ . . . မ . . . လုပ်တော့ပါဘူးဗျား။ အား . . . ကျွတ် . . . ကျွတ်"

"ဒါဆို ငါ့ကို တောင်းပန်လိုက်ကိုယ့်လူ။ ဒါမှ အဆိပ်ဖြေပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုတောင်းပန်ရမှာလဲဗျာ။ ခင်ဗျားကလည်း ဈေးကိုင်လိုက်တာ ရသေ့ကြီးရာ။ နာရတဲ့ကြားထဲ''

''မြန်မာလိုပဲ တောင်းပန်တောင်းပန်၊ အင်္ဂလိပ်လိုပဲ တောင်းပန်းတောင်းပန် ကြိုက်သလို တောင်းပန်ကိုယ့်လူ''

''တောက် ... ခင်ဗျားဗျာ။ ကိုင်း ... တောင်းပန်ပါတယ်ဗျာ။ I am sorry''

''ဟား ... ဟား ... ဟား ... ဟား ... ဟိုကောင် ဓာတုကရော''

''I am very sorry. မစွတာရသေ့ကြီး''

''Yes. I can. ငါလုပ်ပေးနိုင်တယ်''

ဟုပြောရင်း သူတို့နှစ်ဦးရဲ့ မျက်နှာများအပေါ် ညာလက်ဝါးကိုတင်၍ မန္တန်တစ်ပုဒ်ကို ချက်ချင်းရွတ်ဆိုလိုက်လေသည်။

ဥုံ ကောဏ္ဍသံ ကရုလ လဟုက သံဃာ ဒိသေသာ၊
သမ္မအာပတ္တိ အာပတ္တိယော အစိန္တိယောမိ။

ဥုံ အဆိဂ်ဟူသမ္ဘု ရေအတိဖြစ်စေ ...

ဥုံ နာ့ကျင်မှု မှန်သမျှ ပိန်းကြားဖက်တွင် ရေမတင်သကဲ့သို့ ပြေစင်လျှောကျ ပျောက်ကင်းကြစေ ... ဥုံ ... ဥုံ ... ဥုံ ... သွားဟ သွားဟ''

ဘုရား၊ တရား၊ သံဃာ အမိန့်။

နှစ်ဦးစလုံးရဲ့ မျက်နှာကို သူ့လက်ဝါး ကြမ်းကြမ်းထူထူကြီးနှင့် တို့ထိမန်းမှုတ်ပြီး လက်နှင့်သပ်ချလိုက်သောအခါ မျက်နှာပေါ်မှ ပျားတုပ်ရာ အဖုအဖိန့်များသည် တဖြည်းဖြည်းပိန်၍ ပါး၍ ပြေကျသွားကာ မကြာခင် နဂိုမူလမျက်နှာအတိုင်း ပြန်ဖြစ်သွားသည်ကို





အံ့ဖွယ် ကျွန်ုပ် မြင်လိုက်ရပေသည်။

ခုမှပဲ လူ့ကန့်လန့်၊ လူ့ခွစာ၊ လူရွှယ်နှစ်ဦးလည်း ပြုံးနိုင်၊ ရယ်နိုင်ပြီး ရသေ့ကြီးရဲ့မျက်နှာကို လေးစားစွာ ကြည့်လိုက်ကြလေ၏။

''ကိုင်း ... ဆိုစမ်းပါဦး။ ခုမှ ဆွမ်းထမင်းလုံးစိပြီး ခေါင်းထဲမှာ မရဏာနုဿတိ ဝင်သက်ထွက်ရှူနေတုန်းရှိသေး။ ဘာဒုက္ခပေးမလို့ ရောက်လာကြတာတုံး။ အရင်တစ်ခါလို အရှင်လတ်လတ် မီးရှို့သတ်လို့မရတာနဲ့ ငါ့ကို ကုပ်ချိုးသတ်မလို့ လာကြတာလား ... ကိုယ့်လူတို့''

''မ ... မဟုတ်ပါဘူး ရသေ့ကြီးရာ''

''ဒါဖြင့် ဘာကိစ္စလဲ''

''ပညာလေး ဘာလေး လိုချင်သိချင်လို့ပါ''

''ဟ ... မင်းတို့က အင်္ဂလန်နိုင်ငံ၊ အောက်စဖို့တက္ကသိုလ်လိုနေရာမျိုး၊ အမေရိကန်နိုင်ငံက (ယေးလ်)တက္ကသိုလ်လို ကျောင်းမျိုးက ပညာရပ်ထူးတွေ သင်ကြားတတ်မြောက်လာတဲ့ သိပ္ပံပညာရပ်တွေက ငါလိုဘုန်းကြီးကျောင်းထွက် ဒုက္ခိတရသေ့အိုကြီးဆီက ဘာပညာများ လိုချင်သိချင်လို့တုံး။ ငါ့ကို မရိုနဲ့နော် ကိုယ့်လူတို့။ ဒီတစ်ခါ ပျားမဟုတ်ဘူး။ မြွေတွေ လွှတ်လိုက်မယ် ... သိလား''

''ရိတာ မဟုတ်ပါဘူး ရသေ့ကြီးရာ။ ရသေ့ကြီးဆီမှာ ကျွန်တော်တို့ မသင်ဘူး၊ မကြားဘူး၊ မမြင်ဘူး၊ မတွေ့ဘူးသေးတဲ့ သဘာဝလွန် ပညာရပ်ဆန်းတွေ အများကြီးရှိမှန်း သိပါတယ်။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်တို့ ဒီလို သဘာဝလွန်၊ စိတ်နယ်လွန် တစ်နည်းဂမ္ဘီရဆန်ဆန် ပညာရပ်တွေကို အယုံအကြည်မရှိပေမဲ့ အံ့သြစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာမျိုး။ ရသေ့ကြီးဝန်းကျင်ကနေ မကြာခဏ ကြားသိမြင်နေရလို့ အဲဒီပညာအကြောင်းရော၊ အခြားကျွန်တော်တို့ မသိသေးတာလေးတွေလည်း ဆွေးနွေးမေးမြန်းချင်လို့ပါ''

''ဒီလိုဆို မေးကိုယ့်လူ။ ပညာစမ်းချင်သလိုလို၊ အရှက်ခွဲချင်သလိုလိုမျိုးတော့ လာမလုပ်နဲ့ ကြားလား''

''စိတ်ချပါဗျာ''

''ကဲ . . . မေးစမ်း၊ ဘာသိချင်တာလဲ''

''နေကြတ်၊ လကြတ်အကြောင်း မေးချင်လို့ပါ''

''နေကြတ်၊ လကြတ်ရင် ဘာဖြစ်တတ်သလဲ ရသေ့ကြီး''

''အိမ်း . . . ဒီလိုရှိသကွ။ မင်းတို့ သိပ္ပံပညာ အပြောမှာက နေ၊ ကမ္ဘာ၊ လတို့ တစ်တန်းတည်းကျရင် နေကြတ်၊ လကြတ် ဖြစ်တတ်လို့ သိပ္ပံပညာက ပြောသလို၊ ကမ္ဘာကသူ့ဝင်ရိုးပေါ်မှာ (၂၄)နာရီ တစ်ကြိမ်လှည့်ပြီးနေကို ကမ္ဘာက ၃၆၅ $\frac{၁}{၄}$ ရက်မှာ တစ်ပတ်ပတ်တယ်လို့ပြောတယ်''

ငါတို့ မြန်မာ့ရိုးရာ နေကြတ်၊ လကြတ် အဟောက ဟိုး . . ရှေးတုန်းကတည်းက ရှိခဲ့တာ။ နေနဲ့လကို ရာဟုဂြိုဟ်ဖမ်းစားရင် နေ၊ လ ကြတ်ကရောတဲ့။ နေကြတ်၊ လကြတ်လို့ နီသောအရောင်အဆင်းဖြစ်ရင် မီးဘေး၊ ငတ်မွတ်ဘေး၊ မိုးကြိုးလောင်မီးဘေး၊ မီးနှင့်စပ်အပ်သည့်အလုပ်မှာ အပျက်အစီး များတတ်တယ်။ ပြီး . . . အဲဒီနှစ် မိုးသည်းထန်စွာရွာမယ်။ သားငှက်တိရစ္ဆာန်များ ပျက်စီးမယ်။

ဒီလိုမှမဟုတ်ဘဲ . . . ချိုး (ကျိုး)ရင်ဘတ်မွေး၊ ခိုရဲ့ခြေအဆင်းလို နီပြေပြေ အဆင်းအရောင်ရှိနေရင် သူဆင်းရဲသားများ ဖွားမယ်၊ နာမယ်၊ ဆင်းရဲငတ်မွတ်မယ်။





ဒီလို မဟုတ်ဘူး . . . ကြာပန်းမှာလို ဖြူသောအရောင်အဆင်းရောယှက်ပြီး နီသောအငွေ့သန်းနေရင် ကုန်သည်ပွဲစားများ ရောင်းဝယ်မှုညံ့ဖျင်းပြီး လူသတ္တဝါများ ဖျားနာတတ်တယ်။ သို့သော် ဆန်ရေစပါးပေါများတတ်တယ်။ နေအရုဏ်တက်သလို အဆင်းအရောင်ရှိရင် ငတ်မွတ်တတ်ပြီး၊ သွေးနီအဆင်းရှိနေရင် စစ်မက်ဖြစ်ပွားတတ်တယ်။

အဖြူရောင်သက်သက်အဆင်းရှိရင် တိုင်းပြည်သာယာဝပြောတတ်တယ်။ ဆေးဒန်းအဆင်း၊ ရွှေသောအဆင်း၊ နေစာရိုးအဆင်းရှိနေရင် စစ်မက်အင်္ဂါဖြစ်ပွားပြီး လူအသေအပျောက် များတတ်တယ်။ ကြောင်သောအဆင်းရောင်ဖြစ်နေရင် ခရီးသွားသူ၊ အံမျိုးယုတ်သူတို့ ပျက်စီးငတ်မွတ်တတ်တယ်။

တစ်ခါ . . . နေရော၊ လရော တစ်လအတွင်း နှစ်ကြိမ်သော်လည်းကောင်း၊ ကြတ်လျှက်သွားခဲ့ရင်၊ ဒါမှမဟုတ် ပါပဂြိုဟ်မြင်ခဲ့ရင် ပညာရှိသုခမိန်၊ မင်းတို့ပျက်စီးသည်တဲ့ဗျာ။ အလုံးစုံ မှောင်အောင်ကြတ်ပြီး ပါပဂြိုဟ်များမြင်ခဲ့ရရင် ရှားပါးငတ်မွတ်မယ်၊ အကျင့်စာရိတ္တပျက်စီးမယ်။ ပြီး . . . ရာဟုလွတ်တဲ့ရက်မှ (၇)ရက်အတွင်း မြူမှုန်များစွာကျရင် သတ္တဝါများစွာ ပျက်စီးမယ်လို့ ဆိုပြန်သကွ။ ဒါက ငါတို့ရှေးပညာရှင်များရဲ့ သံယုတ်၊ အင္ဂုတ္တရကထာနဲ့ သူရိယသိဒ္ဓန္တကျမ်း၊ စိန္တာမဏိကျမ်းအဆိုအရ ပြောရတာ''

''ဒါဆို နေကြတ်၊ လကြတ်တာဟာ မြန်မာလောကီအရကြည့်ရင် အဆိုးများတဲ့သဘောပေါ့''

''ဒါက နက္ခတ်ပညာပိုင်းအရ ပြောရတာကိုး။ နေကြတ်၊ လကြတ်တိုင်း အဆိုးများမယ်လို့ မပြောချင်ဘူး။ နေကြတ်၊ လကြတ်ချိန် ဖြစ်ပေါ်နေတဲ့ သူ့ဝန်းကျင်၊ အရောင်အဆင်းပေါ်မူတည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုး၊ ဆိုးကျိုးကို အတွေ့အကြုံ အဖြစ်အပျက်များရှိခဲ့ဖူးလို့ ရှေးပညာရှင် လောကီပညာရှင်များကပြောတာ မှတ်တမ်းတင်ခဲ့တာပဲ''

ဒီမှာ ကျွန်ုပ်ကလည်း ဂမ္ဘီရစာရေးဆရာပီပီ သိချင်၍ ဝင်မေးရ၏။

''ဘရသေ့''

''ပြော''

''သစ်နဲ့စပ်လျဉ်းပြီး မေးပါရစေခင်ဗျား''

''မေးပါ . . . စာရေးဆရာ''

''ခုခေတ်မှာ လူအတော်များများ အိမ်ဆောက်ရာမှာ ကြုံရာသစ်ကို အလျဉ်းသင့်သလိုသုံးပြီး အိမ်ဆောက်နေကြတာ အမြင်များနေရပါတယ် ရသေ့ကြီး။ အဲဒီလိုမျိုးသုံးစွဲနေကြတာ ရှေးကရော ရှိခဲ့ဖူးပါသလားခင်ဗျာ''

''ရှေးတုန်းက လူအများက သစ်ကိုအရမ်းမသုံးစွဲကြဘူး စာရေးဆရာ။ ရှေးအစဉ်အလာအရ မသုံးစွဲရသည့်သစ် ခုနစ်မျိုးရှိတယ်၊ အဲဒါဘာလဲဆိုတော့ ခုတ်ခါတွဲလွဲ၊ ပေါ်မှာဆွဲ၊ ဆွဲချသစ်ဟုမှတ်။ ဆွဲချသစ်များ၊ သုံးသော်ငြား ပျက်ပြားသေဆုံးတတ်လို့ စာဆိုရှိခဲ့တယ်''

''အဓိပ္ပာယ်က ဘယ်လိုပါလဲ ရသေ့ကြီး''

''သစ်ပင်ကို ခုတ်တယ်။ သစ်ကိုင်းကို ခုတ်တယ်။ အောက်ကိုမကျဘဲ အပေါ်မှာတွဲလွဲ တွဲလောင်းရှိနေရင် ကြိုးဆွဲချသေတဲ့သစ်လို့ ခေါ်တယ်။ အဲဒီသစ်ကို နားလည်သဘောမပေါက် လက်မခံဘဲ အိမ်ဆောက်ရာမှာ သုံးခဲ့ရင် အိမ်ရှင်သော်လည်းကောင်း၊ မိသားစုဝင်သော်လည်းကောင်း အိမ်နိုက်ပြီး သေဆုံးတယ်လို့ အဓိပ္ပာယ်ရတယ်''

''ပြီးတော့ရော ခင်ဗျာ''





''ပြီး . . . ထက်ကြီးအောက်ရှူး အနေထူး၊ သစ်ဘီလူးဟုမှတ်။ သစ်ဘီလူးတွင်၊ သုံးခဲ့လျှင်၊ မြန်လျှင်သေဆုံးတယ်တဲ့။ ဒီစာချိုးရဲ့ အဓိပ္ပာယ်က အိမ်ဆောက်မယ်လို့ သုံးရန်ခုတ်တဲ့သစ်ပေါ့။ အထက်ပိုင်းက အလုံးကြီးပြီး၊ အောက်ပိုင်းက ရှူးသေးနေရင် အဲဒီသစ်ကို သစ်ဘီလူးလို့ခေါ်တယ်။ သစ်ဘီလူးမှန်းသိလျက် မယုံကြည်ဘဲသုံးခဲ့ရင် အိမ်ရှင်သေဆုံးတတ်ရော။ နိုက်တယ်လို့ ခေါ်တယ်။ တစ်ခါ . . . လမ်းကို လွန်ကျူး၊ ချောင်းကိုကျူး၊ လမ်းချောင်းကူးဟုမှတ်တဲ့။ လမ်းချောင်းကူးမှာ နေခဲ့ပါ၊ ငါးဖြာရန်တွေ့တတ်လို့ ဆိုကြတယ်''

''အဲဒါက . . .''

''အဲဒါရဲ့ဆိုလိုရင်းက သစ်ပင်တစ်ပင်ပေါ့နော်။ လမ်းဒီဘက်မှာပေါက်တယ်။ လမ်းကိုလွန်ပြီး ချောင်း၊ မြောင်းကိုကျော်လို့ ကိုင်းကျနေတယ်ဆိုပါစို့။ အဲဒီသစ်ပင်ကိုခုတ်ပြီး အိမ်မဆောက်ရဘူး။ ထားခဲ့။ လမ်းတံတားမှာသုံး၊ အိမ်ဆောက်ရာမှာသုံးခဲ့ရင် ရန်သူမျိုးငါးပါးရန်နဲ့ ကြုံရရော၊ နိုက်ရောတဲ့။

တစ်ခါ သစ်ပင်ကို ခုတ်တယ်၊ ပြတ်တော့သွားတယ်။ ဒါပေမဲ့ မြေပြင်ကို တစ်ခါတည်းကျမလာဘဲ သစ်ကိုင်းတစ်ခုခုပေါ်မှာ ချိန်ခွင်မောင်းတန်လို ဟန်ချက်မျှပြီးတင်နေရင် အဲဒီသစ်ကို သူကောင်တင် (လူသေကောင်တင်)လို့ခေါ်တယ်။ အဲဒီလို သူကောင်တင်သစ်ကို အိမ်ဆောက်ရာမှာသုံးစွဲခဲ့ရင် သုံးတဲ့လူအိမ်မှာ လူသေပြီး မသာချရတတ်တယ်။ ဒါမျိုးသစ်ကို ရှေးတုန်းက လူကြီးသူမများက ဘယ်လိုစာနဲ့ မှတ်တမ်းတင်ခဲ့လဲဆိုတော့ ခုတ်ပြီးပေါ်တွင်နေခဲ့လျှင် သူကောင်တင်ဟု မှတ်။ သူကောင်တင်မှာသုံးခဲ့ပါ၊ မသာချခ်ရတတ်တဲ့။ မှတ်မိတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ . . . ဆက်ပြောပါ ရသေ့ကြီး''

''ပြီး . . . ကိုင်းခက်ပေါ်တွင်၊ ကြိုတ်ခဲ့လျှင်၊ မည်တွင်သစ်မျောက်မှတ်။ သစ်မျောက်ကိုလည်း သုံးဆောင်စွဲ၊ ချွတ်လွဲလိမ့်ကျတယ် တဲ့။ သစ်ပင်ကြီး (သို့မဟုတ်) သစ်ပင်ကြီးချင်း တစ်ကိုင်းနဲ့တစ်ကိုင်း မှီပြီး အသံမြည်အောင်ကြိတ်နေရင် အဲဒီသစ်ကို သစ်မျောက်လို့ခေါ် တယ်။ အဲဒီသစ်လည်း မသုံးကောင်းဘူး။ သုံးရင်စွဲရင် လက်သမား သော်လည်းကောင်း၊ အိမ်ရှင်မိသားစုသော်လည်းကောင်း အိမ်ဆောက် ရင်း၊ အိမ်ပေါ်နေရင်း လဲလိမ့်ကျလို့ ကျိုးကန်းရောဗျာ။ တစ်ခါ . . . အလယ်ဝမ်းဗိုက်ပူတဲ့သစ်။ အဲဒါ နပုန်းသစ်လို့ ခေါ်တယ်။ အလယ်က ပူ၊ ထိုသစ်မူခေါ်ယူ နပုန်းမှတ်။ နပုန်းသစ်များ၊ သုံးဆောင်မှား၊ ကြီး မားဘေးတွေ့တတ်။ 'နပုန်း' ဆိုတာ ဥပမာ ယောက်ျားလျာမိန်းမက မိန်းမလျာယောက်ျားကို ပေါင်းသင်းပြီး နောက်ဆုံး ယောက်ျားလျာ မိန်းမကိုယ်ဝန်ရှိတဲ့ဗိုက်မျိုး၊ လူမျိုးကိုခေါ်ကာ။ သစ်ဗိုက်ကြီးသည်လို့ လည်း အချို့က ခေါ်ကြတယ်။ အဲဒီသစ်မျိုးကို ခုတ်ယူသုံးစွဲခဲ့ရင် အလွန် ကြီးမားသည့်ဘေးဆိုးများနဲ့ မကြာခဏ ကြုံရရောဗျာ။ သတိထား ပါးပုတ်ဘေးသားလိုးပြီး အလယ်သားသုံးရင် ရတာပဲဆိုပြီး သွားမသုံး လေနဲ့ဗျ။ တစ်ခါ နွယ်ပင်တက်သွား၊ ထိုသစ်များ၊ နဂါးဟူ၍ မှတ်တဲ့ နဂါး သစ်များ သုံးဆောင်မှား မီးပွားရန်တွေ့တတ်''

''နဂါးသစ်ရဲ့သဘော ရှင်းပါဦး ရသေ့ကြီးခင်ဗျ'

''သစ်ပင်ပေါ့။ ဖြောင့်တယ်၊ အလုံးသင့်တင့် ကောင်းမွန်တယ် သို့သော် အဲဒီသစ်ပင်ပေါ်မှာ နွယ်ပင်လို၊ ညောင်ပင်လို အပင်ကြီးမျိုး သစ်ပင်နှစ်ပင်သုံးပင်က ရစ်ပတ်နွယ်ပြီး ဟိုးသစ်ပင်အဖျားတိုင်အောင် တက်သွားရင် အဲဒီသစ်ပင်ကို နဂါးပတ်သစ်ပင်လို့ ခေါ်တယ်။ သစ်နဂါး





လို့လည်း ခေါ်တယ်။ အဲဒီသစ်မျိုးများ လွဲမှားစွာ သုံးခဲ့ရင်လား စာရေး ဆရာ။ အိမ်ကိုမီးလောင်ရင်လောင်၊ အဲဒါမှမဟုတ်ရင် ရန်မီးပွားများ အကြိမ်ကြိမ်ကြုံရပြီး ငွေကုန်ကြေးကျများ အမှုအခင်းဖြစ်လို့ အပူ သောက (မီးပွား)ရပါရောတဲ့ဗျာ။ ဒါတင် မကာဘူး။ အဲဒီသစ်မျိုးနဲ့ဆောက် ထားသည့် အိမ်၊ ကျောင်း၊ ဇရပ်များ ဖွတ်တက်မယ်။ ဗျိုင်းနားမယ် စသည့်မကောင်းမှုယ်ဖြစ်ရပ်များ ဆက်တိုက်ကြုံလာရတတ်တယ်။ ဒါ ကြောင့် ရှေးအခါကလူတွေဟာ အိမ်ကျောင်းဆောက်ဖို့ တောထဲသစ် သွားခုတ်ရင် သစ်အကြောင်းနားလည်သူကို ခေါ်သွားပြီး ကျမ်းရင်းနဲ့ လျော်ညီတဲ့သစ်ကို ရအောင်ရှာခုတ်ကြတယ်။ စောစောကပြောတဲ့ သစ်ခုနစ်မျိုးနဲ့ကြုံရင် ဝေးဝေးက ရှောင်ကြတယ် စာရေးဆရာရေ''

''ဒါဆို သုံးရတဲ့သစ်မျိုးက ဘယ်လိုသစ်မျိုးလဲ ရသေ့ကြီး''

ကျွန်ုပ် မေးမည့်မေးခွန်းကို ကိုရှုပဗေဒက ကြားဖြတ်ဝင်၍ မေးလိုက်သည်။

''ရှိပါတယ် ကိုရှုပဗေဒရဲ့။ အဲဒါက ဘယ်လိုသစ်မျိုးလဲဆို တော့ ရင်းဖျားညီဖြောင့်၊ သစ်ယောက်ျား၊ ဖျားသွယ်မိန်းမမှတ်။ ထိုသစ် နှစ်ပါး၊ သုံးဆောင်ငြား၊ ဘေးများရန်မကပ်တဲ့ဗျာ။ အဓိပ္ပာယ်က ခုတ် ယူမည့်သစ်ပင်ဟာ အရင်းနဲ့အဖျား ညီနေရမယ်။ ကျွန်းပင်လိုမျိုးပေါ့။ ဒါမှမဟုတ် အောက်နဲ့အပေါ် လိုက်လျောညီထွေ ရှိနေရမယ်။ အဲဒီလို သစ်မျိုးကို သစ်ယောက်ျားလို့ခေါ်တယ်။ အဲဒါ သုံးကောင်းတယ်။ ပြီး အောက်ကကြီးပြီး အပေါ်ကိုဖြောင့်ဖြောင့်တန်းတန်းနဲ့ သွယ်တက်သွား ရင် အဲဒီသစ်ကို သစ်မိန်းမလို့ခေါ်တယ်။ အဲဒီသစ်မျိုးသုံးရင် ဘေးဥပဒ် အန္တရာယ် လုံးဝမရှိဘူး''

''ရသေ့ကြီး''



www.burmeseclassic.com

www.burmeseclassic.com



''ဘာတုံး စာရေးဆရာ''

''မီးကျော်သစ်ဆိုတာ ကြားဖူးတယ်ခင်ဗျ။ ဘာကိုဆိုလိုတာ ပါလဲဟင်''

''မီးကျော်သစ်ဆိုတာ ဒီလိုစာရေးဆရာ။ သေသော်၊ ဖွားသော်၊ မီးလောင်သော်၊ မီးကျော်သစ်ဟု မှတ်တဲ့။ အဓိပ္ပာယ်က အဲဒီသစ်ပင် အောက်မှာ လူသေခဲ့ရင်၊ အဲဒီသစ်ပင်အောက်မှာ မီးဖွားခဲ့ရင်၊ ဒါမှမဟုတ် မီးလောင်ထားတဲ့သစ်ပင်။ အဲဒီသုံးမျိုးက သစ်ပင်ကို မီးကျော်သစ်လို့ ခေါ်တယ်။ လုံးဝမသုံးကောင်းဘူး။ သုံးရင် နိုက်ရောဗျာ။ နိုက်သမှ အကြီးအကျယ် အကျိုးနည်းအောင် . . . နိုက် . . .''

သို့ကလို ကျွန်ုပ်တို့လူစု ဗဟုသုတဆိုင်ရာ အကြောင်းများကို ဆွေးနွေးနေစဉ် . . .

''လိုက် . . . လိုက် . . . ရှေ့က ကြိုပိတ်ပါဟ''

''ကိုကောက်ကြီး တောင်ဘက်ကဆို့ထား''

''နှစ်ကောင်စလုံး မလွတ်စေနဲ့ဟေ့''

''ရပြီဟေ့ . . . တစ်ကောင်''

လူသံ၊ ခွေးသံများ သချိုင်းကုန်းအတွင်းမှ ကြားရ၍ အားလုံး ထကြည့်လိုက်သောအခါ ယောကျ်ားကြီးသုံးယောက် ဝိုင်းကြဆီးကြလုပ် နေသည့် လှုပ်ရှားမှုကို မြင်လိုက်ရ၏။

''ဘာဖြစ်လို့လဲဟေ့''

နေရာတကာ လျှာရှည်ဝင်ပါတတ်သည့် ကိုရှုပဗေဒက လှမ်း အော်မေးလိုက်သည်။

''ဟိုအကောင်ပြေးပြီဟ''

''ဘယ်မှာလဲ ထွားကြီးရ''

စိတ်ကူးသစ်စာပေ



''ဂုတွေကြားကို ပြေးပြီကွ''

''လိုက်ကွာ။ လိုအပ်ရင် ဒုတ်ဂူပါ ဖောက်ရမယ်ဟေ့''

လားလား။ ကြည့်လိုက်တော့ မြွေဖမ်းသမားများ ဖြစ်ကြလေ ၏။ ခေါင်းဆောင်ဖြစ်ဟန်တူသူ ဗလကောင်းကောင်းနှင့် လူကြီး၏လက် ထဲမှာ လက်ဖျံလုံးခန့်တုတ်သော မြွေဟောက်တစ်ကောင်သည် လည်ပင်း အညှစ်ထားခံရပြီး လူးလွန့်ကာ ဗလကြီး၏လက်ကို ပတ်ရစ်ထား၏။

''ငကောက်''

''ဗျာ . . . ဆရာဖား''

''မြန်မြန်လာကူစမ်း။ ဒီကောင်က သန်တယ်ဟ''

ဒီမှာ ငကောက်ဆိုသူက မည်းပြောင်လူးလွန့်နေသော မြွေ ဟောက်ကြီးရဲ့ အမြီးကို လက်နှင့်ကိုင်ဖြည်ပြီး နှစ်ယောက်သား အုတ်တင်း ဆုပ်ကိုင်၍ မြွေပခြုပ်ထဲသို့ ထည့်လိုက်ရကား . . .

ဒေါသထွက်နေသော သချိုင်းကုန်းမှ မြွေဟောက်ကြီးသည် ခြုပ်ထဲမှာ လူးလွန့်ခုန်ပေါက် နှာမှုတ်သံပေး ကြိမ်းနေတော့၏။

ရသေ့ကြီးက မေးလေ၏။

''ဘယ်ကကောင်တွေလဲကွ။ ဆူညံနေတာပဲ''

''မြွေဖမ်းသမားတွေပါ ရသေ့ကြီးရ''

''ဘာ . . . မြွေဖမ်းသမားတွေ။ သူတို့က သချိုင်းကမြွေတွေ ဖမ်းပြီး ဘာလုပ်ကြတာလဲ ရှုပ''

''ရောင်းစားဖို့လား။ ချက်စားဖို့လားမှ မသိတာ''

ကိုဓာတုကလည်း ကိုရှုပဗေဒရဲ့စကားကို ဝင်ဖြည့်လိုက်၏။

''မြွေဈေးကလည်း ကောင်းတာကိုးဗျ''

''ခု . . . ဘယ်ဈေးရှိလဲ မသိဘူး''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''မြွေပွေးတစ်ပိဿာတစ်ကောင် ငါးထောင်။ မြွေဟောက်က လေးထောင်လို့ ကြားတာပဲ''

''တရုတ်ပြည်ဘက် အချို့ပို့ဆိုပဲ''

''လိုက်ဟေ့ . . . လိုက်ဟ''

''ဘယ်ရောက်သွားပြီလဲ ထွေးကြီးရ''

''ဟို . . . ဂူဟောင်းထဲဝင်သွားတယ် ဆရာဖား။ ကြီးတယ်''

''မြွေထီးနေလိမ့်မယ်ကွ''

''ဘယ်လိုလုပ်မလဲ''

''ဂူပေါက်ထဲကို မီးတုတ်နဲ့ထိုးကွာ''

ကျွန်ုပ်တို့အားလုံး ခပ်လှမ်းလှမ်းမှ ကြည့်နေစဉ်မှာပင် ထွေ ကြီးဆိုသူသည် ရေနံချေးစိမ်ဆွတ်ထားသည့် မီးတုတ်ကိုမီးညှိပြီး ဂူ ဟောင်းအပေါက်ထဲသို့ ထိုးရန်ပြင်လိုက်စဉ် . . .

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ထိုင်ရာမှထ၍ ထော့နင်း ထော့နင်း ခြေကလေးနှဖြင့် မြွေဖမ်းသမားလူအုပ်ရှိရာသို့ လှမ်းသွားလိုက် လေ၏။

''ရသေ့ကြီး ဘယ်တုံး''

ရသေ့ကြီးက ဘာတစ်ခွန်းမျှ ပြန်မပြော။

''ရသေ့ကြီး မြွေဖမ်းဦးမလို့လား''

ကိုရှုပဗေဒက နောက်မှ လှမ်းအော်၏။

''မြွေကိုက်ရင် ရသေ့ကြီး ဒီတစ်ခါ ကျိန်းသေပျံလွန်တော် မှာပဲ။ ဘယ်ဆိုင်းငှားထည့်ရမယ်ဆိုတာကို ကြိုပြောခဲ့ဦးဗျို့''

ကိုရှုပဗေဒနှင့် ကိုဓာတုတို့သည် ရသေ့ကြီးနှင့် ဘယ်မျှရ နီးနေသည်မသိ။ ပြောလိုက်လျှင် နာသာခံခက်စကားလုံးများနှင့် အခ





ခက်အောင် ပြောလေ၏။

ကျွန်ုပ်တို့ လှမ်းကြည့်အကဲခတ်နေစဉ်မှာပဲ ပုံပျက်ပန်းပျက် ရသေ့ကြီးနှင့် မြွေဖမ်းသမားသုံးယောက် စကားများကြလေ၏။

''ဟော့ကောင်တွေ . . . မင်းတို့သချိုင်းထဲမှာ ဘာလာသောင်း ကျန်းနေကြတာလဲ''

ဒီမှာ ခေါင်းဆောင်လုပ်သူ နှုတ်ခမ်းမွေးကား၊ ခန္ဓာကိုယ်ပေါ် မှာ အင်းကွက်၊ စမကွက်များနှင့် ဂါထာစာတမ်းများ ရေထိုးခြယ်သ ထားသည့်လူက . . .

''မြွေလာဖမ်းနေတာ မမြင်ဘူးလားဗျ''

''နေပါဦးကွ။ ဒီသချိုင်းကမြွေတွေက မင်းတို့ကို ဘာလုပ်လို့ လဲ''

ဒီမေးခွန်းကြောင့် နှုတ်ခမ်းမွေးကားကား၊ အင်းစမများနှင့် ဆရာဖားဆိုသူက ရသေ့ကြီးရဲ့ ပုံမကျပန်းမကျ ကိုးရိုးကားရား ကိုယ် လုံးရုပ်သွင်ကို ကြည့်လိုက်ပြီး . . .

''ရသေ့ကြီးက ဘာလဲ။ ဒီသချိုင်းရဲ့ ပိုင်ရှင်လား''

ဒီမှာပဲ စဏ္ဍာလကြီး ဦးဖျဉ်းဆွဲရောက်လာကာ . . .

''ကိုဖားကြီး . . . ဒီသချိုင်းရဲ့တာဝန်ခံက ကျုပ်ပါဗျာ။ ဒါ ဒီသချိုင်းမှာ တရားကျင့်နေတဲ့ ရသေ့ကြီးပါ''

''ဖျဉ်းဆွဲ''

''ဗျာ . . . ကိုဖားကြီး''

''မင်းရသေ့ကြီး တရားကျင့်ရင် တရားပဲကျင့်။ ငါတို့ မြွေဖမ်း တဲ့ကိစ္စကို ဝင်မပါစေနဲ့။ ငါမြွေနဲ့ပစ်လိုက်ရင် ဒီသချိုင်းမှာ ပွဲချင်းပြီး သွားမယ်။ ကြားလား''



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်ရင်"

"ဘာတုံးဗျာ။ ဘာလျှာရှည်ချင်လို့လဲ"

"ငါမေးနေတာ ဒီသချိုင်းက မြွေတွေက မင်းတို့ကိုဘာလုပ်လို့လဲ။ ဒါပဲ ဖြေပါ"

"ခင်ဗျားအလုပ် ဘာပါလို့လဲ ရသေ့ကြီး"

"ငါက သတ္တဝါတွေကို နေ့စဉ်မေတ္တာပို့နေလို့ မေးနေရတာပါ"

"ခင်ဗျား မေတ္တာပို့တဲ့မြွေက လူတစ်ယောက်ကို ကိုက်ရင် ခင်ဗျားကမသေအောင် လုပ်ပေးနိုင်လို့လား"

ဒီမှာ ပုံပျက်ပန်းပျက် ရသေ့ကြီးက မြွေဖမ်းသမား ကိုဖားကြီး ဆိုသူရဲ့မျက်နှာကို စိုက်ကြည့်နေ၏။

"ပြောပါဦး။ မသေအောင် လုပ်ပေးနိုင်လို့လား"

"လုပ်ပေးနိုင်တယ်"

"ဟား ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ဟီး"

"အဟစ် ... အဟစ် ... အဟစ် ... အဟစ်"

သူ့လူသုံးယောက်ကလည်း မျက်စိတစ်လုံးပဲကောင်းပြီး နှုတ်မှာ အချိုင့်ကြီးပါကာ ခြေတစ်ဖက်တို၊ လက်တစ်ဖက်ရှည် ပုံပျက်ပန်းပျက် ရသေ့ကြီးကိုကြည့်ကာ ဗိုင်းဝန်းလှောင်ပြောင် ရယ်မောကြလေသည်။

"ဒါ မြွေဟောက်၊ မြွေပွေး ရသေ့ကြီး။ သူတို့ကိုက်ရင် သုံးမိနစ်ကနေ ငါးမိနစ်အတွင်း အာရုံကြောတွေပျက်စီးပြီး၊ သွေးခဲပြီး အကြောဆွဲပြီးသေရော။ မြွေပွေးတို့၊ ငန်းစောင်းတို့၊ ငန်းပုပ်တို့၊ ငန်းတော်ကျားတို့ဆို ပိုအဆိပ်ပြင်းတယ်။ ကိုင်း ... ရသေ့ကြီး ကျုပ်တို့ရဲ့ စီးပွားရေးကိစ္စမှာ ဝင်မပါပါနဲ့။ ကိုယ့်ဘာသာ တရားကျင့်ပြီး





မေတ္တာဆက်ပို့နေလိုက်ပါ။ ရသေ့ကြီး ... သွားဗျာ .... သွား"

"ငါ မင်းတို့အတွက် စိုးရိမ်လို့ပြောနေတာ"

"ကျေးဇူး အရမ်းကိုတင်ပါတယ်ဗျာ။ ကျုပ်မြွေဖမ်းပြီး ရောင်းစားလာတာ နယ်လေးရပ်စုံနေပြီ။ နဂါးဖမ်းဖို့ပဲ ကျန်တယ်။ အကယ်လို့များ ဒီသချိုင်းမှာ နဂါးရှိရင်ပြောပါဗျာ။ ဈေးကောင်းကောင်း။ လက်ဖက်ရည်ဖိုးပေးမယ်။ ဟော့ကောင် ... စဏ္ဍာလ"

"ဗျာ ... ကိုဖားကြီး"

"မင်းဆရာ ရသေ့ကြီးကို ခေါ်သွားကွာ။ ငါဒေါသထွက်ရင် မင်းတို့ သိပါတယ်နော်"

သို့နှင့် ... စဏ္ဍာလကြီး ဦးဖမျဉ်းဆွဲက ရသေ့ကြီးကို မေတ္တာရပ်ခံရလေ၏။

"ရသေ့ကြီး ... လာပါ ရသေ့ကြီးရာ။ ဒီကောင်တွေ မြွေဖမ်းသမားလူမိုက်ရိုင်း။ အကုသိုလ်ကောင်တွေပါ ရသေ့ကြီး။ အကုသိုလ်ကောင်တွေနဲ့ယှဉ်ပြီး မဖြစ်ပါနဲ့ ရသေ့ကြီးရာ။ လာပါ"

ရသေ့ကြီးကို ဆွဲခေါ်၏။

ကျွန်ုပ်တို့ကလည်း ဝင်၍ခေါ်ရ၏။ ရသေ့ကြီးသည် လူရမ်းကား မြွေဖမ်းသမားလေးယောက်ကို ခေါင်းတညိတ်ညိတ်လုပ်ကာ လာခေါ်သူများကို တွန်းလွှတ်လိုက်ပြီး ...

စုလစ်မွမ်းချွန်နှင့် တည်ထား၊ လုပ်ထားသည့် ရှေးဟောင်းအုတ်ဂူကြီးတစ်ခုပေါ်မှာ သွားရောက်ထိုင်ကာ နေထွက်ရာအရပ်သို့ မျက်နှာမူပြီး မေတ္တာသုတ်ကိုအဆက်မပြတ် ရွတ်ဆို၍ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

❏

ထိုစဉ် . . . မြွေဖမ်းသမား ကိုဖားကြီးတို့ သုံးယောက်သည် မီးတုတ်ကို မီးညှိပြီး မြွေဟောက်ထီးကြီး ဝင်သွားသည်ဆိုသည့် ရှေးဂူကြီး၏ အပေါက်အတွင်းသို့ မီးတုတ်ကို ထိုးသွင်းလိုက်လေ၏။

မီး၏အပူရှိန်၊ အခိုးအငွေ့များကြောင့် ဂူဟောင်းထဲမှ မြွေဟောက်သည် မနေနိုင်တော့ဘဲ ဟိုမှာဘက်ဂူအုတ်ကျိုးပေါက်မှ တိုး၍ ပြေးလေ၏။

"ဟာ . . . ဟာ . . . ဟိုမှာပြေးပြီဟ"

"လိုက်ပါဟ . . . ငကောက်ရ"

"လှမ်းရိုက်ကွာ"





"မရိုက်နဲ့။ အရှင်ဒဏ်ရာမရအောင် ဖမ်းကြ။ လိုက် . . . လိုက်"

သူတို့က နောက်ကလိုက်၏။ မြွေဟောက်က အသက်လု၍ ရှေ့ကပြေး၏။ ပြေးရင်းခုန်၍ လှည့်၍ပေါက်၏။ မြွေဟောက်သည် လက်ဖျံလုံးခန့်ကြီးပြီး အရှည်တစ်လံကျော်ခန့်ရှိ၏။

မြွေဟောက်လှမ်းပေါက်လျှင် သူတို့က သိုင်းသမားလိုရှောင်လိုက်ကြ၏။ ပြီး 'ခွ'တုတ် 'ဖိ'တုတ်နှင့်ဖိ၍ ဖမ်းကြ၏။ မြွေဟောက်ကလည်း လျှင်၏။ မြန်၏။ အကင်းပါး၏။ လှူ့ရင်ခေါင်းခန့်မြှင့်ပြီး ပါးပျဉ်းကိုပြကာ ဘုန်းကြီးတစ်ပါး၏ မယ်တော်ကွယ်လွန်၍ မြှုပ်ထားသော ရှေးအုတ်ဂူအကြီးကြီး၏ အုတ်ကျိုးပေါက်မှ ဂူထဲသို့ဝင်သွားလေသည်။

"ဂူပျက်ကြီးထဲကို ဝင်သွားပြီ ဆရာဖား"

"ငါတို့ ဝင်မယ်"

"မီးတုတ် အသင့်ပြင်"

သူတို့မီးတုတ်ကို ထွန်းညှိပြီး လူတစ်ယောက်ဝင်လို့ရသည့် ရှေးဆရာတော်ကြီးတစ်ပါးရဲ့ မယ်တော့်အုတ်ဂူဟောင်းကြီးထဲသို့ ဝင်လိုက်ကြလေသည်။

ဂူဟောင်းကြီးထဲသို့ ဆရာဖားဆိုသူက ရှေ့ဆောင်၍ ဝင်လိုက်စဉ် . . . မီးတုတ်သည် တစ်စုံတစ်ဦးက မှုတ်ငြိမ်းလိုက်သည့်အလား မီးငြိမ်း၍ သွားလေသည်။

"ထွေးကြီး"

"ဗျာ . . . ဆရာဖား"

"မီးခြစ် . . . မီးခြစ် . . . ပေးစမ်း။ မြန်မြန်လုပ်ပါ မသာရ"

"မီးခြစ်ဘယ်ကျခဲ့မှန်း မသိဘူး ဆရာဖား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ငါရိုးမသားနှယ်ကွာ။ သွားရှာချေ … သွား"

ထွေးကြီးသည် အပြင်သို့ထွက်လာလိုက်၏။ မီးခြစ်ကို လိုက်ရှာ၏။ အချိန်အတန်ကြာသွား၏။

"ကောက်"

"ဗျာ … ဆရာဖား"

"ထွေး … ကြာလှချည်လားကွ … ဟင်"

"ရှာနေလို့ နေမှာပေါ့ဗျာ"

"သွား … မင်းပါလိုက်ရှာ။ ဒီမြွေမရရင် ငါဒီနေ့ မပြန်ဘူး။ မြန်မြန်သွားလေကွာ"

"ဟုတ် … ဟုတ်ကဲ့"

မှောင်ထဲမှာ မနေရဲသည့်ကောက် ဂူအပြင်သို့ အမြန်ပြေးထွက်၍ ထွေးကြီးနှင့်အတူ မီးခြစ်ကျနိုင်သည့် လမ်းကြောင်းကို လိုက်ရှာကြ၏။

(မှတ်ချက် – ယခုဖြစ်စဉ်များသည် ပြဿနာဖြစ်ပြီးနောက်ပိုင်း သူတို့ သုံးဦးပြန်ပြောပြသည့် ဇာတ်ကွက်သာ ဖြစ်ပါသည်။)

မြွေဆရာကိုဖားကြီး မယ်တော်ပျံ ရှေးဟောင်းဂူအိုကြီးအတွင်းမှာရှိနေ၏။

"ဟင်း"

"ဟင်း"

"အလို … ဘာသံပါလိမ့်"

"အင်း … ဟင်း … ဟင်း"

"ဟာ … လူညည်းသံပါလား"

သူနားစွင့်လိုက်၏။ လူညည်းသံလိုမျိုး ကြားရ၏။ ဒါနှင့်အတူ





အုတ်ကျိုးအချို့ ပြိုလဲကျသံမျိုးလည်း ကြားလိုက်ရ၏။

"အင်း … ဟင်း … ဟင်း"

"ဟေ့ … ဂူထဲမှာ ဘယ်သူရှိလဲ"

"ဂျောက် … ကလောက် … ဂလောက်"

အုတ်ခဲအချို့ပြို၍ သူ့ရှေ့သို့ကျလာ၏။ သူ နည်းနည်းတုန်လှုပ်သွား၏။ ဂူကြီးက လူနှစ်ယောက်သုံးယောက် ဝင်လို့ လှုပ်ရှားလို့ရသည့်ဂူကြီး …

"ဖူး"

"ဟာ … မြွေမှုတ်သံနဲ့တူရဲ့"

"ဟင်း … ဟင်း"

"ဘယ်သူလဲ။ ထွက်ခဲ့စမ်း။ ထွက်ခဲ့လေကွာ"

ဒီလို အော်ဟစ်မေးလိုက်စဉ်မှာပင် သူမေ့ခနဲ ဖြစ်သွား၏။ ညှီစို့စို့အနံ့တစ်မျိုးလည်း နှာခေါင်းတွင်းသို့ ဝင်လာလိုက်၏။ သူ မိန်းမောသလို ဖြစ်သွားသည်။ ပါးစပ်မှဖွင့်၍ အော်ဟစ်မေးရန် ပြင်လိုက်စဉ် ပါးစပ်ဟ၍မရတော့ …

ဒီမှာပဲ အလွန်ကြီးမားသော အေးစက်စက် အခွံမာမာ အရာဝတ္ထုတစ်ခုက သူ့ရဲ့ခြေအစုံကို လာရောက်ရစ်ပတ်လိုက်သည်။

"ဟိုက် … ဒါ … ဒါ …"

စဉ်းစားတုံးရှိသေးသည်။ အေးစက်စက်မာကျောကျောကြီးက သူ့ခြေအစုံကို တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်နေရကား …

သူသဘောပေါက်လိုက်ပြီ။

ဒါ … ဒါ စပါးကြီးမြွေ သူ့ကိုညှို့၍ မျိုချရန်အတွက် ခန္ဓာကိုယ်ကို စတင်ရစ်ပတ်နေသည့်ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖားကြီး ကြက်သီးမွေးညှင်းထသွား၏။ ခေါင်းနားပန်းကြီး သွား၏။ သူ နောက်ဆုတ်ရန်းကန် ပြေးရန်ပြင်လိုက်ပါသော်လည်း သူ အညှို့ခံနေရပါပြီ။

မြွေကြီးက သူ့ခြေထောက်မှသည် ခန္ဓာကိုယ်ကို ရစ်ပတ်စ ပြုနေပြီ။ ခန့်မှန်း ဒီစပါးကြီးမြွေ မရှိဘူးဆို ပေါင်လုံးခန့်ရှိနိုင်သည်။ သူ့ခန္ဓာကိုယ်တင်းကျပ်၍ လာခဲ့၏။

စပါးကြီးမြွေကြီးရဲ့ ခန္ဓာကိုယ်သည် တစ်ရစ်ပြီးတစ်ရစ်နှင့် သူ့လည်ပင်းအနားဆီသို့ ရစ်ပတ်၍နေ၏။

သူအသံကုန် အော်ဟစ်နေ၏။

အသံလုံးဝမထွက်။ အသားအရိုးတွေ နာကျင်စပြုလာ၏။

သူ အဖေနှင့်အမေကို တ၏။ အော်ခေါ်၏။

ပါးစပ်ဟလို့ မရ။

စပါးကြီးမြွေများသည် လူခန္ဓာကိုယ်ကို ရစ်ပတ်ပြီးသည်နှင့် အမြီးဖျားနှင့် သူ့စအိုအတွင်းသို့သွင်းပြီးလျှင် ကိုယ်လုံးရစ်ပတ်အား နှင့် သူ့တစ်ကိုယ်လုံးကို ဆွဲဆန့်လိမ့်မည်။

မြွေကြီးရဲ့ခွန်အားနှင့် အားကုန်ဆွဲဆန့်ညှစ်လိုက်လျှင် သူ့ ခန္ဓာကိုယ်မှအရိုးများအားလုံး ကြေမွ၍ ကျိုးကုန်လိမ့်မည်။ ထိုအခါ သူ့ခန္ဓာကိုယ်သည် စက္ကူတစ်ရွက်လို သားရေပြားတစ်စလို ပျော့ခွေ သွားမည်။ ၎င်းအဆင့်သို့ရောက်လျှင် စပါးကြီးမြွေကြီးက သူ့ပါးစပ်မှ ချွဲကျိသောအရည်များ အမြှုပ်များနှင့် သူ့ဦးခေါင်းကို ထွေးထုတ်ဖျန်း ပက်ပြီး ဦးခေါင်းမှ စတင်မျိုချလိမ့်မည်။

ဒီလိုစပါးကြီးမြွေမျိုး ညှို့ပြီး မျိုချပြီဆိုလျှင် ငါးမိနစ်အတွင်း သူ့ခန္ဓာကိုယ်တစ်ခုလုံး မြွေကြီးရဲ့ဝမ်းဗိုက်အတွင်းသို့ ရောက်ရှိသွား





လိမ့်မည်။

ဒီလိုစပါးကြီးမြွေအကြီးစား မြွေပြိတ္တာကြီးများသည် သူ့ခန္ဓာ ကိုယ်လောက်မျှကို မဆိုထားနှင့် ဒရယ်ကြီးများလို အကောင်းကိုပင် ဦးချိုများချိုးပစ်ပြီး မျိုချလေ့ရှိသည်ကို သူကြားဖူးကြုံဖူးသည်။

ခု ••• သူသေရတော့မည်။

ဒီမှာပဲ ဂူထဲမှ မြွေတွန်သံနှင့် နှာမှုတ်လေသံများကို ဥဒဟို အရပ်များမှ ကြားလိုက်ရ၏။

သူ့ရင်သည် တဒိုင်းဒိုင်းခုန်နေပြီ။ မြွေတွန်သံများက သူ မကြာခင် သေရမည်ကိုသိပြီး ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ထောမနာ ပြုနေသည့်အသံများဟု သူခံစားလိုက်ရသည်။

ဒါနှင့်အတူ ခေါင်းထောင်လာသည့် ရောမစပါးကြီးမြွေ၏ ဦး ခေါင်းကို မြင်လိုက်ရသောအခါ သူသတိကင်းမဲ့သလို ဖြစ်သွားခဲ့ရသည်။ မြွေကြီးရဲ့ ဦးခေါင်းကား ပိန္နဲသီးအကြီးစားအလုံးခန့်ရှိ၏။

နီရဲသော မျက်လုံးနှစ်လုံးနှင့် သူ့ကို ရစ်ပတ်ပြီး ညှို့စိုက် ကြည့်နေ၏။ မကြာခင် မြွေကြီးရဲ့ပါးစပ်ဟသွားပြီး စိမ်းရွှေရွှေ ညှီစို့စို့ အနံ့ဆိုးများကို ရှူရှိုက်လိုက်ရပြီး သူဇက်ကျိုး၍ ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

❑

"မီးခြစ် တွေ့ပြီဟေ့"

"တွေ့သလား ကောက်"

"တွေ့ပြီကွ"

"မြန်မြန် မီးတုတ်အသစ်ကို မီးညှိကောက်"

သူတို့ မီးတုတ်အသစ်ကိုမီးညှိ၍ ဂူပေါက်ထဲသို့ ပြိုင်တူဝင်လိုက်ကြ၏။

"ဆရာဖား ... ဆရာဖား"

"ဆရာဖား"

"ရှိ ... ရှိ"





"ဖူး ... ဖူး .... အူး ... ဖူး"

"ဟာ ... ဟာ ... ဟာ ... ဘာသံလဲဟ"

"ဟာ ... ဘုရားရေ"

"အမယ်လေးဗျ။ ကယ်တော်မူကြပါဗျာ။ အမေရေ ... အမေ"

သူတို့နှစ်ဦး မီးတုတ်မီးရောင်နှင့် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အကြီးအကျယ်လန့်ဖြန့်ပြီး မီးတုတ်များပစ်ချကာ အော်ဟစ်၍ ပြေးထွက်လာခဲ့လိုက်ကြသည်။

"အမယ်လေး ... လုပ်ကြပါဦး ... ကယ်ကြပါဦးဗျ"

"ရသေ့ကြီး ... ကယ်ပါဦးဗျ"

"စဏ္ဍာလကြီး ... လုပ်ပါဦး။ ကယ်ပါဦးဗျ။ ဟီး ... ဟီး"

နှစ်ဦးသား စဏ္ဍာလကြီးရှိရာ ကျွန်ပ်တို့ဆီသို့ အူယားဖားယား ပြေးလာကြ၏။ ခါးမှ ပုဆိုးပင်မပါကြတော့။

"ဘာဖြစ်လို့တုံးဟ"

"ကယ်ကြပါဦးဗျ။ ဟို ... ဟို ... ဂူထဲမှာ ဆရာဖား ... ဖားကို မြွေ ... မြွေကြီး မျိုမလို့ ... လုပ် ... လုပ်နေလို့"

"ဘာပြောတယ်"

"ဆရာဖားကို မယ်တော်ပျံဂူထဲမှာ မြွေ ... မြွေရစ်ပြီး မျိုနေလို့"

"ဟေ ... ဟုတ်ရဲ့လားဟ ငထွားရ"

"ဟုတ် ... ဟုတ်ပါတယ်ဗျ။ မီးရောင်နဲ့ အနီးကပ်မြင်ခဲ့ရတာပါ စဏ္ဍာလကြီးရာ။ ကယ်ကြပါဦးဗျာ"

"လာ ... သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် စဏ္ဍာလကြီးနှင့်အတူ သူတို့နှစ်ဦးကိုခေါ်ပြီး ကျွန်ုပ်တို့အားလုံး ရှေးဟောင်းမယ်တော်ပျံ့ အုတ်ဂူရှိရာသို့ လာရောက်ကြည့်ရှုလိုက်သောအခါ . . .

''ဟာ''

''အမယ်လေး''

''ဘုရားရေ''

''ဟုတ်တယ်ဟ။ အကြီးကြီးပဲဟ''

ကျွန်ုပ်တို့အားလုံး မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အသည်းရောအူရော တုန်ခါကာ နောက်ပြန်လှည့်ပြေးရတော့၏။ မြွေဆရာဖောကြီးကို အလွန်ကြီးမားလှသော စပါးကြီးကဲ့သို့သော မြွေပြိတ္တာကြီးက ရစ်ပတ်၍ညှို့နေ၏။

ဖောကြီးကား မြွေကြီးရဲ့ ကိုယ်လုံးအရစ်ပေါ်မှာ ဦးခေါင်းစိုက်၍ပါးစပ်မှ အမြှုပ်နှင့်သွားရည်များ စီးကျနေသည်ကို မီးတုတ်မီးရောင်နှင့် မြင်လိုက်ရကား . . .

ဒီမှာ စဏ္ဍာလကြီး ဖျဉ်းဆွဲက ရှေးဟောင်းဂူပေါ်မှာ တရားထိုင်ပြီး နေကသိုဏ်းရှုနေသည့် ပုံပျက်ပန်းပျက် ရသေ့ကြီးရှိရာသို့ တရကြမ်း ပြေး၍ခေါ်ရတော့၏။

''ဘရသေ့ . . . ဘရသေ့''

''ဘရသေ့ . . . ဘရသေ့''

တပည့် စဏ္ဍာလရဲ့ အသံကုန်ဟစ်ခေါ်လိုက်သံကြောင့် ပုံပျက်ပန်းပျက် ရသေ့ကြီး နေကသိုဏ်းအာရုံကို လျှော့ချလိုက်ကာ လှည့်ကြည့်မေးလိုက်၏။

''ဘာတုံး . . . ငဖ''





''ကယ် . . . ကယ်ပါဦး . . . ရ . . . ရသေ့ကြီး ခင်ဗျ''

''ဘာကို ကယ်ရမှာတုံး ဟ''

''ဟို . . . ဟိုကောင်ကို စ . . . စပါးကြီးမြွေ မျိုမလို့လုပ်နေလို့''

''ဘယ်သူတုံး''

''မြွေဆရာ . . . င . . . င . . . ဖား . . . ပါ ရသေ့ကြီး။ သူ့ကို မယ်တော်ပျံ့ဂူထဲမှာ စပါးကြီးမြွေရစ်ပြီး မျိုမလို လုပ်နေပါပြီခင်ဗျာ၊ ကူညီပါဦးရသေ့ကြီး ခင်ဗျ''

''ဟုတ်ရဲ့လား ငဖရာ''

''အမှန်ပါဘုရား။ တပည့်တော်ကိုယ်တိုင် မြင်ခဲ့ရတာပါဘုရား။ အမြန်လိုက်ကူညီပါဦး ရသေ့ကြီးခင်ဗျာ''

''ဟွန်း . . . သေနာကောင်တွေပဲကိုး။ ခံရပြီပေါ့''

သည့်နောက် ပုံပျက်ပန်းပျက် ရသေ့ကြီးသည် သမထကို ဖြုတ်လိုက်ပြီး စဏ္ဍာလကြီးနှင့်အတူ ရှေးဟောင်းမယ်တော်ပျံ့ အုတ်ဂူဟောင်းကြီးရှိရာသို့ အမြန်လာခဲ့လိုက်သည်။

ကျွန်ုပ်တို့အုပ်စုကား ဂူပေါက်နှင့် မလှမ်းမကမ်းမှာရပ်ပြီး စိုးရိမ်ကြီးစွာ မျက်လုံးများ၊ ဝေဖန်ချက်များဖြင့် ဂူပေါက်ရှိရာသို့ လှမ်းမျှော်ကြည့်ပြီး ရင်တထိတ်ထိတ် ဖြစ်နေကြ၏။

ပုံပျက်ပန်းပျက် ရသေ့ကြီးကိုမြင်သော် မြွေဖမ်းသမားကောက်နှင့် ထွေးကြီးတို့သည် ရသေ့ကြီးရဲ့ခြေအစုံကို ပြေးဖက်ပြီး ငိုကြီးချက်မ မျက်ရည်လည်ရွဲနှင့် တောင်းပန်၍ ကယ်တင်ကူညီပေးပါရန် ပြောကြ၏။

''မီးတုတ်ပေးစမ်း''



www.burmeseclassic.com

www.burmeseclassic.com



''ရသေ့ကြီး ဖြစ်မလားဗျ။ မြွေက အကြီးကြီးနော်''

ကိုရှုပက စိတ်မချ၍ လှမ်းအော်ပြောလိုက်၏။

ရသေ့ကြီးသည် ဘာမျှ ဂရုမစိုက်။ မီးတုတ်ကို ဘယ်ဘက်လက်တိုလေးနှင့်ကိုင်ပြီး ရှေးဟောင်းမယ်တော်ပျံ ဂူဟောင်းကြီးထဲသို့ ထော့ကလိန့် ထော့ကလိန့်နှင့် ဝင်သွားလိုက်လေသည်။

''ဟယ်''

ရသေ့ကြီးပင် အလွန်အံ့သြသွားခဲ့ရ၏။ ကြည့်စမ်း။ ရောမ မြွေကိုယ်လုံးအရစ်ထဲမှာ မြွေဆရာငဖားသည် ခေါင်းဖက်ကျုံး၍ ကျ နေ၏။ သူ့ခေါင်းပေါ်မှ မြွေပါးစပ်မှ အမြှုပ်များသည် ဆပ်ပြာမြှုပ်များ ကဲ့သို့ ပေကျံစပြုနေ၏။

ရသေ့ကြီးက မီးတုတ်ကို မြှောက်၍ကိုင်လိုက်၏။

ဒီမှာ စပါးကြီးမြွေကြီးက နီရဲသောမျက်လုံးနှစ်လုံးကို ဖွင့်၍ ခေါင်းလှည့်ကြည့်လိုက်၏။

''အသင်မြွေကြီး . . . သင့်ကို ကျွန်ုပ် မေတ္တာရပ်ခံပါတယ်။ ဟိုလူမိုက်ဒုစရိုက်သားကို မေတ္တာထား၍ ခွင့်လွှတ်ပြီး အသက်ကိုရှင်ခွင့် ပြုပါ။ ကျွန်ုပ် ထိန်းသောသစ္စာကို အမျှဝေပါတယ်။ ကျွန်ုပ်ရဲ့ မေတ္တာ ကို အလေးထားသောအားဖြင့် ဒုစရိုက်သမားကို ဒီတစ်ကြိမ် အသက် ရှင်ခွင့်ပြုပါ။ ကျွန်ုပ် မေတ္တာသုတ်ကိုရွတ်၍ သင့်အား မေတ္တာများပို့သ ပါ၏။

ယံသာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယဉှိ စေဝါ နုယုဥ္ဇန္တော၊ ရတ္တိန္ဒိဝ' မတန္ဒိတော။
သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။





ရသေ့ကြီးသည် စပါးကြီး မြွေပြိတ္တာကြီး၏ မျက်စိရှိရာကို အာရုံပြုပြီး မေတ္တာသုတ်ကို ရွတ်၏။ ပြီး မေတ္တာများပို့လွှတ်နေ၏။ စပါး ကြီးမြွေကြီးသည် ရသေ့ကြီးရဲ့ မေတ္တာသုတ်ရွတ်ပုံကို နားစွင့်၍ စိုက် ကြည့်နေသည်။

မေတ္တာသုတ်ဆုံးသော ပုံပျက်ပန်းပျက်ရသေ့ကြီးက ခန္ဓသုတ် ကို ဆက်၍ရွတ်လေ၏။

ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။
အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

ဝိရူပက္ခေဟိ တောဖထေန်ကြင်း နဂါးမင်း၏ သင်းပင်းရံရွေ နဂါးမြွေတို့နှင့်အတူ ငါ၏သတ္တဝါအချင်းချင်း ချစ်ခင်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

ဧရာပထ တောဖထေန်ပြင်း နဂါးမင်း၊ ဆဗျာပုတ္တ တောဇာထန် ပြင်း နဂါးမင်း၊ ကဏှာဂေါတမတောဖထေန်ပြင်း နဂါးမင်း၏ သင်းပင်း ရံရွေ နဂါးမြွေတို့နှင့်အတူ ငါ၏သတ္တဝါအချင်းချင်း ချစ်ခင်ခြင်း မေတ္တာ သည် ဖြစ်ပါစေသတည်း။

အခြေမရှိ များစွာသောသတ္တဝါ၊ အခြေနှစ်ချောင်းသတ္တဝါ အပေါင်းတို့နှင့်အတူလည်းကောင်း။ အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေများစွာရှိသော သတ္တဝါတို့နှင့်အတူ ငါ၏သတ္တဝါအချင်းချင်း ချစ် ခင်ခြင်း မေတ္တာသည် ဖြစ်ပါစေသတည်း။

အံ့ဖွယ်ကောင်းလေစွ . . .

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် မေတ္တာသုတ်ကိုလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓသုတ်ကိုလည်းကောင်း အသံနေအသံထားနှင့် သေချာကို ရွတ်ဆို လိုက်သောအခါ ဒေါ်သရောင်များ မျက်လုံးမှာလက်နေသည့် စပါးကြီး မြွေကြီးသည် ခန္ဓာကိုယ်ကိုလျှော့၍ ပတ်ရစ်ထားသည့် ကိုယ်ရစ်အပေါ် ပိုင်းကို လျှော့ချဖြေလိုက်သည်ကို ကျွန်ုပ်တို့အားလုံး ထူးခြားစွာ မြင် လိုက်ရလေ၏။

"ကထာ မေ ရက္ခာ, ကတာ မေ ပရိတ္တာ၊

ပဋိက္ကမန္တု ဘူတာနိ။

သောဟံ နမော ဘဂဝတော၊

နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ငါသည် မေတ္တာတရားပွားများ တောက်လျှောက် အစောင့် အရှောက်ကို အမြဲမပြတ် ပြုလုပ်အပ်လေပြီ။ ဘုရားနှုတ်ထွက် မမှစက် ခေါ် ပရိတ်တော်တည်းဟူသော အရံအတားကို အမြဲမပြတ်ပြုလုပ်အပ် ပေပြီ။ ထိုပြုလုပ်အပ်သော တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ရန်မာန် အမျက် နှောင့်ယှက်များစွာ သတ္တဝါအပေါင်းတို့သည် ငါ၏အပါးမှ မနား မနေ ရှောင်သွားကြပါကုန်လော့။ ငါသည် ဘုန်းတော်သခင် ဂေါတမ ဘုရားရှင်အား ရှိသေမြတ်နိုးရှိခိုးပါ၏။ ခုနစ်ဆူကုန်သော အစိန္တေယျ သုံးလောကထွဋ်တင် ဝိပဿီအစရှိသော ဘုရားရှင်တို့အား ရှိသေမြတ် နိုးရှိခိုးပါ၏။ အမျှ ... အမျှ ... အမျှ ...။

ရသေ့ကြီး၏ ခန္ဓသုတ်ပရိတ်ဆုံးသည်နှင့် မြွေဖမ်းဆရာ ကိုငဖား ကြီး၏ကိုယ်ခန္ဓာမှ အဆင့်ဆင့်ရစ်ပတ်၍ ဆွဲဆန့်ချေမွရန်လုပ်နေသော စပါးကြီးမြွေပြိတ္တာကြီး၏ ခန္ဓာကိုယ်အရစ်အခွေများအားလုံး ချက်ချင်း လျှော့ကျ၍သွားလေ၏။

ခန္ဓာကိုယ်ပြေကျသွားပြီး စင်းနေသည်နှင့် မြွေဖမ်းသမား





ကိုငဖားကြီးလည်း ဂူထဲရှိ သမံတလင်းအုတ်ကျိုးပုံပေါ်မှာ ပျော့ခွေလဲ ကျသွားလေသည်။

ကျုပ်တို့ ချောင်းမြောင်းနေဆဲမှာပင် ပုံပျက်ပန်းပျက် ရသေ့ ကြီးသည် မြွေဖမ်းသမားကိုဖားကြီးရဲ့ မေ့မြောပျော့ခွေနေသည့် ခန္ဓာ ကိုယ်ကို လက်တံရှည်ညာလက်ကြီးနှင့် ခါးတစ်ခွင်ပွေ့၍ အပြင်ထုတ် သယ်လာခဲ့လိုက်သည်။

ကျွန်ုပ်တို့အားလုံး ပြေးဝိုင်းဖေးကူ၍ ကိုဖားကြီးကိုဇရပ်ပေါ် ချပေးပြီး လှုပ်နှိုးကြပါသော်လည်း ကိုဖားကြီးကား အသက်ကင်းမဲ့ နေသလိုမျိုး လုံးဝမလှုပ်ရှားတော့။

"ဆရာဖား ... ဆရာဖား"

"ဆရာဖားကြီး ... ဆ ... ရာ ... ဖားကြီး"

သူ့တပည့်များက တအားလှုပ်နှိုးကြသည် ပွေ့နှိုးကြသည်။ ပါးကိုပုတ်၍ ခေါင်းကိုခါ၍ လှုပ်နှိုးကြ၏။

"ရသေ့ကြီး ... သေသွားပြီလားဟင်"

ကိုရှုပက စိုးရိမ်အံ့ဩစွာဖြင့် ရသေ့ကြီးကို ကြည့်လို့မေး၏။

"ခေါ်လို့လည်း မရတော့ဘူးဗျ"

"လုပ်ပါဦး ရသေ့ကြီး ခင်ဗျာ။ ဆရာဖား သေပြီလားဟင်"

ပုံပျက်ပန်းပျက် ရသေ့ကြီးက မြွေဖမ်းသမားရဲ့ လက်ကောက် ဝတ်သွေးကြောမှ သွေးခုန်နှုန်းကို စမ်း၍ကြည့်၏။

မျက်ခွံကို လှန်၍ကြည့်၏။

ပြီး ... ရင်ဘတ်ပေါ်သို့ တုတ်ခိုင်သော လက်ညှိုးကိုတင်မိ ပြီး အာရုံခံနေ၏။

"ငဖ"



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျာ ... ဘရသေ့''

''ရေတစ်ပုံး သွားခပ်''

'ဟုတ် ... ဟုတ်ကဲ့ ဘရသေ့''

စဏ္ဍာလကြီး ဦးဇမျဉ်းဆွဲက သချိုင်းကုန်းရေတွင်းမှ ရေတစ်ပုံးကို အမြန်ခပ်၍ယူချလာ၏။ ပြီး ရသေ့ကြီးကို ပေး၏။ ပုံပျက်ပန်းပျက် ရသေ့ကြီးရသေ့ကြီးက ရေပုံးထဲက ရေကိုစိုက်ကြည့်ပြီး သရဲလွှမ်းသော မန္တန်တစ်ပုဒ်ကို ရွတ်၏။ ပြီး သူ့လက်တံရှည်ကြီးနှင့် ရေကို ညာရစ်မွှေ၏။

ငင်းနောက် ...

ငင်းရေဖြင့် မြေပြင်မှာခွေ၍ သတိလစ်နေသော မြွေဖမ်းသမား ကိုငဖားကြီးရဲ့ကိုယ်ကိုရုံပြီး စည်းဝိုင်းထားလိုက်၏။ စည်းဝိုင်းထားပြီးနောက် အရပ်လေးမျက်နှာကို လှည့်ပြီး ...

''ဟေ့ ... မသာကောင်တွေ။ တစ်ယောက်မျှ အနားကို မကပ်ကြနဲ့။ ဝေးရာကိုသွားကြ ... သွား ... သွား ... ကိုင်း ... သချိုင်းမှာ ရှိကြနေကြသည့် ဖရဝိညာဉ်သားတို့ ဒီလူမိုက်ရဲ့ ကျူးကျော်စော်ကားမှု၊ မလိမ်မာမှုကို ဒီတစ်ကြိမ် ခွင့်လွှတ်ကြပါကုန်လော့။ ကျွန်ုပ်ကိန်းသော သစ္စာမေတ္တာကို အမှူးပြု၍ ဤမိစ္ဆာဒိဋ္ဌိကောင်ကို အသက်ရှင်ခွင့်ပေးလိုက်ကြပါ။ ပုဂ္ဂိုလ်အပေါင်းတို့ ... ကိုင်း''

''ဝုန်း''

''ဖွမ်း''

ပြောပြီးသည်နှင့် ရသေ့ကြီးသည် ရေစည်းဝိုင်းအတွင်း မေ့မြောနေသော ကိုငဖားကြီးကိုယ်ပေါ်သို့ ရေအားလုံးကို လောင်းချလိုက်သောအခါ ...





မြွေဖမ်းသမား ကိုငဖားကြီး လူးလွန့်၍လာကြတော့၏။

''လူးလွန့်လာပြီဗျ''

''ဟော ... ဟော ... လှုပ်လာပြီဟေ့''

''ကိုငဖားကြီး ... ကိုငဖားကြီး''

''ဆရာဖား ... ဆရာဖား''

''အမယ်လေး ... မြွေကြီး ... မြွေ ... ကြီး ငါ့ကို ပတ်နေပြီ။ လုပ်ကြပါဦး။ ငါ့ကို မြွေကြီးမျိုတော့မယ်။ အမေ၊ အဖေ ... အား''

ကိုငဖားကြီးသည် လူးလွန့်အော်ဟစ်ပြီး ငုတ်တုတ်ထထိုင်၏။ ထိုင်ရင်းက ရုန်းကန်၍ ပြေးလွှားဟန်ပြု၏။ ထူးဆန်းသည်ကား သူသည် ပုံပျက်ပန်းပျက် ရသေ့ကြီးတားထားသည့် ရေပန်းစည်းဝိုင်းမှ အပြင်သို့ လုံးဝထွက်လို့ မရခြင်းရယ်။

''ကျုပ်ကိုကယ် ... ကြ ... ပါဗျာ။ ဟိုမှာမြွေကြီး ... မြွေကြီး။ ကြည့်နေ၊ ညို့နေပြန်ပြီခင်ဗျ ... အမယ်လေးဗျ''

''ဘယ်မှာတုံးကွ''

''ဟို ... ဟို ... မှာ ... မှာ ... အား ... အား''

မြွေဖမ်းသမား ကိုငဖားကြီးသည် ကယောင်ချောက်ချား သွေးရူးသွေးတန်းဟန်ဖြင့် မယ်တော်ပျံ့ အုတ်ဂူကြီးရှိရာသို့ လက်ညှိုးထိုးပြနေ၏။ သူ့အသွင်သဏ္ဍာန်သည် လွန်စွာ ကြောက်ရွံ့ထိတ်လန့်နေ၏။ ပြေးလို့ကလည်းမရ။

အကြောက်လွန်ပြီး စအိုမှ ချေးသေးများပင်ထွက်ကာ နံဟောင်နေ၏။ သချိုင်းခွေးများသည် သူ့ကိုကြည့်ပြီး ဝိုင်းဟောင်နေကြ၏။ တစ်ချက်တစ်ချက် မယ်တော်ပျံ့အုတ်ဂူဟောင်းကြီးရှိရာသို့ လှမ်းကြည့်ပြီး ဆွဲဆွဲငင်ငင် အူကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



''ရသေ့ကြီး ... ကျွန်တော့်ကို ကယ်ပါဦးဗျာ ... ကယ်ပါဦး''

''ဖောကြီး''

''ဗျာ ... အား ... အား ... ဗျာ''

''မင်း နောက်နောင် ဒီသင်္ချိုင်းမှာ မြွေဖမ်းဦးမလား''

''မ ... မ ... ဖမ်း ... တော့ပါဘူးဗျာ''

''ဒီသင်္ချိုင်းက မြွေတွေက ဘယ်သူ့ကို ကိုက်ဖူးလို့လဲ''

''အဲ ... အဲ ...''

''မင်းကိုယ်ကျိုးစီးပွားအတွက် သူ့ဘာသာသူ ဘယ်သူ့မှ အန္တရာယ်မပြုတဲ့မြွေကို ဖမ်းတာ၊ စားတာ မင်းဘက်ကမှားတယ် ဖောကြီး။ မြွေကလူကို အန္တရာယ်ပြုရင် သတ်ပါ။ သူ့အစာသူရှာပြီး သူ့မိသားစုနဲ့သူနေတာကို သေကွဲရှင်ကွဲ မခွဲပါနဲ့။ အဲဒီလိုလုပ်ရင်း မင်း အသက်လည်း မင်းမိသားစုနဲ့ သေကွဲ၊ ရှင်ကွဲ ကွဲရမှာပဲ။ မင်းနားလည်ရဲ့လား''

''နား ... နားလည်ပါပြီ ခင်ဗျာ''

''မင်း လူ့လောကမှာ အသက်ရှင်ချင်သေးသလား''

''ရှင် ... ရှင်ချင်ပါတယ် ခင်ဗျ''

''ရှင်ချင်ရင် ဖမ်းထားတဲ့မြွေကို လွှတ်ပေးလိုက်''

ဒီမှာ ဖောကြီးက ...

''ထွားကြီး''

''ဗျာ ... ဆရာ ... ဖား''

''ပခြုပ်ထဲက မြွေကို ချက်ချင်းလွှတ် .... ပေး ... လိုက်''

''ဟုတ်''

စိတ်ကူးသစ်စာပေ



တပည့် ဖောကြီးဆိုသူသည် မြွေပခြုပ်ကြီးကို ပြေးယူပြီးနောက် ပခြုပ်အဖုံးကို ဖွင့်ပေးလိုက်သောအခါ ပခြုပ်ထဲမှ မြွေဟောက် ပည်းမည်းကြီးသည် ခေါင်းထောင်လူးလွန့်၍ အော်ဟစ်၏။

''ရှီ ... ရှီ''

''ရှီ ... ရှီ''

''ရှီ ... ရှီ''

ကျွန်ုပ်တို့အားလုံး ဝိုင်းကြည့်နေဆဲမှာပင် မယ်တော်ပုံဂူဘက်မှ 'ရှီ'ခနဲ မြွေဆိုးတွန်သံကြားလိုက်ရပြီး ခြေကျင်းဝတ်ခန့်တုတ်၍ လူကြီးလက်တစ်လံခန့်ရှည်သော မြွေဟောက်ကြီးတစ်ကောင် လူးလွန့်ပြေးလာပြီး ပခြုပ်ထဲက ခေါင်းပြူလည်ဆန့်လုပ်နေသော မြွေဟောက်ကြီးရှိရာသို့ ပြေးဝင်လာ၏။

ဖြစ်ရပ်မှာ အသည်းယားစရာ အံ့သြစရာကောင်းလှ၍ ကျွန်ုပ်တို့ အသံမျှမထွက်ဘဲ အာရုံစိုက်ကြည့်နေကြစဉ် ...

မယ်တော်ပုံအုတ်ဂူဘက်မှ ပြေးဝင်လာသည့် မြွေဟောက်ကြီးက ပခြုပ်ထဲက မြွေအနီးကိုတိုးကပ်ပြီး ရှီရှီဟု အသံပြုကာ မြွေလုံးပြန်၍ ခေါ်လိုက်သော် ...

ပခြုပ်ထဲမှ မြွေဟောက်ကြီးသည် လူးလွန့်ထွက်လာ လိုက်လေ၏။ အပြင်သို့ရောက်သည်နှင့် မြွေဟောက်ကြီးနှစ်ကောင်သည် ကိုဖောကြီးရှိရာသို့ လူးလွန့်၍သွားလိုက်ပြီး ဖောကြီးရှေ့မှာပဲ နှစ်ကောင်သား ရောမပါးပျဉ်းကိုထောင်လို့ ရှီရှီဟု တွန်သံပေးလိုက်သောအခါ ...

မြွေဖမ်းသမား ကိုဖောကြီးသာမက ...

သူ့တပည့်သုံးဦးပါ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး ငိုကြီးချက်မနှင့် ရသေ့ကြီးကို ဝိုင်းတောင်းပန်ကြလေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြွေဆိုးကြီးနှစ်ကောင်ကား မြွေဖမ်းသမား ဖောကြီးကို ပါးပျဉ်းထောင်၍ လှည့်ပတ်လိုက်ကြည့်ကာ ပေါက်သတ်မလို လုပ်လေ၏ ဖောကြီးတို့အားလုံး သချိုင်းရှိဂူများအားလုံး လွင့်သွားမတတ် အော်ဟစ်ငိုယိုလေဖြစ်နေ၏။

ဒီမှာ ရသေ့ကြီးက လှမ်း၍ပြောလိုက်လေ၏။

''ဟဲ့ . . . မြွေဟောက်လင်မယား . . . သွား နင်တို့အသက်ကို ငါကယ်လိုက်ပြီ။ ရန်မပြုနဲ့။ ကိုယ့်လမ်းကိုယ်သွားကြ . . . သွားလေ''

ပုံပျက်ပန်းပျက် ရသေ့ကြီးက သို့ကလို လှမ်း၍ပြောလိုက်သောအခါ . . .

အံ့ဩစရာ ကောင်းလေစွ။

ဒေါသအမျက်ကြီးနေသော မြွေဆိုးမြွေဟောက်ကြီး နှစ်ကောင်သည် ပုံပျက်ပန်းပျက် ရသေ့ကြီးဘက်သို့ ပါးပျဉ်းကိုယ်စီလှည့်လိုက်ပြီး ဦးခေါင်းတညိတ်ညိတ်လုပ်ကာ မယ်တော်ပုံအုတ်ဂူဟောင်းကြီးရှိရာသို့ ရွေ့လျားပြေးသွား တိုးဝင်ပျောက်ကွယ်၍ သွားလေ၏။

''ဟိုကောင် ထွက်ခဲ့လိုက်''

''ဗျာ . . . အာ''

''စည်းကို ကျော်ထွက်လိုက်လေကွာ''

ရသေ့ကြီး အမိန့်ပေးစကားဆုံးသည်နှင့် ဖောကြီးသည် ဖောချွေးနှင့် ချေးသေးများထွက်ရင်းမှ ရေစည်းဝိုင်းကိုကျော်၍ ထွက်လိုက်လေ၏။

ပြီး . . . လေးဦးသား ရသေ့ကြီးကို ဦးအကြိမ်ကြိမ်ချ၍ ကန်တော့ကြလေ၏။

''နောင်တရပြီလားကွ''

---

စိတ်ကူးသစ်စာပေ



''ရပါပြီ ရသေ့ကြီးခင်ဗျာ။ ပြောမှားဆိုမှား၊ အပြုအမူမှားများကို သည်းခံခွင့်လွှတ်ပါ ရသေ့ကြီးခင်ဗျာ''

''နောင်ကို မြွေဖမ်းတဲ့အလုပ်ရော လုပ်ဦးမှာလား''

''မ . . . မ . . . လုပ်ရဲတော့ပါဘူး ခင်ဗျာ''

''သာဓု . . . သာဓု . . . သာဓု။ ကိုင်း . . . သွားကြ။ ကောင်းရောင်းကောင်းဝယ် လုပ်စားကြ။ သူ့အသက်ကို ကိုယ်ကရန်ရှာရင် ကိုယ့်အသက်ကိုလည်း သူတစ်ပါးက ရန်ရှာမှာပဲ။ ကိုယ့်အသက်မှ တန်ဖိုးရှိတာ မဟုတ်ဘူး၊ သူ့အသက်လည်း ပုရွက်ဆိတ်ဖြစ်ပါစေ တစ်ဘဝတစ်ခါ သတ္တဝါဖြစ်ရတာ မျက်ရည်နဲ့၊ အလွမ်းနဲ့ ဇာတ်မသိမ်းကြပါစေနဲ့ကွာ။ ကိုယ်ချင်းစာနာပါ။ မုဒိတာပွားပါ။ မေတ္တာထားကြပါ။ ကိုင်း ကိုယ့်လမ်းကိုယ်သွားကြတော့''

တပည့်ကျော်သုံးဦးသည် ချေးစော်သေးစော်နံနေသည့် သူတို့ဆရာ မြွေဖမ်းသမားကြီး မဟာဦးဖောကြီးကို တွဲထူဖေးမ၍ အော့အန် နှာခေါင်းရှုံ့ရင်း သချိုင်းထဲမှ လျင်မြန်စွာ ပြေးထွက်သွားကြလေသည်။

သူတို့မရှိတော့မှ မိကျောင်းသား ကိုရှုပက အတွန့်တက်၍ ရစ်လေ၏။

''ရသေ့ကြီး''

''ဘာတုံးကွ''

''ဒီမြွေတွေက ဘယ်ကမြွေကြီးတွေလဲဗျ''

''ဟ . . . ဒီသချိုင်းက မြွေပေါ့ကွ၊ လူကန့်လန့်ရ''

''ဒါတော့ ရသေ့ကြီးပြောမှလားဗျ။ ဒီမြွေတွေကို ရသေ့ကြီး ဝိရင်မွေးထား၊ နိုင်းစားနေသလားလို့ မေးတာပါ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗွိုး . . . ကြဲကြီးစည်ရာကွာ။ လူကန့်လန့်ကောင်ရာ မင်းဟာလေ ငါ့ကိုများဆို ဘယ်တော့မျှ အကောင်းမမြင်ဘူး။ ဟော့ကောင် ရှူပ . . . မင်းလည်း ငါ့အပေါ် စိတ်ကောင်းလေးနည်းနည်းမွေးပါ ငါ့လူရာ"

"ဟို စပါးကြီးမြွေကြီး မယ်တော်ပုံဂူထဲမှာရှိနေတာ ရသေ့ကြီး သိတယ်မဟုတ်လား"

"နိုး . . . နိုး . . . No . . . No . . . ငါမသိခဲ့ရပါဘူး လူလွှန်မသားရာ။ ဒီနေ့မှ ဒီဂူထဲမှာ ရောမစပါးကြီးမြွေကြီးရှိမှန်း ငါလည်း သိရတာပါကွာ"

"မြွေအစစ်ရော ဟုတ်ရဲ့လားဗျာ"

"မြွေအစစ်မဟုတ်လို့ မင်းနှမယောက်ျားက မြွေယောင်ဆောင်ရမှာလားကွဟင်"

"ရသေ့ကြီး ပြုစားပြီး မြွေကြီးနဲ့ ခြိမ်းခြောက်လုပ်နေသလားမှ မသိတာ"

"ဟော့ကောင် . . . လူကန့်လန့်၊ လူ့ခွစာ မင်းပြန်တော့ကွာ"

"မှန်မှန်ဖြေလေဗျာ။ အဟင်း . . . ဟင်း . . . ဟင်း"

"ဖြေရမယ်"

"ဒါပေါ့ဗျ။ ခင်ဗျားက ပဥ္စလက်ရသေ့ကြီးဥစ္စာ။ ဒီသချိုင်းမှာ အကြံအစည်ရှိလို့ မှိုနိုပြီး ပဥ္စလက်နည်းတွေသုံးပြီး အရိုအသေခံဖို့ လုပ်နေတာ မဟုတ်ဘူးလား"

"ရှူပ"

"ဟင်း . . . ဟင်း . . . ဟင်း"

"မင်း မပြန်ဘူးလား"





"ဖြေပါ။ ဖြေသံကြားပြီးမှ ပြန်ပါ့မယ်"

"ကိုင်း . . . ဒီလိုလား။ အေး . . . ငါဖြေမယ်။ ခဏလေး"

ဒီမှာ ပုံပျက်ပန်းပျက် ရသေ့ကြီးသည် သူ့နှုတ်ခမ်းကို ညာလက်တံရှည်ကြီးနှင့်စုကိုင်ပြီး လေချွန်သံလို အသံမြည်အောင် လုပ်လိုက်သောအခါ . . .

"ရှီ . . . ရှီ"

"ရှီ . . . ရှီ"

"ရှီ . . . ရှီ"

ပါးစပ်မှ မြွေဆိုးတွန်သံလိုမျိုး အသံများ ထွက်ပေါ်၍လာလေ၏။ ရသေ့ကြီးပါးစပ်မှ လေချွန်မြွေဆိုးတွန်သံနှင့် မခရေးမနှောင်းမှာပဲ . . .

"ရှီ . . . ရှီ"

"ရှီ . . . ရှီ"

"မှူး . . . မှူး"

"ရှီး"

"မှူး . . . မှူး"

"အမယ်လေး . . . ဟ . . . ဟ"

"ဟ . . . လုပ်ကြပါဦး။ မြွေ . . . မြွေကြီးတွေဟ . . . ပြေးရပြေး"

"ရှူပ . . . ပြေး . . . ပြေး"

"ဟင် . . . အမယ်လေးဗျ။ လုပ်ကြပါဦးဗျ"

မယ်တော်ပုံအုတ်ဂူထဲမှ စောစောက ဝင်သွားသည့် ရောမမြွေဟောက်ကြီးနှစ်ကောင်သာမက အနီးရှိအုတ်ဂူပျက်ပုံများ၊ ချုံပုတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြေကြီးကျင်းဟောင်း၊ ခေါင်းပျဉ်အဆွေးများကြားမှ မြွေဟောက်နှင့်ငန်းမြွေများ အလျှိုလျှိုပေါ်လာပြီး ကိုရှုပတို့၊ ကိုဓာတုတို့ရှိရာကို ပြေးဝင်လာသောအခါ . . .

လူကန့်လန့်လူ့ခွစာ လူရွယ်နှစ်ဦးသည် ဖိနပ်ကိုစုံကိုင်ပြီး ပုဆိုးကွင်းသိုင်းနှင့် သင်္ချိုင်းမှ ခြေကုန်သုတ်ပြေးကြသည်ကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ . . .

ဤပုံပျက်ပန်းပျက် ရသေ့ကြီးသည် . . .

သာမညောင်ည ပေါ့သေးသေးရသေ့မဟုတ် . . .

ထူးဆန်း . . . ဂမ္ဘီရ အစွမ်းပညာရှင်များဖြင့် ပြည့်စုံသည့် ထူးခြားသော နတ်ဝိဇ္ဇာအာဏာစက်ရှိသူ ရသေ့ထူးကြီးမှန်း ကျွန်ုပ်သဘော ပေါက်လိုက်သောအခါ . . .

သူ့အကြောင်းကို တစ်နေ့ စေ့စေ့စုံစုံ ရေးသားနိုင်အောင် ကြိုးစားချဉ်းကပ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါလေသည်။

အခန်း (၆)

❑

ခုတစ်လော မိတ်ဆွေများဖြစ်ကြသည့် ကိုရုပဗေဒနှင့်ကိုဓာတု
ို့နှစ်ဦး ပျောက်ချက်သားကောင်းနေ၏။

သုံးရက်ခန့် မတွေ့။

သို့နှင့် ကိုရုပဗေဒရဲ့ဇနီးကို မေးကြည့်တော့ . . .

အိန္ဒိယမြန်မာနယ်စပ်သို့ ခရီးသွားနေသည်ဟု ဆို၏။ ဘာ
ကိစ္စနှင့် သွားကြတာတုံးဟု မေးတော့ . . .

"မသိဘူး ဆရာမှိုင်းရဲ့။ သုံးလေးရက်ကြာမယ်လို့ ပြောတာ
"

"ကိုဓာတုရောပါသွားလား မရတာနာယဥ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပါသွားတယ်"

သို့နှင့် ကျွန်ုပ်သည် ပုံပျက်ပန်းပျက်ရသော့ကြီးရှိရာသို့ စကားပြောရန် ထွက်လာခဲ့လိုက်၏။

ဒီနေရာမှာ ကိုရူပဗေဒနှင့် ကိုဓာတုတို့နှစ်ဦးအကြောင်းကို စာဖတ်ပရိသတ်များအား ပြောပြချင်၏။

သူတို့နှစ်ဦး ရူပဗေဒဓာတုဗေဒနှင့် အင်္ဂလန်နိုင်ငံမှ ပါရဂူဘွဲ့ရသူများဖြစ်၏

အင်္ဂလန်၊ ကိုးရီးယား၊ ဂျပန်၊ အမေရိကန်နိုင်ငံကြီးများမှ သိပ္ပံနည်းပညာသစ်များကို လေ့လာဆည်းပူး၍ စာတမ်းများပင် ရေးသားတင်ခဲ့ကြ၏။

ဘာသာစကား သုံးလေးမျိုးလည်း တတ်၏။

ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ကိုးရီးယားဘာသာစကားများလည်း တတ်၏။ နိုင်ငံအတော်များများကို ခရီးလှည့်လည်ခဲ့ပြီး လေ့လာဆည်းပူးလို့ရသမျှကို မြန်မာနိုင်ငံ အဓိပတိတက္ကသိုလ်များမှာ ပြန်လည်ပို့ချ ဟောပြောဆွေးနွေးပွဲများပြုလုပ်၏။

သိပ္ပံနှင့်နည်းပညာမဂ္ဂဇင်းများမှာ သိပ္ပံဆိုင်ရာဆောင်းပါးများကို ရေးသားခဲ့၏။

မှတ်မှတ်ရရ သိပ္ပံသဘာဝဆိုင်ရာ ဟောပြောချက်နှစ်ခုကို ကျွန်ုပ်မှတ်သားမိလိုက်၏။

တစ်ခုက နေပေါက်ကွဲမှုနှင့် ရဟန္တာကိစ္စ ဖြစ်၏။

နေသည် အစဉ်အမြဲပေါက်ကွဲ၍ မီးလုံးကဲ့သို့ ပူပြင်းသောအလုံးများသည် အမြဲလေထဲမှာ လွင့်မျောနေသည်ဟုဆို၏။

နေ၏ပေါက်ကွဲနေသော မီးညွန့်မီးလျှံ အပူလှိုင်းလုံးများသည်





နေ့မှာလည်းကောင်း၊ ညမှာလည်းကောင်း၊ အပူလှိုင်းလုံးများဆင့်ကဲဆင့်ကဲ လွင့်မျောနေသည်ဟုဆို၏။

ထိုအပူလှိုင်းလုံးများ နေဝန်းကျင်မှသည် စကြဝဠာလေဟာနယ်သို့ ဆင့်ကဲပူးကပ် လွင့်မျောနေသည်ကို မသိလျှင် လူထူးဆန်းပုဂ္ဂိုလ်များ ကောင်းကင်မှာ ဈာန်နှင့်ပျံနေသလိုလို မြေပြင်ဝန်းကျင်မှ တစ်ခါတစ်ရံ မြင်ရလေ့ရှိသည်ဟုဆို၏။

အမှန်မှာ ဈာန်ရ၍ ကောင်းကင်မှာ ပျံကြနေသည်မဟုတ်။ အမြဲတမ်း ပေါက်ကွဲလွင့်စဉ်နေသော နေအပူလှိုင်းများရဲ့ ဆင့်ကဲပူးကပ်ထပ်ဆင့်ပုံရိပ်သဏ္ဍာန်များသာဖြစ်ကြောင်း သူတို့က သိပ္ပံနည်းရူပဗေဒနည်းနှင့် ရှင်းပြရေးသားကြရကား ဒါလည်း မှတ်သားဖွယ်ရာတစ်ခုပဲဖြစ်လေ၏။

နောက်တစ်ခုကား . . .

မြို့တစ်မြို့က နာမည်ကျော် ဘုရားစေတီတစ်ဆူအား ကုဋ္ဌိပင်ကြီးများက ဦးညွှတ်ကန်တော့နေသည့် အုတ်အော်သောင်းတင်းသတင်းကိစ္စဖြစ်၏။

အထူးအဆန်းအဖြစ် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ နေ့စဉ်လိုလို ထိုအချိန်က သွားရောက်ဖူးမြော်ကြည့်ရှုကြ၏။

ဆိုက္ကား၊ မြင်းလှည်း၊ အငှားကားများ လွန်စွာ အလုပ်ဖြစ်ကြကုန်၏။ ၎င်းမြို့ရှိ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်နှင့် တည်းခိုခန်းများလည်း အရောင်းတကယ်သွက်၍ လွန်စွာ စီးပွားဖြစ်နေချိန်လည်းဖြစ်၏။

သို့နှင့် သူတို့ နိုင်ငံခြားပြန် သိပ္ပံသမားနှစ်ဦးသည် သွားရောက်လေ့လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ခန့်ကြာပြီးနောက် သူတို့ပြန်ရောက်လာပြီး နေရောင်ခြည်နှင့် သစ်ပင်များရဲ့သဘာဝကို သိပ္ပံနည်းကျဆောင်းပါးအဖြစ် နာမည်ကျော်ဂျာနယ်တစ်ခုမှာ ရေးခဲ့၏။

သူတို့ရေးသားချက်ကား ...

နေရောင်ခြည်ကို သစ်ပင်များက နေ့ခင်းဘက်ခံယူ၍ နေဩဇာဓာတ်ကို စားသုံးရ၏။

ညဘက်ရောက်လျှင် သစ်ပင်များသည် သူတို့၏ပင်စည်နှင့် အရွက်များမှ အောက်စီဂျင်ဓာတ်များကို ပြန်လည်စွန့်ထုတ်ကြလေ့ရှိ၏။

သစ်ပင်တို့၏သဘာဝမှာ နေရောင်ခြည်ရှိရာကို မျက်နှာမူပြီး ရှင်သန်ကြရကား အမြဲတမ်းလိုလို နေရောင်ခြည်ရှိရာသို့ မျက်နှာမူပြီး ကိုင်းညွှတ်လေ့ရှိကြသည်။

ဤသိပ္ပံနည်းသဘာဝကို မသိလျှင် သစ်ပင်များက ဘုရားစေတီကို ဦးညွှတ်သလိုလို၊ ဘုန်းကြီးကျောင်းကို ဦးခိုက်သလိုလိုဟု အထင်မှားပြီး ကိုးကွယ်ယုံကြည်မှု လွဲမှားနေကြရကား နေရောင်ခြည်နှင့် သစ်ပင်တို့၏ သဘာဝဖြစ်စဉ်ကို သိပ္ပံနည်းကျ သဘောပေါက်လျှင် အတွေး၊ အခေါ်၊ အယူအဆများ လွဲမှားခြင်းမှ ကင်းဝေးပေလိမ့်မည်ဟု ရေးသားခဲ့ကြ၏။

ဒါ့အပြင် ...

ညအခါ အချို့သစ်ပင်များအောက်မှာ အိပ်သည့်ဓလေ့ညာဉ်ကို ဖျောက်ရန်လည်း အကြံပြု၏။ အိပ်ခန်းထဲမှာ ဂမုန်းအပါအဝင် သစ်ပင်၊ ပန်းပင်၊ အလှပင်များ စိုက်ပျိုးခြင်း မပြုရန်လည်း သူတို့က ထပ်ဆင့်အကြံပြု၏။ အကြောင်းမူ အချို့သောသစ်ပင်တို့သည် နေ့ခင်း





အခါ နေရောင်ခြည်နှင့် လေဟာပြင်မြေပြင်မှ ဩဇာဓာတ်ကို စားသုံးအသက်ရှင်မှီ့တွားပြီး ညအခါ အချို့သစ်ပင်များက အဆိပ်ဖြစ်စေသောဓာတ်ငွေ့များ ပြန်လည်စွန့်ပစ်လွှတ်လေ့ရှိသောကြောင့် ...

ညဘက် အချို့သစ်ပင်များမှ စွန့်ထုတ်သည့် စူးရှပြင်းထန်သည့်ရနံ့များသည် အသက်ရှူသည့်လူများကို အန္တရာယ်ပေးနိုင်သည်။ မူးမေ့နိုင်သည်။ အသက်ရှူရပ်နိုင်သည်။

အဆုတ်နှင့် နှလုံးကိုထိခိုက်ပြီး ကာလကြာလျှင် အသက်ပါဆုံးရှုံးနိုင်သည်ကို ရေးကြရကား ...

သိပ္ပံနည်းပညာအပိုင်းနှင့်ကြည့်လျှင် ... မဆိုး။

သို့သော် ဝိဇ္ဇာသမားများ၊ ဘာသာရေးသမားများက သူတို့နှစ်ဦးကို ရှုံ့ချစက်ဆုပ်ကြလေသည်။ မိစ္ဆာဒိဋ္ဌိဟု ဆိုကြ၏။

ဘယ်သူတွေဘာပြောပြော သူတို့က လုံးဝဂရုမစိုက်။ သိပ္ပံပညာနှင့် ရုပ်ဝါဒဘက်မှ စွဲမြဲနိုင်ကျည်စွာ ရပ်တည်၏။

နောင်အခါ ...

သူတို့နှစ်ဦးသည် ဘိုးတော်ဆိုသူများ၊ ယောဂီဆိုသူများ၊ ပယောဂဆရာဆိုသူများ၊ ဓာတ်စခန်းဖွင့်သူများရှိရာကို သွားရောက်လေ့လာပြီး ...

သူတို့အုပ်စုကြောင့် ...

ဘိုးတော်အတုအယောင်လူလိမ်များ အချုပ်ထဲရောက်ကုန်၏။

ပယောဂဆရာများ အရိုက်ကွဲ၍ ပြေးရ၏။

ပျောက်စေဆရာဆိုသူများ မျက်နှာမပြရဲဘဲ လူမသိခင် လစ်ပြေးရ၏။

သို့ဖြစ်၍ သူတို့သိပ္ပံသမား ရုပ်ဝါဒသမားများကို ဂန္ဓာရီလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရလိုလို၊ နတ်ဝင်သည်လိုလို လူစားများက စိုးရိပ်ထိတ်လန့်ကြ၏။

သူတို့ကို မျက်မုန်းကျိုးကြ၏။

ကိုရှုပနှင့် ကိုဓာတုတို့ သိပ္ပံသမားအုပ်စုကလည်း တကယ့် ဟုတ်ရင် လုပ်ပြ။

သရဲခေါ်ပြပြ၊ တစ္ဆေခေါ်ပြပြ၊ ရွှေတစ်ကျပ်သားက နှစ်ကျပ် သား ဖြစ်အောင်လုပ်ပြ။ မှန်ကန်လျှင် ကိုးကွယ်မည်ဟု ကြွေးကြော်၏။

သူတို့နှစ်ဦးရဲ့ သိပ္ပံနည်းပညာအဖြေထုတ် ဆန်းသစ်ချက်နှင့် ကြုံလျှင် ဂမ္ဘီရသမားများ ပြေးရသည့်ဘဝသို့ရောက်လေ၏။

တစ်ကြိမ်မှာတော့ သူတို့နှစ်ဦးကို လူအများကလေးစား ခန့်ညားခဲ့ရသည့် ဖြေရှင်းချက်တစ်ခု ဟိုးလေးတကြော်ကြော် ဖြစ်ပေါ် လာခဲ့၏၊ ထိုဖြေရှင်းချက်ကြောင့် ဂမ္ဘီရဆရာကြီးနှစ်ဦး လိမ်ချက်လည်း ပေါ်ကာ အရှက်တကွဲ ထောင်နန်းစံခဲ့ရလေ၏။

'ကိုရှုပဓေဒတို့ ဝင်ကယ်ပေလို့ နို့မို့မွဲပြီ' ဟူသော ကျေးဇူး စကား ဝန်းကျင်မှာ ပျံ့နှံ့ထင်ရှားသွားခဲ့ဖူး၏။

ဖြစ်ပုံကဒီလို . . .။

အခန်း (၇)

❑

တစ်နေ့ . . .

ရွှေမင်းဂံဆိုသည့်ရွာကြီးသို့ ဘိုးတော်ဆိုသူ ဆရာတပည့်နှစ်ဦး ရောက်ရှိလာခဲ့၏။

ဘိုးတော်အမည်က ဦးမဂ်လာစိန်ဟု ခေါ်၏။ ဘိုးတော်၏ တပည့်က ကဝေနိမ်ရွှေအိုးဟု ခေါ်၏။

သူတို့နှစ်ဦး ရွှေမင်းဂံရွာသို့ ချဉ်းကပ်ပုံက သဒ္ဓါတရားကြီးမား လှ၏။ ရွှေမင်းဂံရွာကြီးအဝင်ဝမှာ ရွာတော်ရှင်နတ်ကွန်းရှိ၏။

ရွာတော်ရှင်နတ်ကြီးသည် ရွှေခြည်ထိုး မည်ကာမတ္တပုဆိုး၊ အရောင်မှိန်မှိန်နှင့် စံမြန်းနေရသည်မှာ ကာလအတန်ကြာ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပောင်းတော်ပင် ကြွက်ကိုက်၍ အနားသား ပြတ်နေ၏။ နတ်ကွန်းကို ဒေါ်ခါးကြီးဆိုသူ အဘွားကြီးက စေတနာ့ဝန်ထမ်း စောင့်ရှောက်ကာ ပန်းရေဆီမီးကပ်၏။

ရွာမှာ ရှင်ပြုရှိလျှင် ဤရွာတော်ရှင်နတ်ကွန်းကို နတ်လာပြကြ၏။ နတ်ပြလျှင် ရွာတော်ရှင်နတ်ပွဲ ကန်တော့ပွဲတစ်ပွဲပေးရ၏။ ၎င်းနတ်ပွဲကို နတ်လာပြပြီးပြန်သော် ဒေါ်ခါးကြီးက စွန့်၍သားတပည့်ခံကာ ကော့ကျည်းပေါင်းသည်ထံ ရောင်းစား၏။

ရွာသူအချို့ အကြောင်းကြောင်းကြောင့် သားသမီးမရသော် နတ်ကွန်းထိန်း ဒေါ်ခါးကြီးထံမှ ကန်တော့ပွဲတစ်ပွဲနှင့် ငွေနှစ်ရာ၊ သုံးရာ၊ ငါးရာထိုးပြီး ရွာတော်ရှင်မှာ သားဆုပန်ကြ၏။

သားဆုပန်ပြီးပြန်သော် ဒေါ်ခါးကြီးက ကန်တော့ပွဲကိုဖျက်ပြီး အချိုရည်တစ်ပုလင်း (ထိုအချိန် နပလစ်ရည်ဟုခေါ်၏)တင်၍ ရွာတော်ရှင်နတ်ရုပ်တုကြီးကို ဆက်ကပ်၏။

ပိုငွေကိုယူပြီး ငှက်ပျောသီးနှင့် အုန်းသီးများကို အုန်းနို့ ခေါက်ဆွဲရောင်းသည့် ဒေါ်မိန်းကလေးနှင့် ငှက်ပျော်ကြော်၊ ဘယာကြော် ရောင်းသည့်ကုလားမ ဒေါ်ခါတွန်သို့ လျှော့ဈေးနှင့်ရောင်း၏။

ရွာတော်ရှင်ကိုယ်တော်ကြီးကား သားသမီးရအောင် လုပ်ပေး မပေးပေ။ အလှူရှင်နှင့်မောင်ရင်လောင်းများကို (၉၆)ပါးအနာရောဂါ မကင်းအောင် စောင့်ရှောက်ရှောက် မရှောက်ရှောက်၊ တောင်ရှည်ပုဆိုး ဖင်ပေါက်၊ အရောင်မွဲမွဲ၊ ခေါင်းပေါင်းကြွက်ကိုက်၊ ဖိနပ်အမြီးပြတ် နှင့်နေရသည်မှာ ကာလကြာပြီဖြစ်၏။

နတ်ကတော်ဒေါ်ခါးကား ရွာတော်ရှင်နတ်ကြီးကို အမှီပြု၍ အသားအရေစိုပြည်ပြီး ...တစ်ခါတစ်ရံ ဆေးပေါ့လိပ်ခဲလိုက် ...





တစ်ခါတစ်ရံ ကွမ်းတော်လုပ် အဖြူလိပ်လေးခဲလိုက်နှင့် လှန်စွာ ကျက်သရေ ရှိနေ၏။

တစ်နေ့ ...

အင်္ကျီအဖြူလည်ကတုံး၊ ပုဆိုးအဖြူကွက်၊ ခေါင်းပေါင်းအဖြူ ပေါင်းထားသည့် လူဝဝ၊ အသားဖြူဖြူ လူကြီးတစ်ဦးနှင့် ...

ယောဂီရောင်အင်္ကျီလက်ရှည်၊ ယောဂီရောင်ပုဆိုး၊ ယောဂီ ရောင် ခေါင်းပေါင်းပေါင်းပြီး၊ ယောဂီရောင်လွယ်အိတ်ညို လွယ်ထား သည့် လူရွယ်တစ်ဦးတို့ ရွှေမင်းဂံရွာနတ်ကွန်းသို့ နတ်သက်ကြွေသကဲ့ သို့ ဖြုန်းစားချည်း ရောက်လာသည်။

ဝတ်စုံဖြူနှင့် ပုဂ္ဂိုလ်၏လည်ပင်းမှာ လောက်စာလုံးခန့်ကြီး သည့် ပုတီးကြီးလွယ်ထားသကဲ့သို့ ...

ညာလက်ကလည်း ရွှေပိန်းချထားသည့် နဂါးတွန့်တောင်ဝှေး ကို ဆုပ်ကိုင်ထား၏။

မျက်နှာတော်ကား နှမ်းပြောင်ပြောင်၊ ပါးဖောင်းဖောင်း၊ နား ရွက်ကားကားမို့ လှန်စွာကြည်ညိုလေးစားဖွယ် ရုပ်လက္ခဏာရှိ၏။

သူသည် နတ်ကွန်းရှိရာသို့ဝင်လာပြီး နတ်ကွန်းထိန်း ဒေါ်ခါးကို ကြည့်ရှုလေ၏။

"သမီးတော်ကြီးက ရွာတော်ရှင် နတ်ကွန်းထိန်း မခါးလားဟဲ့"

"ဟုတ်ကဲ့ပါ အဖေကြီး"

ဝတ်ဖြူစင်ကြယ်နှင့် ခန့်ညားလှန်းသမို့ ရိုရိုသေသေ ပြန်ပြော လိုက်၏။ စိတ်ထဲကတော့ သင်းဘာကောင်ပါလိမ့်ဟုတွေးရင်း ငါ့များ ပြသနာရှာမလား၊ ငါ့စားချက်ခွင်များဖျက်လို ဖျက်ဆီးလုပ်မှာလားဟု တွေးပူကာ ရင်တထိတ်ထိတ် ဖြစ်နေလေ၏။ ဒါ့အပြင် ခန့်ခန့်ညားညား



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏလိုက်ကြီးက သူမရဲ့အမည်ကိုပါ တန်းသိနေ၍ တယ်ဟုတ်တဲ့ငါပါလား ဟုလည်း ရင်ခေါင်းမှသည် အူကလီစာချက်သို့ ရောက်သည့်တိုင် ဝမ်းသာလုံး စီးမျောသွား၏။

"သမီးတော်ကြီး"

"ရှင် အဖေကြီး။ အမိန့်ရှိပါရှင့်"

သို့ဖြစ်၍ အလိုက်အထိုက်လေး ဆက်ဆံကာ 'ဖော'လိုက်လေ၏။

"ရွာတော်ရှင်ကြီး ပုဆိုးဟောင်းနေသကွယ့်"

"ဟုတ်ကဲ့။ ငွေရေးကြေးရေး အားနည်းနေလို့ ပုဆိုးအသစ်မလဲနိုင်သေးပါဘူး အဖေကြီးရှင့်။ အဆင်ပြေရင်တော့ . . ."

"မောင်းတော်လည်း ကြွက်ကိုက်လို့ မွစာကြဲနေပါလား"

"မှန်ပါ။ ကြွက်တွေလည်း စားစရာမရှိလို့ ရရာကိုက်သနဲ့တူပါရဲ့ အဖေကြီးရယ်။ သမီးတော်ကြီး နေ့စဉ်တောင်းပန်နေရတာ လျှာတောင်ရှည်ပြီး ပြန်မဝင်ချင်တော့ဘူး အဖေကြီးရဲ့"

နတ်ကွန်းထိန်း ဒေါ်ခါးကား ဘာလေးညာလေးများ ရလို့ရငြားပိုပိုသာသာလေးထည့်၍ ပြောလိုက်တော့ အဖေကြီးဝတ်စုံဖြူက ပြုံးလေ၏။

"အချိန်တန်ပြီ သမီးတော်ကြီးရဲ့"

"ရှင် . . . ဘာကို ပြောတာလဲဟင် အဖေကြီး"

"အဖေကြီးတို့ရောက်သည့်အချိန်ကာစ၍ ဟောဒီက သမီးတော်ကြီးရော၊ ရွာတော်ရှင်ကြီးပါ စုတ်ရောလာဘ်ရော ပွင့်ပြီဟေ့"

"ဟယ် . . . ဒါ . . . ဒါ တကယ်လားဟင် . . . ဟင်လို့"

"သမီးတော်ကြီး"





"ရှင် . . . အဖေကြီး"

"ငါ့သမီးတော်ကြီး၊ အဖေကြီး မင်္ဂလာစိန်ဆိုတာ ကြားဖူးသလားဟဲ့"

ဝေးစွ . . .။ မခါးကြီး အဖေကြီးမင်္ဂလာစိန်ကို မကြားဖူး။ သူမ ကြားဖူးသည် မင်္ဂလာဆောင်ပဲ ကြားဖူး၏။ သို့သော် ဟန်ကိုယ့်ဖို့တဲ့ . . .။

"ဟုတ် . . . ဟုတ်ကဲ့။ ကြား . . . ဖူး . . . ပါ . . . တယ်ရှင့်"

"မြင်ရော မြင်ဖူးလားဟဲ့"

"မမြင်ဖူးပါဘူး အဖေကြီးရှင့်"

"ငါပဲဟဲ့ . . . သမီးတော်ကြီးရဲ့"

"အို . . . နာမည်ကျော် အဖေကြီး ဘိုးတော်မင်္ဂလာစိန်ဆိုတာ ခုမြင်ရတဲ့ အဖေကြီးကို။ ဝမ်းသာလိုက်တာ အဖေကြီးရယ်။ သမီးတော်ကြီးကို လိုရာခိုင်းပါ အဖေကြီးရှင့်"

"ဟဲ့ . . . သမီး။ ဟောဒီရွာတော်ရှင် နတ်ကွန်းက နတ်ကြီးကို ခါးဝတ်တော်ပုဆိုးအသစ် နက်ဖြန်လဲရမယ်ဟေ့။ ခါးဝတ်တော်ပုဆိုးအသစ်လဲရမည့်သူက . . . သောကြာသား၊ အသားဖြူဖြူ၊ အရပ်ပုပု နားရွက်ကားကား မယားနှစ်ယောက်နဲ့ ယောကျ်ားဖြစ်ရမယ်ကွယ့်"

"ရှင်"

"အဲဒီလူဟာ ဟောဒီရွာတော်ရှင်ကြီးရဲ့ ခါးဝတ်ပုဆိုးအသစ်ဆင်ပြီးသည့်အချိန်ကစပြီး (၇)ရက်အတွင်း ရှိသမျှ ရွှေငွေစည်းစိမ်ရဲ့သုံးဆပွားလို့ ရွာမျက်နှာဖုံးသူဌေးမှသည် မြို့မျက်နှာဖုံးသူဌေး ကေန်မုချဖြစ်ရလိမ့်မကွယ့်"

"ဘုရား . . . ဘုရား . . . ဒါ . . . ဒါ တကယ်ပဲလားဟင်



www.burmeseclassic.com

www.burmeseclassic.com



အဖေကြီး . . . ဟင်''

''မပြီးသေးဘူးကွယ့်။ (၇)မြောက်ညမှာ အိမ်နောက်ဖေးမြေကြီးက ရွှေအိုးတစ်လုံးရမကွယ့်''

''ဘုရား . . . ဘုရား''

''ဟောဟိုက ရှာတော်ရှင်ကြီးရဲ့ ကြွက်ကိုက်နေသည့် ခေါင်းပေါင်းကို တနင်္ဂနွေသား 'အောင်'အမည်နဲ့စသူ ဝဝဖိုင့်ဖိုင့် အရပ်ပျပ်ပျပ်အသားညိုညို၊ လက်မမှာ လက်ပွားတစ်ချောင်းပါသူက ပြုပြင်ရလိမ့်မဟေ့ . . . အသစ်လဲရလိမ့်မဟေ့။ ပြုပြင်ပြီး (၇)ရက်စေ့ရင် အဲဒီလူ ထီသိန်းဆုကြီးပေါက်ပြီး ရှိသမျှညစ္စာသုံးဆတိုးလို့ အိမ်ခြံရှေ့မှာ ရွှေမိုး ငွေမိုးရွာပြီး ရတနာတောင်လို ပုံမဟဲ့''

''အ . . . အ . . . ဖေ . . . ကြီး . . . ဒါ . . . ဒါ . . . တ . . . တကယ်ပဲလားဟင် . . . ဟင်''

''ဟဲ့ . . . ငါအာရုံရလို့ ဒီကိုကြွလာတာ။ အဲဒီလို ဝတ်လဲတော်များလဲပြီးရင် ငါ့သမီးကြီးလည်း ကြီးပွားချမ်းသာပြီး တစ်ရွာလုံးဘေးဥပဒ်အန္တရာယ်ကင်းပြီး အလှူရေစက် လက်နဲ့မကွာ လှူရတန်းရလိမ့်မဟေ့။ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ အရဟံ ဦ . . .''

နတ်ကွန်းထိန်း ဒေါ်ခါးကြီး ခေါင်းတခါခါ၊ လည်တညိတ်ညိတ်နှင့် ကိုကြီးကျော်ဝင်နေသလိုလို၊ သိကြားမင်းဝင်စီးနေသလိုလိုဟန်ဖြင့် ရွှေနားကွပ် တောင်ဝှေးကြီးထောက်ထောက် ဟောပြောနေသော အဖေကြီး ဦးမင်္ဂလာစိန်ဆိုသူကိုကြည့်ပြီး အလွန်အံ့သြနေ၏။

သူမရဲ့ မျက်စိထဲမှာ အဖေကြီး ဦးမင်္ဂလာစိန် ဟောပြောလိုက်သည့် လူပုဂ္ဂိုလ်နှစ်ဦးရုပ်သွင် ချက်ချင်းပေါ်လာ၏။

''သမီးတော်ကြီး''





''ရှင် . . . အဖေကြီး''

''ငါ့သမီးကြီး ဆင်းရဲတယ်။ အဖေကြီး ဒီကနေ့ မ,စမယ်ဟေ့''

''ရှင် . . . တ . . . တကယ်လား အဖေကြီး ဟင်လို့''

''လက်တွေ့ပြမှ ယုံမှာလား''

''မှန် . . . မှန်ပါ အဖေကြီးရှင့်။ ရှိသေပါရဲ့ အဖေကြီးရှင့်''

''ကိုင်း . . . ဒါဆို ကြည့်ထားဟဲ့''

ဒီမှာပဲ အဖေကြီး ဦးမင်္ဂလာစိန်ဆိုသူသည်။ သူ့နောက်တော်ပါ ယောဂီဝတ်စုံနှင့် တပည့်ထံသို့ ညာလက်ဝါးကို ဖြန့်ဆန့်ပေးလိုက်သောအခါ . . .

ယောဂီရောင်ဝတ်စုံနှင့်လူရွယ်က ယောဂီရောင်လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ပေးလိုက်လေ၏။

၎င်းပစ္စည်းကား . . . ရွှေချထားသည့် ကြွက်ဖရုပ်ကလေး ဖြစ်လေ၏၊ အဖေကြီး ဦးမင်္ဂလာစိန်သည် ရွှေကြွက်ဖအရုပ်လေးကို လက်ဝါးပေါ်တင်ပြီး ရှာတော်ရှင်နတ်ကြီး မျက်နှာရှေ့မှာ ပြလိုက်၏။

''ကိုင်း . . . ရှာတော်ရှင်ကြီး။ သင့်ရဲ့ဝတ်လဲတော် ပုဆိုးနဲ့ခေါင်းပေါင်းကို နက်ဖန်မှာအသစ်လဲဖို့ ဟောဒီသမီးတော် နတ်ကွန်းထိန်းခါး အကျိုးဆောင်ပါလိမ့်မယ်ဗျား။ ဤကိစ္စ ကျွန်ုပ်ဟောချက်မှန်ကန်ပါက ဟောဒီသမီးတော်ကြီးအား အကျိုးစီးပွားဖြစ်စေရန် ချက်ချင်းပဲ,ကြည့်ရှုတော်မူစေဗျား . . .''

အဖေကြီး ဦးမင်္ဂလာစိန်သည် ရွှေကြွက်ဖရုပ်ရဲ့ ဦးခေါင်းနှင့်ကျာကို သုံးကြိမ်လက်ဝါးနှင့် သပ်ချပြီး မန္တန်လိုလို၊ ဂါထာလိုလိုစာ မန်းမှုတ်၏။ ပြီးသော် ကြွက်ဖကို ကိုကြီးကျော်တိုက်သလို တိုက်



www.burmeseclassic.com

www.burmeseclassic.com



ရေး၊ ဟန်ရေးပြပြီးနောက် မြေကြီးတစ်နေရာသို့ လွှင့်ပစ်လိုက်ရာ ...

ရွှေပိန်းချ ကြက်ဖရုပ်ကလေးသည် ခရေပင်တစ်ပင်အောက် ခြေမှာကျ၍ ကြက်ဝပ်သကဲ့သို့ ရှိနေ၏။

ဒေါ်ခါးကား ... အဖေကြီး ပြုမူလုပ်ကိုင်နေသည်ကို မျက်တောင်မခတ်ကြည့်ပြီး လက်အုပ်ချီလို့ လေးစားဟန်ပြု၊ ရှိသေသမှု လုပ်နေ၏။

"ဟဲ့ ... သမီးတော်ကြီး"

"ရှင် ... ရှင် ... အဖေကြီးရှင့်"

"ရွှေကြက်ဖဝပ်နေတဲ့ သစ်ပင်ခြေရင်းကို တူးလိုက်စမ်းဟဲ့"

"ရှင်"

"တူးဆိုတူးစမ်း။ အချိန်တန်ပြီဟေ့။ မင်္ဂလာစိန်ကွ"

ဒေါ်ခါးသည် အူကြောင်ကြောင်ဖြစ်နေရာမှ အဖေကြီးက ဒရောသောပါး တိုက်တွန်းအမိန့်ပေးနေသောကြောင့် ဓားချွန်တစ်ချောင်း ယူခဲ့ပြီး ခရေပင်ရွှေကြက်ဖရုပ်ဝပ်သလိုရှိနေသည့် မြေကြီးကို ဓားဦးနှင့် ဆွလိုက်သောအခါ ...

မြေကြီးသည် မွ၍နေ၏။

တူးရင်း မြေကြီးများကို ကော်ယူဖယ်ရှားလိုက်၏။

တူးရင်းမြေကြီးသည် တစ်တောင်ခန့်နက်လာလေ၏။ မြေကြီးကား အံ့မှုယ်ကောင်းလေစွ။ မြေကြီးနံ့မသင်းဘဲ ရေမွှေးနံ့သင်းနေ၏။ ရေမွှေးနံ့မှ ရှာတော်ရှင်ကြီးရဲ့ ကိုယ်ဝတ်တော်ကို ဆက်သဖျန်းသည့် ရေမွှေးနံ့မျိုးဖြစ်နေ၍ ဒေါ်ခါးလွန်စွာအံ့ဩပြီး ဆက်တူးလိုက်သောအခါ ...

အင်ရွက်ဖက်နှင့်ထုပ်ထားသော အထုပ်တစ်ခုကို မမျှော်လင့်





ဘဲ တွေ့ရှိလေ၏။

"သမီးတော်ကြီး တွေ့လား"

"တွေ့ ... တွေ့ပြီ ... အ ... ဖေ ... ကြီး ... ဟီး ... ဟီး"

"ဘာတွေ့တုံးဟဲ့"

"အင်ဖက်နဲ့ ထုပ်ထားတဲ့ အထုပ်အဖေကြီးရဲ့"

"ဖြေလိုက်စမ်းဟေ့။ ခပ်မြန်မြန်ကွယ့်။ ညို ... ညို ... ညို"

နတ်ကွန်းထိန်း ဒေါ်ခါးသည် ကတုန်ကယင်လက်အစုံနှင့် သင်လျှော်ကြိုးနှင့် ချည်နှောင်ထားသည့် အင်ဖက်ထုပ်ကို ဖြေလိုက်သောအခါ ...

"ဟယ်"

"အလို ... တယ်ဟုတ်ပါလားဟေ့"

"အံ့ရောပါလား အဖေကြီးရယ်"

သုံးဦးစလုံး၏ပါးစပ်မှ အာမေဍိတ်များ ထွက်ကျန်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ကုန်ကြတော့၏။

"ဟယ် ... ပဝါလေးတော့။ လှလိုက်တာတော်"

"ဖြေချလိုက်စမ်း။ သမီးတော်ကြီး"

"ဟင် ... ဘုရားရေ"

ဒေါ်ခါးလွန်စွာ အံ့ဩရချေပြီ။ အကြောင်းကား ... နှိုင်လွန်ပဝါကို ဖြေချလိုက်သောအခါ ပဝါခေါက်အတွင်းမှ မောင်ကောင်း၊ လက်မှတ်နှင့် ခေတ်ဟောင်းသုံး ရာတန်ငွေစက္ကူသုံးရွက်ကို အံ့မှုယ် တွေ့လိုက်ရသောကြောင့်တည်း။

ဒေါ်ခါး ဝမ်းသာလွန်း၍ ထ,ခုန်၏။ ပြီးနောက် ပဝါတစ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လက်မှကိုင်၊ ညာလက်က လွတ်လပ်ရေး ခေတ်ဦးသုံး ရာတန်၊ အပြာရောင်သုံးရွက်ကို ဆုပ်ကိုင်ပြီး ရွာတော်ရှင်နတ်ကွန်းရှေ့မှာ က, လေတော့၏။ က,ရင်း နတ်သီချင်းတစ်ပုဒ်ကို အသံကုန်ဟစ်လေ၏။

"လောင်းစရာ ငွေမရှားပါဘူး ×××
ကြက်ကျားကိုတဲ့ ××× တိုက်မယ်ပြင် ×××
မြင်စိုင်းကျော့ရှင် ×××
ချစ်လို့ရယ်ခင်မင်
ယဉ်ရှာရော့သလား ×××
ကိုကြီးကျော်ရေ ×××"
"ဗျို့ . . . ဗျို့ . . . ဗျို့"
"မောင်ကြီးကျော်ရေ့"
"ဗျာ . . . ဗျာ . . . ဗျာ"
"ဒီဇမ္ဗူမှာ ပြိုင်ဘက်ရှား ×××
မိုးကျနတ်သား ××× "
"ဲဟေ့ . . . ဟေ့ . . . ဟေ့"
"ဟေ့ . . . ဟေ့ . . . ဟေ့ . . . ဝါး"

ဒီအချိန်မှာ နတ်ကွန်းသို့ ပန်းဆက်ရန်လာသူများနှင့် ခရီးသွား၊ ဝင်နားကြသူများသည် ပဝါအသစ်နှင့် ငွေစက္ကူများကိုင်၍ နတ်ချင်းကိုဆိုပြီး က,နေ၊ မြူးနေသည့် နတ်ကွန်းထိန်း ဒေါ်ခါးကိုလည်းကောင်း . . .

ရွှေပိန်းချတောင်ဝှေးကြီးထောင်၍ ပြုံးပြုံးကြီးကြည့်နေသော ဝတ်စုံဖြူနှင့် ဘိုးတော်လိုလူကြီးကို လည်းကောင်း . . .

ယောဂီရောင်ဝမ်းဆက်နှင့် လက်ခုပ်တီးပြီး အားပေးနေသည့်





လူရွယ်ကိုလည်းကောင်း မြင်ကြရသောအခါ . . .

ပထမ ကြည့်နေကြ၏။

ကြည့်ရင်း . . . ပျော်လာ၏။

ပျော်လာပြီးနောက် ဝင်ဝိုင်း၍ လက်ခုပ်တီးကြ၏။

တီး၍မှအားမရသော် နတ်ကွန်းထိန်း ဒေါ်ခါးနှင့်အတူ အားရပါးရဝင်၍ က,ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီးရှင့်"

"ဘာတုံး သမီးတော်ကြီးရဲ့"

"အံ့သြစရာပဲတော်"

"ဘာတွေများ အံ့သြနေလို့တုံး သမီးတော်ကြီးရယ် ‥ ဟင်"

"အဖေကြီး နှုတ်ကွန်းရှေ့မှာ အာရုံရပြီး ဟောလိုက်ပြောလိုက်တဲ့ သောကြာသားနဲ့တနင်္ဂနွေသား သမီးတော်ကြီးတို့ရွာမှာ ရှိနေတယ်တော့်"

"ဟေ … ဒါ တကယ်ပဲလားဟင်"

"တကယ်ပါပဲတော်။ အဖေကြီး အာရုံမှန်လိုက်ပါဘိသနဲ့"

"အဖေကြီးတောင် အံ့သြနေရပါလား မခါးရယ် ဟင်"

"သမီးတော်ကြီး သူတို့ကိုသွားရှင်းပြပြီး အပါခေါ်ခဲ့မယ် အဖေကြီးရဲ့"

"လုပ်ဟဲ့ သမီးရဲ့။ မြန်မြန်သာ လုပ်ဟဲ့။ အင်း … ငါ့သမီးကြီးနဲ့နွယ်ပြီး သူတို့ အမှန်တကယ် ကောင်းစားတော့မှာပါလား။ ဘုရား … ဘုရား … အားလုံး ဝေနေယျသုခိတ ပုဂ္ဂိုလ်သတ္တဝါများ ကျွန်းမှာ ချမ်းသာကြပါစေဗျာ။ အရဟံ … အရဟံ … အရဟံ"

အဖေကြီး ဦးမင်္ဂလာစိန်သည် ရောမပုတီးကြီးကို အရဟံရွတ်၍ တစ်လုံးချင်းစိပ်နေရှာသည်။

"အဖေကြီး။ သမီးတော်ကြီး သွားအကြောင်းကြားလိုက်ဦးမယ်နော်"

"အိမ်း … သွား … သွား သမီးတော်ကြီး … သွားဟဲ့။ အခုဘဲ … သာဓု … သာဓု"

ဒေါ်ခါးအိမ်ပေါ်မှ ဆင်း၍ ရွာလယ်ပိုင်းသို့ ရောက်သွား၏။



## အခန်း (၈)

❑

လွန့်ခွာ ထူးဆန်းအံ့ဖွယ်ကောင်းလှသည့် အဖေကြီး ဦးမင်္ဂလာစိန်ကို နှုတ်ကွန်းထိန်းဒေါ်ခါးက အံ့သြကြည်ညိုလေးစားသွားခဲ့ပြီ …

လိုတ,ရ အဖေကြီးဦးမင်္ဂလာစိန်ဟုပင် အမည်ပေး၍ဘိုးတော်… လို ဆည်းကပ်ခဲ့လေပြီ။

အခု အဖေကြီး လိုတ,ရ ဦးမင်္ဂလာစိန်ခေါ် အဖေကြီးနှင့် … ကာဝန္တိမ်မောင်ရွှေအိုးတို့ ဒေါ်ခါး၏ အိမ်ဦးခန်းမှာ အခန့်သားရောက်… နှင့်ပြီး ဒေါ်ခါးချက်ပြုတ်ကျွေးမွေးသည့် သက်သတ်လွတ်စားဖွယ်များဖြင့် … ဒူးနှံ့ငြိမ့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် သောကြာသား ဦးသက်ပြင်းနှင့် တနင်္ဂနွေသား ဦးအောင်ဆိုသူတို့ကို တွေ့ဆုံ၍ နေ့ခင်းက ကြုံခဲ့ရသည့် အထူးအဆန်းအံ့ဖွယ်အဖြစ်အပျက်ကို ပြောကြလိုက်ရာ ဦးသက်ပြင်းနှင့်ဦးအောင်တို့ လွန်စွာအံ့သြခဲ့ရလေ၏။ ဟုတ်ရဲ့လား မခါးရဲ့ဟု အခါခါကပ်၍ မေး၏။

ဦးသက်ပြင်းကား စပါး၊ ပဲတို့နှင့် ကြီးပွားချမ်းသာနေသူ။ ရွာမျက်နှာဖုံးဖြစ်သလို ဦးအောင်ကား ရေလုပ်ငန်းနှင့် ကြီးပွားချမ်းသာနေသူ စက်လှေသူဌေးဖြစ်၏။

အဖေကြီး ဦးမင်္ဂလာစိန်ပြောသလို အာရုံရသလို ဦးသက်ပြင်းသည် အသားဖြူဖြူ၊ အရပ်ပုပု၊ နားရွက်ကားကား၊ မယားနှစ်ယောက်နှင့်ဖြစ်၏။

မယားကြီးနာမည်က 'မနီးကြော'ဟု ခေါ်ပြီး၊

မယားငယ်နာမည်က ရွှေဦးကြည်ဟုခေါ်၏။

မယားကြီး မနီးကြောမှာ မီးယပ်ပိန် မီးယပ်ခြောက်ဖြစ်နေပြီး၊ မယားငယ် ရွှေဦးကြည်ကား သူဌေးဦးအောင်၏ အသက်တစ်ဝက်ခန့်သာရှိ၏။ လုံးကြီးပေါက်လှ ဖွံ့ဖွံ့ကားကား စွင့်စွင့်ကားကား အယ်စတုံကြီး။ ဝါးပိုးမျှစ်စို့ပေါက်ကြီး ဖြစ်၏။

မယားနှစ်ယောက်စလုံးကို တစ်ကိုယ်လုံး ရွှေချထားသည့်အလား စိန်ရွှေရတနာများကို ဆင်ထားလေ၏။

ရေလုပ်ငန်းသူဌေး ဦးအောင်ကား ဝဝဖိုင့်ဖိုင့်၊ အသားမည်းမည်းဖြစ်သလို ဘယ်ဘက်လက်မ အနီးကပ်၌ လက်မပွားလေးတစ်ခုပါ အပိုပါနေ၏။ လက်ပွားဦးအောင်ဟု ရေလုပ်သားများက ခေါ်ကြ၏။

''စဉ်းစားကြည့် ကိုအောင်နဲ့ ကိုသက်ပြင်းရယ်။ ရှင်တို့အဖေကြီး ဦးမင်္ဂလာစိန်ကို ကြားဖူးလား''

---





''ဟင့်အင်း . . . မကြားဖူးပါဘူး ခေါ်ခါးရယ်''

''မြင်ရော မြင်ဖူးလား''

''လုံးဝပါပဲဗျာ''

''အဲဒီလို တစ်ခါမျှ မမြင်ဖူး၊ မကြားဖူးသူက ရှင်တို့ရဲ့ကိုယ်နေဟန်ထားနဲ့ ဘဝဖြစ်ကြောင်းကိုပါ အာရုံရပြီး ပြောလိုက်တာ ကွက်တိပဲရှင့်''

''ဒါတော့ ဟုတ်သားဗျ''

''အဲဒါ ရှင်တို့နှစ်ဦး ရွာတော်ရှင်နတ်ကြီးရဲ့ ခါးဝတ်ပုဆိုးနဲ့ ဘောင်းတော်ကို အသစ်လဲပေးလိုက်ရင်၍ (၇)အတွင်း ရှိပစ္စည်းသုံးဆပွားလို့ အိမ်နောက်ဖေးက ရွှေအိုးကောက်ရလိမ့်မယ်လို့ အသေအချာပြောလိုက်တာ ဦးသက်ပြင်းနဲ့ဦးအောင်ရဲ့''

''ဒါဆို ကျုပ်တို့ ဘာလုပ်ပေးရမလဲဗျာ။ ပြောပါဦး ခေါ်ခါးရယ်''

''အဖေကြီးနဲ့လိုက်တွေ့တော်။ ကျွန်မတော့ လက်တွေ့ကို မြေကြီးထဲကနေ ပဝါတစ်ပိုင်းနဲ့ ခေတ်ဟောင်းရာတန် သုံးရွက်ရတာ။ ဟောဒီမှာကြည့် . . .''

နတ်ကွန်းထိန်း ခေါ်ခါးက ပြောရင်းကနေ နိုင်လွန်ပဝါအဖြူနှင့် မောင်ကောင်းတံဆိပ်ပါ ရာတန်သုံးရွက်ကို ထုတ်ပြလိုက်ရကား များပါးရာတန်ငွေစက္ကူဖြစ်၍ ဦးသက်ပြင်းတို့ အံ့သြကြနေ၏။

''ကျွန်မက ကိုယ့်ရွာသူရွာသား ကောင်းစားတာမြင်ချင်လို့ ကိုသက်ပြင်းတို့ရဲ့။ အဖေကြီးပြောသလို တောင်ရှည်တစ်ထည်နဲ့ ခေါင်းပေါင်းတစ်စ လှူလိုက်စမ်းပါတော်။ ဘာမျှကုန်တာ မဟုတ်ဘူး။ ကျွန်မကိုတော်မကျလို့ ကြည့်နေရတာ။ ဖြစ်နိုင်ရင် ကျွန်မကိုယ်တိုင် လဲပေး

---



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တာတော့ . . .''

''မခါး''

''ဘာတုံး ကိုအောင်''

''လာဗျာ . . . သွားတွေ့ကြည့်ရအောင်''

''လာ . . . လိုက်ခဲ့''

သို့နှင့် ဦးသက်ပြင်းနှင့် ဦးအောင်တို့ အဖေကြီး 'လိုတရ ဦးမင်္ဂလာစိန်' ရှေ့မှောက်သို့ ညနေစောင်းအချိန်မှာ ရောက်လာခဲ့ကြ၏။

ဒေါ်ခါးက အဖေကြီးကို ရိုသေစွာဦးချ၏။

ရှာနုတ်ကွန်းထိန်း ဒေါ်ခါးက သို့ကလိုဦးချ ရိုသေသမှုပြ သော် ဦးသက်ပြင်းနှင့် ဦးအောင်တို့ကလည်း ရိုသေစွာ ဦးချကြလေ၏။

''ဟဲ့ . . . သမီး''

''ရှင် . . . ဖေကြီး''

''သင်းတို့နှစ်ယောက် ငါ့ဟောချက်အတိုင်း တစ်ထပ်တည်း ပါလားဟဲ့''

''အဖေကြီးအာရုံက ကွက်တိပါပဲ အဖေကြီးရယ်။ ဩချရပါ ရဲ့တော်။ အဖေကြီးသားများကို ကြည့်ပါရှုပါ စောင်မပါအဖေကြီး''

''အိမ်း . . . အိမ်း . . . ဆန်ပေးရင် ဆေးရစေရမှာပေါ့။ ငါ့သားတို့ . . . ငါ့သားများရော ရွာတော်ရှင်ကြီးအတွက် ပုဆိုးနဲ့ခေါင်း ပေါင်း လှူချင်စိတ်ရှိရဲ့လားဟဲ့''

''အပန်းမကြီးပါဘူး အဖေကြီးခင်ဗျာ''

''အိမ်း . . . သာဓု သာဓု သာဓု။ မှန်းစမ်း . . . ငါ့သားတို့ လက္ခဏာ။ ကြည့်ရအောင် လက်ဝါးဖြန့်ကြ''

စိတ်ကူးသစ်စာပေ



ဦးသက်ပြင်းနှင့်ဦးအောင်တို့က ရှေ့တိုး၍ လက်ဝါးနှစ်ဖက် ကို ဖြန့်ပြလိုက်ကြ၏။

''အလို . . . ထီးရိုး ထောင်တက်နေကြပါကလား''

''ထီးရိုးထောင်ရင် ဘာဖြစ်သလဲအဖေကြီး''

''မိုက်ပါဘိ သားတို့ရယ်။ လက်ဝါးပေါ်မှာ ထီးရိုးထောင်ရင် ရွှေပုံဆင့်ကြီးပွားပြီး မင်းတို့တာဝတိံသာ အပေါ်စီးရောက်တော့မှာဗျ''

''ဟင် . . . ဟုတ်လား''

''ငါ့သား သောကြာသားက မိန်းမနှစ်ယောက်နော်''

''မှန်ပါ အဖေကြီး''

''မိန်းမအကြီးက စနေသမီး ဟုတ်ရဲ့လား''

''မှန်ပါ။ မနီးကြောပါတဲ့ အဖေကြီးခင်ဗျ''

''မယားငယ်က ဗုဒ္ဓဟူးသမီး''

''မှန်လိုက်လေ အဖေကြီးခင်ဗျာ။ ရွှေဦးကြည့်လို့ ခေါ်ပါတယ် အဖေကြီးခင်ဗျာ''

''ငါ့သား နောက်ထပ်မယား ထပ်ရဦးမယ်ဗျ''

''ဗျာ''

''ဟား . . . ဟား . . . ဟား . . . ဟား . . . စုတ်ရောလာဘ် ရော ဝင်မယ့်ကိန်းဟ။ နောက်ရမယ့်မိန်းမက တနင်္ဂနွေသမီး ဖြစ်လိမ့် မယ်။ ဥဿဘစိန်ပန်း ဒန်းလှကိုရှာဆိုသလို တနင်္ဂနွေသမီးနဲ့သောကြာ သား ထပ်ပြီးညားရင် အိမ်ရှေ့မှာ ရတနာပုံဆိုက်မယ့်ကိန်းပေါ့ . . . ဟား . . . ဟား ဟား . . . ဟား''

ဦးသက်ပြင်းကား နောက်ထပ် မယားတစ်ယောက်ထပ်ရပြီး ချမ်းသာမည်ဆို၍ အလွန်ကိုဝမ်းသာနေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီက တနင်္ဂနွေသား မောင်အောင်။ ဖောင်းစလှူပြီး (၇)ရက်အတွင်း ရှိညွှာသုံးဆတိုးပြီး နောက်ဖေးက ရွှေအိုးရလိမ့်မလို့"

"တ . . . တာ . . . ကယ်လားဟင် အဖေကြီး"

"ဟေ့ . . . မဟုတ်ရင် လည်အဖြတ်ခံလိုက်မယ်။ လိုတရ မင်္ဂလာစိန်ကွာ။ မဟုတ်ရင် မပြောဘူးဟေ့။ ကိုင်း . . . ငါ့သားများ အဖေကြီးအစွမ်းကို မမြင်ဖူးသေးလို့ပါကွ။ ဟော . . . ဟိုမှာကြည့်လိုက်စမ်းဟေ့။ ဘာမြင်သတုံး"

အဖေကြီးက ဒေါ်ခါးအိမ်ရှေ့မှသဘော်ပင်ကို လက်ညှိုးပြလိုက်၏။

"သဘော်ပင်ပါ အဖေကြီး"

သဘော်ပင်သည် (၇)ပေခန့် မြင့်၏။ အသီးများ အချို့ဝင်းမှည့်စပြုပြီး အချို့ကစိမ်းစိုလျက်ရှိ၏။ အလုံး (၁၅)လုံးခန့် ကြီးထွားဖွံ့ဖြိုးစွာ သီးနေလေ၏။

"အဲဒီ သဘော်သီးတွေကို အပင်အောက်ကနေ အဖေကြီး ကြေးစည်ရိုက်ပြီး ပြုတ်ကျအောင်လုပ်ပြရင် သားတို့ယုံမလားဟေ့"

သူတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ဘာပြောလို့ ပြောရမှန်းမသိ။ ဒီမှာ ဦးသက်မြင့်က . . .

"အပင်အောက်ကနေ ကြေးစည်ရိုက်ရုံနဲ့ . . ."

"ဒါပေါ့။ သဘော်သီး ဝှန်းခနဲ ဖြုန်းခနဲ ကြွေကျရမယ်"

"မဖြစ်နိုင်ပါဘူး ခင်ဗျ"

"မောင်အောင်ရောဟေ့"

"သားတို့တစ်ခါမှ မမြင်ဖူးပါဘူး အဖေကြီး"

"အိမ်း . . . အဖေကြီး လက်တွေ့ပြမယ်။ နက်ဖြန် တနင်္ဂနွေ





နေ့ မနက်(၈)နာရီ သောကြာအခါအချိန်မှာ လုပ်ပြမယ်။ ဒီမှာ မယုံလို့ ကြည့်ချင်သူရှိရင် မခါးအိမ်ရှေ့ကို တစ်ရွာလုံးခေါ်ခဲ့။ ကိုင်း . . . အခု ပြန်လိုက်ကြ"

နတ်ကွန်းထိန်း ဒေါ်ခါးအိမ်ရှေ့မှာရော မြို့ပြင်မှာပါ လူအုပ်စုများဖွေးနေ၏။ ဒီနေ့မနက် (၈)နာရီမှာ လိုတရအဖေကြီး ဦးမင်္ဂလာစိန်က သဘော်ပင်ပေါ်က သဘော်သီးများကို တံချူနှင့်မခူးမနှူးဘဲ အလုံးလိုက်ပြုတ်ကျအောင် ပညာပိုင်းနှင့်လုပ်ပြမည်ဆို၍ . . .

မယုံကြည်သူများ . . .

လက်တွေ့မြင်မှ ယုံကြည်လိုသူများ . . .

အံ့သြဆန်းကြယ် ဖြစ်ရပ်များကိုမှ မြင်လိုသူများ . . .

ဒီဆရာကြီးနှစ်ဦး ဘာလဲဆိုတာကို ရှုစမ်းချင်သူများ ရောက်ရှိနေကြသည်။

ဒီအုပ်စုထဲမှာ ကိုရှုပဗေဒနှင့် ကိုဓာတုဗေဒဆိုသူ နာမည်ခပ်ဆန်းဆန်းနှင့်လူရွယ်နှစ်ဦးလည်း ခရီးသွားဟန်လွှဲ ရောက်နေ၏။

သူတို့နှစ်ဦးက ဂမ္ဘီရဆိုသည်ကိုလက်မခံ။

စုန်းနတ်ကဝေ၊ တစ္ဆေ၊ ပြိတ္တာဆိုသည့် ပရစိညာဉ်လောကကို အယုံအကြည်မရှိ။ ဘိုးတော်၊ နတ်ဝင်သည်၊ နတ်ကတော်၊ မနောပညာရှင်၊ ပယောဂကုဆရာ၊ ပျောက်စေဆရာ၊ ဗေဒင်ဆရာ ဆိုသူများကို လုံးဝယုံကြည် လက်ခံမှုမရှိ။

ခေတ်ပညာတတ် သိပ္ပံသမားနှစ်ဦး ဖြစ်၏။ နိုင်ငံရပ်ခြားတိုင်းပြည်များမှာ သိပ္ပံနည်းပညာများကို လှည့်လည်ဆည်းပူးသင်ကြားပြီး စာတမ်းများပြုစုခြင်း၊ သိပ္ပံနည်းပညာဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းများမှာ ကိုယ်တွေ့ဆောင်းပါးများ ရေးသားခြင်းဖြင့် စာဖတ်သူများကို ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအလင်းဖွင့်ပေးနေသူနှစ်ဦး ဖြစ်၏။

ထူးဆန်းသည်ကား . . .

သူတို့ ရွှေမင်းဂံရွာကြီးသို့ရောက်နေခိုက် ဘိုးတော်လိုလို ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်တစ်ဦးနှင့် နောက်လိုက်တစ်ဦး ဒီအရပ်ကိုရောက်လာပြီး . . .

နတ်ကွန်းထိန်း ဒေါ်ခါးကို မြေကြီးထဲမှပဝါနှင့် ရှားပါးငွေစက္ကူများ ဖော်ပေးခြင်း၊ အာရုံမနေ့ာပညာနှင့် အလှူရှင်ဒါယကာ လူနှစ်ဦး ပုံပန်းသဏ္ဌာန်ကို အာရုံခံဟောပြီး ရွာတော်ရှင်နတ်ရုပ်ကို ဖောင်းတော်နှင့် ဝတ်လဲပုဆိုးအသစ်လဲပေးပြီး (၇)ရက်အတွင်းရှိ ဥစ္စာပစ္စည်းသုံးဆ တိုး၍ နောက်ဖေးမြေကြီးမှ ရွှေအိုးပါရမည်ဟူသောသတင်းသည် အိမ်ခြေသုံးရာကျော်ရှိတောရွာမှာ ဟိုးလေးတကျော်ကျော် ဖြစ်နေ၏။

သို့အတွက် . . .

ဟုတ်မဟုတ် သိချင်၏။ ပထမံဘိုးဘိုးအောင်များ လူ့ပြည်ကြွလာရော့သလား။ ဒါမှမဟုတ် . . . ပုဂံခေတ်က ထွက်ရပ်ပေါက်သွားသော ရှင်အရှင်ဂေါဓာရဟာန်းကြီးများ သူတော်ကောင်းအချို့ကို မ,စလို၍ လူ့ယောင်ဖန်ဆင်း စောင်မခြင်းအမှုပြုလို၍ ရောက်လာလေရော့သလား။

တကယ်ဟုတ်နေလျှင် . . .

ယူရေနီယံသတ္တု ဘယ်နေရာမှာရှိသည်ကို မေးချင်သည်။

အင်္ဂါဂြိုဟ်ပေါ် မြန်မာလူမျိုး သိပ္ပံပညာရှင်များ ဘယ်နှစ်ခုနှစ်လောက်ရောက်မည်ကို မေးချင်သည်။

ဒါမှမဟုတ် . . .

သံပရာသီးနှင့် ရှောက်သီးများကို ချိုအောင် လုပ်သည့်





ပညာရပ်များရှိလျှင် မေးချင်လိုချင်သည်။

ဒီလိုမှမဟုတ် . . .

ကောင်းကင်မှ ရွှေမိုးငွေမိုး ရွာမချချင်ရင်နေ . . .

ကာဘော်လစ်ဆပ်ပြာနှင့် ငစိန်ဆန်များ မိုးရွာသလို မိုးသီးကြွေသလို ကျလာတာမျိုးလုပ်နိုင်လျှင် လုပ်ပြနိုင်းချင်သည်။

ကွန်ပျူတာပိုင်းရပ်များ မဝင်အောင် ရေမန်းဆီမန်းနှင့် တားနိုင်လျှင် ဆီကိုပေပါလိုက်မန်း၍ စီရင်ပေးခဲ့စေချင်သည်။

သို့ကလို အများအကျိုးအတွက်မျှော်ကိုးသော အကြံအစည်အတွေးနှင့် အကဲခတ်ရန် ရောက်ရှိနေကြ၏။

မျှော်လင့်နေဆဲမှာပင် . . .

လိုတရ အဖေဆရာကြီးဦးမင်္ဂလာစိန်ဆိုသူ ဝတ်ဖြူစင်ကြယ်နှင့် ရွှေချတောင်ဝှေးကိုင်ထားသော ဝဝခန့်ခန့် လူကြီးတစ်ဦးနှင့် . . .

ယောဂီရောင်ဝတ်စုံကို ဆင်မြန်းထားသော လူရွယ်ပိုင်းတစ်ဦးသည် နတ်ကွန်းထိန်းဒေါ်ခါး၊ ပွဲစားကြီးဦးသက်ပြင်းနှင့် သူဌေးဦးအောင်တို့လက်အုပ်ချီခြံရံပြီး အိမ်ပေါ်မှဆင်းလာကြ၏။

ကြည့်နေသူ ဆူညံနေသူ တစ်ယောက်တစ်ပေါက် ဝေဖန်နေသူများ မီးကိုရေနှင့် ငြိမ်းသတ်လိုက်ဘိအလား ငြိမ်သက်တိတ်ဆိတ်သွားလေ၏။

လိုတရအဖေကြီး ဦးမင်္ဂလာစိန်လည်း အလုံးနှစ်ဆယ်ခန့် သီးပွတ်မှည့်ဝင်းစပြုနေသည့် ဒေါ်ခါးအိမ်ရှေ့က သဘော်သပင်အောက်မှာ ရပ်လိုက်၏။ ပြီး . . . ပရိသတ်ကိုလှည့်၍ စိုက်ကြည့်ရင်းက . . .

"ကိုင်း . . . သားတို့သမီးတို့။ အဖေကြီးစာတ်ကျလို့ ဒီရွာကို ရောက်လာခဲ့ပါပြီကွယ့်။ ရောက်တုန်းရောက်ခိုက် စောင်မကြည့်ရှုသင့်သ



www.burmeseclassic.com

www.burmeseclassic.com



များကို စောင့်မကြည့်ရှုသွားပါမယ်။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးမမေ့ပါနဲ့။ ကိုင်း . . . ဒီနေ့တော့ ဟောဒီသင်္ဘောပင်ပေါ်က သင်္ဘော သီးများကို လက်နှင့်မခူးမဆွတ်ဘဲ ဥုံခံမန်းမှုတ် တဝုန်းဝုန်း ပြုတ်ကျ အောင် ဒီနေ့လုပ်ပြမယ်။ (၇)ရက်ပြည့်ပြီးသည့်နေ့ကျရင် ကောင်းကင် မှာပျံနေတဲ့ကျီးကန်း မြေပြင်ကိုပြုတ်ကျအောင် လုပ်ပြမယ်။ နောက် (၇)ရက်ပြည့်ပြီးရင် ရေကန်ထဲကငါးကြီးတွေ ကုန်းပေါ်ကို အလိုလို တက်လာအောင် အဖေကြီးရဲ့အစွမ်းနဲ့ အစီအရင်ခန်းဝင်ပြီး လက်တွေ့ လုပ်ပြမယ်။ သမီးတို့သားတို့က မေးကြမယ်။ အဖေကြီး ဘာကြောင့်ဒီလို ပညာအံ့မခန်းများကို ပြရသလဲလို့။ ဖြေမယ်။ ငါတို့မြန်မာလောကီပညာ မှာ မြေလျှိုးမိုးပျံ ဥုံခံ၍ အလိုလိုရောက်၊ ပျောက်ဆိုပျောက်။ ရောက် ဆိုရောက်။ အံ့မှယ်ပညာရပ်တွေ ရှိကြတယ်။ လူတိုင်း၊ ပုဂ္ဂိုလ်တိုင်း တော့ မတတ်ကြပေဘူးပေါ့။ ပါရမီရင့်သည့်သူများမှ တတ်မြောက်ကြ ပေသပေါ့။ အဲဒါတွေထဲက အချို့ကို ယုံအောင်ပြချင်တယ်။ အဖတိုးဘိုး အောင် ရွှေနန်းတော်ထဲမှာ ဝတစ်လုံးကိုဖျက်ရင် နှစ်လုံး။ နှစ်လုံးကို ဖျက်ရင် လေးလုံးပေါ်ပြီး နန်းတော်တစ်ခုလုံး ဝလုံးတွေ ပြည့်လုခမန်း လုပ်ပြတဲ့ ဂမ္ဘီရပညာကို သားတို့သမီးတို့ ကြားဖူးမှာပါ။ တစ်လပြည့်ရင် အဲဒီပညာပိုင်း အဖေကြီးရွာလယ်ဇရပ်ပေါ်မှာ အများရှေ့ လက်တွေ့ပြ မယ်။ ရှင်အဇ္ဇဂေါဏကြေးသံကို ရွှေဖြစ်အောင်လုပ်တဲ့ ဓာတ်လုံးမျိုး အဖေကြီး မကြာခင်ဖြစ်တော့မယ်။ အခု သားတို့သမီးတို့ အရင်ဘဝက ပဋ္ဌာန်းဆက်ရှိသူများကို စောင့်မချင်လို့ အိပ်မက်အစီအရင်အရ အဖေကြီး ကြွရောက်လာတာပဲ။ ကိုင်း . . . ပြောနေကြာတယ်။ အဖေကြီးရဲ့ ဂမ္ဘီရ ပညာခန်း အစွမ်းပြမှာမို့ ကြည့်ကြဟဲ့ . . .။ မခါး . . .”

“ရှင် အဖေကြီး”





“သမီးတော်ကြီးနှင့် နောက်တစ်ယောက် သင်္ဘောပင်အောက် ကနေ အဝတ်နဲ့ခံထား။ ကြားလားကွယ့်”

“ဟုတ်ကဲ့ အဖေကြီးရှင့်”

နတ်ကွန်းထိန်း ဒေါ်ခါးသည် နတ်ကတော် ဒေါ်ဖွားကျင်ကို ခေါ်လိုက်ပြီး စောင်ပိုင်းနှင့် သင်္ဘောပင်အောက်မှာ ဆုပ်ကိုင်ဖြန့်၍ ခံထား လိုက်၏။

ဒီမှာ . . . အဖေကြီး ဦးမင်္ဂလာစိန်က သူ့တပည့် ကဝေနိမ့် ဆရာရွှေအိုးလက်ထဲမှ ကြေးစည်နှင့်လက်ရိုက်ကို လှမ်းယူလိုက်ပြီး သင်္ဘောပင်နှင့် သုံးပေအကွာမှာရပ်၍ သင်္ဘောပင်ကို ကြည့်လိုက်၏။

“ဟဲ့ . . . သစ်ပင်ကိုစောင့် ရုက္ခစိုး မြေပြင်ကို စောင့်ဘုမ္မစိုး ငါသရာအမိန့်ပေးလိုက်သည်။ နာခံလော့ . . . ဘုရား။ တရား၊ သံဃာ ရတနာသုံးပါး ငါ့နတ်ဖွား၊ အာခေါင်အာရင်း သိကြားမင်းလည်း ဖန် ဆင်းလာလျက်၊ ရွှေသန့်လျက်နှင့်၊ စက်ကုန်တောက်အောင်၊ ငါ့အာ တွင်းမှာ၊ သိကြားလာ၍ ညီညာဆောင်ကြ . . . ထ ဆရာထ၊ စက် အာဏာလည်း တစ်ရာရှစ်ကွက်၊ ငါ့အာစက်ထိပ်တက်၊ လျှာစက် . . . ထ ဆရာထ၊ ကြွ ဆရာကြွ . . . ဥုံ”

မာန်ပါလွန်းလှ၏။

ကြားရသူအပေါင်း ငြိမ်သက်၍ ငံ့လင့်ကြကုန်၏။ လေတိုက်သံ မကြားရ။ ငှက်အော်သံ မကြားရ။ ခွေးများရှိကြသော်လည်း ခွေးဟောင် သံ စိုးစဉ်းမျှ မကြားရ။ အပ်ကျလျှင်ပင် ကျသံကြားရအောင် ဝန်းကျင် သည် ငြိမ်သက်တိတ်ဆိတ် ငံ့လင့်နေကြ၏။ စူးစိုက်နေကြ၏။

သည့်နောက် အဖေဆရာကြီး ဦးမင်္ဂလာစိန်က သင်္ဘောပင် ပင်စည်ကို ညာဘက်နှင့်ကိုင်ရင်းမှ မန္တန်တစ်ပုဒ်ကို မန်းမှုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဉုံ ... အာကာသေ ... အာကာသေ ဒေဝတာ၊ ဒေဝတာ ပေဟိ ပေဟိ၊ ပုတ္တရာ၊ ပုတ္တရေ ... ငါလည်းမတတ်၊ ရသေ့ရှစ်သောင်း ဆရာကောင်းတို့၏ အတတ်တည်း ... ဉုံ ... မြေလည်း မှန်ကဆင်း၊ သွေးလည်း မှန်ကဆင်း၊ လေလည်း မှန်ကဆင်း၊ ဩြောင်း ... ဒူရေ ဒူရေ ... ဒူရေ ... ကိုင်း ... ကြွေကျကြစေ ..."

"နောင်"

'နောင် ... ဝေ ... ဝေ ... ဝေ"

"နောင် ... ဝေ ... ဝေ ... ဝေ"

"ဟယ်"

"ဝုန်း"

"ဖဝုန်း"

"ဝုန်း ... ဝုန်း"

"ဘုတ် ... ဘုတ်"

"ဟာ"

"ဘုရားရေ"

"ဟာ ... ပြုတ်ကျကုန်ပဟ"

"အံ့စရာပါလားဟ"

"ခွမ်းလှချည်လားဟ"

"ရှုးပဲ့ကွာ"

ကြည့်နေသူအားလုံးရဲ့ပါးစပ်မှ အာမေဍိတ်သံများ ကိုယ်စီ ထွက်ကုန်၏။ အဖေကြီး ဦးမဂ်လာစိန်သည် မန္တန်ဆုံးသည်နှင့် သဘော်ပင်အောက်မှ ကြေးစည်ကို သုံးကြိမ်ရိုက်လိုက်သောအခါ ကြေးစည်သံ ကျယ်ကျယ်လောင်လောင် ထွက်လာသည်နှင့် သဘော်ပင်ပေါ်မှ မှည့်





ဝင်းစ သဘော်သီးအလုံးကြီး အလုံးရှယ်များ ဒေါ်ခါးနှင့်မဖွားကျင်တို့ ကိုင်ထားသည့် ဇောင်ပိုင်းအောက်ခံပေါ်သို့ တဝုန်းဝုန်း ပြုတ်ကျ၍ လာသည်ကို မျက်ဝါးထင်ထင် အားလုံးမြင်ကြရသောအခါ ...

အဖေဆရာကြီးကို အံ့ဩလို့မဆုံး၊ လေးစား၍မဆုံး ...

"ဟား ... ဟား ... ဟား ... ဟား"

"အဟား ... ဟား ... ဟား ... ဟား ... တွေ့ကြပြီလား ဟေ့။

အားလုံးတွေ့ကြပြီလား။ ဟား ... ဟား ... ဟား ... ဟောဒီရွာမှာရှိကြတဲ့ မောက်လုံး၊ မောက်ပြား၊ ဇော်ဂနီ၊ ဇော်ဂနက်၊ ကဝေစုန်း၊ ခြေစုန်း၊ လက်စုန်း၊ မှော်ဝင်စုန်း၊ အိမ့်တလိန့်စုန်း၊ ဇော်ဂနီစုန်း၊ သားစားစုန်း၊ သွေးစုန်း၊ လေစုန်း၊ မိန်းဖလာစုန်း၊ အမောက်သုံးဆင့်ရှိတဲ့စုန်း၊ မှော်ပါစုန်း၊ မှော်စင်စုန်း၊ မှော်ဇီသိမ်းစုန်း၊ စုန်းဘီလူးပဝေ၊ ရနီ၊ ရဝါ၊ ပိတ္တုစုန်း မှန်သမျှ စုန်းမျိုး(၆၆)ပါး ငါ့စကား နာခံကြပေတော့။ မနာမခံ၊ အာခံသလို ပညာစမ်းရင် တစ်ကိုယ်လုံးခြောက်လို့ ခွမ်းခန်းရမယ်။ ဉုံ ... မြို့တော်လေးထောင့်၊ ရွာလေးထောင့်၊ စောင့်တတ်လျင်းသည့်၊ မြင်းသခင်နတ်များ၊ ငါတို့ရန်သူ နှုတ်မှုညည်းဆဲ၊ အသည်းထဲသို့ ခွဲပါစေ။ သေကြေပျက်စီးမီးသို့ လောင်ပါစေ။

ဉုံ ... ကြိုက်ဘတ် ကြိုက်ခဲ၊ ကြိုက်ကာဟဲ ...။ ဝေးရှောင်တ နောက်နင်းသို့ပြန်၊ စုန်းသားကြလည်း စုန်းသို့ပြန်။ နယ်သားကြလည်း နယ်သို့ပြန်၊ တံဖင်ကြလည်း ကန့်ပေါက်စေ၊ တောင်သူကြလည်း ထွန်တုံးကွဲစေ၊ မသူတော်ကြလည်း မိုးကြိုးပစ်စေ ထိးကျိုးလေ။ မှောက်ခုံ အလုံးစုံ ပြန်လည်းဆရာပြန်၊ လှန်လည်းဆရာလှန်။ ကိုင်း ... သားတို့ သမီးတို့ မြင်ကြပြီနော်။ အဖေကြီးရောက်သည့် အခါချိန်ကာစ၍ ငါ့သား



www.burmeseclassic.com

www.burmeseclassic.com



သမီးများ (၉၆)ပါး အနာရောဂါ ကင်းရစေမဟော့။ နောက်(၁၄)ရက် ပြည့်ရင် ဟောဟိုရွာလယ် ကန်ထဲကငါးတွေ ကုန်းပေါ်တက်လာအောင် အဖေကြီး စီရင်ပြမယ်။ ပလိုင်း၊ ပလုံး၊ ဖလုံ၊ လင်ပန်း၊ အိုးခွက်၊ တင်းတောင်း အသင့်ကိုင်ပြီး စောင့်နေကြပေရော့။ ကိုင်း ... ပြန်ကြ ပြန်ကြ၊ အကျိုးစီးပွားဖြစ်ချင်သူများ နေ့ခင်း(၁၂)နာရီ လာခဲ့ကြ"

ရွာသူအချို့သည် လက်အုပ်ချီ၍ အဖေကြီးကို ဂါရဝပြုကြ၏။ အဖေကြီးက ဂါရဝပြုသွားတဲ့ ဦးခေါင်းကို သူ့ညာလက်နှင့်သပ်ချ၍ ကျန်းမာချမ်းသာပါစေဟု ဆုတောင်းလေ၏။

ဒီမှာ ကိုဓာတုဗေဒက လူအုပ်ကြားမှ ကိုရူပဗေဒရဲ့မျက်နှာကို လှည့်ကြည့်ပြီး မေးဆတ်ပြလိုက်၏။

"တော်ပါပေတယ်။ ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

"ဘယ်လိုလုပ်မလဲ ... ရူပ"

"အချိန်တန်ရင် သိကြမှာပေါ့လေ။ လာ သွားစို့"

သူတို့နှစ်ဦးရဲ့ သို့ကလိုပြောသံကို ရွာသူရွာသားတို့ လုံးဝ သတိမပြုမိလိုက်ကြ။

BURMESE CLASSIC .com

# အခန်း (၁၀)

ပွဲစားကြီး ဦးသက်ပြင်းသည် ကြိုးကြီးချိတ် ပုဆိုးအသစ်ကို ရွာတော်ရှင်နဝကွန်းမှ နတ်ရုပ်ကြီးအား ဆက်သလေ၏။

ဒေါ်ခါးက ပါးစပ်မှပြောဆိုရေရွတ်ပြီး ပုဆိုးအသစ်ကို လဲပေး၏။ ဝတ်လဲပုဆိုးအဟောင်းကိုခေါက်၍ ဆွဲခြင်းထဲမှာ သိမ်းထားလိုက်၏။ အနည်းဆုံး အိပ်ရာခင်းတော့ ရနိုင်သေး၏။

"အဖေရွာတော်ရှင်ကြီးရှင့် ... သားတော်ကြီး ကိုသက်ပြင်းက ဝတ်လဲတော်ပုဆိုးအသစ်များကို အဖေကြီးရဲ့အာရုံနိမိတ်ကြောင့် လဲလှယ်ပေးပါ၏။ ဤကုသိုလ်စေတနာအကျိုးကြောင့် ရှုပ်ထွေးသည်းသုံးဆတိုး၍ ရွှေအိုးအမြန်တွေ့ရအောင် မှိုင်းမကူညီပါ အဖေရွာတော်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှင့်''

ပြီးသော် ... ဗောင်းတော်အဟောင်းကို ဖြုတ်၍ ရေလုပ်ငန်း စက်လှေပိုင်ရှင် သူဌေးဦးအောင်လှူဒါန်းဆက်သသည့် ရွှေကျင်ခတ်ပဝါကို ကျကျနန ဆင်၏။ ဒေါ်ခါးက ကြွက်ကိုက်ရာပရပွနှင့် ဗောင်းတော်ကို သုံးမရ၍ လွှတ်ပစ်လိုက်၏။

ပြီး အားလုံးယပ်သွင်း၍ ပန်းသပြေ အမွှေးနံ့သာများ ဆက်၏။

''အဖရှာတော်ရှာကြီးရှင် ... သားတော်ကြီး ဦးအောင်လည်း အဖေဆရာကြီးရဲ့ အာရုံနိမိတ်အရ အဖရှာတော်ရှင်ကြီးကို ဗောင်းတော် ခေါင်းပေါင်းအသစ်များလည်း လှူဒါန်းပါ၏ရှင်။ သားတော်ကြီးဦးအောင် ကိုလည်း ရှိဥစ္စာသုံးဆတိုး၍ ရွှေအိုးများ ရေမှမြေမှရရန် ကူညီညာ ပိုင်း၍ မှိုင်းမတော်မူပါ အဖရှာတော်ရှင်ကြီးရှင့်''

သူတို့သုံးဦးနှင့် မိသားစုသားမယားများ သို့ကလို လှူဒါန်း ပြီးနောက် လိုရာဆုများ ဆုတောင်း၏။

အချိုရည် ဆက်သ၏။ အမွှေးတိုင် ဆက်သ၏။ ဖယောင်းတိုင် ဆက်သ၏။ သစ်သီးများ ဆက်သ၏။

ပြီးသော် ...အဖေကြီး ဦးမင်္ဂလာစိန်နှင့် ချိန်းထားပြီးမို့ အိမ်သို့ အသီးသီးပြန်လာခဲ့ကြ၏။

အဖေကြီး အိမ်သို့ကြွလာ၏။

ဘုရားစင်အောက်မှာ ဘုန်းကြီးထိုင်ကော်ဇောခင်း၍ နေရာ ချ၏။

''သားတော်ကြီး မောင်သက်ပြင်း''

''ခင်ဗျား အဖေကြီး''

---

စိတ်ကူးသစ်စာပေ



''မင်းဖနီးနာမည် ဘယ်သူ ...''

''မရွှေဦးကြည်ပါ အဖေကြီး''

''ဟဲ့ သမီးတော်ကြီး မိရွှေဦးကြည်''

''ရှင် အဖေကြီး''

ရွှေလက်ကောက်များ တံတောင်ဆစ်အထိ ဝတ်ထားသည့် ဒေါ်ရွှေဦးကြည်သည် လက်အုပ်ချီ၍ ထူးလေ၏။

''အဖေကြီးရဲ့ ပညာစွမ်းယုံရဲ့လားဟဲ့''

''ယုံပါတယ် အဖေကြီး''

''ဒီမှာကြည့်''

အဖေကြီးက ညာလက်ဝါးကို ဖြန့်ပြ၏။

''ဘာရှိသလဲ''

BURMESE CLASSIC .com

''ဘာမှမရှိပါ အဖေကြီး''

''လာစမ်းဟဲ့ ...''

''ဟာ''

''ဟယ်''

လာစမ်းဟဲ့ဟု လေထဲမှာ လက်ဝါးကိုလှမ်းဆုပ်သလို လုပ်လိုက်ပြီး ဖြန့်ပြလိုက်သောအခါ ဆီးစေ့ခန့်ရှိသော ကျောက်တစ်လုံး။

''အဲဒါဘာလဲ သိလား''

''မသိပါ အဖေကြီး''

''အဲဒါ ဥဿဖရား''

''ရှင်''

''ဗျာ''

''ရော့ ... ငါ့သားငါ့သမီးနဲ့ ထိုက်လို့ရတာ ယူထား''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဝမ်းသာလိုက်တာ အဖေကြီးရယ်"

တပည့်တပန်း ဆွေမျိုးများပါ အုံသြလို့မဆုံး။

"ကိုင်း . . . ဒီနေ့ တနင်္ဂနွေနေ့သည် သောကြာအခါကျသည့် အချိန်ကိုးကွယ့်။ ဒီနေ့ သောကြာအခါ နှစ်ချိန်ကျတယ်။ မနက်ပိုင်းက တော့ လွန်သွားပြီ၊ ညခုနစ်နာရီခွဲနဲ့ ကိုးနာရီကြား တစ်ချိန်ရသေးတယ်။ ရှိပစ္စည်းသုံးဆယ့်သွားဖို့ အဖေကြီး ဒီအိမ်မှာ (၇)ရက် အဓိဋ္ဌာန်ပြုမယ်။ ငါ့သားသမီးများ ရှိပစ္စည်းရွှေထည့်မှ လိုအပ်သမျှကို ဟောဒီ ယွန်းအစ်ထဲ ကိုယ်တိုင်ထည့်။ ပြီးရင် . . . ကိုယ်တိုင်ဘုရားစင်ပေါ်မှာတင် ရော့ . . . ဟောဒီမှာချိတ်။ ကိုယ်တိုင်ချိတ်ပိတ်ပြီး တင်ရမယ်၊ အဓိဋ္ဌာန် ပြုရမယ်။ အဖေကြီးလက်နဲ့ လုံးဝမထိဘူး။ မကိုင်ဘူး၊ မကြည့်ဘူး၊ မဖွင့်ဘူး။ (၇)ရက်တိတိ အဘိုး ရှင်အဇ္ဇဂေါဏကိုပင့်ပြီး အဖေကြီး သုံးဆယ့်သွား အောင် ဒီမှာအိပ်လို့ ညလုံးပေါက် အဓိဋ္ဌာန်ပြုမယ်။ ငါ့သားများ အဖေကြီးအနီးမှာ စောင့်ကြည့်အိပ်ကြ၊ တော်ကြာ . . . လူလိမ်ဘိုးတော်များ လို ပစ္စည်းမသွားပြီး ကြေးထည့်တွေထည့်လဲတာမျိုး မကြုံရအောင် စောင့်ကြပ်ကြရမယ် ကြားလား"

"ယုံပါတယ် အဖေကြီးရယ်"

"အို . . . ယုံယုံ မယုံယုံ။ ဒီခေတ်က လူလိမ်လူမသမာ လူအယောင်ဆောင်တွေက ပေါများသကွယ့်။ နှစ်ယောက်က အိမ်တံခါးဝ မှာ ဓားထမ်းစောင့်ရမယ်။ ဒီပစ္စည်းထားသည့်ဘုရားခန်း မည်သူမျှ နေ့နေ့ညည မဝင်ရဘူး။ ဟို . . . လူငယ်မောင်အောင်"

"ခင်ဗျာ အဖေကြီး"

"တစ်လက်စတည်း လိုအပ်တဲ့ ရွှေထည်လေးယူလာပြီး သားကြီး မောင်သက်ပြင်းအိမ်မှာပဲ အဓိဋ္ဌာန်ပြု စားသောက်အတူနေ





ပါလား။ ငါ့သားကြီးလည်း ကြုံကိုက်ရာယုံရာ လက်နက်ကိုင် လူစောင့် ခေါ်ခဲ့ပေါ့"

"ဟုတ်သားပဲ . . . ဦးအောင်ရယ်။ ကျုပ်အိမ်က နိုင်နိုင်ခံ့ခံ့ လုံလုံခြုံခြုံ ဥစ္စာ။ (၇)ရက် ဒီမှာပဲစားသောက် အဓိဋ္ဌာန်ပြုပေါ့"

"ဟုတ်ကဲ့။ အဖေကြီးသဘောပါခင်ဗျာ"

"ကိုင်း . . . ဒါဆို ရော့။ ဒီယွန်းဘူးထဲ ပွားချင်တဲ့ပစ္စည်းထည့် ကြ။ ရွှေတစ်ကျပ်သားထည့်ရင် သုံးကျပ်သားရမယ်။ ရွှေတစ်ပိဿာ ထည့်ရင် သုံးပိဿာရမယ်။ (၇)ရက်စေ့လို့ရရင် အားလုံး ရှာဦးမှာ ဘုရားစေတီတစ်ဆူတည်ရမယ် ကြားလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဒီသစ္စာတည်ပါ့မလား"

"တည်ပါတယ် အဖေကြီး"

"အိမ်း . . . သစ္စာတည်ရင် ဘဝဟောင်းက ဥစ္စာပစ္စည်းများ ရကိုရမယ်။ သစ္စာဖျက်ရင် တစ်အိမ်သားလုံးရှူးလိမ့်မယ် ကြားလား"

"စိတ်ချပါ အဖေကြီး။ သားတို့သမီးတို့ သစ္စာတည်ပါမယ့် ရှင်"

သည့်နောက် အိမ်ရှင်ပွဲစားကြီးဦးသက်ပြင်းက လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်၊ နားကပ်များကို ယွန်းအစ်ဘူးထဲသို့ ထည့်၏။

"သားတို့သမီးတို့"

"ရှင် အဖေကြီး"

"အဖေကြီး ဒီတစ်ကြိမ်သာလျှင် အာရုံနိမိတ်ထင်လို့ ဆိုင်ရာ ပိုင်ရာ ပုဂ္ဂိုလ်များလမ်းညွှန်လို့ သားတို့သမီးတို့ဆီကို ရောက်တာနော်။ နောင်တစ်ကြိမ် ရောက်ချင်မှရောက်မှာ အာရုံနိမိတ်ရရာ အရပ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြွရမယ်။ ရတနာသုံးပါးလည်း ယုံကြည်တယ်။ သမ္မာဒေဝနတ် ကောင်းနတ်မြတ်များလည်း ယုံကြည်တယ်။ အဖေကြီးရဲ့သီလသစ္စာ သမာဓိကိုလည်း ယုံကြည်တယ်ဆိုရင် ကံကောင်းလို့ ရှေးဘဝရေစက် ပဋ္ဌာန်းဆက်အရ ကြုံကြိုက်တုန်း ရသမျှရှိသမျှ ပွားကြ။ နောင် ... အာရုံနိမိတ်မရရင် ဘယ်လိုပဲလုပ်နိုင်းနိုင်း အဖေကြီး လုပ်မပေးနိုင်ဘူး ဗျာ။ နားလည်လား''

''ဟုတ်ကဲ့ အဖေကြီးခင်ဗျာ''

သည့်နောက် ဦးသက်ပြင်းတို့လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြ၏။

''မရွှေ''

''ဘာတုံး အစ်ကိုသက်''

''မင်းလက်ကောက်အားလုံး ထည့်လိုက်ဟာ။ (၁၅)ကွင်းဆို အကွင်း (၃၀)ပွားမှာဟ''

''ဖြစ်ပါ့မလား အစ်ကိုသက်ရယ်။ တော်ကြာ ...''

''အို ... ဆရာကြီးက တန်ခိုးကြီးပုံရတယ်။ ငါတို့ရော ငါတို့ တပည့်များပါ ဓားလှံလက်နက်နဲ့ ညစဉ်နေ့စဉ် စောင့်အိပ်စောင့်ကြည့် ကြမှာဥစ္စာ။ ဘာခက်လို့လဲ။ ဘာမယုံကြည်စရာရှိလဲ''

''ဒါဆိုလည်း ရှင့်သဘောပဲ''

သည့်နောက် ကြဲဆစ်လက်ကောက် (၁၅)ကွင်းပါချွတ်၍ သဒ္ဓါကြီးစွာ ယွန်းဘူးထဲသို့ ထည့်လေ၏။ သားသမီးများ ပစ္စည်းဆိုလျှင် ရွှေသားချည်း ငါးဆယ်သားခန့်ရှိလေ၏။

မကြာခင် ... စက်လှေသူဌေး ဦးအောင်လည်း ရွှေထုပ်ကြီး ပိုက်၍ ဇနီးသားသမီးများနှင့်ရောက်လာပြီး ယွန်းဘူးအသစ်မှာ ရွှေထည်





ပစ္စည်းများကို ထည့်လေ၏။

''ကိုင်း ... ကိုယ့်ပစ္စည်းကို စာရင်းဖယားနဲ့ မှတ်ထားကြရဲ့လား''

''မှတ်ထားပြီးပါပြီ အဖေကြီး''

''ဒါဆိုရော ... ဒီမှာချိပ်။ ကိုယ်တိုင် ဘူးအဖုံးပတ်လည်ကို ချိပ်ပလောင်းပြီးပိတ်ကြ''

ဒီမှာ ... ကိုသက်ပြင်း၏ယောက်ဖ ရွာစားကြီးရှဖီးဆိုသူက လည်ပင်းမှ တစ်ကျပ်သားရွှေဆွဲကြိုးကိုဖြုတ်၍ ...

''အဖေကြီး''

''ဘာတုံး''

''သားကြီးရဲ့ရွှေဆွဲကြိုးလည်း ထည့်ပါရစေခင်ဗျား''

ရွာစားကြီးရှဖီးကဲ့သို့ပင် ဘုန်းကြီးပျံများမှာ ခေါင်းတလား စက်မဏ္ဍပ်များလိုက်လုပ်ရင်း ကြီးပွားနေသည့် ဒေါ်ပုံ–မင်းဟာန်ဆိုသူ ကလည်း သူ့ရွှေလက်စွပ်ကို ပွားပါရစေဟု တောင်းဆိုလေ၏။

''နေကြဦး သားတို့သမီးတို့။ အခု အဖေကြီးကို အထက်က အမိန့်ချအာရုံပေးထားတာ မယားနှစ်ယောက်ရှိသူ မောင်သက်ပြင်းနဲ့ မောင်အောင်တို့နှစ်ဦးကိုပဲ။ ရုပ်လက္ခဏာအရ လုပ်ပေးဖို့ အမိန့်ချခဲ့ တာဆိုတော့ သားတို့သမီးတို့ ကြားလူများဝင်ရောပါလို့ မရသေးဘူး ကွယ့်။ ခဏသည်းခံကြပါကွယ်။ အဲဒီအတွက် သားတို့သမီးတို့ ကြားလူ ယုံကြည်လိုလားသူများ ကျေနပ်ကြရအောင် အဖေကြီးစီးပွားဖြစ်စေ တဲ့ ရှင်သီဝလိရုပ်တုများ ချီးမြှင့်ခဲ့မယ်။ အဲဒီရုပ်တုကို နို့ဆွမ်းတစ်လ ဆက်ကပ်လှူဒါန်းပြီး အဓိဋ္ဌာန်ပြုရင် စီးပွားဥစ္စာ ဒီရေအလားတိုးလိမ့် မယ်။ ဟုတ်လား ... နော်''



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ သားတို့အလှည့်လုပ်ပါ အဖေကြီးရယ်"

ရှာစားကြီးရှုမီးဆိုသူက လောဘမျက်နှာနှင့် ပြောလေ၏။

"စိတ်ချ . . . ငါ့သားကြီးအိမ်ကို အဖေကြီးအမိန့်ရှရင် ကြွခဲ့မယ်ကွယ့်။ ကိုင်း . . . ချိပ်ပိတ်ကြ"

ဦးသက်ပြင်းနှင့် ဦးအောင်တို့သည် ရွှေထည့်ထားသည့် ပစ္စည်းဘူးများရဲ့ နှုတ်ခမ်းအဖုံးပတ်လည်ကို ချိပ်နှင့်ကပ်ပိတ်လိုက်ကြ၏။

"ပြီးရင် ဘုရားစင်ပေါ်မှာ ကိုယ့်လက်နဲ့ကိုယ် တင်ကြ"

ပြောသည့်အတိုင်း တင်လိုက်ကြ၏။

ပြီးသည်နှင့် ကာယကံရှင်မိသားစုများ၊ ဆွေမျိုးများအားလုံး ဘုရားစင်ရှေ့မှာ ငါးပါးသီလခံယူကြလေ၏။

သည့်နောက် . . . အဖေဆရာကြီးက (၇)ရက်၊ (၇)လီ နေ့ရော ညပါအစောင့်လုပ်ပြီး စောင့်ကြပ်ကြမည့် ဗလကောင်းကောင်း၊ ရဲရွှမ်း သတ္တိနှင့်ပြည့်စုံသူနှစ်ဦးရဲ့ ငှက်ကြီးဖောင်မှားရှည်နှင့် အမဲလိုက်လှံရှည်ကို ကိုင်ယူပြီး မန်းမှုတ်စီရင်လေ၏။

"ရော့ . . . အဲဒီဓားနဲ့လှံကိုင်ပြီး ဒီဘုရားခန်းဝအပြင်က နေ့ရောညပါစောင့်။ တစ္ဆေသရဲ အနှောင့်အယှက်လာရင် ဓားပြရုံနဲ့ ပြေးရောပေါ့ . . .။ မင်းတို့လည်း ညစဉ်အမိန့် အဖေကြီးနဲ့ဝင်ကြ။ ဟဲ့ အစောင့်နာမည် ဘယ်သူ . . ."

"ကုလားကြီးနဲ့ ဗလကြီးပါ အဖေကြီး"

"အေး . . . လူလေးတို့နှစ်ဦးက ဒီဘုရားခန်းကို အဖေကြီး ရယ်၊ ဟောဒီ မောင်သက်ပြင်းနဲ့မောင်အောင်ရယ်၊ အဖေကြီးတပည့် မောင်ရွှေအိုးရယ်ကလွဲရင် ဘယ်လိုလူမျိုးမှ အထဲကို အဝင်မခံနဲ့။ ခုချိန်





ကစပြီး အဖေကြီး စည်းချပြီနော်။ လူစိမ်းသူစိမ်းဝင်ရင် အမိန့်ပျက်ပြီ။ (၇)ရက်ပြီးရင် မင်းတို့ကိုယ်တိုင် ဖွင့်ရမယ်။ ကိုင်း . . . ကျန်လူတွေ ထွက်ကြ"

"အဖေကြီး ရှင်သီဝလိရုပ်တု"

"အေး . . . အေး . . . ရော့ . . . ရော့"

အဖေကြီး ဦးမင်္ဂလာစိန်က ရှာစားကြီးရှုမီးနှင့် ဒေါ်ပုံ မင်း ,န် တို့လူစုကို လက်တစ်ဆစ်ခန့်ရှိသော ရှင်သီဝလိရုပ်တုတစ်ရုပ်စီပေးပြီး ပြန်နိုင်းလိုက်လေ၏။

"အရက်မသောက်နဲ့နော်"

"ဟုတ် . . . ဟုတ်ကဲ့ အဖေကြီး"

သည့်နောက် (၂၄)ပစ္စည်းနှင့် စည်းချ၏။

ပြီး . . . ပဌာန်းပယ်မန္တန်ကို ကိုးခေါက်ရွတ်၏။

သမန္တာစက္ကဝါဠလေသုကို ရွတ်၏။

ပြီး . . . မည်သူမျှ မကြားဖူးသော ဂါထာမန္တန်များကို အသံ ဟိန်း၍ တစ်နာရီခန့် ရွတ်ဆိုပြီးနောက် . . .

အလွန်ကြီးမားသော စိပ်ပုတီးကြီးကို တင်ပျဉ်ခွေချိတ်စိတ် ကာ အမိန့်များကို ပြုတော့လေသည်။

ဦးသက်ပြင်းနှင့် ဦးအောင်တို့လည်း ရရာဂါထာများကိုရွတ် ၍ ဆုမွန်ကောင်းများတောင်းကြ၏။

ရှိပစ္စည်း သုံးဆပွားပါစေဟု ဆုတောင်း၏။

ဘုရားစေတီတည်၍ ထမင်းရည်ချောင်းစီး မောင်းတီးလှူနိုင် သူများဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

ထမင်းစားချိန်ရောက်သည့်တိုင် အဖေကြီးက ပုတီးကိုစိပ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ပုတီးဖြုတ်သော် ဟင်းကောင်းဟင်းလျာများနှင့် ကျွေးပါသော်လည်း ရေနှင့်ထမင်းဖြူကိုသာ ဆမ်း၍စားသဖြင့် အားလုံးအံ့သြရ၏။

အဖေကြီးသည် တဏှာမရှိသူပါတကား ...

လောဘမရှိသူပါလား ...

အာဟာရမမက်သူ၊ တင်းတိမ်ရောင့်ရဲသူပါကလား။ လက်ဖက်ရည်နှင့်နွားနို့ လုံးဝမသောက်။ ငှက်ပျောသီးတစ်လုံးကို မန်း၍စားပြီးသော် စိပ်ပုတီးနှင့် အဓိဋ္ဌာန်ဝင်ပြန်လေ၏။

ဦးသက်ပြင်းနှင့် ဦးအောင်တို့ကား အဖေကြီးလို ကြာကြာမထိုင်နိုင်။ ညောင်း၍ အင်းအဲဖြစ်နေ၏။

တော်သေးရဲ့။

အဖေကြီးရဲ့သားတပည့် ကဝေနှိမ်ဆရာ မောင်ရွှေအိုးရောက်လာပြီး နေသာသလိုနေပါဆို၍ ခွေခွေလေးမှိန်းရင်း (၃၇)မင်းကို တိုင်တည်ကာ အိပ်မက်ကောင်းများ တန်းစီမက်၍ အိပ်ပျော်သွားခဲ့ကြလေသည်။

---

## အခန်း (၁၁)

□

ဒီလိုနှင့် (၅)ရက်၊ (၅)ညတိတိ ကြာခဲ့၏။ ဦးသက်ပြင်းနှင့် ဦးအောင်တို့လည်း အဖေဆရာကြီး ဦးမင်္ဂလာစိန်နှင့် အဓိဋ္ဌာန်ဝင်ရင်း ကြာကြာမထိုင်နိုင်၍ အိပ်ပျော်သွားသည်လည်း ရှိခဲ့၏။

အဖေကြီးကား ... အဓိဋ္ဌာန်ဝင်လျှင် ခြင်ကိုက်လို့တောင်မလှုပ်။ မရိုက်။ ဖွဲ့နိုင်လှ၏။ အပေါ့အပါးထမသွား။ ထမင်းရေဆမ်းစားချိန်၊ ရေနွေးကြမ်းသောက်ချိန်မှာပဲ (၁၅)မိနစ်ခန့် နားလေ့ရှိ၏။

ကျန်အချိန်များအားလုံး ဘုရားခန်းမှာပဲ တင်ပျဉ်ခွေထိုင်၍ ပုတီးစိပ်၍ အဓိဋ္ဌာန်ဝင်၏။ အဓိဋ္ဌာန်မှဖြုတ်လျှင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ပြီး ရတနာထည့်ထားသည့်အုပ်နှစ်ခုကို လက်ဝါးနှင့်သပ်၍ ရွှေမိုးရွာစေရန် မဟာဝေဒမန္တန်ကို ရွတ်လေ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ အဖေကြီး ထမင်းသုံးဆောင်ချိန်မှာ မေးရ၏။

''အဖေကြီး သားတို့ အပြင်ထွက်လို့ မရဘူးလားဟင်''

''ဘာဖြစ်လို့လဲ သားတို့ရဲ့''

''အဖေကြီးလို နေ့ရောညပါ မထိုင်နိုင်ဘူး အဖေကြီးရဲ့။ ညောင်းလို့ပါ''

''အိမ်း ... ဒါဆိုလည်း ခွင့်ပြုရတာပေါ့ဗျာ။ ဖြန့်စမ်း ... မင်းတို့ လက်ဝါးတွေ''

ဦးသက်ပြင်းနှင့် ဦးအောင်တို့က သူတို့လက်ဝါးများကို ဖြန့်လိုက်၏။ အဖေကြီးက သူတို့လက်ဝါးများကို သူ၏ ညာလက်ဝါးနှင့် ရိုက်ပြီး ...

''ဉ ... ဟောဒီသားများ အပြင်ရောက်လျှင် မည်သည့် အပပယောဂမျှ မဝင်ရ၊ မကပ်ရ၊ မနှောင့်ယှက်ရ။ နှောင့်ယှက်ခဲ့သည်ရှိသော် လောင်မီးကျ၍ ပြာအတိဖြစ်စေ။ ဩောင်း ... ဩောင်း ... ဩောင်း ... ကိုင်း ... ငါ့သားများ ဟိုနားဒီနား သွားချင်သွားလို့ရပြီ။ ဒါပေမဲ့ ... နော် ...''

''ဘာလဲဟင် အဖေကြီး''

''ဘာဖြစ်လို့လဲ ခင်ဗျာ''

အဖေကြီးက သူတို့မျက်နှာနှစ်ခုကို စိုက်ကြည့်ပြီး ...

''မင်းတို့ အိပ်ပြန်ပြီး ဖနီးမယားနဲ့ မအိပ်ရဘူး''

''ဗျာ ... အိပ်ရင် ဘာဖြစ်မှာလဲဟင် ...''

ဒီမှာ ဖနီးမယားနှစ်ယောက်ရှိသည့် ဦးသက်ပြင်းက အလျင်စလို မော့၍မေး၏။

''မိန်းမနဲ့သွားအိပ်ရင် စည်းပေါက်ပြီပေါ့ သားတို့ရယ်။ စည်း





ပေါက်ရင် ပယောဂအနှောင့်အယှက်ဝင်ပြီ။ ဝင်ရင် အဖေကြီးတို့ ကြံစည်ပွားများအမှု အလဟဿဖြစ်ပြီး အချိန်ကုန်လူပန်း ဖြစ်ပြီပေါ့။ နက်ဖြန်နဲ့သန်ဘက်ခါနှစ်ရက်ဟာ နောက်ဆုံးရက်ပဲ။ ပိုပြီး ဂရုစိုက်ရမယ်။ ဒါပါပဲ။ အဲဒါလေး ဆင်ခြင်လိုက်ကြ။ သွား ... သွား ... အစိဋ္ဌာန်ပြီးမှ ... အဟင်း ဟင်း ဟင်း''

သူတို့ အဖေကြီးလိုတရ ဦးမင်္ဂလာစိန်ရဲ့ ခွင့်ပြုချက်ရသည်နှင့် အပြင်သို့ထွက်လိုက်ကြ၏။ လေကောင်းလေသန့်ကို တဝကြီးရှူလိုက်ကြ၏။ ဦးအောင်က သူ့အိမ်သို့ ခဏကြည့်ပြီး မယားမျက်နှာကို ကြည့်၏။

စက်လှေငါးဖမ်းလုပ်ငန်း အခြေအနေသို့ မေး၏။ ဒီမှာ မယားလုပ်သူက မေး၏။

''ကိုအောင် အခြေအနေ ဘယ်လိုလဲတော့်''

''နက်ဖြန်တစ်ရက်ပြီးရင် ငါတို့ချမ်းသာပြီ မငြိမ်းရ''

''ကျုပ် ကားစီးချင်တယ် ကိုအောင်ရယ်''

''စီးရမှာပါဟာ။ အဟီး ... နှစ်ရက်ပဲစောင့် ... စောင့်''

''ကျုပ်စိတ်ကြိုက်ကား ယပ်ခတ်စရာမလိုတာမျိုးကို ဝယ်မှာနော် ကိုအောင်''

''အေးပါ ... မိန်းမရာ။ ငါလည်း ...''

''တော်က ဘာလိုချင်လို့တုံး''

''နောက်မိန်းမ''

''ဘာ ... ဘာ''

''အဲ ... အဲ ... နောက်မီးကောင်းကောင်းကားကို ရှာဝယ်လို့ပြော ... ပြော ...''



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာနော်ကိုအောင်။ ရှင် ကိုသက်ပြင်းလို မယားနှစ်ယောက် ယူဖို့ . . . ဟိုသိန်းဝင်းဆိုတဲ့ငနဲလို မိန်းမပြင်သွားရှည်ကျတာမျိုး မချိုးနဲ့။ မိငြိမ်းအကြောင်း ရှင်သိတယ်။ ဓားနဲ့အရင်းကနေ ကပ်လှီးဖြတ်ပစ်မယ်သိလား။ ဟင်း . . . ဟင်း . . . တောက်"

"အေးပါ . . . မိန်းမရာ။ ငါကလည်း ဒီကမ္ဘာမှာ ဟောဒီမိန်းမကလွဲပြီး ကျန်တဲ့မိန်းမမှန်သမျှ ခွေးသေးပန်းရွက်လောက် စိတ်မဝင်စားပါဘူးကွာ။ အဟဲ . . . ဟဲ . . . ဟဲ . . . အဟီး . . . ဟီး"

ပြောရင်း မိန်းမလုပ်သူရဲ့ ကိုယ်လုံးကျစ်ကျစ်ကို လှမ်းဖက်လိုက်၏။

"ဖယ်ပါ"

"ခဏလေးဥစ္စာ"

"ရှင်နော် . . . ရှင် . . . သွား . . . သွား"

"မိန်းမလည်းကွာ၊ ချစ်လို့ဥစ္စာကို"

"ကိုအောင် . . . ရှင် အမိဌာန်ဝင်နေ မဟုတ်လား။ အမိဌာန်က ထွက်တဲ့နေ့ကျမှ . . . အို . . . လွှတ်"

မိန်းမက ရုန်းကန်ရင်း တွန်းလွှတ်၏။ ဒီမှာ သူ အဖေကြီးရဲ့ သတိပေးစကားကို သွားသတိရပြီး ကြက်သီးဖြန်းဖြန်းထနေသည်။ စိတ်ကိုချုပ်တည်းကာ ညာဘက်ပါးလေးကို ရွှတ်ခနဲ အာသာပြေနမ်းလိုက်ပြီး အပြင်သို့ မထွက်ချင်ထွက်ချင် ပြန်ထွက်ခဲ့လိုက်လေသည်။

ဒီလိုနှင့် အမိဌာန်(၇)ရက်နေ့မနက်သို့ ရောက်လာခဲ့၏။

"ကိုင်း . . . သားတို့နှစ်ဦး ဒီနားလာကြစမ်း"

"ဟုတ်ကဲ့ အဖေကြီး"

"မောင်သက်ပြင်း"





"ခင်ဗျာ . . . အဖေကြီး"

"မင်းက အိမ်ရှင်။ မင်းအိမ်သားအားလုံး ခေါ်လိုက်စမ်း"

ဦးသက်ပြင်းက မယားကြီး၊ မယားငယ်နှင့် သမီးများသားများ၊ ခယ်မများ အိမ်ပေါ်မှ အားလုံးကို ခေါ်လိုက်၏။

"လူစုံပလားဟေ့"

"စုံပါပြီ အဖေကြီး"

"နားထောင်ကြ။ ဒီနေ့ဟာ နောက်ဆုံးနေ့ပဲ။ အရေးကြီးတယ်၊ ဒီနေ့ညနေဝင်ရင် အတိုက်အခိုက်ကြမ်းကြမ်းနဲ့ တို့များအားလုံး ရင်ဆိုင်ရလိမ့်မယ်"

"ဗျာ . . . ဘယ်လို အတိုက်အခိုက်လဲ အဖေကြီး ခင်ဗျာ"

"အောင်မြင်ခါနီး အနှောင့်အယှက်လို့ ခေါ်တယ်။ ဒါမျိုး အဖေကြီး ရင်ဆိုင်နေကျပါ။ အဖေကြီးကတော့ လုံးဝဂရုမစိုက်ပါဘူး။ သားတို့သမီးတို့က မကြုံဖူးတော့ ကြောက်ကြလိမ့်မယ်၊ လန့်ကြလိမ့်မယ်။ ဒီည လေကြီးမိုးကြီး ကျလိမ့်မယ်"

"ဗျာ"

"ဟင်"

"တကယ်"

"လေကြီးမိုးကြီးနဲ့အတူ မိုးကြိုး (၁၀)ကြိမ်ပစ်လိမ့်မယ်"

"ဘုရားရေ"

"ဟောဒီ အိမ်စည်းရိုးထဲကို မကောင်းဆိုးဝါးအနှောင့်အယှက်ပေးလောကသား နာနာဘာဝများ ဝင်လာလိမ့်မယ်။ အချို့က ခေါင်းမပါဘဲ ကိုယ်လုံးချည်း ဝင်လာကြလိမ့်မယ်"

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . . ဘုရား"

မိန်းမသားများက လန့်၍ ဘုရားတ,ကြ၏။ လက်အုပ်ချီကြ၏။

အချို့က ခေါင်းမီးစွဲနဲ့ ဝင်လာလိမ့်မယ်။ အချို့သရဲတစ္ဆေ အနှောင့်အယှက်များက ဆံပင်ဖားလျားချနဲ့ ခြံဝကနေ လက်ယပ်ခေါ်လိမ့်မယ်။ အချို့က ကလေးငယ်လိုဖန်ဆင်းပြီး 'အိမ်ပေါ်ကိုတက်ဖို့ ကြိုးစားလိမ့်မယ်"

"ဒါ . . . ဒါဆို သားတို့ သမီးတို့ ဘယ်လိုနေရမှာလဲ ဟင် အဖေကြီး"

"သမီးတော့ ကြားရရုံနဲ့ ကြောက်လိုက်တာ အဖေကြီးရယ်"

"မကြောက်နဲ့။ အဖေကြီးနဲ့ မောင်ရွှေအိုးရှိတယ်။ အားလုံးတို့ ည(၇)နာရီထိုးတာနဲ့ အန္တရာယ်ကင်း ပရိတ်ရေမန်းတိုက်မယ်။ လက်ဖွဲ့မျှား ဆွဲပေးမယ်။ ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ ခင်ဗျ"

ဒီလိုနှင့် ညနေစာကို သူတို့အားလုံး စောစောချက်ပြုတ်၍ စားသောက်လိုက်ကြပြီး ည(၇)နာရီထိုးသည်နှင့် အဖေကြီးရဲ့ရှေ့မှောက်မှာ ရိုသေစွာ ရှိနေလိုက်ကြသည်။

အဖေကြီးလည်း မောင်းထောင်ချိုင့်ကြီးထဲမှာ ရေကိုထည့်၍ မန်းမှုတ်၏။ ပဌဝီဖယမန္တန်ကို (၉)ကြိမ်ရွတ်၏။ ၎င်းနောက် ကာံ်း စောင့်များအပါအဝင် သူတို့အားလုံးကို ရေမန်းတစ်ခွက်စီ တိုက်လေ၏။ ပြီး . . . လက်ဖွဲ့ကြိုးတစ်ခုစီ လက်ကောက်ဝတ်မှာ ပတ်ချည်ပေး၏။

အဖေကြီးက စားကိုင်လုံကိုင် အစောင့်နှစ်ဦးကို ခေါ်၏။





"ဗလကြီးနဲ့ ဖိုးကုလား"

"ခင်ဗျာ အဖေကြီး"

"မနက်က ငါပြောသလို ခေါင်းမပါတဲ့ကိုယ်လုံး၊ ခေါင်းမီးစွဲဦးခေါင်း၊ လျှာတန်းလန်းမိန်းမ ဝင်လာရင် ဓားနဲ့ခုတ်"

"ဟုတ်ကဲ့"

"ကလေးလိုလို၊ ခွေးလိုလိုဝင်လာရင် မောင်းထုတ်"

"ဘာဖြစ်လို့လဲ အဖေကြီး"

"အဲဒါ . . . လူအစစ်တွေ မဟုတ်ဘူးဟ။ နာနာဘာဝ တစ္ဆေသရဲ၊ ကျတ်၊ မှင်စာ အနှောင့်အယှက်တွေ။ ငါတို့ရဲ့ နောက်ဆုံးညအစီအရင်ကိုဖျက်ဖို့ ကျိန်းသေရောက်လာမှာ"

"ကုလားကြီး"

"ခင်ဗျာ အဖေကြီး"

"မိန်းမချောချောလှလှများ ခြံဝကနေ မင်းတို့ကို လက်ယပ်ခေါ်ရင်၊ ထမီရင်ရှားနဲ့ မြူဆွယ်ရင် လုံးဝထွက်မတွေ့နဲ့။ သွားထွက်တွေ့ရင် အားလုံးစည်းပေါက်ပြီး ငါတို့အားလုံး ဟောဒီအိမ်ပေါ်မှာ မိုးကြိုးမှန်လို့ အစိမ်းသေ သေကုန်လိမ့်မယ် . . . ကြားလား"

"စိတ်ချ အဖေကြီး။ ကျွန်တော်တို့ ဂရုစိုက်ပါ့မယ် ခင်ဗျ"

"ပေးစမ်း . . . မင်းတို့ ဓားနဲ့လှံ"

ကုလားကြီးတို့က ဓားနှင့်လှံကို အဖေကြီးထံ ကမ်းပေးလိုက်ကြ၏။ အဖေကြီးက ဓားပြားနှင့်လှံဖျားပေါ်မှာ ကွမ်းစားထုံးနှင့် အင်းတစ်ကွက်ချ၍ မန်း၏။ ပြီးလက်နှင့် သုံးကြိမ်သပ်ချ၏။

"ဝင်လာသမျှ အဲဒီဓားလှံနဲ့ ဟန့်။ ဟန့်လို့မရရင် ခုတ်"

"ဟုတ်ကဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . အပြင်မှာသွားစောင့်။ ဂရုစိုက်နော်"

"စိတ်ချပါ အဖေကြီး။ ကျွန်တော်တို့ မကြောက်ပါဘူးခင်ဗျ"

"ကိုင်း . . . သားတို့သမီးတို့က လက်အုပ်ချီပြီး ဘုရားအာရုံပြုကြ။ မိုးလင်းရင် ရှိမစွည်းသုံးဆပွားပြီး ငါ့သားသမီးများ ချမ်းသာပြီကွ။ ချမ်းသာရင် ကတိအတိုင်း ဘုရားစေတီ ကိုယ်စီတည်ဖို့ မမေ့ကြနဲ့။ ကိုင်း . . . အဖေကြီး အဓိဋ္ဌာန်ဝင်မယ်ဟေ့"

ပြောပြီးနောက် အဖေကြီးသည် ဘုရားခန်းသို့ဝင်လေ၏။ ပြီးခန်းဆီးလိုက်ကာကို ချ၏။

ဦးသက်ပြင်းမိသားစုနှင့် ကိုအောင်တို့က ဘုရားခန်းအပြင်ရှေ့မှာ လက်အုပ်များချီ၍ ဘုရားကို အာရုံပြုပြီး မိုးသံလေသံ လျှပ်စီးလက်သံများကို နားစွင့်နေကြလေ၏။

ဒီလိုနှင့် ဘုရားကို အာရုံပြုနေစဉ်မှာပင် . . .

အိမ်ရှင်ဦးသက်ပြင်း တစ်ချက်သမ်းလိုက်၏။ ၎င်းနောက် ဆက်တိုက်သမ်းလိုက်၏။ ဦးသက်ပြင်း အားရပါးရ သမ်းဝေပြီးသောအခါ ကျန်အိမ်သားများ တဝါးဝါးသမ်းဝေကြကုန်၏။

မကြာခင် အိမ်ကြီးရှင် သူဌေးဦးသက်ပြင်း သမ်းဝေရင်းမှ တင်စောင်းလဲကျပြီး အိပ်ပျော်သွားလေ၏။

ဒါနှင့် ရှေးမနှောင်းမှာပင် စက်လှေသူဌေး ဦးအောင်နှင့် ဦးသက်ပြင်းရဲ့ မယားနှစ်ယောက်အပါအဝင် သားသမီးများအားလုံး တဝါးဝါးသမ်းပြီး နေရာမှာတင်ခွေလျက် အိပ်ပျော်သွားကြလေ၏။

ဒါကို . . . ဓားလုံကိုင်စောင့်နေသည့် ဗလကြီးနှင့် ကုလားကြီးတို့ မြင်နေရ၏။

"ကုလားကြီး"





"ဘာတုံး"

"အနှောင့်အယှက်ဝင်ပြီနဲ့တူတယ်။ ဟိုမှာ အိပ်ပျော်ကုန်ပြီ"

"အိပ်ပျော်တော့ မကြောက်ရတော့ဘူးပေါ့ကွ"

"ငါတို့လည်း သတိထားနော်"

"ရှူတ်"

"ရှူတ် . . . ရှူတ်"

"ဟေ့ . . . ဘယ်သူလဲ"

ကုလားကြီးက လုံကိုမြှောက်၍ မှောင်ထဲသို့ အော်မေးလိုက်သည်။

"ငွမ်း"

"အမယ်လေး"

"ဘာတုံး ဗလကြီး"

"မသိဘူးဟ"

"မီးနဲ့ထိုးစမ်း"

သူတို့ လက်နှိပ်မီးနှင့် ထိုးကြည့်၏။ မည်းမည်းကြီး ချုံနောက်မှာ ရစ်နေသည်ကိုမြင်၍ မီးနှင့်ထိုးရင်း လှမ်းမေးလိုက်၏။

"ဘယ်သူတုံးဟ"

"ဟင်း . . . ဟီး . . . ဟီး"

"ကဲဟာ"

"ဝီး . . ."

ကုလားကြီးက လက်ထဲကလုံနှင့် ချုံရှိရာသို့ အားကုန်ပစ်လိုက်၏။ လုံက ချုံထဲကို ဝင်သွား၏။

"ဝါး . . . အား . . . ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီးသမ်းဝေရင်း မျက်စိလေးလာ၏။ ကုလားကြီးသမ်းသည်ကိုမြင်သော် ဗလကြီးလည်း သမ်းဝေချင်လာ၏။

"ဝါး . . . အား . . . ဟား . . . ဒီနေ့ညကျမှ . . . ဝါး . . . ဟား ဟား"

နှစ်ယောက်စလုံး အားပါးတရသမ်းဝေရင်း ဓားပိုက်၍ တိုင်ကို မှီလိုက်ကြ၏။ မကြာမီ လက်ထဲက လက်နှိပ်မီးလွတ်ကျပြီး သူတို့နှစ်ဦးစလုံး အခန်းအပြင်မှာ ဒူးညွတ်ခွေကျ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြလေသည်။

## အခန်း (၁၂)

အဓိဋ္ဌာန် (၇)ရက်ပြည့်ပြီး (၈)ရက်မြောက်မနက်သို့ ရောက်သောအခါ ဓာတ်လှေသူဌေးဦးအောင်ရဲ့ မိန်းမနှင့်သားသမီးများ၊ ပွဲစားကြီးဦးသက်ပြင်း၏ ဆွေမျိုးသားချင်းများသည် အဖေဆရာကြီး အဓိဋ္ဌာန်ဝင် သုံးဆယ့်စီရင်သည့် ဦးသက်ပြင်းအိမ်သို့ အုပ်စုဖွဲ့၍ မက်လာသတင်းကို မေးရန် သိရန် ကြွချီလာကြ၏။

"အစ်ကို သက်ပြင်း။ တော့် . . . အစ်ကိုသက်ပြင်း"

"သက်ပြင်းရေ . . . ယောက်ဖကြီး"

"အစ်ကိုအောင် . . . အစ်ကိုအောင်ရေ"

"အဖေကြီး . . . အဖေကြီး . . . ဆရာလေး ရွှေအိုး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခြံတံခါးမှ ခေါ်သံများ စီစီညံနေ၏။ သို့သော် အထဲမှ လုံးဝပြန်ထူးသံ မကြားရ။

"တိတ်လှချည်လားဟဲ့"

"အိပ်ပျော်နေကြနဲ့တူရဲ့"

"ဟုတ်ရဲ့လားဗျာ။ ငါတို့ ဈေးမှာငှားမှာ ပေးရမှာသိမှာကြောက်လို့များ ပုန်းနေ တိတ်နေကြရော့လား"

"တံခါးဖွင့်ဝင်ကွာ"

ဝက်မွေးသည့် ဝက်ဝင်းသိန်းဆိုသူက စေ့ထားသည့်တံခါးကို တွန်း၍ ရှာစားကြီးရှုဖီး၊ မုဆိုးကြီးလေးမောင်နှင့်အတူ ရှေ့ဆောင်ဝင်လာကြ၏။

"ဟော့ ... ကိုသက်ပြင်း။ ဟင် ... ဒါ ... ဒါ ဘယ်သူတွေလဲဟ"

ဒီမှာပဲ သူတို့ အိမ်အတက်အဆင်းတံခါးဝမှာ ငုတ်ကြီးတောင်ဓားရှည်ပိုက်ပြီး ဖင်ပေါ်ခေါင်းပေါ် အိပ်နေသည့်လူနှစ်ဦးကို ငုံ့ကြည့်လိုက်ကြ၏။

"ဟ ... ဒါ ဗလကြီးဟ ... ဟိုက ကုလားကြီးပဲ"

"ဟော့ကောင် ... ဗလကြီး၊ ကုလားကြီး ... ထစမ်း ... ထစမ်း"

"အိပ်လိုက်ကြတဲ့ကောင်နှစ်ကောင်ကွာ။ ဗလကြီး ... ကုလားကြီး"

"အင် ... ဟင် ... ဟင် ... အင်"

"ထ ... ထ"

"အင့် ... အင့် ... ဟင့်"





ရှာစားရှုဖီးနှင့် ကိုလေးမောင်၊ ဝက်ဝင်းသိန်းတို့က ကုပ်မှဆွဲပြီး လှုပ်နိုးထူလိုက်မှ ငနဲသားနှစ်ကောင် မျက်လုံးပွတ်ပြီး နိုးကြ၏။

"ဟော့ကောင် ... ဗလကြီး။ ဘာလို့ အထဲမှာမအိပ်တာလဲ"

"ဟင် .. ကျုပ်တို့ ..."

"မင်းတို့ ဘာလို့ ဒီမှာအိပ်ပျော်နေတာလဲ"

"ဟာ ... ဒုက္ခပဲ"

"ဘာ ဒုက္ခလဲဟ"

ဒီမှာပဲ ကုလားကြီးနှင့် ဗလကြီးတို့သည် ကုန်းရုန်းထပြီး အိမ်တံခါးမကြီးကို တွန်းဖွင့်၍ ကြည့်လိုက်သောအခါ ...

"ဟာ"

"ဟယ်"

"ဟင်"

"ဟာ ... ဒီမှာလည်း အကုန်အိပ်ပျော်လို့ပါလားဟ"

အားလုံး တုံးလုံးပက်လက်အိပ်ပျော်လို့ အချို့ထဘီလန်၊ ပုဆိုးလန်နေ၍ ဖုံးဖိပေးကြရ၏။

"သက်ပြင်း"

"ကိုအောင် ... ဟဲ့ ကိုအောင်"

"အစ်ကိုအောင် ... အမယ်လေး အစ်ကိုအောင်ရေ"

"မိရွှေ ... မိငြိမ်း ... သန်းရှင် ထစမ်း ... ထကြစမ်း"

အားလုံးကို လှုပ်နှိုးပုတ်နှိုးလိုက်မှ အကုန်လုံး အီးအဲ ညည်းညူ၍ ထထိုင်ကြ၏။ ဆွေမျိုးသားချင်းများမျက်နှာကို မြုန်းစားကြီး မြင်ကြသော် အံ့သြကုန်ကြ၏။

"အိပ်လှချည်လားဟ။ ဘယ်လိုဖြစ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီးရော သက်ပြင်း"

"ဘုရားခန်းထဲမှာပဲ ရှိနေမှာပေါ့"

"ဟုတ်ရဲ့လား။ ဒီနေ့ (၈)ရက်ရောက်နေပြီလေကွာ။ မင်းတို့ ကိစ္စတယ်လိုလဲကွ"

"အဖေကြီးထွက်လာရင် သိရမယ်"

"မကြွလာသေးဘူးလား ကိုအောင်ရ"

"တစ်ညလုံး အဓိဋ္ဌာန်ပြီး အနှောင့်အယှက်တွေကို နှင်နေတာ။ နှင်နေတုန်း ကျုပ်တို့ အိပ်ပျော်သွားတာဗျ"

ဦးအောင်နှင့် ဦးသက်ပြင်းတို့က မနေ့ညက အဖေကြီးပြောပြသည့် အဖြစ်အပျက်ကို ပြန်ပြောပြကြ၏။ အချို့ မယုံမရဲ။ ဒီလိုနှင့် အချိန်နာရီဝက်ခန့် ကြာသွား၏။ အဖေကြီး ဘုရားခန်းလိုက်ကာနောက်မှ ထွက်မလာသေး။

ဒီမှာ စိတ်မရှည်သော ရွာစားကြီး ဦးရှုဖီးက အသာ ဘုရားခန်းလိုက်ကာကို ဟ၍ ကြည့်လိုက်သောအခါ . . .

"ဟင်"

"ဘာတုံး ကိုရှုဖီး ဟင်"

"မရှိဘူး။ မရှိတော့ဘူး"

"ဘာမရှိတာတုံး"

"ခင်ဗျားတို့ အဖေဆရာကြီး မရှိတော့ဘူး"

"ဟေ . . . ဟုတ်ရဲ့လားဟ။ သေသေချာချာ ကြည့်ပါဦး ရှုဖီးရဲ့"

"ဒီမှာကြည့်ဗျာ"

ရွာစားရှုဖီးက စိတ်မရှည်သဖြင့် ခန်းမလိုက်ကာကို အကုန်





ဆွဲဖွင့်လိုက်သောအခါ . . .

"ဟယ် . . . ဟုတ်သဟ"

"အဖေကြီး . . . အဖေကြီး"

"အဖေကြီး . . . အဖေကြီး"

သူတို့ အဖေဆရာကြီးကို အော်၍ခေါ်ကြ၏။ အိပ်ခန်းထဲကို လိုက်ရှာကြ၏။ အိမ်သာမှာ ရှာကြ၏။ ခြံနောက်ဖေးမှာ ရှာကြ၏။ အဖေဆရာကြီးလည်း မရှိ။ မတွေ့။ သူ့တပည့် ကဝေနှိမ်ဆရာ မောင်ရွှေအိုးလည်း မတွေ့။

"အဖေကြီး"

"ဆရာရွှေအိုး"

"အဖေကြီး . . . ဆရာရွှေအိုး"

ဟိုနားဒီနား လိုက်ရှာပါသော်လည်း ဘယ်မှရှာမရ။ ဒီမှာ ဘုရားစင်ကန့်တော့ပွဲဘေးမှ စာတစ်စောင်တွေ့၍ ဖတ်ကြည့်လိုက်သောအခါ . . .

*သားတို့ သမီးတို့ . . .*

*အဖေကြီး စီရင်ပေးခဲ့ပြီးပြီ။*

*အနှောင့်အယှက်တွေ များတယ်။*

*အခု အဖေကြီး ရွှေမင်းဂံရွာ သဗ္ဗသိဒ္ဓိဘုရားဝင်းထဲက*

*သောကြာထောင့်မှာ အဓိဋ္ဌာန်ဝင်နေတယ်။*

*အကြောင်းရှိရင် လိုက်ခဲ့ကြ။*

**အဖေကြီး ဦးမဂ်လာစိန်**

"ဘာတဲ့တုံး"

"သဗ္ဗသိဒ္ဓိဘုရားဝင်းထဲမှာ အနှောင့်အယှက်ရှိလို့ အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေသတဲ့"

"ဟို . . . ရွှေဘူးတွေရော"

"ဟိုမှာ ရှိနေတုန်းပဲ"

"ဖွင့်ကြည့်ပါဦးကွာ"

ဦးလေးမောင်က စိုးရိမ်သံနှင့် လှမ်းပြောလိုက်သဖြင့် ဦးသက်ပြင်းက ရွှေများထည့်၍ပွားခိုင်းထားသည့် ယွန်းဘူးနှစ်ဘူးကို ဘုရားစင်ပေါ်မှ လှမ်းယူလိုက်၏။ ရွှေယွန်းဘူးနှစ်ဘူးက ဟိုနေ့ကဘူးများပဲဖြစ်၏။ ချိပ်ပိတ်ထားလျက်။

သို့နှင့် ချိပ်ကိုမီးပေး၍ ခွာပြီး ဖွင့်လိုက်သောအခါ . . .

"ဟာ"

"ဟင်"

"အမယ်လေး"

"သွားပြီဟ"

"ဂစ် . . . ဂစ် . . . ဂစ်"

အားလုံးမြင်လိုက်ရသည်ကား . . . သူတို့ထည့်ပေးလိုက်သည့် ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ လက်စွပ်၊ နားတောင်းများ မဟုတ်တော့ပဲ ကြေးလက်ကောက်ငါးကွင်းနှင့် စတီးဆွဲကြိုးငါးကုံးစီ ဖြစ်နေသည်ကို မြင်လိုက်ရသောအခါ . . .

"တောက်"

"ခံလိုက်ရပြီပေါ့ကွာ"

"ဂစ် . . . ဂစ်"

"သေသာသေလိုက်ချင်ပါတော့ . . . ဟီး . . . ဟီး"

"အမယ်လေး အမေရဲ့။ ကယ်တော်မူပါဦးတော့။ ဂစ် ဂစ်





ဂစ်"

သားမယား မိန်းမသားများနှင့် သမီးပျိုများသည် ရွှေအစစ်မှ သုံးဆပွားမလာဘဲ ကြေးလက်ကောက်နှင့် စတီးဆွဲကြိုးများဖြစ်နေသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ ချုံးပွဲချငိုရင်း တက်၍သတိလစ်ကုန်ကြလေသည်။

"ဒါ . . . လိမ်သွားတာကွ"

"ဖွတ်ထွက်မှ တောင်ပို့မှန်းသိရသကွာ"

"လိုက်ရှာကွာ။ မိရင် အသေသတ်ကြစို့"

"ဦးသက်ပြင်း . . . ဦးအောင်"

"ဘာတုံး ကုလားကြီး"

"ဒီမှာ နောက်ဖေးမြေကြီးက အိုးတစ်လုံးရသဗျ"

"ဟေ . . . ဟုတ်ရဲ့လား"

ကိုကုလားကြီးက အိမ်သာရေ့မြေကြီးပွနေ၍ မသင်္ကာလို့တူးလိုက်ရာ ဆရာကြီးပြောသည့်အတိုင်း ရွှေရောင်အိုးတစ်လုံးရခဲ့ကြောင်း . . .

သူတို့အားလုံး အများရှေ့မှာ ပွဲလျက်နှင့်မံထားသော ရွှေရောင်အိုးရဲ့အဖုံးကို ကတုန်ကယင်နှင့် ဖွင့်လိုက်သောအခါ . . .

"အမယ်လေး . . . သေဟ"

"အမေရေ အမေရဲ့ . . . ဟီး"

"ကုန်ပါပြီတော့"

"လုပ်ရက်ပါ့ကွာ . . . ဖွီ"

"တွေ့ကြရောပေါ့ကွာ။ သက်ပြင်းကွ"

အိုးဖုံးကို ဖွင့်လို့မြင်လိုက်ရသည်ကား ရွှေမန်ကျည်းတောင့်



www.burmeseclassic.com

www.burmeseclassic.com



များမဟုတ်။ ကျောက်စရစ်ခဲနှင့် မြေအိုးကွဲ၊ ကြွေပန်းကန်ကွဲများ ဖြစ်နေသောကြောင့်တည်း။

တစ်မျိုးလုံးတစ်ခွေလုံး ပေါက်ကွဲ ဒေါသထွက်ကုန်ကြသည်။

"ဒါ အယောင်ဆောင် လူလိမ်ဘိုးတော်တွေကွ"

"ဒါ မိခါးကြီး ခေါ်လာခဲ့တာ"

"မိခါးကြီးပါ အပြတ်ရှင်းပစ်မယ်ဟေ့"

"အချိန်ရှိတုန်း လိုက်ကြစို့"

သူတို့ ဓားလှံလက်နက်များ ကိုယ်စီကိုင်စွဲ၍ ဒေါသတကြီး ရွာလယ် သဗ္ဗသိဒ္ဓိဘုရားဝင်းရှိရာသို့ အပြေးထွက်ခဲ့ကြသည်။ သူတို့ အားလုံးမျက်နှာပေါ်မှာ ရှက်ဒေါသများ၊ အခံရခက်မှုများ၊ နာကြည်းမှုများ၊ နာမြောတသမှုများ လွှမ်းခြုံပြီး မီးကုန်ယမ်းကုန် ဒေါသများ ပေါက်ကွဲနေကြ၏။

နှစ်ဖက်လူအုပ်ခွဲ၍ လက်နက်များဖြင့် ဘုရားဝန်းကို ဝိုင်းညှပ်ကာ သောကြာထောင့်ကို သွားရှာကြသော်လည်း အဖေဆရာကြီး ဦးမင်္ဂလာစိန်နှင့် သူ့နောက်လိုက်တပည့် မောင်ရွှေအိုးကို အရိပ်အယောင်မျှ မတွေ့ရ။

"မိခါးကြီးကို ရှာမေး။ မရရင် သင်းပါ ရှင်းပစ်"

"ချကွာ ... ဒီကိစ္စ သင်းက စ,တာကွ"

"အားလုံးတစ်ကြိတ်တည်း တစ်ဉာဏ်တည်းနေမှာ လုပ်ပစ်"

သူတို့အားလုံး ရွာတော်ရှင်နတ်ကွန်းသို့ ရောက်လာပြီး ရွာတော်ရှင်နတ်ကြီးကို ပန်း၊ ရေချမ်းကပ်နေသည့် နတ်ကွန်းထိန်း ဒေါ်ခါးကို လက်နက်များဖြင့် ဝိုင်းထားလိုက်ကြသည်။

"မခါး"

ဦးသက်ပြင်းက ဒေါသတကြီး အသံဟိန်းမြှင့်၍ ခေါ်အော်





လိုက်၏။

"ဟဲ့ ... ဒါက မနက်စောစော ဘယ်လိုဖြစ်လာကြတာတုံး"

နတ်ကွန်းထိန်း ဒေါ်ခါးသည် လက်နက်မျိုးစုံနှင့် သူ့ကိုဝိုင်းထားကြသည့် ကိုသက်ပြင်းနှင့် ဦးအောင်တို့ရဲ့ အမျိုးအုပ်စုကိုမြင်သော် အံ့ဩထိတ်လန့်သွားလေ၏။

"မခါး ... ဟိုလူလိမ်နှစ်ဦး ဘယ်မှာလဲ"

"ဟင် ... ဘယ်လူလိမ်တုံး ကိုသက်ပြင်းရဲ့"

"ဘယ်လူလိမ်ရမှာလဲ ... ခင်ဗျား ပင့်ခေါ်လာတဲ့ အဖေဆရာကြီး ဘိုးတော်လူလိမ်နှစ်ဦးကို မေးနေတာ။ သူတို့ဘယ်မှာလဲ။ မှန်မှန်ပြောနော်။ မပြောရင် ခင်ဗျားကိုပါ ရွာတော်ရှင်နတ်ကွန်းရှေ့မှာ အပိုင်းပိုင်းခုတ်ထစ်ပြီး ခွေးစာကျွေးပစ်မယ် ... ပြော ..."

"နေ ... နေပါဦး ကိုသက်ပြင်းရယ်။ သူတို့နဲ့မင်းတို့ အိမ်ပေါ်မှာ (၇)ရက် (၇)လီ ရှိနေတာဥစ္စာ။ အခုဘာဖြစ်လို့လဲဟဲ့။ လန့်လိုက်တာ သက်ပြင်းရယ်"

"ဘာဖြစ်ရမှာလဲဗျ။ ရှိသမျှပစ္စည်းကို သုံးဆပွားပေးမယ်ဆိုပြီး (၇)ရက်လည်းပြည့်ရော ဗူးထဲမှာ ကြေးလက်ကောက်နဲ့ စတီးဆွဲကြိုးရယ်၊ ကြွေပန်းကန်ကွဲ၊ မြေအိုးကွဲရယ် ထားခဲ့ပြီး ကျုပ်တို့အနှစ်နှစ်အလလ ခြိုးခြံစုဆောင်းထားတဲ့ ရွှေထည်ပစ္စည်းအားလုံးကို ခင်ဗျားပင့်ခေါ်လာတဲ့ ဘိုးတော်လူလိမ်နှစ်ဦး ခိုးယူပြေးပြီ"

"ဟင်"

"ကိုင်း ... ပြော။ လူလိမ်နှစ်ယောက် ဘယ်မှာလဲ"

"ကျွန်မ ... ကျွန် ... အဲ ... ငါ ... ငါ မသိဘူး မသိဘူး"

"ဟာ ... မသိချင်ဦးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"အမယ်လေး . . . ရွာတော်ရှင်ကြီးကယ်ပါ . . . ဦးတော့်"

"ဖြန်း . . . ဖြန်း"

"အား . . . အား . . . အား . . . မ . . . မလုပ်ပါနဲ့။ ငါ . . . မသိဘူး"

"ကိုင်းဟာ"

"ဖျောင်း"

"ဗုန်း"

"ခွပ်"

"အင့် . . . အား . . . ငါ . . . ငါ . . . မသိ . . . အမယ်လေး ရွာ . . . ရွာတော်ရှင် . . ."

"ဟိတ် . . . အားလုံးရပ်လိုက်ကြ"

"ထိုစဉ် သူတို့နောက်ဘက်မှ အသံဟိန်းဟိန်းနှင့် လှမ်းအော် အမိန့်ပေးသံကြောင့် သူတို့အားလုံး လှည့်ကြည့်လိုက်သောအခါ . . .

လည်ကတုံးအကျႌ ပုဆိုးကချင်ကွက်နှင့် အသက် (၃၀)ကျော် ခန့်လူရွယ်တစ်ဦး သူတို့ကိုဆက်မလုပ်ရန် လက်ကာ၍ ပြနေ၏။

"မလုပ်ကြနဲ့။ အားလုံးရပ်လိုက်ကြပါ"

"မင်းက ဘာကောင်လဲ"

"မင်းဘယ်ရွာသားလဲ"

"မင်းလည်း ဟို ဘိုးတော်လူလိမ် အဖွဲ့ကပဲနေမှာ"

"ချကွာ . . . ဝင်ရှုပ်ရင် အားလုံးရှင်းပစ်'

လူအုပ်ကြီးရဲ့ဒေါသသည် လူရွယ်ဆီသို့ရောက်ရှိပြီး လက်နက် များနှင့် ဝိုင်း၍ ချဉ်းကပ်လိုက်ကြသည်။





"ကျွန်တော် ရှင်းပြပါရစေ"

"ရှင်းပြရအောင် မင်းက ဘာသိလို့လဲ။ ဘာကောင်မို့လဲကွ"

"ဒီမှာ ခဏလေးဗျာ။ ခင်ဗျားတို့ဒေါသကို ခဏလေးထိန်း ပြီး ကျွန်တော်ရှင်းပြတာကို ဆုံးအောင်နားထောင်ကြပါ။ ကျွန်တော့် နာမည်က ကိုရှုပဗေဒလို့ခေါ်တယ်။ ကျွန်တော် ရန်ကုန်သားပါ"

"မင်းဘာသာမင်း ရန်ကုန်သားဖြစ်တာ ငါတို့နဲ့ဘာဆိုင်လဲ"

ရွာစားကြီးရှမ်းက ပိန်ညှောင်ညှောင်ပေါင်ပေါ်မှ ထိုးကွင်းကို ပုတ်ပြီး မေးလိုက်၏။

"ချကွာ . . . ဒီကောင်ပါ ဝင်ချပစ်စမ်းပါ"

မှဆိုးကြီးလေးမောင်က ဓားမနှင့်ရွယ်၍ အမိန့်ပေး၏။

"ဟုတ်တယ်။ လူရှုပ်တွေ . . . ချ"

လူအုပ်က ပြေးဝင်လာလေ၏။ ဒီမှာ ကိုရှုပဗေဒဆိုသူက လက်နှင့် လှမ်းတားရင်းမှ . . .

"ခဏလေးဗျာ။ ဒီမှာ ခင်ဗျားတို့ ရွှေတွေကိုလိမ်ညာယူသွား တဲ့ လူလိမ်ဘိုးတော်နှစ်ဦးကို မိထားပါပြီဗျ"

"ဟေ"

"ဟင်"

"တကယ်"

"ဟုတ်ရဲ့လား ကိုယ့်လူ"

"ဘုရားစူးပါရစေရဲ့ဗျာ။ ဟောဟိုမှာ ကြည့်ကြပါတော့"

သူတို့အားလုံး ကိုရှုပဗေဒဆိုသူ လူရွယ်လက်ညှိုးထိုးပြသည့် ဘက်သို့ ပြိုင်တူလှမ်းကြည့်လိုက်သောအခါ ဘိုးတော်လူလိမ်နှစ်ဦးကို သေနတ်ကိုင်ရဲသားနှစ်ဦးက လက်ထိတ်ခတ်၍ ချုပ်ထားသည်ကို အား



www.burmeseclassic.com

www.burmeseclassic.com



လုံး မြင်လိုက်ရလေသည်။

"ဟုတ်တယ်ဟေ့။ ဒီနှစ်ကောင်ပဲကွ"

"ချ . . . ချ . . . ဝင်ချ"

"အသေချဟေ့"

"ဂျောက်"

"ရှေ့ကို မတိုးနဲ့ရပ်ကြ"

သူတို့အုပ်စုက လူလိမ်ဘိုးတော်နှစ်ဦးကိုမြင်သော် ဒေါသများ ထပ်ဆင့်ပေါက်ကွဲပြီး လက်နက်များနှင့် ပြေးဝင်ထိုးခုတ်ရန် ဝင်လာကြသောအခါ ရဲသားတစ်ဦးက သေနတ်မောင်းကိုတင်ပြီး ချိန်လိုက်ရကား အားလုံးလမ်းခုလတ်မှာ ရပ်တန့်ကုန်ကြလေသည်။

"ရွာသူရွာသားများခင်ဗျာ . . . ဒေါသတွေကို ခဏချုပ်တည်းပြီး ကျွန်တော်ရှင်းပြတာကို သည်းခံနားထောင်ကြပါ။ ပြီးမှ လူလိမ်နှစ်ဦးကို တရားဥပဒေက ဘယ်လိုစီရင်ချက်ချမယ်ဆိုတာ တရားရုံးတော်မှာ ဒီရွာသူရွာသားတို့က တရားလိုလုပ်ပြီး သက်သေခံရပါမယ်"

ဘိုးတော်လူလိမ်နှစ်ဦးကား မျက်နှာမဖော်ရဲဘဲ ကြောက်ရွံ့စွာဖြင့် ခေါင်းငုံ့တုန်ယင်နေကြ၏။

"ရှင်းပြပါ . . . ကိုရှုပဗေဒ"

"ဟုတ်ကဲ့ ဒီလိုပါ။ ဟောဒီဘက်က ဝတ်ဖြူစင်ကြယ်နဲ့ အဖေဆရာကြီး ဦးမင်္ဂလာစိန်ဆိုသူရဲ့ အမည်ရင်းက ကျော်ဦးရှင်လို့ ခေါ်ပါတယ်။ သူက နွားခိုးမှု၊ လိမ်လည်မှု၊ အယောင်ဆောင်မှုနဲ့ ထောင်သုံးကြိမ်ကျဖူးတဲ့ လူလိမ်ပါပဲခင်ဗျာ"

"တောက်"

"ခံရခက်လှသကွာ"





"ကျော်ဦးရှင်ခေါ် ဘိုးတော်အယောင်ဆောင် လူလိမ်ဦးမင်္ဂလာစိန်ရဲ့ နောက်လိုက်တပည့် ကဝေနှိမ်ဆရာ မောင်ရွှေအိုးဆိုသူရဲ့ အမည်ရင်းက ကတုံးဘချိန်တဲ့။ ဒီကောင်က ခါးပိုက်နှိုက်၊ အလစ်သုတ်မှုနဲ့ ထောင်သုံးကြိမ်ကျဖူးတဲ့ကောင်ပါ။ ဒီနှစ်ကောင်ဟာ ထောင်ကထွက်တာနဲ့ ဘိုးတော်လိုလို၊ သိုက်ဆရာ၊ ပယောဂဆရာလိုလို ဝတ်စားဆင်ယင်ပြီး အသိပညာနုံနဲ့တဲ့ ရွာလိုရပ်လို နေရာမျိုးမှာ ရွှေနှစ်ဆပွား သုံးဆပွားလုပ်ပေးမယ်။ အဓိဌာန်ရတယ်။ အာရုံရတယ်နဲ့ နယ်လှည့်လိမ်ညာလုပ်စားနေတာ ကြာပြီလို့ သိရပါတယ်"

"ဒေါ်ခါးရော . . . သူ့အဖွဲ့ကပဲ မဟုတ်လားဗျ"

ဦးသက်ပြင်းက နတ်ကွန်းထိန်းဒေါ်ခါးရဲ့မျက်နှာကို မနှစ်မြို့သလိုကြည့်ပြီး လှမ်းမေးလိုက်သည်။

"ရွာတော်ရှင် နတ်ကွန်းထိန်းဒေါ်ခါးက ဦးမင်္ဂလာစိန် ခေါ်ကျော်ဦးရှင်တို့လူလိမ်အဖွဲ့က မဟုတ်ပါဘူး။ ဒေါ်ခါးကိုယ်တိုင်လည်း မှင်ကောင်းကောင်းနဲ့ အလိမ်ခံလိုက်ရတာပဲ"

"ဟုတ်ရဲ့လား ဆရာကြီး"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ဘိုးတော်လူလိမ်နှစ်ဦးကို ညသန်းခေါင်ကလည်း စစ်မေးပြီးပါပြီ။ ကျွန်တော်တို့ သဘောသီးကို အပင်ကနေ ကြေးစည်ရိုက်ပြီး ပြုတ်ကျအောင် လုပ်ပြကတည်းက ဒီရွာမှာရောက်နေကြတာပါ။ ဟောဟိုလူ ကိုစာတုနဲ့ပါ။ အဲဒီနေ့ကတည်းက လူနှစ်ဦး ဒီရွာမှာ လိမ်စဉ်လုပ်နေပြီဆိုတာရိပ်မိလို့ စောင့်ကြည့်နေတာပါ။ နတ်ကွန်းထိန်းဒေါ်ခါးကို အယုံသွင်းလိမ်ပြပုံက . . . ဒီရွာကို ညကြီးတင်ရောက်ရှိပြီး ဟောဟိုခရေပင်အောက်မှာ သူတို့ကိုယ်တိုင်ချင်းတူးလို့ ပဝါတစ်ပိုင်နဲ့ လွှတ်လပ်ရေးခေတ်ဦးသုံး ရာတန်သုံးရွက်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုးမြှုပ်ထားပြီး ဒေါ်ခါးရှေ့မှာ ရွှေကြက်ဖရုပ်ကို မန်းမှုတ်သလို လုပ်ပြပြီးနောက် ခရေပင်မြေကြီးကျင်းရှိရာ လွှင့်ပစ်လို့ ဖော်နိုင်းတာပါ။ ဒါကို ဒေါ်ခါးသွားဖော်ကြည့်တော့ အင်ဖက်နဲ့ထုပ်ပြီး မြှုပ်ထားတဲ့ ပဝါတစ်ပိုင်နဲ့ ငွေရာတန်သုံးရွက်တွေ့ပြီး ရွာတော်ရှင်နတ်ကွန်းကြီးက မ,သလိုလို၊ သူတို့ကပဲ မ,သလိုလို၊ ဆိုင်ရာပုဂ္ဂိုလ်က မ,သလိုလိုနဲ့ ဒေါ်ခါးကိုဖိနှိပ်ပြီး အယုံသွင်းလိုက်တာ။ မြေကြီးထဲရေမွှေးပါ ဖျန်းထားတော့ မြေသားပါ မွှေးကြိုင်နေတာပေါ့ဗျာ။ အဟတ် . . . အဟတ်''

''ဟင်''

''ဒီလိုလား''

''တတ်နိုင်ပါ့ကွာ''

ဒေါ်ခါးသည် ကြားလိုက်ရသည့် စကားကြောင့် လွန်စွာအံ့သြသွားခဲ့၏။

''ပြီးတော့ . . . ဒီရွာက ပိုက်ဆံရှိသူ ဦးသက်ပြင်းနဲ့ဦးအောင်တို့မိသားစုကို အချိုးကြီးလိမ်ချင်တော့ ဦးသက်ပြင်းနဲ့ဦးအောင်တို့ရဲ့ ရုပ်လက္ခဏာရယ်၊ မယားနှစ်ယောက်ရှိပုံရယ်ကို ကြိုတင်လေ့လာပြီး ရွာတော်ရှင်နတ်ကွန်းထိန်း ဒေါ်ခါးရှေ့မှာ သောကြားသားနဲ့ တနင်္ဂနွေသား ဒီလိုအာရုံရသူနှစ်ဦး။ ရွာတော်ရှင်ရဲ့ ခေါင်းပေါင်းနဲ့ ဝတ်လဲပုဆိုးလဲပြီးရင် ရှိဥစ္စာ သုံးဆပွားပြီး အိမ်နောက်ဖေးက ရွှေအိုးရမယ်လို့ ခပ်တည်တည် မိန့်လွှင့်လိုက်တာ။ ခွင်တည့်ချင်တော့ အယုံသွင်း အလိမ်ခံလိုက်ရတဲ့ဒေါ်ခါးက သူတို့နှစ်ဦးကို လိုတရာဘိုးတော်လို့ယူဆပြီး ဖြစ်ကြောင်းကုန်စင်ကို ဦးသက်ပြင်းတို့ ရှင်းပြပြီး ခေါ်လာခဲ့တာပဲ''

ဒီနောက် . . . ဒေါ်ခါးအိမ်ရှေ့က သဘော်ပင်က သဘော်သီးများကို လက်နဲ့မခူးဘဲ အပင်အောက်ကနေ ကြေးစည်ရိုက်ပြီး ခြွေပြု





တာ။ အဲဒါမသိရင် မမြင်ဖူးရင် သိပ်အံ့သြစရာဖြစ်ရပ်ပါ။ ကျွန်တော်တို့က သိပ္ပံသမားဆိုတော့ ဒီလိမ်စဉ်ကို အစအဆုံးသိပါတယ်''

''အဲဒါ ရှင်းပြပါဗျို့''

''ဟုတ်တယ် . . . ပြောပါ ဆရာလေး''

''ဒီလိုပါ။ ပြဒါးရည် တစ်ကျပ်သား နှစ်ကျပ်သားခန့်ကို သဘော်ပင်မှာ အပေါက်ဖောက်ပြီး သူတို့ညဦးကတည်းက ကြိုထည့်ထားတာ။ ပြဒါးဓာတ်က ပျံ့လွင့်၊ လေးပင်၊ စားတဲ့ သဘောရှိတယ်။ နူးညံ့တဲ့ သစ်ပင်ရဲ့ပင်စည်တစ်လျှောက် စီးကူးပြီး အသီးအညှာများကို ရိနဲ့ယိုင်ဆွေးစေသည့်သဘောရှိတယ်။ ပြဒါးဆိုတာ မီးစုန်းဓာတ်ပဲ။ ဆိုရရင် ပြဒါးစီးကူးနေသည့် သဘော်သီးက အညှာရိပြီး ကြွေချင်နေပြီ။ ဒီမှာ သူတို့က တွေ့ကရာမန္တန်ကို ခပ်တည်တည် လူရှေ့သူရှေ့မှာရွတ်ပြီး ကြေးစည်ရိုက်ပြလိုက်ရော သဘော်ပင်ပေါ်က သဘော်သီးတွေ ပြုတ်ကျကုန်ရော။ အဲဒါ ဘာကြောင့်လည်းဆိုတော့ ပြဒါးဓာတ်နဲ့ ကြေးစည်အသံဓာတ်မတည့်လို့ ကြေးသံကြားတာနဲ့ ပြုတ်ကျတာ။ ကြေးစည်ရိုက်ပြမှ ဟုတ်ဘူး။ ကြေးမောင်း။ ကြေးလင်ပန်း။ ကြေးအိုးတီးပြလည်း ဓာတ်ဆန့်ကျင်ဘက်ပြုပြီး ပြုတ်ကျတာပဲ။ ဒီသိပ္ပံသဘောကို ခင်ဗျားတို့က သဘောမပေါက်တော့ အဖေကြီးတို့ဆရာတပည့် ဂမ္ဘီရတကယ်စွမ်းလို့ ထင်ပြီး လွှတ်ယုံ၊ အထင်ကြီးလိုက်မိတာပေါ့ဗျာ''

ဦးသက်ပြင်းနှင့် ဒေါ်ခါးတို့အုပ်စုသည် ခေါင်းငုံ့ပြီးကြောက်လန့်နေသည့် လူလိမ်အဖေကြီးကို လှမ်းကြည့်ပြီး အံ့ကြိတ်လိုက်ကြ၏။ အချို့က ဆဲရေးတိုင်းထွာကြ၏။

''ဒီလို အယုံသွင်းပြီးရော ပဋ္ဌလက်မျက်လှည့်ပညာနဲ့ ဦးသက်ပြင်းတို့ကို တန်ဖိုးသိပ်မရှိတဲ့ ကျောက်တစ်လုံး လေထဲကနေခေါ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပြန်ရော။ အဲဒါ လက်လှည့်၊ မျက်လှည့် လိမ်စဉ်လုပ်ပြချက်ပဲ ခင်ဗျ။ နောက်ဆုံး ယုံလောက်ပြီဆိုရော မူလဦးတည်ထားတဲ့ သူဌေး ဦးသက်ပြင်းနဲ့ဦးအောင်တို့ရဲ့ ရွှေအားလုံးကို သုံးဆပွားပေးမယ်။ ရွှေအိုး ကောက်ရစေမယ်လို့ မှင်ကောင်းကောင်းနဲ့ဖြီး အယုံသွင်းပြီး ခင်ဗျား တို့ကို ရွှေထည့်ချိပ်ပိတ်နိုင်း။ သူနဲ့တစ်ခန်းတည်း အိပ်နိုင်း။ စားစောင့် လုံ့စောင့်များချနိုင်းပြီး ယုံကြည်အောင်လုပ်ပြနေတာ။ စားတာတောင် ထမင်းရေဆမ်းစားပြနေတာ။ အမှန်က ဒီနှစ်ကောင်က အရက်သမား၊ ဖဲသမား၊ လူလိမ်တွေ''

''ထွီ''

''တောက်''

''အမှုန့်ကြိတ်ချင်လိုက်ပါဘိကွာ''

''ဒီလိုနဲ့ (၇)ရက်ပြည့်သည့်ညမှာ လေကြီးမိုးကြီးကျမယ်။ မိုးကြိုး(၁၀)ကြိမ်ပစ်မယ်။ နာနာဘာဝ ပရဝိညာဉ်သားတွေ ဝင်ရောက် နှောင့်ယှက်လိမ့်မယ်လို့ ခြိမ်းခြောက်၊ ခြောက်လှန့်ပြီး ခင်ဗျားတို့အား လုံးကို ရေစင်ရေမန်းတိုက်ရော မဟုတ်လား။ အဲဒါ ရေစင်ရေမန်း မဟုတ်ဘူး။ အပြင်းစားအိပ်ဆေးကို ရေနဲ့ဖျော်ပြီး တိုက်လိုက်တာ''

''ဘုရားရေ''

''ဟင်''

''ဒါကြောင့် ငါတို့မနိုးကြသကိုးကွ . . . ဟေ''

''ရက်စက် အကြံပက်စက်လိုက်ပါဘိ ဘိုးတော်လူလိမ်ရာ''

''အဲဒီလိုအချိန်မှာ အဖေကြီးဘိုးတော်လူလိမ်ရဲ့တပည့်က အကျီအမည်းကြီးဝတ်ပြီး သရဲလိုဘာလို ညဦးပိုင်းလုပ်ပြသေး ခင်ဗျ။ သင်းလည်းကံကောင်းလို့ ကိုဗလကြီးလုံ့ချက်နဲ့ မသေတာ။ တိုတိုပြော





ရရင် ကိုသက်ပြင်းတို့အားလုံး အိပ်ဆေးအရှိန်နဲ့အိပ်မောကျရော ရွှေဂူး အစစ်နှစ်ဂူးကိုယူပြီး ရွှေအတု၊ ကြေးလက်ကောက်နဲ့ စတီးခွဲကြိုးနှစ်ဂူး တင်ထားခဲ့တာရယ်။ ဟိုကောင်လူလိမ်ရွှေအိုးက အိမ်သာရှေ့မှာ ရွှေရောင် သုတ်မြေအိုးကို လည်ပင်းဖော်ပြီး မြှုပ်ပေးခဲ့သေးရဲ့။ အထဲမှာ ဘာရှိတယ် ဆိုတာ ဦးသက်ပြင်းတို့ ဦးအောင်တို့သိပြီးပါပြီ။ သင်းတို့နှစ်ဦးရဲ့လုပ်ရပ် ကိုမသက်ာလို့ မြို့ပေါ်နှင့်ရွာနီးချုပ်စပ်မှာ ကျွန်တော်တို့ လေးငါးရက် နဲ့စုံစမ်းလိုက်ရော . . . ဒါဟာ လူလိမ်ထောင်ထွက် ကျော်ဦးရှင်နဲ့ ကတုံး တချိန်တို့မှန်းသိရော ဒီရွာကို အမြန်ပြန်လာခဲ့လိုက်တာ။ အခန့်သင့် ချင်တော့ မနေ့က သန်းခေါင်ကျော်မှာ ဒီရွာဝမှာ သူတို့ကို မသက်ာဖွယ် တွေ့ပါရော။ အဲဒါရပ်နိုင်းတော့ သင်းတို့ကအညှိမခံလို့ ကျွန်တော်တို့နဲ့ သတ်ရပုတ်ရသေးတယ်။ နောက်ဆုံး ဟိုဘက်ရွာ ရဲကင်းမှာအပ်ပြီး စစ်မေးလိုက်တာ ဘိုးတော်အလိမ်ဇာတ်ရော၊ ပစ္စည်းအလိမ်ဇာတ်ရော ပေါ်ရော။ ကိုင်း . . . အခု ခင်ဗျားတို့ အဖြစ်မှန်ကို နားလည်သဘော ပေါက်ရောပေါ့ဗျာ။ ဒီခေတ်မှာ ဘိုးတော်အစစ်မရှိပါဘူး။ သရဲတစ္ဆေဆို တာ ကြောက်အောင်ခြောက်တဲ့ လှန့်လုံးပါ။ မယုံကြပါနဲ့။ ဒါကြောင့် လက်လှည့်ပညာနဲ့ လိုက်လိမ်နေတဲ့ လူမသူတော်နှစ်ဦးကို သက်သေ အထောက်အကြာရနဲ့မိပါပြီ။ ခင်ဗျားတို့ပစ္စည်းများလည်း ပြန်ရရပါစေမယ်။ သူတို့ ကတော့ ထုံးစံအတိုင်း လုံ့လုံ့ခြုံခြုံ အုတ်နံ့ရံ့လေးဖက်ကြားမှာ ငါးပိ မီးစားနဲ့ ပဲဟင်းမနက်ညကျွေးပြီး ရွှေသူဌေးတာပဲဖြစ်ဖြစ်၊ မပွလင် ချိုက်ထို ကျောက်ထုစခန်းမှာပဲဖြစ်ဖြစ် ဘဝကူးကောင်းအောင် သိပ်အားဒါနပြုနိုင်းရမယ်ဗျို့''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

❑

ကျွန်ုပ် လေ့လာစုံစမ်းသိရှိရသော ကိုရှုပဝေဒနှင့် ကိုဓေ
ဝေဒဆိုသူနှစ်ဦးရဲ့ စုံထောက်လုပ်ရပ်ကား ဒါပဲဖြစ်ပါသည်။

ထိုအချိန်ကစ၍ သူတို့နှစ်ဦးရဲ့ ကျော်စောသတင်းကလည်
ရွှေမင်းဂံရွာဝန်းကျင်သာမက မြို့ပေါ်အထိ ကျော်စောသတင်း ပျံ့ခဲ့

သူတို့နှစ်ဦးသည် မြို့ပေါ်မှာ လာရောက်ကျက်စားကြသေ
ဘိုးတော်၊ နတ်မျက်စိဆရာကြီး၊ မနောပညာရှင်ဆိုသူများ၊ တစ္ဆေ
ခေါ်၍ သေသူဘယ်ဘဝရောက်နေသည်ကို ပြောပြနိုင်သည်ဆိုသူများ
လိုက်လံရှာဖွေပြီး အများရှေ့မှာ စစ်ဆေးသုတေသနပြုသောအခါ ..





အတုံတို့သည် ရှင်းရှင်းလင်းလင်း ဇာတိရုပ်ပေါ်ပြီး ခွေးပြေး ဝက်ပြေး ပြေးရ၏။ ခံရသူတို့ခံလိုက်ရပြီး အချို့ သူတို့နှစ်ဦးရဲ့ ကောင်းမှုကြောင့် ငွေလိမ်ခံရမည့်ဘေး၊ ရွှေလိမ်ခံရမည့်ဘေး၊ ခန္ဓာကိုယ် အလိမ်ခံရမည့်ဘေးမှ ကံသီလေးလွတ်ကာ သူတို့နှစ်ဦးကို တကယ့် ကယ်တင်ရှင်သိပ္ပံသမားများအဖြစ် ယုံကြည်ကိုးစားခဲ့ကြ၏။

ဒီမှာလဲ ...

ညောင်ခြောက်ပင်သချိုင်းမှာ လာရောက်တည်းခို ကမ္မဋ္ဌာန်းကျင့်နေသည့် ပုံပျက်ပန်းပျက် ရသေ့ကြီးနှင့် သူတို့ဆုံကြ၏။ ပုံပျက်ပန်းပျက် ရသေ့ကြီးသည် အစပထမက သူ့ဘာသာသူ ရိုးရိုးအေးအေး သပိတ်တစ်လုံးနှင့် တင်းတိမ်ရောင့်ရဲစွာ ဆွမ်းခံစားပြီး ကမ္မဋ္ဌာန်းတရား မရဏာနုဿတိတရား ပွားများနေ၏။

ဒီမှာ လူရွှတ်လူကန့်လန့် သိပ္ပံသမားနှစ်ဦးရဲ့ ပရဝိဉာဉ်လောကကို အပုပ်ချပြီး မရှိဘူးဟု ငြင်းဆိုသောသတင်း ...

ဗုဒ္ဓ၏ ပဥ္စသီလအပေါ် အယုံမှားသံသယရှိနေသော သင်းတို့နှစ်ဦးရဲ့သတင်း ...

ကံ၊ ကံ၏အကျိုးကို ပြက်ရယ်ပြုပြီး ဘုရားမဲ့ဝါဒဖြစ်လုနီးနီး ဖြစ်အောင် သွေးဆောင်နေသည့် လူကန့်လန့်နှစ်ဦးရဲ့သတင်းကို ရသေ့ကြီးကြားရ၏။

သူတို့ကြောင့် ... အတုအယောင်တွေ ပြေးကြ ဘဝပျက်ကြသည်ကိုလည်း ကြား ရ၏။

သူတို့ကြောင့် ... ရိုးရိုးသားသား ယုံယုံကြည်ကြည် ဘာဝနာပြုသူ၊ တရားထိုင်သူ၊ စိတ်ပညာ၊ ဉာဏ်ပညာ၊ ဗေဒင်နက္ခတ်ပညာနှင့် ဟောပြောနေသူ လူကောင်းသူကောင်းများကိုပါ တရားလွန် တရားမင်



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ခတ်စော်ကား ရိုထေ့သရော် လှောင်ပြောင်နေကြောင်း ကြားသိရသောအခါ . . .

သူတို့နှစ်ဦးနှင့်ယှဉ်ပြီး ဖြစ်ရပ်ဆန်းကြယ် ပညာခန်းများကို မသိမသာစဖြင့် ပြခဲ့ပေသည်။

(၎င်းဖြစ်ရပ်များကို ကျွန်ုပ်သည် ဂမ္ဘီရလောကမဂ္ဂဇင်း၊ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းများမှာ လစဉ်ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ပုံပျက်ပန်းပျက် ရသေ့ကြီးနှင့် သူငယ်တန်းအဆင့် ဂမ္ဘီရဟူသော အမည်ဖြင့် မကြာခင် ဝတ္ထုတိုပေါင်းချုပ် ထွက်ပါလိမ့်မည်။ ၎င်းအတိုပေါင်းချုပ်မှာ အသေးစိတ်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်ခင်ဗျား . . .)

ကျွန်ုပ် ကြားသိမြင်ရသလောက်မှာမူ . . .

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ရိုးရိုးအေးအေး ခပ်လျှိုလျှိုနေသူသာဖြစ်၏။ သူ့ ပုံပန်းသဏ္ဌာန်ကလည်း လုံးဝရှုချင်စရာ၊ ကြည်ညိုစရာ မရှိ။

အသားမည်း၏။ နဖူးမှာ သံပရာသီးခန့် အချိုင့်ကြီးပါ၏။ ဘယ်မျက်လုံးက ကျောက်မျက်လုံးတပ်ထားပြီး ညာမျက်လုံးက ဂေါ်လီလုံးခန့် ပြူးကျယ်၏။

နှာတံကမူ မိန်းမနှာတံလို အလွန်လှပသွယ်လျလျက်ရှိသော်လည်း . . .

ဘယ်လက်မှာ အဂါရုံပါသည့်တိုင် တစ်ပေခန့်သာရှည်ပြီး တိုနေ၏။ သို့သော် ညာလက်တံကမူ မျောက်ဝံ၊ လူဝံလက်ကဲ့သို့ ရှည်လျားပြီး လွန်စွာသန်မာတုတ်ခိုင်၏။

ဒါ့အပြင် . . . ခြေထောက်။

ညာခြေနိမ့်ပြီး ဘယ်ခြေရှည်၏။ သို့ဖြစ်၍ လမ်းလျှောက်လျှင်





ထော့ကလိန်ထော့ကလိန်နှင့်ဖြစ်၏။

သစ်ခေါက်ဆိုးသင်္ကန်း နှစ်စုံရှိ၏။ ယွန်းသားကြွေပဲ့နေသည့် သက်တမ်းရင့်သပိတ်ကို ကြိုးသိုင်းလွယ်၍ ဆွမ်းခံသည်။

သချိုင်းဇရပ်မှာနေပြီး ကမ္ဘာ့ဗွာန်းတရားပွားများကာ သူ့တပည့်စဏ္ဍာလကြီးဦးဖမျှဉ်းဆွဲကို သူ့သိသမျှ တရားဓမ္မများ သွန်သင်ပြသ၍ နာရေးကိစ္စများမှာ စေတနာလုံ့လနှင့်ကူညီရင်း နောင်ဘဝကူးကောင်းအောင် ကျင့်ကြံနေထိုင်ဖို့ အမြဲဆုံးမသတိပေး၏။

နောင်အခါ . . .

သိပ္ပံသမား လူထော်လော်ကန့်လန့် နှစ်ဦးဖြစ်သော . . . ကိုရူပဗေဒနှင့်ကိုဓာတုဗေဒတို့၏ ပညာစမ်းလှောင်ပြောင်တောထုတ်သည့် အခြေအနေကို မလွှဲသာမရှောင်သာ ရောက်ရှိလာခဲ့သောအခါ . . .

သူ့လျှို့ဝှက်တတ်သိနားလည်ခဲ့သော စိတ်ပညာဆန်းကြယ် ပညာရပ်များဖြင့် အယူသီးအတ္တကြီးနေသူ ပညာတတ်များကို ပဋ္ဌလက်ဆန်ဆန် ပညာစွမ်းများပြ၍ အံ့သြစေခဲ့၏။

ရေမြှုပ်ပိန္နဲသီးကို ရေစည်ထဲမှာပေါ်စေပြီး ငါးလိုကူးစေ၏။

လျှပ်စစ်မီးများကို အမိန့်ပေး၍ လိုသလို မှိတ်ဖွင့်ပြခဲ့၏။

သူတားသည့်စည်းဝိုင်းမှ သင်းတို့ကို ထွက်လို့မရအောင် စိတ်ညှို့ပြခဲ့၏။

ကိုရူပတို့ခေါ်လာသည့် နိုင်ငံခြားသား သော့ဝိဇ္ဇာကြီးကို ရသေ့ကြီးကိုယ်တိုင် ကြိုးဖြေကြိုးဖြုတ်သာမက သော့ခတ်ထားသည့် တံခါးကို အလိုအလျောက်ဖွင့်ပြီး ကိုယ်ဖျောက်ပြခဲ့၏။

အာမခံသော့ကြီးများကို သော့တံနှင့်မဖွင့်ဘဲ လက်ဝါးနှင့် ရိုက်၍ ဖွင့်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး၏ နှိုးမရသည့်ကားကို သချိုင်းကုန်းမှ တစ္ဆေသရဲများအားတွန်း၍ အိမ်အရောက်ပို့ပြခဲ့၏။

ပြီး ... ကိုယ့်အိမ်ကိုပြန်လို့မရအောင် မျက်စိလမ်းမှားစေသည့် စိတ်ပညာကို သုံးပြခဲ့လိုက်၏။

နိုင်ငံခြားသားစိတ်ပညာရှင်ရဲ့ အိတ်ကပ်ထဲမှ ပစ္စည်းများကို နှိုက်မကြည့်ဘဲ အစုံအစေ့အတိအကျ ပြောပြခဲ့၏။

သူတို့ရေးသည့် လျှို့ဝှက်အင်္ဂလိပ်စာကို မျက်စိနှင့်မကြည့်ဘဲ အတိအကျရွတ်ပြကာ မြန်မာဘာသာသို့ ပြန်ပြခဲ့၏။

အကြောသေနေသည့် မိန်းကလေးအား ခွေးများနှင့် ရှုးတိုက်ပြီး အကြောဖွင့်ပေးခဲ့၏။

၎င်းလျှို့ဝှက်ဆန်းကြယ် ပညာရပ်များအား သူတို့နှစ်ဦးရှေ့မှာသာမက ရာဇဝင်ပါမောက္ခ စိတ်ပညာပါမောက္ခ ဘူမိဗေဒပါမောက္ခကြီးများနှင့် ကမ္ဘာကျော် ပဋ္ဌလက်မျက်လှည့် နိုင်ငံခြားသားများရှေ့မှောက်မှာ ဖန်တီးပြလိုက်ရကား ...

ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်ပညာရပ်များကို ခေတ်သစ်သိပ္ပံသမားများအားလုံး လန့်ဖျပ်ဖြုတ်ကုန်ကြလေ၏။

ဒါ့အပြင် ...

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် အင်္ဂလိပ်စကား၊ ကုလားစကား၊ ဂျပန်စကား၊ ယိုးဒယားစကား၊ တရုတ်စကားများကိုလည်း ဌာန်ကရိုဏ်းကျကျ ပြောနိုင်ရကား သူတို့သာမက ကျွန်ုပ်တို့ ဂမ္ဘီရစာရေးဆရာပါ ချီးကျူးအံ့သြခဲ့ရလေသည်။

ပြောရလျှင် ...

ကိုရှုပဗေဒတို့သည် သူတို့ဖြုခွဲနှိမ်နင်းခဲ့သည့် အတုအယောင်





များနှင့် လုံးဝခြားနားကာ ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့ ဂမ္ဘီရဆန်းကြယ်ပညာရပ်များကို အံ့သြချီးကျူးကြပါသော်လည်း ရသေ့ကြီးလိမ်နေသည်ဟု သံသယရှိနေဆဲဖြစ်၏။

သံသယဖြစ်သည့်အတိုင်း ပုံပျက်ပန်းပျက် ရသေ့ကြီးကို ရင်းနှီးအောင်ပေါင်းပြီး အမျိုးမျိုးသူ့စိတ်ကို ကလိကာ လျှို့ဝှက်ချက်များပေါ်အောင် စုံစမ်းလေ့လာ သုတေသနပြုကြလေ၏။

ရသေ့ကြီးကား သူတို့စူးစမ်းမေးမြန်းစမ်းသပ် ကလိလိုက်တိုင်း စဉ်းစားအဖြေရှာလို့မရသည့် ပညာရပ်များနှင့် အစွမ်းပြပြီးသည့်အခါ ...

"အဲဒါ မူလတန်းအဆင့်ဂမ္ဘီရပဲကွ လူ့ငတုံးတွေရ"

ဟု ပြန်ရိလေ့ရှိရကား ...

ခြောက်နိုင်ငံလှည့်လာသော ပညာတတ်များ မျက်လုံးမျက်ဆန်ပြူး၍ အူကြောင်ကျားဖြစ်ရသည့် အကြိမ်မနည်းခဲ့ကြတော့။

ကျွန်ုပ်သည် ဂမ္ဘီရစာရေးဆရာတစ်ဦး ဖြစ်သည်နှင့်အညီ ကိုရှုပဗေဒတို့ပြောသည့် ပုံပျက်ပန်းပျက် ရသေ့ကြီးကို ရင်းနှီးကျွမ်းဝင်ချင်၏။ သူ့ဘဝဇာစ်မြစ်ကို သိချင်၏။ သူ့ပညာရဲ့ အတိမ်အနက်ကို သိချင်၏။

သူ့ထံမှရနိုင်သည့် ပညာကောင်းများကို လိုချင်၏။ ပညာရပ်ကောင်းများကို လူ့လောကဝန်းကျင် ကောင်းကျိုးအတွက် ဖြန့်ဝေချင်၏။ သို့သော် ပုံပျက်ပန်းပျက် ရသေ့ကြီးကို ချဉ်းကပ်ရသည်က အလွန်လက်ဝင်လှ၏။

ရသေ့ကြီး၏ လူငယ်နာမည်ကို ဘယ်သူမျှမသိကြ။

ရသေ့ကြီး ဘယ်အရပ်သားလဲ စုံစမ်းလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး အသက်ကိုမေးတော့ ...

မွေးတဲ့ရက်က ... ရက်အစ။

သေတဲ့နေ့က ... ရက်အဆုံး။

အစနဲ့အဆုံးဟာ ရှည်မလိုနဲ့တိုတိုလေးပဲ။ လူတွေဟာ နေ့ရက်များတယ် ထင်နေကြတာ။ အမှန်က အချိန်မရွေးသေနိုင်တာ။ ဒါကြောင့် နေ့ရက်ထက် သေရမည့်ရက်က အချိန်မရွေးမို့ အချိန်တိုတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား ထားကြ၊ ပွားကြ။ နိဗ္ဗာန်မရောက်တောင် နတ်ပြည်နဲ့ လူ့ဘဝပြန်ရပြီး သုစရိုက်နဲ့နေနိုင်အောင်ကြိုးစားကြဟု ပြောလေ့ရှိ၏။

တစ်နေ့သောအခါ ကျွန်ုပ်သည် လွန်စွာ အံ့သြဖွယ်ကောင်းသည့် ဖြစ်ရပ်ဆန်းတစ်ခုကို မျက်မြင်ကိုယ်တွေ့ ကြုံရပြန်လေ၏။

ကိုရူပဗေဒနှင့် ကိုဓာတုဗေဒတို့သည် မြန်မာနိုင်ငံမှာ ဂမ္ဘီရပညာခေါ် ဝိဇ္ဇာလျှို့ဝှက်ဆန်းကြယ်ပညာရပ်ပဲ အမှန်တကယ်ရှိမရှိကို အထူးပြုလေ့လာနေ၏။ ရှိလျှင် ... သိပ္ပံပညာနှင့် ဂမ္ဘီရဝိဇ္ဇာပညာကို နှိုင်းယှဉ်ပြီး သိပ္ပံပညာက မည်သို့ဆုံးဖြတ်ချက်ရမည်နည်းဆိုသည့် အနှိုင်းဗေဒလက်တွေ့ကျမ်းကို ပြုစုနေသည်ဟုဆို၏။

ဒီလိုနှင့်သူတို့သည် အစကနဦးတုန်းက ဝိဇ္ဇာဂမ္ဘီရသမားများကို လိုက်လံအပုပ်ချ လူ့ဝန်းကျင်မှဖယ်ထုတ်ပြီး ရုပ်ဝါဒ၊ ရူပဗေဒသဘောတရားများကို နည်းနည်းချင်းလိုက်လို့မီအောင် ဖြန့်ဝေပါသော်လည်း ...

ပုံပျက်ပန်းပျက် ရသေ့ကြီးလို ဂမ္ဘီရဆန်းကြယ်ပညာရှင်မျိုးနှင့် အကြိမ်များစွာ ဖြစ်ရပ်ဆန်းကြယ်များကို မြင်ရဖန်များလာသောအခါ ...





ဆန့်ကျင်ကြမည့်အစား ...

ဒီဂမ္ဘီရ လျှို့ဝှက်ဆန်းကြယ်ပညာရပ်ရဲ့ မူလအစအခြေခံမှသည် ဘဝရဲ့အလယ် ဘဝရဲ့အဆုံးကို ရှာဖွေလေ့လာစုံစမ်းဖော်ထုတ်နိုင်လျှင် သိပ္ပံပညာရဲ့ အားနည်းချက် လိုအပ်ချက်ကိုလည်း သိရမည်။

ဂမ္ဘီရပညာရဲ့ အကောင်းနှင့်အဆိုးကိုလည်း သိရမည်။

ခက်သည်က ဂမ္ဘီရဆိုသည် စိတ်ပညာလား၊

ရုပ်ဝတ္ထုပစ္စည်း၊ ဓာတ်ဝတ္ထုပစ္စည်းများနှင့် ဖော်စပ်ပြုစားသည့် ပညာလား။ ဒါ စဉ်းစားရခက်နေသည်။

စစ်အေးခေတ်ကာလအတွင်းက အင်အားကြီးကွန်မြူနစ်နိုင်ငံတစ်ခုသည် အရင်းရှင်နိုင်ငံနှင့် ရန်သူနိုင်ငံများက သူတို့နိုင်ငံသို့ ရည်ရွယ်ချိန်လွှတ်ပစ်လိုက်သည့် ဝေဟင်ပစ်ဒုံးကျည်များကို လမ်းခုလတ်မှ အချိန်စက္ကန့်မိနစ်ပိုင်းအတွင်း ဟန့်တားဖျက်ဆီးရန် နည်းပညာသစ်များရှာခဲ့ရာမှ ...

စိတ်စွမ်းအား (Wiil Power) ပညာရှင်များကို လျှို့ဝှက်လေ့ကျင့်အသုံးပြုရန် စီစဉ်ခဲ့သည်ဟု သိရသည်။

အချိန်ကာလ နှစ်ပေါင်းအတန်ကြာ ဒီလျှို့ဝှက်ချက်ကို ထိန်ချန်လျှို့ဝှက်ထားသော်လည်း ကွန်မြူနစ်စနစ်ကြီး ကမ္ဘာပေါ်မှာ ပြိုကွဲပျက်စီးပြုလာပြီးသောအခါ ၎င်းလျှို့ဝှက်သတင်းများ ကမ္ဘာသို့ပေါက်ကြားလာခဲ့လေသည်။

ယနေ့ကာလသို့ရောက်သောအခါ အချို့သော ခေတ်မီလက်နက်နိုင်ငံများသည် မနောစွမ်းအားပညာနှင့် အခြားနိုင်ငံရဲ့လှုပ်ရှားမှုကို အာရုံခံသည့် (တယ်လီပသီ)ခေါ် စိတ်ပို့လွှတ် စုံစမ်းထောက်လှမ်းရေးစီမံချက်ကို လူမသိအောင် လေ့ကျင့်လှုပ်ရှားနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဝိုက်စပိုင်တစ်ယောက်ကို ရန်သူနိုင်ငံသို့စေလွှတ်၍ သတင်းထောက်လှမ်းရသည်မှာ အရင်းအနှီးများလှ၏။ အခန့်မသင့်၍ မိမိတို့စေလွှတ်ထားသည့်စပိုင်ကို ရန်သူကမိသွားခဲ့လျှင် အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားကာ ဂုဏ်သိက္ခာ လွန်စွာထိခိုက်ရသည်။

သိပ္ပံပညာရှင်များသည် စိတ်ပညာရဲ့ လျှို့ဝှက်ဆန်းကြယ်စွမ်းအားကို သုတေသနပြုနေကြ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကောင်းကင်ပြိုဟ်တုဓာတ်ပုံသတင်းကဲ့သို့ နိုင်လုံတိကျပြီး လွန်စွာအန္တရာယ်ကင်းအရင်းအနှီးနည်း၍ ကုန်ကျစရိတ်သက်သာလှသော စိတ်စွမ်းအားပညာနှင့် စုံစမ်းထောက်လှမ်းသည့် နည်းပညာသစ် မုချမသွေ ရောက်နိုင်ဖွယ်ရာရှိသည်ဟု ကောက်ချက်ချထားကြ၏။

သူတို့ ၎င်းပညာရှင်များကို မွေးမြူလေ့ကျင့်နေကြပြီ။

သို့နှင့် အရှေ့တိုင်းရဲ့ ဘာသာရေးအနှစ်သာရကို အထူးပြုလေ့လာနေကြ၏။ အထူးသဖြင့် သမထကျင့်စဉ်။

ဘာကြောင့် အရှေ့တိုင်းသားပညာရှင်အချို့ လူတစ်ယောက်ရဲ့မျက်လုံးကိုစိုက်ကြည့်ပြီး ဘဝဖြစ်စဉ်များကို အတိအကျပြောနိုင်မလဲ။

ဒါကို အထူးပြု လေ့လာနေကြသည်။

ကောင်းကင်နက္ခတ် ဂြိုဟ်သွားဂြိုဟ်လာများက နိုင်ငံရဲ့ကံကြမ္မာလူရဲ့ကံကြမ္မာ၊ ခေါင်းဆောင်ရဲ့ကံကြမ္မာကို ဘာကြောင့်စီရင်ချက် ချနိုင်နေရသလဲ။

ခု သူတို့ ကမ္ဘာဦးကျမ်းများရဲ့ ရောနေသည့် ဝါကြန့်ကြန့်စာမျက်နှာများကို နောက်ကြောင်းပြန်လှန်ပြီး သိပ္ပံပညာနှင့်စူးစမ်း၍ မရ သေးသော အရှေ့တိုင်းအနောက်တိုင်း ဂမ္ဘီရဆန်းကြယ် ပညာရပ်များ





ကို စူးစမ်းနေကြပြီ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ . . .

နတ်မျက်စိ ဖြစ်သကဲ့သို့သော . . .

ဘုရားရှင်၏ တန်ခိုးဣဒ္ဓိပါဒ်ကဲ့သို့သော ကြိုတင်သိမြင် စွမ်းအားရှင်မျိုးကို ရှာဖွေမွေးမြူတွေ့ရှိရှိခဲ့လျှင် . . .

စစ်အသုံးစရိတ်များ ကုန်ကျမှုနည်းပါးပြီး

ကြိုတင်လက်ဦးမှု ရယူနိုင်မည်ဟု တွေးတောကြံဆနေကြ၏။ ဒီအကြောင်းအရာမျိုးကို ခုကတည်းက အချက်အလက် ရှာဖွေစုဆောင်းပြီး ကမ္ဘာကို အလျှင်အမြန် အသိပေးနိုင်ဖို့ စာတမ်းတစ်စောင်ကို ကိုရှုပတို့ ကျားကုတ်ကျားခဲ ပြုစုလေ့လာနေ၏။ ဒီစာတမ်းအောင်မြင်လျှင် သူတို့လည်း ကမ္ဘာကျော်ပညာရှင်များအဖြစ် သွားလေရာမျက်နှာပွင့်မည်။

ခုလည်း သူတို့ အလွန်ထူးဆန်းသော ဆာဒူးလို ပုဂ္ဂိုလ်တစ်ဦးကို အိန္ဒိယမြန်မာနယ်စပ်မှ ရှာဖွေ၍ ခေါ်လာခဲ့ကြ၏။

ဆာဒူးကြီး၏အမည်မှာ သူရိယဆာမိဟု ခေါ်၏။

အသက်ခန့်မှန်း (၈၀)ခန့်ရှိမည်ဟု ထင်ရ၏။

မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးများလည်းကောင်း၊ ရှည်လျားဖြူဆွတ်သည့် ကျောပေါ်ဝဲကျနေသည့် ဆံပင်လိပ်ကောက်ကောက်နှင့်မျက်ခုံးမွေး ဖြူဖြူရှည်ရှည် များကြောင့်လည်းကောင်း ဆာဒူးကြီးရဲ့နဂိုအသက်ကို အနီးစပ်ဆုံးခန့်မှန်းလို့မရ။

မျက်လုံး၊ နှာခေါင်းနှင့် နှုတ်ခမ်းမျှကိုသာ ခပ်ရေးရေးမြင်ရသည်။ အကြောပြိုင်းပြိုင်းထနေသည့် သူ့လက်နှစ်ဖက်ကိုကြည့်ခြင်းအားဖြင့် ဆာဒူးကြီးအသက် (၁၀၀)ဝန်းကျင်ရှိမည်ဟုလည်း ခန့်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ထူးဆန်းသည်ကား ဆာဒူးကုလားအဘိုးအိုသည် မြန်မာစကားကိုလည်းကောင်း၊ အင်္ဂလိပ်စကားနှင့် အိန္ဒိယစကား၊ ကလယ်စကား၊ အူရဒူစကားများကိုလည်းကောင်း ကောင်းစွာပြောနိုင်သူဖြစ်နေ၏။

"ဆာဒူးကြီး မြန်မာစကားပြောနိုင်တယ်။ မြန်မာပြည်ကို ရောက်ဖူး နေဖူးလို့လား . . ."

ကျွန်ုပ်က မေးမြန်းကြည့်၏။

"မရောက်ဖူးဘူး လူကလေး။ ကျွန်ုပ် ဟိမဝန္တာမှာရှိနေစဉ်တုန်းက မြန်မာဘုန်းတော်ကြီးတစ်ပါး ပထမကမ္ဘာစစ်မှာ ရောက်လာခဲ့တယ်။ မြန်မာဘုန်းကြီးက ကျွန်ုပ်တို့ရဲ့ ယောဂသမထကျင့်စဉ်ကို လေ့လာစူးစမ်းခဲ့တယ်။ ဒီမှာ ကျွန်ုပ်က သူ့ကို ကုလားစကားသုံးမျိုး သင်ပေးပြီး ကျွန်ုပ်က သူ့ဆီက မြန်မာစကားပါဠိစကားကို သင်ယူခဲ့တယ်"

"ဒါကြောင့်ကိုး . . ."

"ဒါဆို ဆာဒူးကြီး မြန်မာပြည်က ဘုရားစေတီတွေကို မမြင်ဘူး၊ မဖူးသေးဘူးပေါ့"

"ဟုတ်တယ်။ မဖူးဘူးပေမဲ့ ကျွန်ုပ်မြင်ခဲ့ပြီးပြီ"

"ဟင် . . . မဖူးဘူးဘဲနဲ့ ဘယ်လိုမြင်ရသလဲ"

"ကျွန်ုပ်ရဲ့အာရုံမှာ ပုဂံဘုရား၊ ရွှေတိဂုံဘုရား အကုန်ပေါ်နေတာ။ မြန်မာဘုန်းကြီးနဲ့ တွေ့ကတည်းကပဲ"

"မြန်မာဘုန်းကြီးအမည် မှတ်မိသေးလား"

"ကြာပြီ လူကလေး။ ကျွန်ုပ်မေ့သွားသလို ရှိတယ်။ ပြီး . . . သူကလည်း ကျွန်ုပ်ကို ကတိတစ်ခု တောင်းခဲ့တယ်"

စိတ်ကူးသစ်စာပေ



"ဘယ်လို ကတိပျိုးလဲ ဆာဒူး"

"သူ့အကြောင်းကို မပြောပါနဲ့တော့"

"ဘုန်းကြီးကရော ထူးဆန်းသလား"

"ဆန်းတယ် လူကလေး"

"ဘယ်လိုဆန်းသလဲ။ ပြောပါဦး ဆာဒူး"

"သူဟာ ဘုရားတိုင်တာ ကြိုးကိုင်းနဲ့ [illegible] တာကို ကျွန်ုပ်ငယ်စဉ်က အသေအချာ [illegible]"

"ဟုတ်တယ်။ ပြီး သူဟာ ကျွန်ုပ်တို့ဆီမှာ [illegible] ကိုပဲသောက်ပြီး ကျွန်းကြီးမှာ နေခဲ့တယ်။ သူနဲ့ ကျွန်ုပ် [illegible] နှစ်ပေါင်းများစွာ [illegible] ဒုတိယကမ္ဘာစစ်မှာ သူ မြန်မာပြည်ကို [illegible] တယ်။ သည့်နောက်ပိုင်း သူနဲ့ ကျွန်ုပ် [illegible] ပဲ"

"ခု ဆာဒူးကြီး ဒီကိုဘယ်လိုရည်ရွယ်ချက်နဲ့ [illegible] သလဲ"

"ကျွန်ုပ် အာရုံရထားသည့် ရွှေတိဂုံဘုရား [illegible] ကိုယ်တိုင်လက်အုပ်ချီပြီး ဖူးမြော်မယ်။ ပြီး . . . [illegible] ပြောပြတဲ့ ရသေ့ကြီးဆိုသူနဲ့ ပညာရပ်ဆိုင်ရာများကို [illegible] ရှင်ယူမယ်။ သူလိုချင်ရင်လည်း ပေးချင်ပါတယ်"

"ရက်(၈) ဇိုးဂွက်ဆာဒူးကြီး။ ဒီမှာရောက်[illegible] နှလုံးစိတ်ဝမ်း အေးချမ်းပါစေခင်ဗျာ"

"လူကလေး"

"ဘာတုံး ဆာဒူးကြီး"

"လူကလေးမှာ မိန်းမရှိသယ် မဟုတ်လား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရှိပါတယ်"

"လူကလေး စာရေးတယ်"

"ကိုရှုပတို့ ပြောထားလို့လား ဆာဒူးကြီး"

"မဟုတ်ပါဘူး။ ကျွန်ုပ် မင်းကိုကြည့်ပြီး သိနေတာ။ လူကလေးကို ကျွန်ုပ်ကြိုပြောရရင် လူကလေးလက်ခံနိုင်ပါ့မလား"

"ပြောပါ"

"မင်းညာလက်ပေးပါ"

ကျွန်ုပ်က ညာလက်ဝါးကိုဖြန့်၍ သူ့ရှေ့မှာ ပြလိုက်၏။ သူက မှတ်ဆိတ်ပါးမြိုင်းများ စုကျလာအောင် လက်ဝါးပြင်ကို ငုံ့ကြည့်ပြီး ဟောပြောလေ၏။

"၁၉၈၃ ခုနှစ်မှာ မင်းတို့လင်မယား ကွာရှင်းရလိမ့်မယ်"

"ဗျာ . . . ဟုတ်နိုင်ပါ့မလား ဆာဒူး"

"ဟုတ်တယ်။ အဲဒီအချိန်မှာ သားသမီးလေးယောက်ရလိမ့်မယ်။ အခု ဘယ်နှစ်ယောက်ရပြီလဲ"

"တစ်ယောက်ပါ ခင်ဗျ"

"ကွာရှင်းမည့်နေ့ဟာ ဘုရားပွဲတစ်ခုရဲ့ အစည်ကားဆုံးနေ့ပဲ။ ကွာရှင်းပြီး သုံးနှစ်အကြာမှာ မင်းဝင်ငွေသိန်းနဲ့ချီ ကိုင်ရမယ်။ နောင်(၁၀)နှစ်ထပ်ကြာရင် ငွေသန်းနဲ့ချီကိုင်ရမယ်။ လူတိုင်းမျှော်လင့်စောင့်စားနေသည့် နိုင်ငံကျော်စာရေးဆရာ ဖြစ်လိမ့်မယ်။ အိမ်ထောင်ရေးမပြိုကွဲခင်မှာ လူကလေး ကိုးလတိတိ အချုပ်အနှောင် အဖမ်းဆီးခံရမယ်"

"ဟုတ်ပါ့မလား ဆာဒူးကြီး။ ကျွန်တော့်မိန်းမက ကျွန်တော့်ကို အရမ်းချစ်တာပါ ခင်ဗျာ"

စိတ်ကူးသစ်စာပေ



"ဒိုင်ယာရီမှာ ကျွန်ုပ်ပြောတာကို ရေးမှတ်ထားပါ။ ကျွန်ုပ်အသက်နဲ့ခန္ဓာကိုယ် တည်မြဲနေသေးရင် နောင်အနှစ်(၃၀)အကြာမှာ လူကလေးနဲ့ ပြန်ဆုံချင်ပါတယ်"

သို့နှင့် ကျွန်ုပ်သည် ဒိုင်ယာရီစာအုပ်မှာ သူ့ရဲ့ကြိုတင်ဟောချက်များကို အကျဉ်းချုပ် ရေးသားမှတ်ထားလိုက်လေ၏။

*(မှတ်ချက် ။ ။ နောင်အခါ ထူးဆန်းသော ဆာဒူးအဘိုးအိုကြီးရဲ့ ဟိုမှာဘက်ခေတ်တုန်းက ကြိုတင်ဟောပြောချက်များ ကွက်တိမှန်နေသည်ကို အံ့ဩဖွယ်ကြုံခဲ့ရလေ၏။ ကျွန်ုပ် အင်းစိန်ထောင်မှာနေခဲ့ရ၏။ ထောင်မှလွတ်လာပြီးနောက် ကလေးလေးယောက်ရပြီးသောအခါ စားဝတ်နေရေးအခက်အခဲကြုံပြီး ချစ်လှစွာသောဇနီးနှင့် တရားရုံးမှာကွာရှင်းပြတ်စဲခဲ့ရ၏။ ထိုနေ့က သန်လျင်ကျိုက်ခေါက်ဘုရားပွဲရဲ့ အစည်ကားဆုံးနေ့ဖြစ်သော တပို့တွဲလပြည့်နေ့ နံနက် (၁၀)နာရီဖြစ်၏။ ဇနီးသည်က နောက်အိမ်ထောင်ပြုသွား၏။ အိမ်ထောင်ပြိုကွဲပြီး အတူနေသားသမီးသုံးဦးနှင့် ရရာကျပန်းအလုပ်များကိုလုပ်၍ ဆင်းရဲချို့ငဲ့ကျပ်တည်းစွာနေရစဉ် နိုင်ငံတော်အစိုးရက စာရေးဆရာများကို မြေကွက်တစ်ကွက်ချပေးသောအခါ ၎င်းမြေကွက်အား အိုးအိမ်ဦးစီးဌာနသို့ ပြန်ရောင်းလိုက်သည့်အတွက် ငွေသုံးသိန်းကျပ်ရပြီး ဘဝထွက်ပေါက် ရသွားခဲ့၏။ ၎င်းငွေကို အခြေပြုပြီး ကျွန်ုပ်စာပေလောကသို့ မျက်စိမှိတ်ဝင်ရောက်ခဲ့လိုက်ရာ (၁၆)နှစ်ကြာသော် ဂမ္ဘီရစာပေနှင့်နာမည်ရခဲ့ပြီး ငွေသိန်းတစ်ရာခန့်ရရှိကာ စိတ်အေးချမ်းသာ နေထိုင်ရသည့်ဘဝသို့ ရောက်ရှိလာခဲ့သည်။)*

ကိုရှုပတို့နှစ်ဦးက ဆာဒူးအဘိုးအိုကို ရွှေတိဂုံဘုရားသို့ လိုက်ပို့၏။ နောက်အပတ်မှာ ပုဂံဘုရားများသို့ လိုက်ပို့မည်ဟု ဆို၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့သို့ ရောက်သောအခါ . . .

ကျွန်ုပ် ကိုရှုပဗေဒ၊ ကိုခါတုနှင့် ဆာဒူးအဘိုးအိုကြီးတို့သည် ပုံပျက်ပန်းပျက်ရသေ့ကြီး ခေတ္တသီတင်းသုံး မှီတင်းနေထိုင်ရာ ညောင်မြောက်ပင် သင်္ချိုင်းဇရပ်သို့ ရောက်ရှိခဲ့ကြလေ၏။

ကိုရှုပဗေဒက သင်္ချိုင်းထဲဝင်သည်နှင့် သူ့ဝသီဓလေ့အတိုင်း ရသေ့ကြီးကို ရိုတိုတိုလေးလုပ်၍ အော်ခေါ်လိုက်လေသည်။

''ဗျို့ . . . ပုံပျက်ပန်းပျက် ရသေ့ကြီး''

''ဗျို့ . . . ပုံပျက်နှုတ်ခမ်းပျက် ရသေ့ကြီး . . .

စားပြီး အိပ်နေ . . . ရသေ့ခွေး၊ သေရင်ပက်လက် ဟောက်ပွေ့ဟက်တဲ့။ ဘယ်သစ်ပင်ခွကြားမှာ မှိန်းနေတုံး ရသေ့ကြီးရ''

''အသံလေးဘာလေး ပြုပါဦး။ အီဆိမ့်အိပ်တုန်းလား''

''ကျိ . . . အား . . . ကျိ''

''အမယ်လေးဗျ''

''ဟ . . . ဟ''

ကိုရှုပဗေဒသည် ပုံပျက်ပန်းပျက် ရသေ့ကြီးအား ငယ်ပေါင်းကောင်းနေဘက်ကဲ့သို့ အားမနာ လျှာမကျိုး နှိပ်ကွပ်ပြောဆို အော်ဟစ်နေစဉ်မှာပင် သင်္ချိုင်းဇရပ်ရှေ့ညောင်ပင်ပေါ်မှ တောကျိုးကန်းတစ်ကောင်သည် ကျည်ခနဲအော်၍ ပျံသန်းလာပြီး ကိုရှုပဗေဒရဲ့ ဦးခေါင်းပေါ်က ဆံပင်များကို ခြေသည်းနှင့်ကုပ်၊ နှုတ်သီးနှင့်ပေါက်လိုက်ရကား . . .

ကိုရှုပဗေဒ ငယ်သံပါအောင်အော်ရင်း ထိုင်ချလိုက်လေ၏။ ကျွန်ုပ်တို့လည်း မမျှော်လင့်သည့်မြင်ကွင်းကြောင့် အံ့အားသင့်၍ ကြောင်ကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

စိတ်ကူးသစ်စာပေ



တောကျိုးကန်းကြီးသည် နှုတ်သီးမည်းမည်းရှည်ရှည်နှင့် ကိုရှုပဗေဒကို ထိုးဆိတ်နေ၏။ ကိုရှုပဗေဒက လက်နှင့်ပုတ်ခတ်ရန်းကန်ပြီး အော်ဟစ်ပါသော်လည်း ကျိုးခြေက သူ့ဆံပင်များကို မလွှတ်တမ်းကုပ်ထားရကား နာကျင်စွာအော်ဟစ်ရင်း အကူအညီတောင်းနေ၏။

ဒီမှာပဲ ဆာဒူးအဘိုးအိုက အပြုံးကြီးစွာ ကုတ်ဖွဲ့နေသော တောကျိုးကန်းရဲ့ကျောပေါ်သို့ သူ့ညာလက်မည်းမည်းကြီးကို အုပ်၍ ပါးစပ်မှ . . .

''တော်ပါတော့ . . . ကျိုးကန်းကြီး''

သို့ကလိုပြောပြီး ကျိုးကန်းကို အုပ်ကိုင်၍ မ,လိုက်တော့မှ တောကျိုးကန်းသည် ဆာဒူးအဘိုးအိုလက်သို့ပါသွားပြီး ကိုရှုပဗေဒကို ကြည့်ကာ တအာအာရန်တွေ့သလို လုပ်နေ၏။

ကိုရှုပကား ထူးဆန်းသည့် တောကျိုးကန်းကိုကြည့်ပြီး ကြောက်ရွံ့ခြင်း ခံမရနှင့် ဦးခေါင်းကိုလွှတ်ကာ ရေရွတ်ကျိန်ဆဲနေ၏။

ဒီမှာ ကျွန်ုပ်တို့ အံ့ဖွယ်ဖြစ်စဉ်ကို မြင်လိုက်ရ၏။ ဆာဒူးကြီးသည် မာဂဓဘာသာ (နောင်မှသိရသည့် စကားဖြစ်သည်) စကားနှင့် တောကျိုးကန်းကြီးကို ပြောလိုက်၏။

''တောကျိုးကန်းကြီး . . . သင့်ရဲ့ဆရာသခင် ကျေးဇူးရှင်ကို သွားနှိုးလိုက်ပါ။ ဧည့်သည်များ ရောက်နေတယ်လို့။ ကိုင်း . . . သွားတော့''

ဆာဒူးကြီးက ပါးစပ်မှ သို့ကလိုပြောပြီး တောကျိုးကန်းကို လေထဲမြှောက်လွှတ်လိုက်သောအခါ တောကျိုးကန်းကြီးသည် ကျွန်ုပ်တို့ လေးဦးရဲ့ဦးခေါင်းပေါ်မှာ ပျံဝဲလိုက်ပြီးနောက် . . .

သင်္ချိုင်းဇရပ်အတွင်းရှိ လူသေကောင်သွင်းခေါင်းများတင်ရာ

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တလားစင်ပေါ်ရှိ သစ်သားခေါင်းတလားအဖုံးပေါ်မှာ ရပ်နား လိုက်၏။

ပြီးနောက် ခေါင်းဖုံးကို နှုတ်သီးနှင့် တဒေါက်ဒေါက်ခေါက်ပြီး အာ ... အာ ... အာ ဟု သုံးကြိမ်အော်ကာ ညောင်ပင်ပေါ်သို့ ပျံနားနေလိုက်သည်ကို မြင်လိုက်ရလေသည်။

သည်မှာပဲ ကျောက်တလားစင်ပေါ်မှ သစ်သားခေါင်းအဖုံး တရွေ့ရွေ့ပွင့်ဟပြီးနောက် ပုံပျက်ပန်းပျက်ရသေ့ကြီး ခေါင်းထဲမှ ကိုယ်တစ်ပိုင်းထောင်ထ,လာသည်ကို မြင်လိုက်ရလေ၏။

ရသေ့ကြီးသည် ခေါင်းဖုံးကိုမ,၍ နံဘေးမှာချလိုက်၏။

"ဟော့ကောင် ... လူကန့်လန့်။ ဆိမ့်ရဲ့လားကွဟေ"

"ဘာဗျ"

"ဟား ... ဟား ... ဟား ... ဟား ... လိပ်ဥဖွတ်သည်း ကျွဲနို့ခဲလို အရသာဆိမ့်ရဲ့လားလို့ မေးတာပါ။ သူတော်ကောင်းကြီးရာ ဟား ... ဟား ... ဟား ... ဟား"

"ရသေ့ကြီး"

"ဒါ ... ဒါ ... ခင်ဗျားလက်ချက်ပေါ့ ဟုတ်လား"

"No ... No ... I can not ... ငါလုံးဝ မလုပ်ရပါဘူး သူတော်ကောင်းကြီးရာ။ ငါ ကဝေစုန်းပညာသည် မဟုတ်ပါဘူး ကျေးဇူးရှင်ရာ။ ငါသပိတ်ပေါင်းတစ်လုံးနဲ့ ဆွမ်းခံစားနေတဲ့ ကျောင်း မရှိ ရသေ့အိုကြီးပါ ငါ့လူရာ"

"ဒါဖြင့်ရင် ဒီတောကျိုးကန် တိရစ္ဆာန်အရိုင်းက ဘာလို့ကျုပ် ကို ရန်လုပ်ရတာလဲ။ ဒါရသေ့ကြီး အောက်လမ်းပညာနဲ့စီရင်ပြီး ခိုင်း တာမဟုတ်ရင် ဘယ်သူခိုင်းမလဲပြော။ အား ... ကျွတ် ... ကျွတ်"





"ငါ့လူ ... ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တဲ့။ ဘဝကံ အကြောင်းမလှလို့ အနိမ့်စားအဆင့်ကို ရောက်ရသည့်ဘုံဌာနလေးဘုံ ရှိသကွ။ အဲဒီမှာ ငရဲကျသူများကလွဲရင် တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘဝရောက်သူများဟာ အတိတ်ဘဝတုန်းက သူတို့နဲ့ အတူနေခဲ့ရဖူးသူ ဒီလိုမဟုတ်ရင်လည်း ပစ္စုပ္ပန်ဘဝမှာသူတို့ကို အစားအစာ၊ မေတ္တာ ကရုဏာတရား သို့မဟုတ် နေ့စဉ် အမျှပေးဝေမှုကို ခံယူရခဲ့ရင် ... အဲ ... ကောင်းမှုပြုသူရဲ့ ကျေးဇူးကို သူတို့က အလျဉ်းသင့်သလိုပြန် လည် ကျေးဇူးပြုစောင့်ရှောက်လေ့ရှိတာ ထူးခြားတဲ့ဖြစ်စဉ်တစ်ခုပဲကွ။ အဲဒီမှာ တိရစ္ဆာန်ကပိုပြီး ကျေးဇူးတရားကို သိတတ်ကြတယ်။ ဒီတော ကျိုးကန်းကြီးဟာ ငါစွန့်တဲ့ ဆွမ်းကျန်ဟင်းကျန်ကို နေ့စဉ်စားနေရ တော့ ငါ့ကို သူ့ရဲ့ထမင်းရှင် ကျေးဇူးရှင်လို့ ယုံကြည်နေရှာသပေါ့ကွာ။ မင်းလိုပညာတတ်ပြီး ဘုန်းကြီးမှန်း၊ ရသေ့မှန်း၊ လူကြီးသူကြီးမှန်း ရှိသေလေးစားထိုက်တဲ့ ဂါရဝတရား၊ နိဝါရတရား ခေါင်းပါးသူ လူကန့်လန့်၊ လူ့ခွစာ၊ လူတဇောက်ကန်း၊ တော်းငရွဲ အရောင်တောက်ပ လို့သာ စိန်လို့ခေါ်နေရပြီး အမှန်က အိုးခြမ်းကွဲလောက်မျှ တန်ဖိုးမရှိတဲ့ မင်းလိုကောင်ကို အဟိတ်တိရစ္ဆာန် ကျိုးကန်းကတောင် မျက်မုန်းကျိုး ကြည့်မရဖြစ်နေပြီဆိုတော့ ကိုယ့်ဘဝကိုယ့်တန်ဖိုး ကိုယ့်ဘာသာ နား လည်ပေရော့ ... လူမိုက်ကြီးရေ"

"တောက် ... ခင်ဗျားကြီးဗျား။ ကျုပ်တို့က ခင်ဗျားကို စော် ကားဖို့လာတာ မဟုတ်ဘူးဗျ။ ဒီမှာ ညှိသည့်ပါလာလို့ လာတွေ့တာ"

"မင်း ဘာပြဿနာ လုပ်ဦးမလို့လဲ။ ဘာရှုပ်ဦးမလို့လဲ ရှုပ်"

"ရသေ့ကြီးကို မိတ်ဆက်ပေးချင်လို့ပါ"

ရသေ့ကြီးက မှတ်ဆိတ်ဖားလျား ဆံပင်ရှည်များနှင့် ဆာ



www.burmeseclassic.com

www.burmeseclassic.com

[illegible] အရည်လဲ၍ [illegible]

[illegible] တေးယာကသမတောကျင်းနေတဲ့ ဆာဒူးကြီးပဲ [illegible] ခေါ်တယ်''

''[illegible] ဟုတ်လား''

[illegible]

[illegible] ...ဒါ ကျွန်တော်တို့ပြောနေတဲ့ ပုံပျက်ပန်းပျက် [illegible] မြင်တဲ့အတိုင်းပါပဲခင်ဗျာ''

[illegible] ပုံပျက်ပန်းပျက် ရသေ့ကြီးကို ခြေဆုံးခေါင်း [illegible]

''[illegible] ဒါပဲ [illegible] အကာသိလိုက်တော်ရ''

''[illegible] ရသေ့ကြီး။ ဟောဒီ ဆာဒူးကြီးဟာ အလွန့်ကိုထူး [illegible] ပညာရပ်များနဲ့ ပြည့်ဝသူပဲ ရသေ့ကြီး။ ဒါနဲ့ ကျုပ်တို့က [illegible] ကျုပ်တို့မြို့က သချိုင်းကုန်းဖေ့ပ်ဟာနေတဲ့ ပုံပျက်ပန်းပျက် [illegible] ကလည်း အလွန်ကိုထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲလို့ပြောပြတော့ [illegible] ပညာရပ်များကို လေ့လာသိချင်တယ်တဲ့။ ဒါနဲ့ ခေါ်လာ [illegible]

''[illegible] ...ဂျီကို ဖွဲ့ဖို့ နိုင်ကွပ်ဖို့ [illegible] ပြောလိုက်ပါ လာကန့်လန့်ရှာ''

[illegible] ရသေ့ကြီးရာ။ ကျုပ်တို့ မြို့ရ





နေတဲ့ သုတေသနကျမ်းမှာ ဘယ်လိုသက်သေသဏ္ဍာရ အကောက် အထားများ ဖြည့်စွက်ရမလဲဆိုတာ လိုအပ်နေလို့ပါ''

''ခွင်ချက်ပြီး လုပ်စားမယ်လို့ ဝန်ခံပါကွာ''

''အဟုတ် ... အဟုတ် ... အဟုတ် ... သူတော်ကောင်း တွေကို မရိပါနဲ့ ရသေ့ကြီးရာ။ ပညာဖလှယ်တဲ့သဘောပါ။ လုပ်စမ်း ပါ။ ကျုပ်တို့က တော်ရုံတန်ရုံကို ယုံတာမဟုတ်ဘူးလေဗျာ။ ခင်ဗျား တို့ပြောတဲ့ ဂမ္ဘီရဆန်းကြယ်ဆိုတာဘာလဲကို ပီပီပြင်ပြင် မြင်ရသိရမှ ကျုပ်တို့က ခေါင်းညိတ်မှာလေဗျာ''

ဒီမှာ ရသေ့ကြီးသည် ဆာဒူးကြီးကို လှမ်းကြည့်လိုက်လေ သည်။ ဆာဒူးကြီးကလည်း သူ့ကိုပြုံးပြုံးကြီး ကြည့်နေ၏။ သူ့အပြုံး ထဲမှာ မည်သည့်ရသများ ပါဝင်ရောယှက်နေသည်ကို ပုံပျက်ပန်းပျက် ရသေ့ကြီး သိနေပါသည်။

''ဆာဒူးကြီး''

''အမိန့်ရှိပါ ရသေ့ကြီး''

သူတို့ မြန်မာလိုရော၊ ဟိန္ဒူလိုရော ပြောကြ၏။ နောက်ပိုင်း ကျွန်ုပ်တို့ပါ နားလည်စေရန် မြန်မာလို ပြောဆိုကြလေ၏။

''ကျုပ်က ပညာမပြိုင်ချင်ဘူး''

''ကောင်းပါတယ် ရသေ့ကြီး။ ကျွန်ုပ်လည်း ပညာပြတာကိုပဲ မြင်ချင်ပါတယ်''

''ကျုပ် ဆာဒူးကြီး ဘယ်လိုအတတ်ပညာကို ကျွမ်းကျင်သိရှိ လုပ်ပြနိုင်တယ်ဆိုတာ အလျင်သိချင်ပါတယ်။ အလျင်စပြနိုင်မလား''

''ဖြစ်ပါတယ် ရသေ့ကြီး''

''ဒါဆို စပြပါ။ ကျွန်ုပ်မြင်ချင်လှပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ရသေ့ကြီး . . . ဟောဟိုက ရသေ့ကြီးရဲ့ ဆွမ်းစားသပိတ်ကို ဟိုခေါင်းဖုံးပေါ်မှာ မှောက်တင်ပေးပါလား"

"ရပါတယ်"

ဒီမှာ စဏ္ဍာလကြီး ဦးဖျော့ဆွဲပေါ်လာပြီး ရသေ့ကြီးကိုယ်စား ကျောက်တလားပေါ်က သစ်သားခေါင်းကို အဖုံးဖုံး၍ ခေါင်းဖုံးပေါ်မှာ ရသေ့ကြီးရဲ့ ဆွမ်းစားသပိတ်ကို မှောက်ပေးလိုက်သည်။

ဒီမှာ ဆာဒူးကြီးက ရသေ့ကြီးကို မေးလိုက်သည်။

"ရသေ့ကြီး . . . သပိတ်အောက်မှာ ဘာရှိသလဲ"

"ခေါင်းပျဉ်အဖုံးပဲရှိပါတယ်"

"သပိတ်ထဲမှာရော ဘာရှိသလဲ"

"ဘာမျှ မရှိပါဘူး"

"ဒါဆိုရင် ဒီသပိတ်ဟာ လှုပ်မလှုပ်ဘဲနဲ့ လှုပ်မလား"

"လုံးဝမလှုပ်ပါဘူး"

"ကိုင်း . . . ဒီဘက်က လူကလေးတို့ ရသေ့ကြီးပြောတာ ဟုတ်နိုင်ပါသလား"

ဒီမှာ ကျွန်ုပ်တို့အားလုံးက တစ်ပြိုင်တည်းဖြေကြသည်။

"ဟုတ်ပါတယ် ဆာဒူးကြီး"

"ကောင်းပြီ။ ကြည့်နေကြပါ။ သပိတ်ကြီးလှုပ်နေပါလိမ့်မယ်"

ကျွန်ုပ်တို့အားလုံး ခေါင်းပျဉ်ပေါ်မှ အိုးမှောက်သလို မှောက်ထားသည့် သပိတ်လုံးကိုတစ်လှည့်၊ ဆာဒူးကြီးကိုတစ်လှည့် အာရုံစိုက်ကြည့်နေစဉ် . . .

ဆာဒူးကြီးသည် သပိတ်လုံးရှိရာသို့ မျက်နှာမူ၍ ညာလက်ညှိုးကို ဆန့်တန်းထိုးလိုက်ကာ ကျွန်ုပ်တို့ နားမလည်နိုင်သော အိန္ဒိယ





ဘာသာစကားမန္တန်ကို ရွတ်ဆိုလိုက်သောအခါ . . .

"ဟာ"

"သပိတ်လှုပ်နေပဟ"

"အေးဟ . . . လှုပ်နေပြီ။ ဟော . . . ဟော . . . ကြွ ကြွနေပြီဟေ့"

ထူးဆန်းလှပေစွ။ မှောက်ထားသည့်သပိတ်သည် ကြွက်ကဲ့သို့သော သတ္တဝါတစ်ကောင် ဝင်နေသကဲ့သို့လည်းကောင်း၊ တိုးနေသကဲ့သို့လည်းကောင်း လှုပ်ရှားနေသည်ကို ကျွန်ုပ်တို့အားလုံး မြင်လိုက်ရသောအခါ လွန်စွာအံ့သြခဲ့ရလေသည်။

သပိတ်သည် သုံးကြိမ်သုံးခါ လှုပ်ကြွပြီးနောက် မူလနေရာမှ တစ်ထွာခန့် နေရာရွေ့သွားသည်ကို ထူးဆန်းစွာမြင်ကြရသောအခါ ဆာဒူးရဲ့မျက်နှာကို အံ့သြစွာကြည့်မိလေသည်။

"အားလုံး လှန်ကြည့်ကြပါ"

"ငဖ . . . လှန်လိုက်"

ရသေ့ကြီးက သူ့တပည့် ဖျော့ဆွဲကို လှန်ခိုင်းလိုက်သဖြင့် ဦးဖျော့ဆွဲက သပိတ်ကို လှန်လိုက်သောအခါ ဘာဆို ဘာမျှမရှိ။

ကျွန်ုပ်တို့အားလုံး ဆာဒူးကြီးရဲ့ ထူးဆန်းသော အတတ်ပညာကို အံ့သြ၍ လက်ခုပ်ဝိုင်းတီး သြဘာပေးလိုက်ကြလေသည်။

"ကျေးဇူးပြုပြီး အရှင်ရသေ့ရဲ့ ပညာပိုင်းဆိုင်ရာ ပြကွက်တစ်ခုကို ကျွန်ုပ်အား ပြသစေချင်ပါတယ် အရှင်ရသေ့"

ဆာဒူးအဘိုးကြီးက ဂုဏ်ယူဝံ့ကြွားသော ဟန်ပန်အသံနှင့် ပုံပျက်ပန်းပျက် ရသေ့ကြီးကိုကြည့်ပြီး ပြောလိုက်လေ၏။

"ကျုပ် မပြချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ပြပါ ရှင်ရသေ့။ ကျွန်ုပ် သင့်ပညာစွမ်းကို မြင်ချင်လို့ပါ''

''မပြပါရစေနဲ့။ ဆာဒူးကြီးပဲ ဆက်လုပ်ပြပါ''

ရသေ့ကြီးက ငြင်းဆိုနေ၏။ ဒီမှာ ကိုရှုပက ဝင်ပြော၏။

''ရသေ့ကြီး . . . လုပ်ပါဗျ။ ပြလိုက်ပါ''

''မျက်လှည့်ဆရာ ငါမဟုတ်ဘူး''

''လုပ်မနေပါနဲ့ဗျာ။ ခင်ဗျား မတတ်လို့ မဟုတ်လား''

ရသေ့ကြီးက တုံးကိုဘာဝေရပ်နေဆဲ။ ကိုခါတုကလည်း ဝင်ရိုပြန်၏။

''တစ်နယ်တစ်ရပ်က ဆာဒူးကြီးကတောင် သူ့ရဲ့ပညာကို ပြနိုင်သေးတာ ဥစ္စာ။ ရသေ့ကြီး မပြနိုင်ဘူးဆိုတာ ရသေ့ကြီး ဘာမျှ မဟုတ်ဘူးဆိုတာ ထင်ရှားနေပြီပဲဗျာ''

ကျွန်ုပ်သည် ရသေ့ကြီးကို လွန်စွာလေးစားပါသည်။ ရသေ့ကြီးမှာ ဂမ္ဘီရဆန်းကြယ်ပညာရပ်များ အနည်းနှင့်အများရှိနေသည်ကို ယုံကြည်ပါသည်။ ခုလို လူမျိုးခြားဆာဒူးကြီးက လက်တွေ့ဆန်သော ပညာရပ်တစ်ခုကို ပြနိုင်ခဲ့ပြီး ကျွန်ုပ်လေးစားသော ရသေ့ကြီးက ဘာတစ်ခုမှ ပြန်လုပ်မပြနိုင်သည်ကို အားမလိုအားမရဖြစ်ပြီး အခံရခက်သလို ရှိနေသဖြင့် . . .

''ရသေ့ကြီးခင်ဗျာ''

''ဘာတုံး စာရေးဆရာ''

''ဘာကြောင့် ရသေ့ကြီး မပြချင်ရပါလဲ ခင်ဗျာ''

''ဒါ လမ်းဘေး မျက်လှည့်ဆရာများ ပြကွက်မို့လို့ပါ''

''သေးငယ်တယ်လို့ ပြောချင်လို့လား''

''ဆိုပါစို့''





''ဒါဆို ရသေ့ကြီးက သူ့ထက်ကြီးတဲ့ပြကွက်ကိုရော ပြသနိုင်လို့လား''

ကျွန်ုပ်ရဲ့မေးခွန်းက ထိရောက်သွား၏။

''အမိန့်ရှိပါ ရသေ့ကြီးခင်ဗျာ''

''ပြနိုင်ပါတယ်''

ဒီမှာ ဆာဒူးအဘိုးကြီးက ရသေ့ကြီးရှေ့ကို တိုးလာပြီး . . .

''ရသေ့ကြီး သင်ပြနိုင်ရင်ပြပါ။ ဒီထက်ဆန်းတာ ပြနိုင်ရင် လုပ်ပြပါ''

ရသေ့ကြီးက ဆာဒူးကြီးရဲ့ ပြူးစိစိမျက်လုံးအစုံကို စိုက်ကြည့်လိုက်၏။ ဆာဒူးကြီးကလည်း မျက်တောင်မခတ် စိုက်ကြည့်နေလိုက်၏။ ပီဘိ . . . ကျောက်ရုပ်နှစ်ခု ရင်ဆိုင်ကြည့်နေသလို။

''ဆာဒူးကြီး''

''ပြောပါ ရှင်ရသေ့''

''ဆာဒူးကြီးပခုံးပေါ်က မျက်နှာသုတ်ပဝါ ခဏပေးပါ''

''ဘာလုပ်မလို့လဲ ရှင်ရသေ့''

''ဆာဒူးကြီးပြကွက်ထက် ဆန်းကြယ်တဲ့ပြကွက်ကို ကျွန်ုပ်ပြမလို့ပါ''

''တကယ်''

''ဟုတ်တယ်''

''ရော့ . . . ရသေ့ကြီး''

ဆာဒူးကြီးသည် သူ့ပခုံးပေါ်မှ အဝါရောင်မျက်နှာသုတ်ပဝါလေးကို ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့ ညာလက်တဲ့ရှည်ရှိရာသို့ ကမ်းပေးလိုက်သည်။ ရသေ့ကြီးက ဆာဒူးရဲ့မျက်နှာသုတ်ပဝါကို ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



လုံးခြေခြေပြီး ခါလိုက်သည်။

"အဲဒီလို လုပ်စမ်းပါဗျ။ ပညာရဲရင့် ပွဲလယ်တင့်မှပေါ့"

ကိုရှုပတို့က ရသေ့ကြီးကို မြှောက်ပင့်ပေးလိုက်၏။ ကျွန်ုပ်ကား အထူးအဆန်းတစ်ခုခုကို မြင်ရတော့မည်ဖြစ်၍ လွန်စွာစိတ်ဝင်စားပြီး တက်ကြွနေပါ၏။

"ဆာဒူးကြီး"

"ရှင်ရသေ့"

"အဲဒီ သပိတ်ကို သင်ကိုယ်တိုင် သွားကိုင်ကြည့်လိုက်ပါ"

ဆာဒူးကြီးက ခေါင်းဖုံးပေါ်က သပိတ်ကိုကိုင်၍ အတွင်းအပြင်ကို ကြည့်လိုက်၏။

"အထဲမှာ ဘာရှိသလဲ"

"ဘာမျှမရှိပါဘူး ရှင်ရသေ့"

"ဟုတ်ရဲ့လား"

"ဒီမှာ ဘာမျှမရှိပါဘူး"

ဆာဒူးကြီးက သပိတ်အတွင်း လက်နှင့်နှိုက်ပြီး လေထဲမှ ရှေ့လှန်နောက်လှန် ပြလိုက်၏။

"ဒါဆို သပိတ်ကိုမမှောက်ဘဲ လှန်ပြီး ခေါင်းဖုံးပေါ် ပြန်တင်ချလိုက်"

ဆာဒူးကြီးက သပိတ်ကိုလှန်ဖွင့်၍ တင်ချထားလိုက်၏။

"ရော့ . . . ဒါသင့်မျက်နှာသုတ်ပဝါ။ မျက်နှာသုတ်ပဝါထဲမှာ ဘာကောင်ရှိသလဲ။ သေသေချာချာ စစ်ဆေးကြည့် . . ."

လှမ်းပေးလိုက်သည်။ ဆာဒူးကြီးက သူ့မျက်နှာသုတ်ပဝါကို ဖင်ပြန်ခေါင်းပြန် လှန်၍ ကြည့်၏။ ခါချ၏။





"ဘာမျှမရှိပါဘူး ရှင်ရသေ့"

"သေချာရဲ့လား"

"သေချာပါတယ်"

"ပုရွက်ဆိတ်ရော"

"မရှိ"

"သန်း ချေး . . . ရော"

"မရှိ"

"သေချာတယ်နော်"

"အချား ဆပ်"

သူက ကုလားလို ဟုတ်ကဲ့ပါဟု ပြောလိုက်၏။ ဒီမှာ ရသေ့ကြီးက . . .

"အဲဒီသပိတ်ပေါ်ကို ဆာဒူးရဲ့ မျက်နှာသုတ်ပဝါ အုပ်လိုက်ပါ"

ဆာဒူးကြီးက ရသေ့ကြီး အမိန့်ပေးသည့်အတိုင်း သပိတ်မျက်နှာပေါ်သို့ မျက်နှာသုတ်ပဝါကို အုပ်ချလိုက်၏။

"ပြီးပလား ဆာဒူးကြီး"

"ပြီးပြီ ရှင်ရသေ့"

"နည်းနည်းလှန်ဟကြည့်ပါ။ အထဲမှာ ဘာရှိလဲ"

ဆာဒူးကြီးက လှန်ဟ၍ကြည့်၏။ ပြီး ခေါင်းကိုယမ်း၊ လက်ကို ယမ်းပြ၏။

"ဘာမျှမရှိပါဘူး"

"ကိုင်း . . . ကိုယ့်လူတို့။ မင်းတို့ရဲ့ ဆာဒူးကြီးက သပိတ်ထဲမှာ ဘာမျှမရှိဘူးလို့ ပြောနေရဲ့။ မင်းတို့ကိုယ်တိုင် မျက်နှာသုတ်ပဝါ



www.burmeseclassic.com

www.burmeseclassic.com



ကို လှန်ပြီး သွားစစ်ဆေးကြည့်ပါဦးဟ''

ဦးစွာ လူကန့်လန့် ကိုရှုပဗေဒက လှန်ကြည့်၏။

''ဘာရှိလဲဟေ့''

''ကြောင်မနေစမ်းပါနဲ့ဗျာ။ ဘာမျှမရှိဘူး''

''စာတု ကြည့်လိုက်ပါဦး။ လူကန့်လန့်နောက်လိုက်ရ''

ကိုစာတု ရှုသိုးသိုးမျက်နှာနှင့် လှန်ကြည့်၏။

''အထင်ကြီးအောင် မလုပ်စမ်းပါနဲ့ ရသေ့ကြီးရာ။ လုံးဝပါ ပဲ''

''ကိုင်း . . . မောင်မှိုင်း စာရေးဆရာ။ ငါ့လူက သမာသမတ် သမားပါကွာ။ ငါ့လူ စစ်ဆေးလိုက်ပါဦး။ ငါကတော့ အထဲမှာ တစ်ခုခု ရှိနေဘယ်လို့ မြင်နေရသကွ''

ဆာဒူးကြီး အပါအဝင်အားလုံးက ရသေ့ကြီးကို ဖင်ခေါင်း ကျယ်လွန်းရန်ဂေဟာသော မျက်လုံးနှင့်ဝိုင်းကြည့်ပြီး နှုတ်ခမ်းများကို ရွဲ့၍ ပြုံးလိုက်ကြ၏။

ကျွန်ုပ်လည်း နောက်ဆုံး အဖုံးမျက်နှာသုတ်ပဝါကို လှန်၍ ကြည့်လိုက်၏။

''ဘာတွေ့သတုံး စာရေးဆရာ''

ကျွန်ုပ်က နောက်ချင်၍ ပြောလိုက်၏။

''မည်းမည်းပဲ ခင်ဗျ''

''ကျိုးကန်းလား''

''မဟုတ်ဘူး။ သပိတ် . . . ရင်ဘတ်''

''ဟား . . . ဟား . . . ဟား . . . All Right အော(လ်)ရိုက်။ မှန်လိုက်လေဗျာ''

စိတ်ကူးသစ်စာပေ



''ဟား . . . ဟား . . . ဟား . . . ဟား''

''ဟီး . . . ဟီး . . . ဟီး . . . ဖွဲ့ကြဗျာ''

အားလုံးက ရသေ့ကြီးကိုကြည့်၍ ဟားတိုက်ရယ်မောလိုက် ကြ၏။ ရသေ့ကြီးကား ဘာမှခွန်းတုံ့မပြန်။

''ကိုင်း . . . စစ်ဆေးလို့ပြီးရင် ပြန်အုပ်ပြီး နောက်ဆုတ်လိုက် ကြ''

ကျွန်ုပ်တို့အားလုံး ကျောက်တလားအနီးမှ နောက်သို့ဆုတ် လိုက်ကြ၏။ ဆာဒူးကြီးကား မလှမ်းမကမ်းမှာရှိနေဆဲ . . .

ဒီမှာ ရသေ့ကြီးက ခေါင်း၏ခေါင်းရင်းမှာရပ်ပြီး သပိတ်ကို စိုက်ကြည့်နေ၏။ ကျွန်ုပ်တို့အားလုံးလည်း စိုက်ကြည့်နေ၏။ ပြီး . . . ရသေ့ကြီးက ညောင်ပင်ရှိရာသို့ လှမ်းကြည့်ပြီး လေထဲမှလက်ကို ဆန့် တန်း၍ သပိတ်ထဲသို့ တရွေ့ရွေ့ရွေ့ပြီး လက်ညှိုးထိုးထည့်သလို လုပ် နေ၏။

ပြီး . . . မန္တန်တစ်ပုဒ်ကို မြေတုန်ခမန်း ရွတ်လေ၏။

အားလုံး သူ့မန္တန်မှာ အာရုံကျပြီး ဆွေ့ကြက်သေ သေသလို နေကြသည်။ ဆာဒူးကြီးလည်း ငိုင်နေ၏။ အဲဒီ (၁၀)မိနစ်ခန့် ကြာ သွားသည်။ မန္တန်ရွတ်သံရပ်သွား၏။ ကျွန်ုပ်တို့လည်း အသက်ဝင်လာ သလို ဖြစ်ကုန်ကြ၏။

''ဆာဒူး''

''ရသေ့ကြီး''

''အိုးကို ကြည့်လိုက်စမ်း''

''ဟယ်''

''ဟာ . . . တယ်ဟုတ်ပါလားဟ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရသေ့ကြီး . . . ဘယ်ဆိုးလို့တုံးဗျ။ အဟုတ်"

ကျွန်ုပ်တို့ မြင်လိုက်ရသည်ကား ဆာဒူးကြီးရဲ့ ပဝါအုပ်ထားသော သပိတ်ထဲမှ တိုးထွက်သလို လုပ်နေသည့် လှုပ်ရှားမှု။

"ဆာဒူး"

"ရသေ့ကြီး ဆပ်"

"ဆာဒူးပြောတော့ သပိတ်ထဲမှာ ဘာမှမရှိဘူးဆို။ ကိုင်း . . . အခုလှုပ်နေတာ အထဲက ဘာလဲ"

ဆာဒူးငြိမ်ပြီး သပိတ်ကို စိုက်ကြည့်နေ၏။

"ဖားလား"

"မဟုတ်ဘူး ရသေ့ကြီး"

"ကြွက်လား"

"မဟုတ်ဘူး ရသေ့ကြီး"

"ပူးလား"

"ဒါလည်း မဟုတ်ဘူး"

"ဒါဖြင့် အထဲက လှုပ်နေတာ ဘာကောင်တုံး"

ဆာဒူးသည် လက်အုပ်ချီပြီး မျက်စိကိုမှိတ်၍ အာရုံယူကာ သပိတ်ကိုစိုက်ကြည့်ပြီး ပြောလိုက်သည်။

"ရသေ့ကြီးခင်ဗျာ . . . သပိတ်ထဲမှာရောက်နေတာ ကျိုးကန်း တစ်ကောင်ပါ"

ကြားလိုက်ရသည့်စကားကြောင့် ကျွန်ုပ်တို့အားလုံး ကြောင်ချင်သလိုဖြစ်ကုန်ကြ၏။ သိပ္ပံသမားနှစ်ဦးကလည်း ဆာဒူးကြီးကို လှမ်းကြည့်ပြီး ကြောင်သွားပြီနဲ့တူရဲ့ဟု ရေရွတ်နေ၏။

"ကျိန်းသေရဲ့လား"





"ကျိန်းသေပါတယ် ရသေ့ကြီး"

"သူတို့ကို ဖွင့်ပြလိုက်စမ်းပါ ဆာဒူးကြီး"

ဒီမှာ ဆာဒူးအဘိုးအိုကြီးက သပိတ်ပေါ်မှ မျက်နှာသုတ်ပဝါကိုလှန်ပြီး အထဲသို့လက်နှိုက်၍ ဆွဲထုတ်လိုက်သောအခါ . . .

တကျည်ကျည် တအာအာနှင့် အော်ဟစ်နေသည့် ကျီးမည်းတစ်ကောင်။ ကျီးကန်းမှ တောကျီးကန်းရယ်။ စောစောတုန်းက ကိုရှုပကိုဆိတ်သည့်တောကျီးကန်း။ ဆာဒူးကြီးသည် တောကျီးကန်းကို ကိုင်ထားရင်းမှ လွန်စွာအံ့သြသော မျက်လုံးအစုံနှင့် ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့မျက်နှာကို စိုက်ကြည့်နေသည်။

"ဆာဒူးကြီး"

"အမိန့်ရှိပါ . . . ဘရားဆပ် ရှင်ရသေ့"

"မြင်ပြီလား"

"ဟုတ် . . . ဟုတ် . . အချားဆပ် . . . ဘရားဆပ်"

"ကောင်းပြီ။ ဒီကျီးကန်းကို သပိတ်ထဲပြန်ထည့်ပြီး သင့်မျက်နှာသုတ်ပဝါနဲ့ ပြန်အုပ်လိုက်ပါ"

ဆာဒူးကြီးသည် ကတုန်ကယင်နှင့် ကျီးကန်းကို သပိတ်ထဲသို့ ပြန်ထည့်ပြီး ပဝါနှင့်လုံ့အောင် အုပ်လိုက်လေသည်။

"ကြည့်နေ . . . ဆာဒူး"

ပုံပျက်ပန်းပျက် ရသေ့ကြီးက သပိတ်ရှိရာသို့ ထော့ကလိန် ထော့ကလိန်နှင့် လှမ်းလာလိုက်ပြီး အဖုံးအဝတ်စကို လက်နှင့်အုပ်ကိုင်ကာ နှုတ်မှတစ်စုံတစ်ရာ အမိန့်ပေးလိုက်၏။ ပြီး . . . အဝေးသို့ ပြန်နှင်သည့်ဟန် ပြုလိုက်၏။

ကြည့်ရမြင်ရသည်မှာ ကမ္ဘာကျော်ပဥ္စလက် မျက်လှည့်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ မျက်လှည့်ပညာစွမ်းပြနေသလို ...

'ဆရာပဋ္ဌာဝတို့၊ ဆရာပီကိုလာတို့ မျက်လှည့်ပြနေသလို သဏ္ဍာန်မျိုးနှင့် လှုပ်ရှားတူလှ၏။ ပြီး ... စိတ်ပါဝင်မျိုးသုံး၍ အထဲကို ကြည့်နေလေ၏။

"ဆာဒူးကြီး"

"ဘုရားဆဝ်"

"သင်စောစောက သပိတ်ထဲထည့်လိုက်တာ ဘာကောင်လဲ"

"ကျိုးကန်းတစ်ကောင်ပါ ဘုရားဆဝ်"

"ဟုတ်ရဲ့လား ဆာဒူးကြီး"

"ဟို လူကလေးတို့ပါ အားလုံးမျက်မြင်သက်သေပါ ဆဝ်"

"ဟို လူကန့်လန့်တွေ ကျိုးကန်းထဲ့ သေချာရဲ့လားကွ"

"သေချာပါတယ် ရသေ့ကြီး"

"သေချာရင် ဆာဒူးကြီးက မျက်နှာသုတ်ပဝါကို ပြန်ဖွင့်ပြီး အထဲက ပစ္စည်းကို ထုတ်ပြလိုက်ပါဗျာ"

ရသေ့ကြီးရဲ့စကားဆုံးသောအခါ ဆာဒူးကြီးသည် သပိတ်ကို ဖုံးထားသည့် မျက်နှာသုတ်ပဝါအားလှန်ပြီး ငုံ့ကြည့်လိုက်၏။

"အာရေး ... ဘုရား"

ဆာဒူးကြီးနှုတ်မှ အံ့ဩသံထွက်သွားလေ၏။ ပြီး ရသေ့ကြီး အပါအဝင် ကျွန်ုပ်တို့အားလုံးရဲ့ မျက်နှာများကို လိုက်ကြည့်နေ၏။ ကျွန်ုပ်တို့လည်း သူဘာမြင်ရလို့များ အံ့ဩနေပါလိမ့်ကို သိချင်နေ၏။

ဒီမှာပဲ ဆာဒူးကြီးက သပိတ်ထဲသို့ လက်နှိုက်ပြီး လက်ကို ယော" မ,လိုက်သောအခါ ...

"ဟယ်"





"ဟာ"

"ဘုရားရေ"

"အံ့ရောကွာ"

ကျွန်ုပ်တို့အားလုံး မြင်လိုက်ရသည်ကား ...

ဆာဒူးကြီးရဲ့လက်ထဲမှ အဖြူရောင် နှင်းဆီပန်းတစ်ပွင့်။

ဆာဒူးကြီးသည် အံ့ဩသော မျက်လုံးအစုံနှင့် ဖြူဖွေးနေသည့် နှင်းဆီပန်းကို စိုက်ကြည့်နေ၏။ နှင်းဆီပန်းရနံ့သည် သချိုင်းဇရပ်ပေါ်မှာ မွှေးကြိုင်နေ၏။

နှင်းဆီပန်းတစ်ပွင့်တည်းက သချိုင်းဇရပ်တစ်ခုလုံး ရနံ့ဖုံး လွှမ်းနေသည်ကို ကျွန်ုပ် ဒီတစ်ခါပဲဖြစ်ဘူး၍ အံ့ဩနေ၏။

ဒီမှာ ရသေ့ကြီးက ဆာဒူးကြီးကို လှမ်းပြောလိုက်ပြန်၏။

"ဆာဒူး"

"ဘုရားဆဝ်"

"ဒါဘာပန်းလဲ"

"နှင်းဆီပန်းပါ ... ဘုရားဆဝ်"

"ဘာအရောင်လဲ"

"အဖြူရောင်ပါ ဘုရားဆဝ်"

"သေချာရဲ့လား။ ဟုတ်မှပြောနော်"

"အဖြူမှ အဖြူရောင်စစ်စစ်နှင်းဆီပါ ဘုရားဆဝ်"

"ဟိုကောင်သုံးကောင် ... ဒီပန်း ဘာအရောင်လဲကွ ...

ကျွန်ုပ်တို့သုံးယောက်က ပြိုင်တူ ဖြေလိုက်ကြသည်။

"အဖြူရောင်ပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



''မှန်တယ်နော်''

''သူငယ်တန်းကလေးကအစ သိပါတယ် ရသေ့ကြီး''

ကိုရှုပဗေဒက သူ့ထုံးစံအတိုင်း နည်းနည်းရိလိုက်သေး၏။

''ကြည့်နေကြ။ ဆာဒူး သပိတ်ထဲ ပြန်ထည့်လိုက်ပါ''

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ပြောရင်းမှသည် ဆာဒူးကြီးနှိရာသို့ လှမ်းသွားပြီး ဆာဒူးကြီးလက်ထဲရှိ သပိတ်ပေါ်သို့ သူ့သင်္ကန်းစ သစ်ခေါက်ဆိုးနှင့်အုပ်ပြီး ပြန်ဖွင့်လိုက်သောအခါ . . .

ဟိမဝန္တာမှလာခဲ့သော ဆာဒူးကြီးသည် သပိတ်ထဲက နှင်းဆီပန်းကို လက်အစုံနှင့်ယှုကိုင်ရင်း ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ ခြေအစုံကို ဦးတိုက်ကန်တော့လိုက်သည်ကား လေးငါးဆယ်ကြိမ်မက . . .

ကိုရှုပဗေဒ၊ ကိုဓာတုနှင့် ကျွန်ုပ်တို့ဂဘား မျက်စိအောက်မှာ ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည့် မြင်ကွင်းများကြောင့် ပို၍ပို၍ အံ့သြပြီး ဘာပြောလို့ပြောရမှန်း မသိတော့။

သိပ္ပံသမားနှစ်ဦးလည်း ဘာစကားမှ မဟ,ရဲတော့။

အကြောင်းကား . . .

ဆာဒူးကြီးလက်ထဲမှာကိုင်ထားသည့် စောစောက အဖြူရောင်နှင်းဆီပန်းပွင့်သည် ပုံပျက်ပန်းပျက် ရသေ့ကြီး သစ်ခေါက်ဆိုးသင်္ကန်းနှင့် အုပ်၍ ဖွင့်လိုက်သောအခါ . . .

အနက်ရောင် နှင်းဆီပန်းတစ်ပွင့် ချက်ချင်းဖြစ်သွားသောကြောင့်တည်း။

❧ ❧ ❧

အခန်း (၁၄)

ကျွန်ုပ်သည် ထူးဆန်းလွန်းလှသော ပုံပျက်ပန်းပျက် ရသေ့ကြီးကို ကြည့်ညိုလေးစား၍ မဆုံးနိုင်တော့။

ဘယ်လိုပဲဖြစ်ဖြစ်။

နိုင်ငံခြား လူမျိုးခြား ဂမ္ဘီရပညာရှင်တစ်ဦးကို မြန်မာဂမ္ဘီရဆရာ ခေါ်မည်လား။ လျှို့ဝှက်ဆန်းကြယ်စိတ်ပညာ၊ ပဥ္စလက်ဟု ခေါ်ရမည်လား . . .

ကိုယ်ပိုင်အတတ် စိတ်အစွမ်းပညာနှင့် အနိုင်ယူပြလိုက်၍ ဂုဏ်ယူလို့မဆုံး။

ရသေ့ကြီးနှင့် ကြုံလို့မေးကြည့်၏။

''ဘရသေ့''

''ဘာတုံး စာရေးဆရာ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာပညာလို့ ခေါ်တုံးဘရသေ့"

"သူငယ်တန်းအဆင့် ဂမ္ဘီရဗျက်လှည့် သို့မဟုတ် စိတ်လှည့် ပညာလေးပါကွာ"

"သင်ရင် တတ်လွယ်လားဟင် ဘရသေ့"

"သင်တိုင်းသာတတ်မယ်ဆိုရင် မြန်မာပြည်တစ်ပြည်လုံးက လူတွေ ပဥ္စလက်ပညာရှင်တွေဖြစ်ပြီး မိစ္ဆာဒိဋ္ဌိ ဖြစ်ကုန်ကြလိမ့်မယ်ကွ"

"ရသေ့ကြီးက အံ့ဩစရာပဲနော်"

"ငါက ဘာမှုမဟုတ်သေးပါဘူးကွာ။ မင်း ဒေဝဒတ်ဆိုတာ ကြားဖူးလား"

"ဘုရားရှင်ဂေါတမရဲ့ယောက်ဖတော် မဟုတ်လား"

"ဒါပေါ့ကွာ။ အဲဒီ ဒေဝဒတ်ရဟန်းကြီးဆိုရင် ရဟန်းဘဝက နေ နဂါးဘဝကိုဖန်ဆင်းပြီး အဇာတသတ်မင်းသားကို အံ့ဩချောက်ချားအောင်လုပ်လို့ ကိုးကွယ်သူကို ရခဲ့တယ်"

"တန်ခိုးရှင်ပေါ့နော်"

"အေး ... ငါတို့ဘုရားရှင်ဂေါတမက ရဟန်းသံဃာ၊ ရဟန္တာများကို အကြောင်းမဲ့၊ အကျိုးမဲ့ တန်ခိုးစွမ်းအင်များကို ထုတ်ဖော်မပြသရဘူး။ တန်ခိုးစွမ်းအင်ကိုပြပြီး ကိုးကွယ်ရာဆည်းကပ်ရာ ပရိယာယ်နှင့် လာဘ်လာဘကို မရှာရဘူးလို့ အမိန့်ထုတ်ပညတ်ခဲ့ရတယ်"

"ဘာဖြစ်လို့လဲဟင်"

"တရားမရှာဘဲ တန်ခိုးရှင်ကိုရှာပြီး လွဲမှားသော ကိုးကွယ်ရာဘဝနဲ့ အပါယ်ငရဲကျကုန်မှာစိုးလို့"

"ဟုတ်တာပဲလေ"

"ဒါကြောင့် အချို့သောပညာခန်းများကို ငါလုပ်မပြချင်ဘူး။





သို့သော် ငါတို့မြန်မာကို အထင်သေးမှာစိုးလို့ ငါတို့မြန်မာလည်း အဲဒီ ပညာလောက်တော့ စာမဖွဲ့ဘူးကွဆိုတာ သိစေချင်လို့ လုပ်ပြရတာ။ ဒဏ်သင့်တယ်ကွ။ မကောင်းဘူး"

"စာရေးဆရာ"

"ခင်ဗျာ ဘရသေ့"

"နက်ဖြန်ည (၁၂)နာရီ သင်္ချိုင်းကိုလာခဲ့ကွာ"

"ဗျာ ... ညသန်းခေါင် ..."

"အေး"

"ဘရသေ့ အချိန်မတော်ကြီး ကျွန်တော်သင်္ချိုင်းကုန်းကို ဘာလာလုပ်ရမှာလည်းဗျ။ ပီယဆေးဖော်ဖို့လား။ ဗေဒါရိသာဒဆေးစီရင်မလို့လားဟင်"

"စာရေးဆရာတွေးတာ တစ်ခုမှုမဟုတ်ပါဘူးကွာ။ ကျုပ်က ဘုရားမကြိုက်တဲ့အလုပ် ဘာမှမလုပ်ဘူး။ ကျုပ်အောက်လမ်းဆရာလည်း မဟုတ်ဘူး။ ယုတ်ညံ့သေးသိမ်ပြီး အပယ်လားမည့် အလုပ်မှန်သမျှ ဘာတစ်ခုမှ မလုပ်ဘူး"

"ဒါဖြင့် ည(၁၂)နာရီ ရသေ့ကြီး ဘာလုပ်မှာလဲခင်ဗျ"

"ဒီသင်္ချိုင်းမှာ အကျွတ်အလွတ်ပွဲလုပ်မလို့"

"အကျွတ်အလွတ်ပွဲ ဟုတ်လား။ ဘာလဲဟင် ... ဟင်"

"စာရေးဆရာ ... ပရစိညာဉ်လောကရှိတာ လက်ခံသလား"

"ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ လက်ခံပါတယ် ဘရသေ့"

"အေး ... လက်ခံရမယ်။ ကျုပ်တို့ဘုရားရှင်က (၃၁)ဘုံ အကြောင်းဟောထားတယ်။ ဗြဟ္မာဘုံ (၂၀)၊ နတ်ပြည် (၆)ထပ်၊ လူပြည် (၁)ဘုံ၊ ငရဲ တိရစ္ဆာန်ပြိတ္တာ အသူရကာယ် (၄)ဘုံ ပေါင်း (၃၁)ဘုံလို့



www.burmeseclassic.com

www.burmeseclassic.com



ဟောခဲ့တယ်။ တစ္ဆေသရဲဆိုတာရော လက်ခံသလား''

''လက်ခံပါတယ် ဘရသေ့။ နဖူးတွေ့ဒူးတွေ့တော့ မမြင်ဖူးပါဘူး''

''မြင်ချင်လို့လား''

''ဟုတ်ကဲ့''

''တကယ်မြင်ရရင် ငါ့လူလန့်ပြီး သေသွားမှာပေါ့''

''ဟုတ်ပါ့မလား ဘရသေ့''

''ဒါဆို ကြည့်ရဲတယ်ပေါ့''

''ကြည့်ချင်ပါတယ် ခင်ဗျ''

''တစ်နေ့ လက်တွေ့ပြတယ်။ စောစောကကိစ္စ ဆက်ကြစို့။ လူ့ဘဝဟာ ရခဲတယ် ငါ့လူရဲ့။ လူပြည်က ထောင်ထားတဲ့ အပ်တစ်စင်း ရှိရာကို ဗြဟ္မာ့ပြည်က အပ်တစ်စင်းပစ်ချလိုက်ရင် ဆယ်ကြိမ်ပစ် ဆယ်ကြိမ်ထိချင်ထိမယ်။ သို့သော် လူ့ဘဝနောက်တစ်ကြိမ်ပြရဖို့က အကြိမ်တစ်ရာမှာတစ်ကြိမ် မကျိန်းသေဘူး။ လူ့ဘဝဖြစ်ရတာ သိပ်ကံကောင်းတယ်။ သို့သော် လူ့ဘဝရတာ ကံကောင်းပါလျက် ဘာကြောင့်လူတွေဟာ ချမ်းသာဆင်းရဲ ကွဲပြားနေသလဲ။ အကျည်းတန်ရုပ်တွေ ကွဲပြားနေရသလဲ။ ပညာအနိမ့်အမြင့် မတူရသလဲ။ ခြေလက်အင်္ဂါစုံသူ မစုံသူ ဖြစ်ရသလဲတဲ့ မေးကြမယ်''

''ဟုတ်ကဲ့။ မေးရမည့် မေးခွန်းပါခင်ဗျာ''

''ကံအကျိုးပေး အနိမ့်အမြင့်ကွာကြလို့ပဲ။ ဟိုတစ်ဘဝ ကုသိုလ်ကောင်းမှု ဒါန၊ သီလ၊ ဘာဝနာ အကျိုးပေးတစ်ခုခုကြောင့် ယခုဘဝ လူလာဖြစ်ရပါသော်လည်း အကုသိုလ်ကံတစ်ဝက် ကုသိုလ်ကံတစ်ဝက် ရှိသူများ အဆင်းမှဲ၊ ပညာမှဲ၊ အခြေအနေမှဲ ဘဝပြန်ရောက်ရတာပဲ။





အလုံးစုံပြည့်စုံအောင်ကျင့်နိုင်ဖို့ ကံကြမ္မာကြောင့် လူ့ဘဝကို ပြန်ရောက်လာခဲ့ပေမယ့် ရတနာသုံးပါး ကိုးကွယ်ရမှန်းလည်း မသိ။ ဒါန၊ သီလ၊ ဘာဝနာလည်း နည်းပြန်။ ငါးပါးသီလလည်း မလုံခြုံ။ အကုသိုလ်ဖုစရိုက်အမှုပေါင်းစုံကိုလည်း နောင်တမရဘဲ အပြန်ပြန်အဖန်ဖန် လုပ်နေကြတော့ အဲဒီလိုလူစားမျိုး ကံကောင်းလို့ လူ့ဘဝလူ ပြန်ဖြစ်ရပေမဲ့ ကံ (အလုပ်) ဆုံးရှုံးပြီး လူ့ဘဝတစ်ချက်တည်း တုံးခဲ့ရတယ် စာရေးဆရာ။

ဘယ်လောက်အထိ တုံးသွား၊ ဆုံးသွား၊ ရှုံးသွားသလဲဆိုရင် အကုသိုလ်ကံအစွဲ၊ သားစွဲသမီးစွဲ၊ ကျောင်းစွဲ၊ ရာထူးအစွဲ၊ သံယောဇဉ်တဏှာအစွဲတွေနဲ့ နောက်ဆုံးထွက်သက် သေခါနီးအချိန်မှာ နောက်တစ်ဖန် လားရာဂတိကို အာသန္နကံဖောနဲ့ ပြန်ကြတယ်။

အဲဒီ အကုသိုလ်အစွဲ၊ တဏှာသံယောဇဉ်အစွဲနဲ့သေရင် တချို့ငရဲဘုံ၊ အချို့က တိရစ္ဆာန်ဘုံ၊ အချို့က ပြိတ္တာဘုံ၊ အချို့က အသုရကာယ်ဘုံကို ချက်ချင်းရောက်ရော။

ပြိတ္တာဘုံနဲ့ အသုရကာယ်ဘုံကို ရောက်ကြသူများမှာ သရဲဘဝ၊ တစ္ဆေဘဝ၊ မှင်စာ၊ ကျတ်ဘဝနဲ့ မကျွတ်မလွတ်ဖြစ်ပြီး အစားဆင်းရဲ၊ အနေဆင်းရဲ ဒုက္ခမျိုးစုံ ခံစားနေကြရတယ်။

ကျန်ရစ်သူ သားသမီးဖနီးမယား လင်သား မိတဘိုးဘွားများက သီလဝန္တရဟန်းများကိုပင့်ပြီး သူတို့အတွက်ရည်စူးလို့ ကောင်းမှုကုသိုလ် ဆွမ်းဒါနပြုပေးမှ။ ဒါတောင် သူတို့ပြိတ္တာဘုံသားများဟာ ဝေမာနိက ပြိတ္တာလို့ခေါ်တဲ့လူတွေပြုသည့် ကောင်းမှုအဖို့ဘာဂ အမျှဝေသံကို သာဓုခေါ်နိုင်တဲ့ဘဝမျိုးရှိသူ ရောက်နေသူမှ သာဓုခေါ်နိုင်ပြီး ပြိတ္တာတစ္ဆေသရဲဘဝက လွတ်မြောက်နိုင်ကြတယ်။

အချို့ ပြိတ္တာများ တရားထူးနာရပြီး ကောင်းရာဘုံဘဝများ



www.burmeseclassic.com

www.burmeseclassic.com



ပြန်စံစားရတယ်။ ဟောဒီသချိုင်း အရပ်ရပ်အနယ်နယ်က သချိုင်းမှာ ဝေမာန်က ပြိတ္တာဘုံသားဘဝနဲ့ရှိနေပြီး မကျွတ်မလွတ်သေးတဲ့ ပရိဒ္ဓာဥ် သားတွေ မိုတင်းနေထိုင်ကြတယ်။

အချို့က ကုသိုလ်ဒါနပြုပေးသူကို မျှော်လင့်နေကြတယ်။

အချို့က တရားဓမ္မကိုကြားချင်လို့ မျှော်လင့်နေကြတယ်။

အချို့က သာဓုမခေါ်နိုင်သေးဘဲ ဘဝဝဋ်ကြွေးမကုန်သေးလို့ ပြိတ္တာဘုံသားဘဝနဲ့ လွတ်မြောက်ချိန်ကို ဥပက္ခာပြုနေကြတယ်။ ကျုပ်တို့ အကျွတ်အလွတ်ပွဲလုပ်တယ်ဆိုတာ သချိုင်းကုန်းမှာ မိုတင်းနေထိုင်ကြသည့် အကြောင်းကြောင်းကြောင့် ဘဝကူးမကောင်းသေးသူများကို ဘဝကူးကောင်းအောင် (ဒါန)ခန်း၊ သီလတရားခန်းနဲ့ ကျွတ်အောင် လွတ်မြောက်အောင်လုပ်ပေးတဲ့ ကုသိုလ်တော်ပွဲပေပဲ စာရေးဆရာ။ ဘယ်လို ထူးထူးဆန်းဆန်း ဖြစ်ရမယ်ဆိုတာ ကျွဲရစာရေးဆရာ လက်တွေ့ သိရစေမယ် ဟုတ်လား"

ကျွန်ုပ်က လာဖြစ်အောင်လာခဲ့ပါမည်ဟု ကတိပြုလိုက်၏။

"ဘရသေ့"

"ဘာတုံး စာရေးဆရာ"

"ဟိုနှစ်ကောင်ရော ခေါ်ခဲ့ရမလား"

"သိပ်ပွဲသမား လူကန့်လန့်နှစ်ယောက်လား"

"ဟုတ်ကဲ့"

"လေ့လာချင်ရင် လိုက်ခဲ့လို့ပြောလိုက်ပါ"

"ဟုတ်ကဲ့ ခင်ဗျ"

## အခန်း (၁၅)

❑

ကျွန်ုပ်တို့သုံးဦး ညောင်ခြောက်ပင်သချိုင်းသို့ရောက်သောအခါ အချိန်က ည(၁၂)နာရီထိုးရန် အနည်းငယ်ပဲ လိုတော့၏။

"ဟာ . . . မီးတွေ ထိန်ဝင်းလို့ပါလား"

"သချိုင်းကုန်း သီတင်းကျွတ်မီးထွန်းပွဲလား မသိဘူးကွ"

"ရသေ့ကြီး ပေါက်သွားပြီနဲ့တူပါရဲ့ ကိုဓာတုရေ"

"ပေါက်သွားလို့ ဖာမရရင် ပိုကောင်းတာပေါ့ဗျာ။ ဟား . . . ဟား . . . ဟား . . . အား မ လေး"

"ဟ . . . ဟ . . . ကိုရှုပ ဘာဖြစ်တာလဲ။ နေရင်းထိုင်ရင်း"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပဗေဒသည် ပြောရင်းရယ်၏။ ရယ်ရင်းမှ ရှေ့သို့ထိုးလဲကျသွားရကား ဒူးခေါင်းနာသွားလေ၏။

''ကျုပ်ကို ဘယ်သူတွန်းလိုက်တာလဲ''

''ကျွန်တော် မတွန်းပါဘူးဗျာ ကိုရှုပရာ''

''ကိုမာတုလား''

''ကြိုကြီးစည်ရာ ကိုယ့်လူရာ။ ကိုယ့်ဘာသာ ခလုတ်တိုက်လဲတာနေမှာပါ . . . ထ''

''မဟုတ်ဘူး။ ကျုပ့်ကျောကုန်းကို တအားတွန်းလိုက်တာ''

''ဒါဆို ရသေ့ကြီးကောင်တွေ လက်ချက်ပဲနေမှာပဲ''

''ဘယ်သူ့ကိုပြောတာလဲ ကိုယ့်လူရ''

''သရဲတစ္ဆေတွေ ကြုံဆိုတာနေမှာပေါ့ ကိုရှုပရာ . . ထဗျာ''

ဒီမှာ ကိုရှုပဗေဒက ထရပ်ရင်းမှ ကြုံးဝါးလေ၏။

''ဟေ့ . . . သတ္တိရှိရင် ထွက်ခဲ့။ ရှုပဗေဒကွ။ ခြောက်နိုင်ငံခရီးလှည့်လာတာ။ လာလေကွာ။ ထွက်လိုက်စမ်းပါ''

''ဖြန်း''

''ဟာ''

''ဟာ . . . ရေနဲ့ပက်သဟ''

''ဘယ်ကောင်ပက်တာလည်းကွဟေ''

ကြည့်စမ်း ကိုရှုပကိုယ်ပေါ်မှာ ရေအချို့စိုရွှဲကုန်၏။ သချိုင်းကုန်းအဝင်ဝသည် မှောင်နေ၏။ သချိုင်းကုန်းအလယ်မှာသာ မီးရောင်များ လင်းလင်းထိန်ထိန် မြင်ရလေ၏။

သို့နှင့် ကျွန်ုပ်တို့သည် လက်နှိပ်မီးများထိုး၍ ရေနှင့်ပက်သူကို အနံ့လိုက်ရှာပါသော်လည်း ရေပက်သူတရားခံကို မသိခဲ့။

စိတ်ကူးသစ်စာပေ



ကိုရှုပဗေဒကား ရွှံ့ပုပ်ရည်လို နံစော်စော်အရည်များစိုရွှဲပြီး အကြီးအကျယ်ဒေါပွ၍နေရကား သချိုင်းရဲ့ အချိန်မတော်သဘောကို နားလည်သော ကျွန်ုပ်က ကိုရှုပဗေဒကို ချော့မော့ပြီး ဆွဲခေါ်ခဲ့ရလေသည်။

ကိုရှုပဗေဒသည် ရွှံ့ပုပ်ရည်ပေကျံနေသော အပေါ်အင်္ကျီဂျာကင်ကိုချွတ်၍ သစ်ပင်တစ်ပင်ပေါ်မှာ ချိတ်ထားခဲ့ပြီး . . .

ကျွန်ုပ်တို့နှင့်အတူ

မီးရောင်များလင်းလက်နေသည့် သချိုင်းကုန်းအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။

မီးရောင်များကား အုတ်ဂူပေါ်မှ ဖယောင်းတိုင်မီးများဖြစ်၏။ အချို့နေရာမှာ ရေနံချေးမီးတိုင်များ စိုက်ထား၏။

မြေကြီးပေါ်မှာမူ ဖယောင်းတိုင်များကို ဗာဒံရွက်သုံးရွက်စိုက်ကာ၍ မီးအိမ်လိုတွန်းထားရကား သချိုင်းသည် သချိုင်းနှင့်မတူဘဲ သီတင်းကျွတ်လပြည့်နေ့မျိုး။ စာရေးဆရာကြည်တင့်နိုင် ကလေးများနှင့်အတူ မီးထွန်းနေသည်နှင့် လွန်စွာတူလေ၏။

မီးရောင်များရဲ့ အရှိန်ကြောင့် အုတ်ဂူမျက်နှာစာမှ စာတန်းများကို အထင်းသားမြင်နေရ၏။

ဖလွှန်ကျော်ဦး . . .

အသက် (၆၁)နှစ်ကို ဖတ်ခဲ့ရ၏။ သူသေတာ ကြာပြီ။

မောင်သွေးရင့် . . .

အသတ်(၆၃)နှစ်လည်း ဖတ်ခဲ့ရ၏။ သေတာ မကြာသေး။

သန်လျင် မောင်ဥက္ကာ . . .

အသက် (၅၀)လည်း ဖတ်ခဲ့ရ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အံကျား (ပခုက္ကူ)

အသက် (၁၀၃)နှစ်ကိုလည်း ဖတ်ခဲ့မြင်ခဲ့ရ၏။

အတော်အသက်ရှည်သည့်လူကြီးပဲဟု တွေးလိုက်၏။ သူတို့ရော ပရဝိညာဉ်သားဘဝမှ လွတ်မြောက်ရဲ့လားမသိ။ ဖလွှန်ကျော်ဦး အုတ်ဂူကား ဟောင်းလောင်းပေါက်ဖြစ်ပြီး ကျွန်ုပ်တို့ အသံကြားလို့ထင့် ဂူပေါက်ထဲမှ ပြည်တောင်းလောက်ရှိသော ဂူကြွက်ကြီးထွက်လာ၍ ခေါင်းပြူကြည့်ကာ ပြန်ဝင်သွားသည်ကို မြင်လိုက်ရ၏။

ဂူကြွက်အစစ်ပဲလား။

ဒါမှမဟုတ် ဖလွှန်ကျော်ဦးပဲလား မသိ။ နှုတ်ခမ်းမွေးက တော်တော့်ရှည်သည့် ကြွက်ကြီးဖြစ်ရာ၏။ မျက်ခုံးမျက်လုံး ကျော်ဦးနှင့်တူပေ၏။

"ဗျို့ . . . ရသေ့ကြီး"

"ဟာ . . . မင်းတို့ လူကန့်လန့် လူ့ခွစာနှစ်ယောက်လည်း လာကြသကိုး။ ဖမျဉ်းဆွဲရေ . . ."

"ဗျာ . . . ဘရသေ့"

"အဲဒီနှစ်ယောက်အတွက် နှစ်ပွဲထပ်ပြင်လိုက်ဟေ့"

"ဒီမှာဗျ ပုံပျက်ပန်းပျက် ရသေ့ကြီးရ"

"ဘာတုံးလကွ။ လူကန့်လန့်ရ"

"ရသေ့ကြီးက ညကြီးသန်းခေါင် ဒီသချိုင်းကုန်းမှာ ဘာကိစ္စနဲ့ ထမင်းတွေ၊ ဟင်းတွေ သဒ္ဒါကြီးစွာ ကျွေးနေရတာလဲဗျ"

ကိုရှုပဗေဒက ညွှန်သည်စောင်သည် လူမှုရိတ်သတ်တစ်ယောက်မျှမတွေ့ရဘဲ မြေပြင်ပေါ်မှာ အုတ်ဂူများပေါ်မှာ ငှက်ပျောရွက်များချခင်းပြီး ပဲကုလားဟင်းနှင့် ထမင်းပွဲပြင်ထားသော ရှုခင်းမြင်ကွင်း





ကိုကြည့်ကာ ခါးထောက်၍ ဆရာကြီးဂိုက်နှင့် မေးလိုက်၏။

"ဒါလား။ ရှင်းပြရမှာပေါ့ကွာ။ ဒါ သချိုင်းကုန်းကွ သိရဲ့လား"

"သိပါတယ်ဗျ။ အင်းယားလိတ်နဲ့ တခြားစိဥစွာ"

"သချိုင်းကုန်းမှာ မကျွတ်မလွတ်သေးတဲ့ တစ္ဆေသရဲ နာနာဘာဝတွေ မှီတင်းနေထိုင်ကြသကွယ့်"

"အိမ်လခပေးရလို့လားဗျ"

"မင်းကွာ . . . ငါပြောတာ နားထောင်ပါ လူကန့်လန့်ရာ။ မဖောက်ပါနဲ့ကွာ။ အဲဒါ ငါရယ်၊ စလ္လာလကြီး ဖမျဉ်းဆွဲရယ်က ငါတို့ အလှူခံလို့ရတဲ့ ငွေကြေးလေး၊ သဒ္ဒါကြေးလေးစုပြီး မကျွတ်မလွတ်သေးတဲ့ နာနာဘာဝ သရဲ့သရဲများကို အကျွတ်အလွတ် စားစရာဒါနပြုနေတာကွ။ ကျွေးမွေးပြီးရင် ကြွလာမည့် သီလဝန္တ သိက္ခာသမာဓိရှိတဲ့ ရဟန်းအရှင်သူမြတ်ကြီးများရှေ့မှောက်မှာ သူတို့ဝိညာဉ်တွေက တရားနာယူကြရမယ်။ ပြီးရင် ငါတို့က သူတို့အတွက်ရည်စူးပြီး ပြုလုပ်သည့် ကုသိုလ်အဖို့ဘာဂကို အမျှအတန်းပေးမယ်ဗျာ။ အဲဒီမှာ သာဓုခေါ်နိုင်သည့် ဝိညာဉ်တွေ တစ္ဆေသရဲဘဝက လွတ်မြောက်ပြီး သင့်ရာကောင်းရာဘုံဘဝကို ရောက်ကြမှာကိုးကွ"

"ဒါဆို ကျုပ်နဲ့ကိုဓာတုကလည်း ခင်ဗျားရဲ့ဆွေတော်မျိုးတော် တစ္ဆေသရဲတွေနဲ့ အတူထိုင်စားပြီး အမျှဝေရင် သာဓုခေါ်ရမယ်ပေါ့"

"ဝတ်တဲ့ အလုပ်ပဲကွာ ငါ့လူရာ အဟဲ . . . ဟဲ . . . ဟဲ"

"ဒီမှာဗျ ရသေ့ကြီး"

"ဘာလဲဟေ့။ ကြိတ်မယ်ပေါ့လေ။ ခဏလေးကွာ။ ဝိညာဉ်ပန်းကန်စုံအောင်စောင့်ပါ ငါ့လူရာ။ ဟော်ကြာ တစ္ဆေသရဲတွေက ရသေ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးမျက်နှာလိုက်ပြီး သူ့ဧည့်သည်နှစ်ဦးကို အလျှင်ကျွေးတယ် ဘာညာနဲ့ စိတ်ကွက်ကုန်မှာစိုးလို့ပါကွာနော် ... အဟဲ ... ခထာလေးကွာနော် ... နော်''

ကိုရှုပဗေဒသည် မျက်နှာကြီးစူပြီး အံကြိတ်ရင်းမှ ...

''ဒီမှာဗျ ... ပုံပျက်ပန်းပျက် ရသေ့ကြီးရ။ ခင်ဗျားက ကျုပ်တို့လို နိုင်ငံခြားပြန် ခေတ်ပညာတတ်နှစ်ဦးကို လမ်းနံဘေး၊ ကလေကဝ၊ ပုံးကြောင်၊ ဟင်းကြောင်၊ ထမင်းမှမမြင်ဘူး၊ ဟင်းမမြင်ဘူး အငတ်အပြတ်မှတ်ပြီး မမြင်ရတဲ့ သချိုင်းကုန်းက တစ္ဆေသရဲတွေနဲ့ မြေပြင်မှာ ထိုင်စားရောကျွေး လုပ်မလို့ပေါ့လေ။ ဒီမှာဗျ ... ကျုပ်တို့က (၆) နိုင်ငံလှည့်ခဲ့ပြီး ဥရောပအစားအစာ၊ အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်းအစားအစာ ရှယ်တွေစားလာတဲ့ ဂုဏ်သရေရှိ လူ့အထက်တန်းစားတွေဗျ။ အဲဒီ ပဲကုလားဟင်းနဲ့ ငစိန်ဆန်ကြမ်း၊ ငှက်ပျောဖက်ခင်းကို ခင်ဗျားနဲ့ ဟိုစဉ္စာလ ဆရာတပည့်ပဲ တစ္ဆေသရဲတွေနဲ့အတူစား။ ဖွီ လူများကွာ ... ရာရာစစ ... ဟင်း''

''ဟ ... လူကန့်လန့်ရ။ ချစ်တီးထမင်းဆိုင်ချက် သက်သတ်လွတ်ချက်ထားတာပါကွ။ ငါ့လူကလည်း ခေါနချည်းပဲ။ သပြေမပါဘူး။ အဟီး ... မြည်းကြည့်စမ်းပါ ... ချဉ်ငန်စပ်လေ''

''ဖွီ''

''ဒါဆို နေပါဦး။ ငါ့လူတို့နှစ်ဦးက ဘာကိစ္စနဲ့ လိုက်လာတာလဲ''

''ကျုပ်တို့က ခင်ဗျားကြီး ဘာတွေဖြီးဖြန်းပြီး ပတ်ဝန်းကျင်ကို သွေးဆောင်ဖြားရောင်းနေသလဲ၊ မဟုတ်တယုတ်မှိုင်းတွေ တိုက်ကျွေးနေသလဲ၊ လိမ်လည်လှည့်ဖြား အကြံအဖန်ခွင်ချက်နေသလဲဆိုတာ စုံစမ်း





ထောက်လှမ်းချင်လို့ စာရေးဆရာနဲ့ လိုက်လာတာသိလား''

''ဂလိုလား။ ကိုင်း ... ကိုင်း ... ဒါဆို မောင်ရင်တို့ စုံစမ်းထောက်လှမ်း ကြည့်ရှုပါဗျာ။ မသက်ာရင် ကြိုက်ရာပုဒ်မနဲ့ ကျုပ်ကို အရေးယူပါဗျာ။ ကိုင်း ... စာရေးဆရာရေ သင့်သလိုသာ ရေးလာတော့ ငါ့လူရေ။ ကျုပ်တို့လုပ်စရာရှိတာ လုပ်လိုက်ဦးမဗျာ''

သို့ကလိုပြောပြီးနောက် ပုံပျက်ပန်းပျက် ရသေ့ကြီးသည် မြေပြင်ပြောင်ပြောင်မှာ ငှက်ပျောရွက်များ ခင်း၏။ စဉ္စာလကြီးက ထမင်းများကို ဖက်ပေါ်လိုက်ပုံပြီး ပဲကုလားဟင်းနှင့် ငရုတ်သီးကြော်များကို လိုက်ထည့်ပေးလိုက်၏။

မီးရောင်များအောက်မှာ မူမူနွေးနွေး ဟင်းနံ့ထမင်းနံ့သည် စားချင်စဖွယ် သင်းပျံ့မွှေးကြိုင်နေ၏။

ငှက်ပျောရွက်ထမင်းပန်းကန်များကား မနည်းလှ။ အများကြီးဖြစ်၏။ ပိဘိ ချစ်တီးထမင်းဆိုင်မှာ ကျွေးသည့်စတိုင်ဖြစ်၏။

''ဖျော်ဦးဆွဲ''

''ဗျာ ... ဘရသေ့''

''သောက်ရေအိုးနဲ့ ရေခွက်တွေ ချပေးပြီးပလား''

''ချပြီးပြီ ဘရသေ့''

ကျွန်ုပ်တို့ကား အကျွတ်အလွတ်ပွဲကို တစ်ခါမျှမမြင်ဖူး၍ အံ့လည်းအံ့သြ၏။ အချိန်မတော် သန်းခေါင်ယံမို့ လန့်လည်းလန့်နေ၏။ သို့သော် ရသေ့ကြီးကို ယုံကြည်ထားသည်မို့ ရဲစိတ်လေးတော့ရှိနေ၏။

ကိုရှုပနှင့် ကိုခါတုတ်တို့လည်း ဟိုကြည့်ဒီကြည့် လုပ်နေကြ၏။

''ကိုင်း ... ပြီးရင် ... စားဖို့ ခေါ်မယ်ဟေ့''



www.burmeseclassic.com

www.burmeseclassic.com



"ခေါ် ... ဘာရသေ့"

"ကိုင်း ... ဒီညောင်ခြောက်ပင်သချိုင်းကုန်းမှာ မှီတင်းနေထိုင်ကြသော မကျွတ်မလွတ်သေးသူ နာနာဘာဝများ၊ သချိုင်းကုန်းဝန်းကျင်သစ်ပင်၊ မြေကုန်းမှန်းဆိုး၊ ချောင်းမြောင်းဝန်းကျင်၌ မှီခိုနေထိုင်ကြကုန်သော မကျွတ်မလွတ်သေးသူ နာနာဘာဝ ဝိညာဉ်အပေါင်းတို့ သင်တို့အားလုံးကို ရည်ရွယ်ပြီး ဘုရားရှင်အမှူးပြုသည့် ရဟန်းသံဃာငါးပါးတို့အား ကျွန်ုပ် ပုံပျက်ပန်းပျက် ရသေ့ကြီးနှင့် အလှူရှင်စေတနာရှင်အပေါင်းတို့က သက်န်းပရိက္ခရာ သိမ်ကျောင်းဆောက်ရန်ဝတ္ထုငွေနှင့်ဆေးဝါးလှူဒါန်းကုသိုလ်ပြု ရေစက်ချအမျှဝေမည် ဖြစ်ပါသောကြောင့် ကြားရာအရပ်မှ တရားနာကြွရောက်ပြီး အမျှပေးဝေရင်သာဓုခေါ်ကြပါ။ မြို့တော်ရှင် ရွာတော်ရှင် ရပ်တော်ရှင်များကလည်းနာနာဘာဝများ ကြားရမြင်ရသိရ လာနိုင်စားနိုင်အောင် ပေးပို့လွှတ်ကူညီကြပါ။ ကိုင်း ... ကိုင်း ... အားလုံး ရောက်ကြပြီဆိုရင် သံဃာတော်များမရောက်ခင် အလှူရှင်စေတနာရှင်များ ဒါနပြုသည့် အာဟာရသက်သတ်လွတ်ကို အားရပါးရ စားသောက်ကြပါဗျာ"

"ကိုင်း ... စားကြ စားကြ"

"ဟဲ့ ... ဟဲ့ ... မတိုးကြ၊ မလုကြနဲ့။ ကိုယ့်ပန်းကန် ကိုယ်စားကြနော်"

"ဟီ ဟီ"

"အဟတ် ... ကြောင်ပဲ့ ရသေ့ကြီးရာ"

ကိုရှုပတို့နှစ်ဦးက ရသေ့ကြီးရဲ့ အပြုအမူ အပြောအဆိုဟန်ပန်းကို ကြည့်ပြီး သရော်လှောင်ပြောင်လေ၏။

"ငဖ"

---

စိတ်ကူးသစ်စာပေ



"ဗျာ ... ဘာရသေ့"

"ထမင်းဟင်းတွေ ထပ်ဖြည့်နော်"

"ဟုတ်"

"အူ ... ဝူ ဝူ ဝူ"

"အိန် ... အိန် ... ဂိန် ... ဂိန်"

"အူ ... ဝူ ဝူ ဝူ"

"အိန် ... အိန်"

"အု ... အု"

ဒီမှာပဲ ခွေးအူသံများကြားရတော့၏။ သစ်ရွက်လေတိုးသံများကြားရ၏။ ခွေးအူသံများကား ညသန်းခေါင်ယံ သချိုင်းကုန်းနေရာအနံ့ဥဒဟိုမှဖြစ်ရကား ကျွန်ုပ်သည် ကြက်သီးဖြန်းဖြန်းထပြီး ခေါင်းနားပန်းများ ကြီးသွားလေ၏။

ခွေးအူသံများ ပို၍နီးလာ၏။

ကိုရှုပတို့နှစ်ဦးသည် ချောက်ချားစရာ ကောင်းလွန်းလှသည့်ခွေးအူသံများကို ကြားရသောအခါ ကျွန်ုပ်အနီးသို့ တိုးကပ်လာပြီး ဟိုကြည့်ဒီကြည့်နေကြ၏။

"ရှပ် ... ရှပ် ... ရှပ် ... ရှပ်"

"ဖျတ် ... ဖလပ် ... ဖလပ်"

"ဂိုး ... ဂိုး"

"ဂစ် ... ဂစ်"

"ဟာ ... ဟာ ... ငှက်ဆိုးထိုးသံဟ။ ဖွ ... ဖွ"

"ဖရှူး"

"အမယ်လေးဗျ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုံး ကိုမာတု"

"ကျုပ်ကို တိုက်တွန်းသွားလို့ဗျ"

"ခင်ဗျားကလည်းဗျာ။ အဓိပ္ပာယ်မရှိ ... ဟာ ... ဟာ ... ဘာလဲဟ"

ကိုရှုပဗေဒ ခြေထောက်ကြားမှ တစ်စုံတစ်ရာ ဖြတ်သွားသလို ရှိ၍ ထ,ခုန်လိုက်၏။ မီးထိုးကြီးလိုက်တော့ ကြွက်နှုတ်ခမ်းမွေးရှည်ကြီး ဖလွန်ကျော်ဦးအုတ်ဂူမှ ကြွက်ကြီးဖြစ်၏။ (ဖလွန်ကျော်ဦးပဲလားမသိ)

"မြေကြွက်ကြီးပါ ကိုရှုပရာ"

"ဟာ ... ဟာ ... တိုက်ပြန် တွန်းပြန်ပဟ"

"ဘာတွေဖြစ်နေတာလည်းကွာ"

"သိပါဘူးဗျာ။ သချိုင်းကုန်းလိုက်လာတာ မှားပြီနဲ့တူပါရဲ့"

ထိုစဉ် ခွေးမည်းမည်းအုပ်ကြီးတစ်အုပ်သည် ခွေးမည်းမည်း ပေါက်စလေးများပါ ပါဝင်ပြီး ငှက်ပျောရွက်ပေါ်မှ ထမင်းဟင်းများကို အားရပါးရ ဝင်စားကြ၏။

အချို့ခွေးနက်ကြီးများက မာန်ဖီနေကြ၏။

"ဟဲ့ ... ရန်မဖြစ်နဲ့။ အများကြီးရှိတယ်။ ဝအောင်ကျွေးမှာ ကောင်းကောင်းစားကြ"

ဒီမှာ ကျီးကန်းမည်းမည်းကြီးများလည်း သစ်ပင်၊ ညောင်ပင် များပေါ်မှ ခုန်ဆင်းလာပြီး လုယက်စားသောက်ကြသည်ကို ထူးဆန်းစွာမြင်ရ၏။ အဲဒါ ... ခွေးအစစ်လား၊ တစ္ဆေသရဲလား၊ ကျီးအစစ်တွေလား။

ကျွန်ုပ်တို့ မဝေခွဲတတ်။

ခွေးအုပ်ကြီးသည် မျက်လုံးများရဲတွတ်နေကြ၏။ သူတို့ ရန်





မဖြစ်ကြ။ အချို့က ဝပ်၍စား၏။ အချို့က ငုတ်တုတ်စားကြ၏။ အချို့က ခြေခွ၍စားနေကြ၏။

ရသေ့ကြီးနှင့် စဏ္ဍာလကြီးတို့သည် ကုန်သွားလျှင် တောင်းထဲမှ ထမင်းများကို ထပ်ဖြည့်ပေး၏။ ပဲကုလားဟင်းကို ဆမ်းလေ၏။ ညမီးရောင်အောက်မှ အငွေ့တထောင်းထောင်းထနေသည်ကို မြင်ရ၏။

တစ်ခါတစ်ရံ စားသံဝါးသံမျိုးကြားရ၏။

ပျပ်ပျပ်မြည်သံကြားရ၏။ ပြေးသံလွှားသံ ကြားရ၏။ တွန်းတိုက်သံမျိုးများ ကြားရ၏။ ဘာရယ်လို့ မမြင်ရ။ အသံများကိုသာ ကြားနေရသည်။

တစ်ခါတစ်ရံမှာမူ ရိပ်ခနဲ ရဲခနဲ မည်းခနဲ လင်းခနဲ ပိုးစုန်းကြူးလိုလို လင်းလင်းလက်လက်များ ထမင်းငှက်ပျောရွက် ပန်းကန်များပေါ်မှာ ပြေးလွှားပျံသန်းနေကြ၏။

တစ်ခါတစ်ရံ ကားမီးလုံးခန့်ရှိသော မီးလုံးမျိုးကို ဟိုနားဝင်းခနဲ ဒီနားဝင်းခနဲ မြင်ရ၏။

ရယ်သံလိုလည်း ကြားရ၏။

ငိုသံလိုလည်း ကြားရ၏။

အချို့က ကလေးငိုသံမျိုး ...

အချို့က လူကြီးညည်းသံမျိုး ...

သချိုင်းကုန်းဝန်းကျင်သည် ထူးဆန်းအံ့သြဖွယ်များ ဖြစ်နေ၏။ ကျွန်ုပ်တို့သုံးယောက်သည် အသံများလာရာသို့ လှမ်းလှမ်းမီးထိုးကြည့်ပြီး တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်လိုက်ကြ၏။

"ကြောက်လို့လား ကိုရှုပ"

"ကြောက်ပါဘူး။ အဟီး ... အဲ ... အဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်"

"အမယ်လေး . . . အမေ"

"သစ်ကိုင်းနင်းမိတာပါဟ"

"တောက် . . . တကယ်ပါပဲကွာ . . . ချီး"

ဒီလိုနှင့် အချိန်နာရီဝက်ခန့်ကြာသောအခါ တင်းတောင်းကြီးနှစ်လုံးနှင့်ထည့်ထားသော ထမင်းတောင်းကြီးလည်း ကုန်သွား၏။

ဒန်အိုးပိန်ကြီးနှင့်ချက်ထားသော ပဲကုလားဟင်းနှင့် ငရုတ်သီးအခြောက်ကြော်များလည်း ပြောင်တလင်းခါသွားလေ၏။

ထိုအချိန်မှာပဲ . . .

သချိုင်းကုန်းအတွင်းသို့ ရဟန်းအိုကြီးငါးပါးတို့ ကြွရောက်၍ ဝင်လာလေ၏။

"ကိုင်း . . . ကိုင်း . . . သားတို့သမီးတို့ . . . စားစရာလည်း ကုန်ပါပြီဗျာ။ ရဟန်းအရှင်သူမြတ်များလည်း ကြွရောက်လို့လာပါပြီ။ ကျုပ်တို့နဲ့အတူ ပရိတ်တရားနာကြရအောင် ဇရပ်ရှိရာသို့ လာခဲ့ကြကုန်လော့။

သို့ကလို ရသေ့ကြီးက ပြောလိုက်ပြီး သချိုင်းဇရပ်ရှိရာသို့ လာခဲ့လိုက်ကြသည်။ ဇရပ်ထဲ၌ ဖျာများခင်းပြီး ကန်တော့ပွဲတစ်ပွဲပြင်ထားသည်ကို အောက်လင်းမီးအိမ်ကြီးနှင့် ထင်ရှားစွာမြင်လိုက်ရလေသည်။

မီးရောင်အောက်မှာ သင်္ကန်းပရိက္ခရာများလည်း ငါးပါးစာအစိအရီ ရှိနေ၏။ သံဃာတော်သက်ကြီးငါးပါးတို့က နေရာအသီးသီးယူ၍ ထိုင်လိုက်ကြ၏။

"ရသေ့ကြီး"





"ဘုရား"

"အားလုံးကို ဖိတ်ခေါ်ပြီးပလား"

"အကုန်ဖိတ်ခေါ်ပြီးပါပြီဘုရား"

ကျွန်ုပ်တို့ နောက်သို့လှည့်ကြည့်လိုက်သောအခါ စောစောကကျွေးမွေးခဲ့သည့် နေရာဝန်းကျင်မှာ ဖယောင်းတိုင်းမီးများ ငြိမ်းကုန်ပြီဖြစ်၏။

လှမ်းကြည့်လိုက်မှ အံ့သြစရာများကို မြင်နေရ၏။

ကြည့်စမ်း . . .

ငုတ်တုတ်များ၊ နီရဲသော မျက်လုံးများ။

အလို . . . မှောင်ထဲမှာ ခွေးအုပ်ကြီး ထိုင်လို့ပါကလား။

ကျီးကန်းများလည်း ညောင်ပင်ပေါ်မှာ အုံသံပြုအော်ဟစ်နေကြသည်ကိုလည်း ကြားမြင်နေရ၏။ ဒါနှင့်အတူ ပိုးစုန်းကြူးအကောင်းပေါင်းများစွာတို့သည် ဇရပ်ဝန်းကျင်မှာ မှိတ်တုတ်မှိတ်တုတ်နှင့် စုဝေးလှည့်လည်နေကြ၏။

အချို့က မြက်ပင်များပေါ်မှာ ခိုနားနေကြသလို ဇရပ်တိုင်ခြေရင်းမှာ ခိုကပ်နေသည်ကိုလည်း မြင်ရ၏။

လူသားဆို၍ . . .

ရဟန်းအိုကြီးငါးပါးနှင့် ပုံပျက်ပန်းပျက် ရသေ့ကြီးတို့ ဆရာတပည့်ရယ်၊ ကျွန်ုပ်တို့ သုံးဦးရယ် ပေါင်းဆယ်ဦးပဲရှိနေ၏။ ကျွန်ုပ်မြင်နေရသည်ကား အဟိတ်တိရစ္ဆာန်ပဲလား။

မကျွတ်မလွတ်သေးသူများပေပဲလား မပြောတတ်။

ဟို ခပ်လှမ်းလှမ်းအုတ်ဂူများ၊ မြေပုံများအကြား၌ အုန်းသီးလုံးခန့်၊ ထန်းသီးလုံးခန့်နှင့် ပြည်တောင်းအလုံးခန့်ရှိသော မီးလုံးနီနီရဲ



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း ဒိုးလိမ့်သလိုလိမ့်၍ နေကြသည်လည်း မြင်ရ၏။

ကျောထဲမှာ စိမ့်ခနဲဖြစ်ပြီး ကြက်သီးထသွားခဲ့ရသည်။

လူစွာကျယ်နှစ်ဦးကား … လက်အုပ်ချီရမလိုလို၊ ထရမလိုလို၊ ထိုင်ရမလိုနှင့် မျောက်များလို ဂနာမငြိမ်ဖြစ်နေကြ၏။

အသက်လွန်စွာကြီးလှသော ဘုန်းကြီးအိုကြီးက စ,တော့ဟု မိန့်လိုက်သောအခါ ရသေ့ကြီးက ဘုရားရှိခိုးစာကို စ,၍ ရွတ်လေ၏။

သည့်နောက် သရဏဂုံကို ရွတ်ကြ၏။

"ကိုင်း … ရသေ့ကြီးအပါအဝင် လူဒကာများနဲ့ ဤသချိုင်းသုသာန်၌ ရှိကြကုန်သော မကျွတ်မလွတ်သေးသူအပေါင်းကို ဒီနေ့ညသည် ရသေ့ကြီးအမှူးပြုသည့် စေတနာရှင်ကုသိုလ်ရှင်များရဲ့ မကျွတ်မလွတ်ဒါနပွဲပဲဖြစ်ပေတယ်။ ဒီကုသိုလ်ဒါန ကောင်းမှုသည် ဘုရားဟောနှင့်လည်းညီညွတ်သည့် ပေတဒါနလည်း ဖြစ်ပေတယ်။ လူနတ်ဗြဟ္မာသတ္တဝါတို့နှစ်သက်သည့် ထူးကဲသော ရှားပါးသော ကောင်းမှုကုသိုလ်ကံစေတနာလည်း မည်ပါပေတယ်။

အထူးသဖြင့် အကုသိုလ်ကံအကျိုးပေးနဲ့အတူ ကွယ်လွန်ခဲ့ပြီး အာသန္နကံအရှိန် အစွဲအလမ်းကြောင့် မကျွတ်မလွတ်ဘဝရောက်နေသူ ပရလောကသားတို့ ဒီနေ့သည် သင်တို့ဘဝအတွက် လွန်စွာကံကောင်းကံထူးသောနေ့ (သို့မဟုတ်)ညပဲ ဖြစ်ပေတယ်။ ရတနာမြတ်သုံးပါးကို အာရုံပြုကြ။

သည့်နောက် ရဟန်းသံဃာတော်ငါးပါးတို့ နတ်ပင့်ဂါထာများကိုရွတ်ဆိုပြီး မေတ္တာသုတ်ကိုရွတ်၍ မေတ္တာများပို့သ၏။

သည့်နောက် ပရိတ်တရားများကို ရွတ်ဆိုကြ၏။ ဆက်လက်၍ ပေတဒါန၏ ကုသိုလ်ကျိုးကို ဖွင့်ဆိုရှင်းပြပြီး ရေစက်ချတရားတော်





ကို ဟောလေ၏။

ရေစက်ချတရားပြီးသည်နှင့် ရသေ့ကြီးက အမျှဝေလေ၏။

"မိဘဘိုးဘွား ဆရာသမား အမှူးထား၍ အားလုံးကြားကြသမျှ … အမျှ … အမျှ … အမျှ"

"သာဓု … သာဓု … သာဓု"

"နောင် … ဝေ … ဝေ"

ရသေ့ကြီးက အမျှဝေသော် စည်သွားလကြီးက ကြေးစည်ကို အားရပါးရထုလေ၏။ အားလုံး၏ သာဓုခေါ်သံသည် သချိုင်းဇရပ်မှာ စီစီလျံနေ၏။

"အားလုံးကြားကြားသမျှ အမျှ … အမျှ … အမျှ"

"သာဓု … သာဓု … သာဓု"

"နောင် … ဝေ ဝေ ဝေ"

"အားလုံးကြားကြသမျှ ပရဝိညာဉ်သားအားလုံး အမျှ … အမျှ … အမျှ"

"သာဓု … သာဓု … သာဓု"

"နောင် … ဝေ ဝေ ဝေ "

"အူ … အူ … အူ … ဝူ"

"အိန် … အိန် … ဂိန် … ဂိန်"

"ဂိန် … အိုင် … အိုင် … အိန်"

ကြေးစည်သံ သာဓုခေါ်သံဆုံးသောအခါ သချိုင်းခွေးငါးကောင်က ရှင်မြူးအားရသံများနှင့်အူ၍ ခုန်ပေါက်ကြသည်ကို ထူးခြားစွာမြင်ရ၏။

"ဟာ … ဟိုမှာကြည့်စမ်းဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုတာတု လက်ညှိုးထိုးပြ၍ ကျွန်ုပ်တို့လှည့်ကြည့်လိုက်သောအခါ သချိုင်းအုတ်ဂူများအကြားမှ မီးလုံးကြီးများသည် ကောင်းကင်သို့ ပျံသန်းတက်သွားပြီး လူးလွန့်ဝဲပျံရာမှ ဖျတ်ခနဲပေါက်ကွဲပြီး လေထဲမှာ တစ်လုံးပြီးတစ်လုံး ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရလေ၏၊

ထိုသို့ လေထဲမှာ လူးလွန့်ပျံသန်းပေါက်ကွဲ ပျောက်ကွယ်သွားသော မီးလုံးများကား မနည်းလှ။

ဒါနှင့်အတူ မှိတ်တုတ်မှိတ်တုတ် ပိုးစုန်းကြူးအုပ်စုကြီးများသည် လွှမျိုး၊ မြေပုံများ၊ သစ်ပင်ချုံပုတ်များအကြားမှ ထိုးထွက်လာပြီး မီးလုံးများကဲ့သို့ပင် ကောင်းကင်ပေါ်သို့ လင်းလက်သော အလင်းရောင်များဖြည့်ပြီးနောက် ဖျတ်ခနဲ အသီးအသီး ပျောက်ကွယ်သွားပုံကား ...

အော်တိုမက်တစ် မီးသီးလုံးငယ်များ ကျွမ်းသွားသကဲ့သို့ ဖြစ်သည်ကို မြင်ရလေ၏။

ဒါနှင့်အတူ စောစောက မှောင်ရိပ်ထဲက မျက်လုံးရဲရဲ ခွေးမည်းမည်းများလည်း မရှိတော့။

ကျီးကန်းအုပ်ကြီးသည်လည်း ကြေးစည်သံကြားသည်နှင့် ညကြီးသန်းခေါင်မှာ ရှင်မြူးအားရ အော်ဟစ်ပျံသန်းပြီး ဟိုး ... မိုးကောင်းကင်ပေါ်သို့ ပျံသန်းတက်သွားသလိုလိုမျိုး မြင်လိုက်ရပြီး သချိုင်းဝန်းကျင်သည် ငြိမ်သက်၍ သွားခဲ့လေသည်။

ဒီမှာ ကျွန်ုပ်က အမြင်များဆန်းနေ၍ မေးရတော့၏။

"ဘာရသေ့"

"ဘာတုံး စာရေးဆရာ"

---

စိတ်ကူးသစ်စာပေ



"လေထဲမှာ ပေါက်ကွဲပျောက်ပြယ်သွားတဲ့ မီးလုံးတွေနဲ့၊ ပိုးစုန်းကြူးတွေက ဘာတွေလည်းဟင်"

"သူတို့ အမျှဝေသံကြောင့်ရော၊ ရတနာသုံးပါးရွတ်သံကြားပူဇော်ခွင့်ရလို့ရော သာဓုခေါ်ပြီး ကျွတ်လွတ်သွားကြတာပါ။ တစ်နည်းပြောရရင် ရေစုန်မျောနေတဲ့ ပြိတ္တာဘုံသားအချို့ ပြိတ္တာရေအဆန်လမ်းဖြစ်တဲ့ သင့်ရာကောင်းရာဘုံဘဝကို ရောက်သွားပြီလို့ ယုံမှတ်ရမှာပဲ စာရေးဆရာ"

"ဗျာ ... ဒါ ... ဒါဆို အဲဒါတွေ ... ဟို ... ဟို ..."

"သဘောပေါက်ပါတော့ စာရေးဆရာ"

"အကုန်လုံး ကောင်းရာဘုံဘဝကို ရောက်သွားပြီလားဟင်"

"သာဓုခေါ်နိုင်ခွင့်ရသူများကတော့ ကောင်းရာသုဂတိဘုံကို ကူးပြောင်းသွားကြပြီပေါ့။ သာဓု မခေါ်နိုင်သေးသူများကတော့ ကျန်ရစ်ခဲ့ပေမပေါ့"

"ဒါ ... ဒါဆို ..."

"နောက်တစ်ကြိမ် လပြည့်ညမျိုးရောက်ရင် ဒီလိုပဲ သံဃိကဒါန၊ ပေတာဒါနကုသိုလ်ပြုပြီး ပြိတ္တာအသူရကာယ်ဘုံသားဘဝက လွတ်မြောက်အောင် ဘုရားကို၊ တရားကို၊ သံဃာကို၊ ဒါနကုနဲ့ ကူညီးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

□

သည့်နောက် သံဃာတော် အရှင်သူမြတ်ငါးပါးတို့အား ရထ္ထာလကြီးက မီးထိုးပြ၍ လိုက်ပို့လိုက်လေ၏။

ရထ္ထာလကြီးပြန်လာချိန်ကို ကျွန်ုပ်တို့ စကားလက်ဆုံကျရင်း စောင့်မျှော်နေစဉ် ...

မည်းမည်းလှုပ်လှုပ် အရာတစ်ခုသည် သချိုင်းဝမှသည် ကျွန်ုပ်တို့ရှိရာ မီးရောင်ဇရပ်သို့ ဦးတည်၍လာနေသည်ကို ဝိုးတဝါးမြင်လိုက်ရ၏။

"ဦးဇမ္ဗူဦးဆွဲ ပြန်လာပြီနဲ့တူတယ်"

"မီးမထိုးပါလားဗျ"

"မြွေကိုက်လို့ သေနေဦးမှာပဲ"





ကိုရှုပဗေဒက စိုးရိမ်သလို ရိသလိုနှင့် ပြောဆိုဝေဖန်နေစဉ် မည်းမည်းလှုပ်လှုပ်ကြီးသည် ဒယီးဒယိုင် ထိုးထိုးစိုက်စိုက်နှင့် လဲလိုက်ထလိုက် လာနေ၏။

"အင်း ... ဟင်း ... ဟင်း ... ဟင်း"

"ဟာ ... ညည်းသံကြီးဗျ"

"ရသေ့ကြီး သရဲများလားဗျ"

"မီးနဲ့ထိုးကြည့်စမ်း ကိုမှိုင်း"

သို့နှင့်ကျွန်ုပ်က သချိုင်းကုန်းအဝင်လမ်းသို့ ငါးတောင့်ထိုးလက်နှိပ်မီးနှင့် လှမ်းထိုးလိုက်သောအခါ ...

"ဟာ ... လူဗျ"

"လူဟုတ်ရဲ့လားဟ"

"လူဗျ။ မိန်းမကြီးတစ်ယောက်ဗျို့"

"မကျွတ်မလွတ်သေးတဲ့ သရဲမများလား ရသေ့ကြီးရာ။ ကြည့်လုပ်ပါဗျာ။ သန်းခေါင်သန်းလွဲကြီးဗျာ"

"မောင် ... ကံ ... ကောင်း ... မောင် ... လေး ... မောင် ... ကံ ... ကောင်း ... အင်း ... ဟင်း ... ဟင်း"

"ဝုန်း"

"ဟ ... လဲပဟ"

မိန်းမကြီးသည် ဆံပင်ဖွားလျားချ၍ ဒယီးဒယိုင်လှမ်းလာရင်းမှ အရုပ်ကြိုးပြတ် လဲကျသွားပြန်၏။ သည့်နောက် လေးဖက်ကုန်း၍ အော်ပြန်၏။

"မောင် ... ကံ ... ကောင်း"

"မောင် ... လေး ...။ မောင် ... လေး ... မောင်



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်း''

''ဟင် ... မောင်ကံကောင်းလို့ ခေါ်နေပါကလား''

ဒီမှာ ပုံပျက်ပန်းပျက် ရသေ့ကြီးသည် သောက်လက်စရေနွေးကြမ်းပန်းကန်ကို ဗြုန်းခနဲ လွှတ်ချလိုက်ပြီး ဝုန်းခနဲ ကုန်းထလိုက်၏။

''ရသေ့ကြီး ... သ ... သ ... ရဲ မ် ... ဗျ''

''ကံ ... ကောင်း ... ရေ ... မောင်လေး ... မောင် ... လေး''

''ဝုန်း''

''ဟာ ... ပြန်မထနိုင်တော့ဘူး''

ဒီမှာ ရသေ့ကြီးက ပြေးသွားမလိုလုပ်၍ ကျွန်ုပ်က လှမ်းတားပြီး ...

''ရသေ့ကြီး ဒါ ... ဒါ ... မကောင်းဆိုးဝါးပဲ နေမှာဗျ။ မသွားနဲ့''

''ဖယ်ပါ ... စာရေးဆရာ''

''ရသေ့ကြီး နေဦး''

''မင်းအသာနေစမ်း။ စာရေးဆရာ ဖယ်''

ဒီမှာပဲ စိတ်မြန်လွန်းလှသော ရသေ့ကြီးသည် လှမ်းတားနေသည့် ကျွန်ုပ်ကို သူ့ရဲ့သန်မာသော ညာလက်တံရှည်ကြီးနဲ့ တွန်းဖယ်လိုက်ပြီး အားထည့်လို့ ထော့ကလိန်ထော့ကလိန်နှင့် ပြေးထွက်သွားတော့၏။

''ကိုရှုပ လိုက်စို့ဗျာ''

''ဖြစ်ပါ့မလားဗျာ ကိုမှိုင်း''





''ဘာဖြစ်လို့လဲ ကိုရှုပ''

''ဘာ ... ဘာမှန်း မသိရသေးဘူးလေဗျာ။ ဟို ... ဟို''

''ခင်ဗျားက သရဲတစ္ဆေလို့ ထင်လို့လား''

''ဒါ သချိုင်းကုန်းရဲ့သန်းခေါင်ယံ ကိုမှိုင်း''

''နေဗျာ ... မလိုက်ရဲရင်နေ။ ကျုပ်လိုက်သွားမယ်''

ကျွန်ုပ်သည် ရသေ့ကြီးကို စိတ်မချ၍ ငါးတောင့်ထိုးမီးကိုဖွင့်ပြီး ထက်ကြပ်မကွာလိုက်တော့မှ သူတို့နှစ်ဦးလည်း ကျွန်မနေရဲတော့ဘဲ ကျွန်ုပ်နောက်မှမီးထိုး၍ အပြေးလိုက်လာခဲ့ကြတော့၏။

မီးရောင်အောက်မှာ မြင်ရသည်ကား ...

ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ဆံပင်ဖားလျား၊ အရိုးငေါက်ငင်၊ မျက်ကွင်းညိုမြည်းဟောက်ပက်နှင့် အသက်အလွန်ကြီးလှသော မိန်းမကြီးတစ်ယောက်ကို ကိုင်လှုပ်၍ ခေါ်နေ၏။

''အစ်မ ... အစ်မ ... အဲ ... ဒကာမကြီး ...''

''ဒကာမကြီး ... ဒကာမကြီး''

''အင်း ... အင်း ... အင်း ... ဟင်း ... ဟင်း ... မောင်လေး ... မောင်ကံကောင်း''

''ဒကာမကြီး ... ဒကာမကြီး သတိရရဲ့လား''

''ဘယ်သူလဲ။ မောင်လေး ကံကောင်းလား ... ဟင် ... အား ... ကျွတ် ... ကျွတ်''

''ဟုတ် ... ဟုတ်တယ် ဒကာမကြီး''

''ဟင် ... မောင်လေး ... မောင်လေး ... ကံကောင်း ... မောင်ကံကောင်း''

အမယ်ကြီးက လက်ထဲမှ စာရွက်ခေါက်ကိုစာအိတ်လို အရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုကိုင်ရင်း မောဟိုက်ကြီးစွာဖြင့် ရသေ့ကြီး ၏ မောင်လေးမောင်ကံကောင်းလားဟု တတွတ်တွတ်မေးနေသည်။

ဒီမှာ ရသေ့ကြီးကလည်း ဟုတ်တယ် ဒကာမကြီးဟု ပြန်ဖြေသည်ကို ကျွန်ုပ်တို့အားလုံး ကြားလိုက်ရသည်။

မောဟိုက်ဖိုလှိုက်နေသော ပိန်ချောင်းချောင်းရောဂါသည် အမောသည်မိန်းမကြီးသည် လဲနေရာမှ ဝမ်းသာအားရ လက်ထောက်၍ထရင်း ရသေ့ကြီးရဲ့မျက်နှာကို ငေးကြည့်နေရှာသည်။

သူမရဲ့မျက်လုံးအစုံမှာ မျက်ရည်များ တရွှဲရွှဲသီးခိုနေ၏။ သူမသည် ရသေ့ကြီးရဲ့လက်ကို အားယူ၍ဆုပ်ကိုင်ပြီး စကားပြောရန် နှုတ်ခမ်းများ တုန်ခါနေရှာသည်။

သူမနှုတ်ဖျားမှ စကားလုံးများမထွက်။ မျက်ရည်များသာ မျက်လုံးအိမ်မှ လျှံကျလာပြီး ရသေ့ကြီးကို အားကိုးကြီးစွာသောမျက်လုံးနှင့် စိုက်ကြည့်နေသည်။

ရသေ့ကြီးမျက်လုံးသည်လည်း ရီဝေပြီး မှုန်မှိုင်းနေ၏။

"မောင် . . . လေး . . ."

"မောင် . . . ကံ . . . ကောင်း"

"မောင် . . . ကံ . . . ကောင်း . . . မင်း . . . မင်း . . . မ . . ထုံးတော့ဘူးလား . . . ဟင် . . . အင် . . . အင်း"

ရသေ့ကြီးသည် သူမရဲ့ မျက်ရည်ပြည့်လျှံမျက်နှာကို စိုက်ကြည့်ရင်း လွန်စွာကြေကွဲရိပ်သန်းနေ၏။

"မောင်လေး . . . ရယ် . . . အင့် . . . အီး"

"အစ် . . . မ . . ."

"မောင် . . . လေး . . . မောင် . . . လေး . . . အင့် . . ."

စိတ်ကူးသစ်စာပေ



"ဟာ"

ရသေ့ကြီးက 'အစ်မ'ဟု တုန်ယင်လှိုက်လှဲသံနှင့် ပြန်ထူးလိုက်စဉ် မိန်းမကြီးသည် ဝမ်းသာအားရ 'မောင်လေး'ဟု အသံကုန်မြှင့်၍ခေါ်ရင်း အင့်ခနဲ အသံထွက်၍ ဖက်ကျိုးကာ မြေပြင်ပေါ်သို့ ထိုးလဲကျသွားလေသည်။

"အစ်မ . . . အစ်မ"

"အစ်မ . . . အစ်မ"

"ဒကာမကြီး . . . အစ်မ ဒကာမကြီး"

ရသေ့ကြီးသည် အသက်ပျောက်နေသူမိန်းမကြီးကို လှုပ်နိုးပြီး ကြေကွဲဝမ်းနည်းစွာ အော်ခေါ်နေ၏။

ကျွန်ုပ်တို့ ရင်းနှီးချိန်ကာလအတွင်း ရသေ့ကြီး ထိုမျှကြေကွဲဝမ်းနည်း ဆို့နင့်လှိုက်လှဲနေသည်ကို ဒီတစ်ကြိမ်ပဲ အံ့သြဖွယ်ရာ မြင်ရလေသည်။

"အစ်မ ဒကာမကြီး"

"ရသေ့ကြီးခင်ဗျာ သူ အသက်မရှိတော့ပါဘူး"

ကျွန်ုပ်က မျက်ဖြူလန်ပြီး မျက်လုံးသူငယ်ပျောက်၍ ပါးစပ်ဟရင်း အသက်ပျောက်နေသည့် မိန်းမကြီးကိုကြည့်ပြီး ရသေ့ကြီးကို သတိပေးလိုက်ရသည်။

ရသေ့ကြီးသည် တစ်လုံးတည်းသော မျက်လုံးအကောင်းကို လက်ခုံနှင့် ပွတ်ရင်း တုံ့လေးစွာထ၍ ရပ်လိုက်သည်။

"ဒကာမှိုင်း"

"ဘုရား"

"သူ့ကို ဖရပ်ပေါ် ပွေ့ခေါ်ခဲ့ပါ . . . ဒကာကြီးရယ်"

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

ဒီမှာ စလ္လာလကြီးလည်းရောက်လာ၍ အကျိုးအကြောင်းပြော ပြပြီး အဘွားကြီးအလောင်းကို သချိုင်းတရားနာဇရပ်ပေါ်သို့ ပွေ့ယူလာပြီး ကျောက်တလားပြင်ပေါ်မှာ တင်ထားလိုက်ကြသည်။

ကျောက်တလားစင်ပေါ်မှ အဘွားကြီးရဲ့မျက်နှာကိုကြည့်ပြီး ရသေ့ကြီး လွန်စွာစိတ်ထိခိုက်နေပုံရ၏။ အံ့ဩနေပုံလည်းရ၏။ ရသေ့ကြီးသည် အလောင်းကို ကမ္ဘာ့ဥာဏ်းရှုသလိုရှုပြီး ကျောက်ရုပ်လို အတန်ကြာ ငြိမ်သက်နေလေသည်။

"ရသေ့ကြီး"

"ဘရသေ့ကြီး"

ကျွန်ုပ်က ရသေ့ကြီးလက်ကို ကိုင်လှုပ်၍ ကြင်နာစွာ အသံပြုလိုက်မှ ...

"စာရေးဆရာ"

"ဘရသေ့ အမေကြီးကို သိသလားဟင်"

"သိတယ်"

"အမေကြီးနာမည် ဘယ်လိုခေါ်လဲဟင်"

"ဒေါ် ချစ် လွန်း ဝေ တဲ့"

"ရသေ့ကြီးရဲ့ အစ်မလား"

"မဟုတ်ဘူး"

"ရသေ့ကြီးရဲ့ အမျိုးလား"

"မဟုတ်ဘူး"

"ဒါဆို ရသေ့ကြီးရဲ့ အသိအကျွမ်းလား"

"မဟုတ်ဘူး"





"ဒါဖြင့် အမေကြီးက ရသေ့ကြီးနဲ့ဘာတော်လဲ"

"ကျုပ် ... ကျုပ်ရဲ့ ... တစ်ချိန်တစ်ခါက ... ဇနီး"

"ဗျာ"

"ဟင်"

"ဟေ"

"ဘုရားရေ ..."

မမျှော်လင့်ဘဲကြားလိုက်ရသည့် စကားဆန်းကြောင့် ကျွန်ုပ်တို့အားလုံး ပါးစပ်အသီးသီးမှ အာမေဍိတ်စကားလုံးများ သံပြိုင်ထွက်ရင်း ကြေကွဲဝမ်းနည်းဆို့နင့်နေသော ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့မျက်နှာကိုတစ်လှည့် ...

ကျောက်တလားစင်ပေါ်မှာ စန့်စန့်လျောင်းစက် အသက်ကင်းမဲ့နေသော ဒေါ်ချစ်လွန်းဝေ ခေါ် မိန်းမကြီးရဲ့မျက်နှာကိုတစ်လှည့်ကြည့်ရင်း အလွန့်အလွန်ကို အံ့ဩနေကြ၏။

ရသေ့ကြီးရဲ့ တစ်ချိန်တစ်ခါက ဇနီးတဲ့ ...

နာမည်က ဒေါ်ချစ်လွန်းဝေတဲ့ ...

ကျွန်ုပ်တို့ ဘယ်လိုမှမေးမြန်း၍ မရခဲ့သော ရသေ့ကြီးရဲ့လူနာမည်အရင်းက ...

"မောင်ကံကောင်း"

"ကိုကံကောင်း"

"ဦးကံကောင်း"

"ရသေ့ကြီး ဦးကံကောင်း"

ဘုရား ... ဘုရား။ ခုမှ ပုံပျက်ပန်းပျက် ရသေ့ကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်ဘဝကို အစွန်းပွင့်ကြွက စတော့တာပါလား။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးလို ပုံပျက်ပန်းပျက်လူတစ်ဦးမှာ အင်္ဂါစုံချစ်သူ ကြင်ယာဖနီးမယား ရှိခဲ့ဖူးပါကလား။

သူဘာကြောင့်များ အချစ်ကို ဥပက္ခာပြု၍ တစ်ဦးတည်းတောထွက်ရသေ့ဘဝကို ခံယူရောက်ရှိခဲ့သလဲ။

အချစ်သည် ချိုမြိန်သော ပျားရည်စက်ဖြစ်၏။

အချစ်သည် အေးမြကြည်လင်သော မြစ်လည်းဖြစ်၏။

အချစ်ရေစုံမှာ ရသေ့ကြီးလို အင်္ဂါချို့ယွင်းသူက သင်္ဂါရေသ သီချင်းနှင့် ဘာကြောင့်စီးမျောလိုက်ပါပြီး အချစ်ရဲ့ပါရမီကို မဖြည့်ခဲ့ရတာလဲ။

ရသေ့ကြီးက ကောင်းကင်ကိုဆန်ပြီးတက်တဲ့ မြစ်တစ်စင်းလား။ မြားတစ်စင်းလား။

ဒေါ်ချစ်လွန်းဝေကရော ရသေ့ကြီးရှိရာ သချိုင်းကိုမှ ညသန်းခေါင်ယံ အကျွတ်အလွတ်ပွဲကျင်းပနေချိန်ကြီး ဘာကြောင့်ရောက်ရှိလာရတာလဲ။

ကျွန်ုပ်ခေါင်းထဲမှာ စဉ်းစားစရာများ တန်းစီ၍ပေါ်လာခဲ့၏။ ရသေ့ကြီးသည် သေသူလက်ထဲမှ စာအိတ်ထူကြီးကိုဖြေ၍ ယူလိုက်၏။

၎င်းနောက် . . .

အောက်လင်းမီးရောက်အောက်မှာ စာအိတ်ကြီးကိုဖောက်ပြီး စာရွက်ထပ်များကို စိတ်ဝင်စားကြီးစွာ ဖတ်ရှု၍နေ၏။

သူ မည်သူ့ကိုမှ စကားတစ်လုံးမပြော။

စာရွက်များကိုဖတ်ရင်း လက်တုန်နေသည်။

သူ့မျက်လုံးသည် မျက်ရည်စနှင့် ဝေသီသလိုရှိနေ၏။





ဘရသေ့ရယ်။

ဘရသေ့ဟာ ကောင်းကင်ဆန် မြစ်တစ်စင်းလား။

ကောင်းကင်ဆန် မြားတစ်စင်းလားဟင်။

ကျွန်တော်က ဘရသေ့ရဲ့ ပညာပါရမီကို သိချင်နေသူပါ ဘရသေ့ရဲ့။ ခုတော့ ဘဝပါရမီက သဲလွန်စပေါ်နေပါပြီ။ ဘရသေ့ရဲ့ ရင်လှိုင်းသိမ့်တုန် ဘဝဇာတ်လမ်းစုံကို မျက်ရည်နဲ့ဖြစ်ဖြစ် ဓမ္မတရားနဲ့ဖြစ်ဖြစ် လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရ ပဥ္စလက်နဲ့ဖြစ်ဖြစ် ရင်ဖွင့်စမ်းပါဦး ဘရသေ့ရယ်။

ကျွန်တော်တို့ဘရသေ့ရဲ့ နှလုံးသားရင်ခုန်သံ။

လောကစံနဲ့ကျက်ထားတဲ့ ဘရသေ့ရဲ့ ညာဘက်ရင်အုံပေါ်က ပုံသားရေသံ။ သမုဒယ၊ လောကစံဝိုင်းချင်းနဲ့ နေပြောက်ထိုး၊ လရောင်ထိုး အညတရ မလှပပ လှပပဘဝကို ပြည်ဖုံးကားကို အရုဏ်မကျင်းခင် ပြန်ဖွင့်ပြီး ဇာတ်စုံခင်းပါတော့ ဘရသေ့ရယ်။ ။

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com